ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

# ဗုဒ္ဓ ဘာ သာ

# တရားတော်

## (အခြေခံအဆင့်)

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၃၈ ကောဇာ ၁၃၅၆ ခရစ် ၁၉၉၄

၂၂၈၀၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

# ဗုဒ္ဓ ဘာ သာ

# တရားတော်

## (အခြေခံအဆင့်)

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၃၈ ကောဇာ ၁၃၅၆ ခရစ် ၁၉၉၄

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
[illegible]
[illegible]

စဉ်-၂

ကဒ်-၅၃

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးမွန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# နိဒါန်း

## စာရိတ္တကောင်းခြင်းဂုဏ်

စာရိတ္တ ဟူသော ကိုယ်ကျင့်တရားသည် လူတစ်ဦးစီ၏ အသက်သွေးခဲဖြစ်၏။ စာရိတ္တကောင်းသူသည် လူကောင်းဖြစ်၍ နိုင်ငံတော်က အားထားရမည့်သူ ဖြစ်သည်။ စာရိတ္တ ယိုယွင်းနေသူသည် လူဆိုးလူသွမ်းဖြစ်၍ အများပြည်သူတို့အား အနှောင့်အယှက်ပေးနိုင်သူ၊ နိုင်ငံတော်ကို အန္တရာယ်ပြုနိုင်သူ ဖြစ်သည်။

လူငယ်လူရွယ်တစ်ယောက်စီက ပြုစု ပျိုးထောင်ရမည့် ကာယဗလ, ဉာဏဗလ, စာရိတ္တဗလ, မိတ္တဗလ, ဘောဂဗလဟူသည့် ဗလငါးတန်တွင် စာရိတ္တဗလသည် အမွန်မြတ်ဆုံး အရေးအကြီးဆုံးမဏ္ဍိုင်ဖြစ်၏။ လက်ချောင်းငါးချောင်းတွင် လက်ခလယ်က အမြင့်ဆုံး ဗဟိုမဏ္ဍိုင် ဖြစ်နေသည်နှင့် တူ၏။ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ပါမှ အခြားသော ဗလစွမ်းအားတို့သည် နိုင်ငံတော်ကို အကျိုးပြုနိုင်ကြပေမည်။ စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်နေပါလျှင် ကျန်ဗလလေးတန်၏ ခွန်အားတို့သည် အဖျက်လုပ်ငန်းများ ဆီသို့ ဦးတည်သွားကြလိမ့်မည်။

ယနေ့ လူငယ်များသည် အနာဂတ် ခေါင်းဆောင်များ ဖြစ်လာကြမည် ဖြစ်သဖြင့် စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ဖို့ အထူးလိုအပ်သည်။ နိုင်ငံတော်က မျှော်လင့်နေသော နိုင်ငံသားကောင်း, သမီးကောင်း ရတနာများ ဖြစ်မြောက်လာရေးအတွက် ကျောင်းသား, ကျောင်းသူကလေးအရွယ်က စတင်ကာ အသိပညာ အတတ်ပညာတို့ကို ဆည်းပူးရင်း စာရိတ္တ ကောင်းမွန်အောင် ကျင့်ကြံ နေထိုင် သွားကြရပေမည်။

လူငယ်တိုင်းသည် စာရိတ္တ၏ တန်ဖိုးကို သိမြင်ကာ စာရိတ္တကို ချစ်မြတ်နိုး၍ စာရိတ္တကောင်းခြင်းဂုဏ်နှင့် ပြည့်စုံအောင် ကြိုးစား ဆောင်ရွက်ကြရပေမည်။

## မြန်မာ့ယဉ်ကျေးမှု

ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှ စတင်၍ ယနေ့တိုင်အောင် ထေရဝါဒ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထွန်းလင်း တောက်ပခဲ့သည်။ မြန်မာတို့သည် ဗုဒ္ဓဘာသာအပေါ် အခြေခံ၍ မြန်မာ့ယဉ်ကျေးမှုကို တည်ဆောက်ခဲ့ကြသည်။

ဗုဒ္ဓဘာသာသည် မေတ္တာတရား၊ ကိုယ်ချင်းစာတရားတို့ကို အလေးထား၍ သူတပါးတို့အား မထိခိုက် မနစ်နာစေဘဲ အပြစ်ကင်းအောင် ပြုမူ၊ ပြောဆို၊ ကြံစည်ကြရန် သွန်သင် ဆုံးမပေးသည်။ သူ့အသက်ကို သတ်ခြင်း၊ သူမပေးသော ပစ္စည်းဥစ္စာကို ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ မဟုတ်မမှန် ပြောဆိုခြင်း၊ သေရည်အရက်နှင့် မူးယစ်ဆေးဝါးများကို သောက်စားခြင်းတို့မှ ရှောင်ကြဉ်ခြင်း တည်းဟူသော 'ပဥ္စသီလ' ခေါ် ကျင့်ဝတ်ငါးပါးသည် ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို အပြစ် ဆိုဖွယ်ရာ မရှိအောင် ထိန်းသိမ်း နေထိုင်ခြင်း ဖြစ်သဖြင့် ကမ္ဘာပေါ်၌ အယဉ်ကျေး အသိမ်မွေ့ဆုံးသော ကျင့်ဝတ်များဖြစ်ကြသည်။

ထို့အပြင် သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ် စသည့် ကျင့်ဝတ်တရားများသည်လည်းကောင်း၊ ကြီးပွား ချမ်းသာကြောင်း ဖြစ်သော မင်္ဂလာ တရားတို့သည်လည်းကောင်း၊ ဓမ္မပဒ စသော ကျမ်းဂန်များနှင့် နီတိကျမ်းများလာ အဆုံးအမ သြဝါဒများသည် လည်းကောင်း မြန်မာတို့အား ယဉ်ကျေးမှုအရာ၌ အထွတ်အထိပ်သို့ ရောက်အောင် ပို့ဆောင်ပေးကြသည့်အပြင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော အိမ်ထောင်စုများနှင့် လူ့အဖွဲ့အစည်းကိုလည်း ဖြစ်ထွန်း ပေါ်ပေါက်စေကြ ပါသည်။

သူစိမ်းတစ်ရံဆံ ဖြစ်စေကာမူ အသက်အရွယ်ကို လိုက်၍ ညီလေး၊ မောင်လေး၊ ညီမလေး၊ အစ်ကို၊ အစ်မ၊ ဦးဦး၊ အဒေါ်၊ ဘကြီး၊ အမေကြီး၊ အဘိုး၊ အဘွား စသည်ဖြင့် မေတ္တာရှေ့ထား၍ ဆွေမျိုးစပ်ကာ ခေါ်ဝေါ်ပြောဆို ခြင်းသည် လည်းကောင်း၊ လူကြီးများအား ဂါရဝရှေ့ထား၍ မာန်မာန နှိမ့်ချကာ ကျွန်တော်, ကျွန်မ ဟု သုံးနှုန်း ပြောဆိုခြင်းသည်လည်းကောင်း၊

အခက်အခဲ, အကြပ်အတည်းနှင့် ကြုံဆုံနေရသူတို့အား ကိုယ်ချင်းစာနာ ထောက်ထား၍ ကူညီ စောင်မပေးခြင်းသည်လည်းကောင်း မြန်မာ့ယဉ်ကျေးမှု၏ နှစ်သက်ဖွယ်ကောင်းသော အနှစ်သာရများ ဖြစ်ကြသည်။

ယနေ့ လူငယ်လူရွယ်များသည် အနှစ်သာရ ပြည့်ဝသော မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးယုယစွာ ဂုဏ်ယူ ဝင့်ကြွားစွာ ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။

## ယနေ့လူငယ်များ ဆင်ခြင်ဖွယ်

ယနေ့မြန်မာ့လူငယ်များစွာတို့သည် အမည်ခံ မိရိုး ဖလာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ကြသဖြင့် ဗုဒ္ဓဘာသာအကြောင်းကို မသိ နားမလည်ကြ။ မြတ်စွာဘုရား၏ အဆုံးအမ သြဝါဒများနှင့် ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားများကို လိုက်နာ ကျင့်ကြံရကောင်းမှန်း မသိကြ။ မာန်မာနကို ချိုးနှိမ်၍ မိဘဆရာနှင့် လူကြီးသူမတို့အား ရိုသေလေးစားရမည် ဟူသော ဂါရဝတရားကိုလည်း အလေးမထားကြ။ 'သြကာသ' ကန်တော့ချိုးကိုပင် ဖြောင့်တန်းစွာ မရွတ်ဆိုနိုင်ကြချေ။

ဤသို့ မြန်မာ့ယဉ်ကျေးမှု၏ အနှစ်သာရဖြစ်သော ဗုဒ္ဓဘာသာ သဘောတရားများကို မသိ နားမလည်ကြသည့်အခါ ရေခြား မြေခြားမှ ဘာသာခြားတို့၏ ဝတ်စားဆင်ယင်မှု, သီဆိုကပြမှုနှင့် ဟိရီသြတ္တပ္ပကင်းသော အမူအလေ့တို့ကို အထင်ကြီးကြသည်၊ အတုလိုက်ကြသည်၊ လမ်းသရဲဆန်စွာ ပြုမူလာကြသည်။

အထူးသဖြင့် ဟိရီသြတ္တပ္ပ အထိန်းအကွပ် မရှိသော နိုင်ငံရပ်ခြားစာပေ, ဂီတ, ရုပ်ရှင်များကို အခြေခံ၍ တဏှာရာဂနှင့် မောဟအမိုက်မှောင်ကို တိုးပွားစေသော ဝတ်စားဆင်ယင်မှု၊ သီဆိုကပြမှုနှင့် အမူအကျင့်ဆိုးတို့သည် မင်္ဂလာတရားများကို ကျောခိုင်းစေကာ မကောင်းမှု ဒုစရိုက်တို့ကို တိုးပွားစေကြသည်။ ပြည်သူအပေါင်းတို့အား အော့နှလုံး နာစေကြသည်။ ဤအမူအကျင့်ဆိုးတို့သည် အကုသိုလ်ကံများကို ဖြစ်ပွားစေပြီး အပါယ်လေးပါးသို့ ပို့ဆောင်ပေးကြသည်ကို ယနေ့လူငယ်များ နားမလည်ရှာကြချေ။

အမှန်အားဖြင့် မိဘတို့သည် သားသမီးတို့အား 'ဆင်စီး၍ မြင်းရံသည်'ကို ရှုမြင်လိုကြသည်။ 'ဆင်နင်း၍ မြင်းကန်သည်'ကို မလိုလားကြ။ အပါယ် လေးဝသို့ ကျရောက်ကြမည်ကို အဘယ်မှာလျှင် အလိုရှိကြပါအံ့နည်း။ ကိုယ်ချင်းစာ မေတ္တာ ဗြဟ္မစိုရ်တရား ခန်းခြောက်၍ မြန်မာ့ယဥ်ကျေးမှု ဆိတ်သုဥ်းသော မြေခြား ရေခြား၌ အကြောင်းအားလျော်စွာ သွားရောက် နေထိုင်ကြရသော မြန်မာမိသားစုများ ဗုဒ္ဓဘာသာနှင့် မြန်မာ့ယဥ်ကျေးမှု တန်ဖိုးကို ပို၍ သဘောပေါက်နေကြလေပြီ။

ကံနှင့် ကံ၏အကျိုးတို့ကို ဖော်ဆောင်ထားသော ကမ္မနိယာမသည် အလွန်ဆန်းကြယ်လှသည်၊ တစ်စုံတစ်ယောက်သော တန်ခိုးရှင်အမိန့်အရ ခံရစံရခြင်းမဟုတ်၊ နိယာမတရား, သဘာဝတရား သက်သက်သာလျှင် ဖြစ်သည်။ မိမိအမှုကို မိမိတာဝန်ယူရခြင်းသာလျှင် ဖြစ်သည်။ ဥပမာ– သူတပါးတို့အား စိတ်ဆင်းရဲအောင်၊ ထိခိုက် နစ်နာအောင်၊ တဏှာ ရာဂ တိုးပွားအောင် ပြုလုပ်သူသည် မျက်မှောက်ဘပနှင့် တမလွန်ဘဝတို့၌ မကောင်းကျိုး ဆင်းရဲကို မုချ ခံစားရမည်ဖြစ်သည်။ သူတပါးတို့အား စိတ်ချမ်းသာအောင်၊ အကျိုးရှိအောင်၊ ကုသိုလ်တိုးပွားအောင် ရွက်ဆောင် ပေးသူသည် ယခုဘဝနှင့် တမလွန်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ဧကန်အမှန်ပင် ခံစားကြရမည်။ ထိုအချက်ကို ကိုယ်တွေ့ သဘောပေါက် ထားသူတိုင်း ဗုဒ္ဓဘာသာက သင်ပြပေးသည့် ရှောင်စရာ, ဆောင်စရာများကို ရှောင်ရ, ဆောင်ရသည့်အတွက် အထူးတာဝန်မတက်ကြသည့်အပြင် ပို၍ပင် လေးနက် ယုံကြည်နေကြလေပြီ။

## နိုင်ငံတော်၏ လိုအပ်ချက်

သူတပါး၏ အသက်အိုးအိမ်ကို ထိခိုက်နစ်နာစေခြင်း၊ သူတပါးတို့၏ ပစ္စည်းဥစ္စာကို ခိုးဝှက်, လုယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ လိမ်လည်လှည့်စားခြင်း၊ မူးယစ်ဆေးဝါးများကို သယ်ဆောင်သုံးစွဲခြင်း စသည်တို့သည် တရားဥပဒေကို ချိုးဖောက်သော ဒုစရိုက်မှုများ ဖြစ်ကြသည်။

ဤဒုစရိုက်မှုများသည် နိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာမှုကို ပျက်ပြားစေပြီး နိုင်ငံတော်၏အကျိုးကို ဆုတ်ယုတ်စေကြသည်။ ထို့ကြောင့်

နိုင်ငံတော်တစ်ဝန်းလုံး ငြိမ်းချမ်းသာယာ၍ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း ခင်မင်ချစ်ကြည်ရေး၊ ပြည်ထောင်စုကြီး တည်တံ့ ဝပြောရေးတို့ကို အလိုရှိကြသော ပြည်သူအပေါင်းတို့သည် မင်းမဲ့စရိုက်ဖြစ်သည့် ထိုဒုစရိုက်မှုများကို တားဆီး နှိမ်နင်းကြရပေမည်။

ဒုစရိုက်မှုများကို အကောင်းဆုံး တားဆီးသည့်နည်းကား ရင်သွေးငယ်များ၏ နှလုံးသည်းပွတ်များတွင် မြတ်စွာဘုရား၏ အဆုံးအမ သြဝါဒများ ကိန်းဝပ်အောင် လုပ်ဆောင်ပေးသည့်နည်းဖြစ်သည်။

နိုင်ငံတော်၏ အလွန်အရေးကြီးသော ဤလိုအပ်ချက်ကို ဖြည့်တင်းပေးရန်အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၃-ခုနှစ်၊ ဇွန်လ(၂၂)ရက်နေ့တွင် သာသနာရေးဝန်ကြီးဌာနရှိ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပညာရှင်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ ဆွေးနွေးပြီးလျှင် —

(၁) ပညာရှင်များနှင့် ပူးပေါင်းပြီး သာသနာတော် ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်ရန်၊

(၂) သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ရေတို ရေရှည် စီမံချက်များ ချမှတ်ပြီး စနစ်တကျ ဆောင်ရွက်ရန်၊

(၃) အကြံဉာဏ်အား၊ ရေးသားမှု စွမ်းအားတို့ဖြင့် ထက်ထက်မြက်မြက် ကြိုးစားဆောင်ရွက်ရန်၊

(၄) ဗုဒ္ဓဘာသာသင်တန်းများကို မြို့နယ်အလိုက် အမြဲတမ်း ဆောင်ရွက်ရန်၊ အဘိဓမ္မာသင်ခန်းစာများကိုလည်း ပို့ချပေးရန်၊

(၅) သင်ရိုးညွှန်းတမ်းများ ရေးဆွဲ၍ လိုအပ်သော စာအုပ်များကို ရေးသားပြုစုရန်၊

(၆) ရင်သွေးငယ်များ၏ အသည်းနှလုံးများ၌ ဗုဒ္ဓဘာသာ အသိတရားများ ခိုင်မာ စွဲမြဲစွာ တည်ရှိအောင် ပရိယတ္တိစာပေကို သင်ကြားပေးရန်၊

(၇) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာ စာပေ ရှင်သန်ပြန့်ပွားအောင် ဆောင်ရွက်ရန်၊

(၈) တောင်တန်းဒေသရှိ တိုင်းရင်းသားများအား ဗုဒ္ဓဘာသာကို အလွယ်တကူ လေ့လာ ဆည်းပူးနိုင်အောင် ဆောင်ရွက်ရန်၊

(၉) သာသနာပြုပုဂ္ဂိုလ်များကို အထိုက်အလျောက် ချီးမြှောက်ပြီး ဗုဒ္ဓဘာသာသင်တန်း အောင်မြင်သူများကို ထိုက်တန်သော လက်မှတ်, တံဆိပ်, ဆုများ ချီးမြှင့်ရန်၊

(၁၀) ဗုဒ္ဓဘာသာကို လေ့လာလိုသော နိုင်ငံခြားသားများအတွက် သင့်လျော်သည့် စာပေများကို ရေးသားပြုစုရန် –

ဟူသော လမ်းညွှန်ချက်တို့ကို မိန့်ဆိုတိုက်တွန်းသွားပါသည်။

ဤတိုက်တွန်း မိန့်ဆိုချက်အရ သာသနာတော် ထွန်းကားပြန့်ပွားရေးကို အားဖြည့်ဆောင်ရွက်ရန် –

(၁) ဦးကျော်ထွတ်
(၂) ဦးစဝ်ထွန်းမှတ်ဝင်း
(၃) ဦးအေးနိုင်
(၄) ဦးထွန်းလှိုင်
(၅) ဦးရွှေအောင်
(၆) ဦးသောင်းလွင်
(၇) ဦးဒွေးလှိုင်နှင့်
(၈) ဒေါက်တာမင်းတင်မွန် –

တို့အား သာသနာရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်များအဖြစ် ၁၉၉၃–ခုနှစ်၊ ဇွန်လ (၁)ရက်နေ့မှ စ၍ ခန့်ထားလိုက်ပါသည်။

**ဗုဒ္ဓဘာသာတရားတော်**

အထက်ဖော်ပြပါ အကြံပေးပုဂ္ဂိုလ်များသည် အခြေခံအဆင့်တွင် အသုံးပြုရန်အတွက် ပထမဆုံး လိုအပ်ချက်ဖြစ်သော ဤ'ဗုဒ္ဓဘာသာတရားတော်' (အခြေခံအဆင့်) စာအုပ်ကို ဦးစွာ ရေးသား ပြုစုကြသည်။ ထိုသို့ ပြုစုကြရာ၌ သာသနာရေးဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ ခွင့်ပြုချက်အရ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကား

ပြန်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့် ညှိနှိုင်းကြပြီးလျှင် ဦးအောင်သိန်းညွန့် (လက်ထောက် ညွှန်ကြားရေးမှူး)၊ ဦးမြင့်စိန် (ရုံးအုပ်)တို့နှင့် ကျမ်းပြုစာတည်းများ ဖြစ်ကြသော ဦးစိုးတင့်၊ ဦးကိုကိုမြိုင်၊ ဦးမြင့်သန်း၊ ဦးလှသိန်းထွတ်၊ ဦးခင်ကျော်၊ ဦးဌေးဆောင်၊ ဦးသူရ တို့၏ အကူအညီကို ရယူခဲ့ကြသည်။

ဤစာအုပ်တွင် အခန်း (၄)ခန်း ခွဲထားသည်။ အခန်း(၁)တွင် 'ပါဠိဖတ်နည်း၊ ပါဠိဆင့်ဖတ်နည်း' တို့ကို ရေးသားတင်ပြထားပါသည်။ ဗုဒ္ဓဘာသာဝင်များသည် သရဏဂုံသီလတောင်းခြင်း၊ သရဏဂုံယူခြင်း၊ သီလခံယူဆောက်တည်ခြင်းတို့က စပြီး ပါဠိလို ယူကြရ၏။ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းနှင့် အဋ္ဌရာယ်ကင်း ပရိတ်တရားတော်များကိုလည်း ပါဠိလိုပင် ရွတ်ဖတ်သရဇ္ဈာယ်ကြ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ ပါဠိကို စနစ်တကျ ပီပီသသ ရွတ်ဖတ်တတ်ရန် အထူးလိုအပ်၏။ ဤ 'ပါဠိဖတ်နည်း၊ ပါဠိဆင့်ဖတ်နည်း'သည် ဗုဒ္ဓဘာသာဝင်များအပြင် အခြားပါဠိဖတ်တတ်လိုသူများအား များစွာ အထောက်အကူပြုမည်ဖြစ်သည်။

အခန်း(၂)တွင် ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်ဘာသာရေးလုပ်ငန်း တာဝန်များကို နောက်အခန်းများ၏ မာတိကာသဖွယ် တင်ဆက်ထားပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လျှင် ထိုအခန်းပါ လုပ်ငန်းတာဝန်များကို နေ့စဉ် ထမ်းဆောင်နိုင်မှ ဗုဒ္ဓဘာသာဝင်ဖြစ်ရကျိုးနပ်သည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမများကို လက်တွေ့ လိုက်နာကျင့်သုံးသည့် ဗုဒ္ဓဘာသာဝင် တစ်ဦး ဖြစ်နိုင်သည်။ ထို့ကြောင့် နေ့စဉ်လုပ် ဘာသာရေးလုပ်ငန်း တာဝန်များကို အခန်းတစ်ခန်းအဖြစ် သီးခြား စီစဉ်ထားခြင်းဖြစ်သည်။

အခန်း(၃)တွင် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့၏ အားထား ကိုးကွယ်ရာ ဂေါတမမြတ်စွာဘုရား၏ အကြောင်းအတ္ထုပ္ပတ္တိ ဗုဒ္ဓဝင်ကို အကျဉ်းချုပ်၍ တင်ပြထားပါသည်။

အခန်း(၄)တွင် ဗုဒ္ဓဘာသာဝင်တို့ သီလခံယူဆောက်တည်ကြသည့်အခါ အစဉ်အတိုင်း ပြုကျင့်ကြရသည့် ဩကာသကန်တော့ချီး၊ သရဏဂုံသီလတောင်း၊ 'နမော တဿ'ဘုရားရှိခိုး၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ ခံယူ

ဆောက်တည်နည်း၊ မေတ္တာပို့နှင့် အမျှဝေနည်းတို့ကို အနက်အဓိပ္ပာယ်စုံလင်စွာ ရှင်းလင်း တင်ပြထားပါသည်။ ဗုဒ္ဓဘာသာဝင်များသည် ဤအခန်းကို လေ့လာလျှင် ဩကာသကန်တော့ချိုး၏ အဓိပ္ပာယ်များကိုလည်း စုံလင်စွာ သိရှိမည်။ သရဏဂုံအကြောင်းကိုလည်း ကောင်းစွာ နားလည်မည်။ ငါးပါး သီလ စသော သီလများ၏ အကျိုးအပြစ်များကို ဖော်ပြထားရာ သီလ စောင့်ထိန်းလိုစိတ်များ ဖြစ်ပွားလာမည့်အပြင် ဆိုင်ရာ သီလများကိုလည်း လုံခြုံအောင် စောင့်ထိန်းတတ် မေတ္တာပို့တတ် အမျှဝေတတ် ကြမည်ဖြစ်သည်။

အခန်း(၅)၌ အလှူဒါန ပြုလုပ်ခြင်းအကြောင်းကို တင်ပြထားရာ ထိုအခန်းကို လေ့လာသူဗုဒ္ဓဘာသာဝင်များအဖို့ ကျမ်းဂန်လာ နည်းအတိုင်း ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကိုလည်း စနစ်တကျ ဆက်ကပ် လှူဒါန်းနိုင်မည် ဖြစ်သည်။

အခန်း(၆)တွင် သင်္ဂါယနာ(၆)တန်သမိုင်းနှင့် သာသနာပြုလုပ်ငန်းများကို အပိုင်း (၉)ပိုင်းခွဲပြီး တင်ပြထားရာ သရဏဂုံတည်အောင် ဆောင်ရွက်ခြင်း၊ ဘာသာရေး အသင်းအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခြင်း၊ ပရိယတ္တိစာသင်သား များအား ထောက်ပံ့ခြင်း၊ ပဋိပတ္တိကျင့်သုံးနေသူများအား ထောက်ပံ့ခြင်းနှင့် ဗုဒ္ဓဘာသာစာပေ ပြန့်ပွားအောင် ဆောင်ရွက်ခြင်းတို့သည် မွန်မြတ်သည့် သာသနာပြု လုပ်ငန်းများဖြစ်ကြောင်း သိရှိကြမည်။ သာသနာပြု လုပ်ငန်းများ သည် ဗုဒ္ဓဘာသာတွင် အကြီးဆုံး၊ အမွန်မြတ်ဆုံး ကုသိုလ်များဖြစ်သည်ကိုလည်း နားလည်မည်။ ထိုသို့ နားလည်သဖြင့် သာသနာတော် တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်လိုစိတ်များ တဖွားဖွား ပေါ်လာနိုင်သည်။ အိမ်တွင်းသာသနာပြု လုပ်ငန်းနှင့် ရပ်ရွာတွင်းသာသနာပြု လုပ်ငန်းတို့ကိုလည်း စနစ်တကျ ဆောင်ရွက် တတ်ကြမည် ဖြစ်သည်။

အခန်း (၇)တွင် လူ့ကျင့်ဝတ်များကို ဖော်ပြထားပါသည်။ မြတ်စွာဘုရားသည် သိင်္ဂါလောဝါဒသုတ်၊ မင်္ဂလသုတ်၊ ပရာဘဝသုတ်၊ ဝသလသုတ် စသော ထိုထိုသုတ်တို့၌ လူသားတိုင်း လိုက်နာ ကျင့်ကြံရမည့် လူ့ကျင့်ဝတ်များကို ဟောကြားခဲ့ပါသည်။ ထိုလူ့ကျင့်ဝတ်များမှာ ရဟန်းတော် များ၏ ဝိနည်းဥပဒေများကဲ့သို့ လူသားတိုင်း အမှန်ကေန်ကျင့်ကြံ လိုက်နာ ကြရမည့် 'ဂိဟိဝိနယ' ခေါ် လူ့ဝိနည်းဥပဒေများပင်ဖြစ်၏။ ထိုလူ့ကျင့်ဝတ်

များကို လိုက်နာကျင့်သုံးပါက ဗလငါးတန်နှင့်ပြည့်စုံသော လူတော် လူကောင်း တစ်ယောက် ဖြစ်မည့်အပြင် သောကကင်းဝေး၍ ငြိမ်းအေးချမ်းသာ သူလည်း ဖြစ်လာနိုင်သည်။

အခန်း (၈)တွင် အခြေခံအဘိဓမ္မာကို တင်ပြထားပါသည်။ အဘိဓမ္မာ သည် ဗုဒ္ဓဘာသာဝင်များအဖို့ မလွဲမသွေ တတ်သိ နားလည်ထားကြရမည့် တရားတော်ဖြစ်၏။ အဘိဓမ္မာ တရားတော်ကို တတ်သိ နားလည်မှ အခြေခံ ခိုင်မာသော၊ ကိုယ်ခံအား ကောင်းသော ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်နိုင် ပါသည်။ ထို့ကြောင့် ဤ အခြေခံအဆင့်တွင် အဘိဓမ္မာကို အခြေပျိုးပေးသည့် အနေဖြင့် အသုံးချ အဘိဓမ္မာသဘောမျှ တင်ပြထားခြင်း ဖြစ်သည်။

အခန်း(၉)တွင် ဘာသာစာရိတ္တယဉ်ကျေးမှုကို တင်ပြထားပါသည်၊ ယခုခေတ်တွင် ဗုဒ္ဓဘာသာဝင် မြန်မာလူငယ်များသည် ဘာသာစာရိတ္တ ယဉ်ကျေးမှုဘက်တွင် အသိတရား အလွန်နည်းပါးကြ၏။ ဘာသာရေး အသိဉာဏ် နည်းပါးလာလျှင် စိတ်နေ စိတ်ထားမှ စ၍ အပြောအဆို၊ အနေအထိုင်များ အလွန်ရိုင်းစိုင်းလာနိုင်ပေသည်။ ဘာသာစာရိတ္တ ယဉ်ကျေးမှု ကား လူမျိုး၏ အသက်သဖွယ် အရေးကြီး၏။ ဘာသာစာရိတ္တ ယဉ်ကျေးမှု များကို သိမှု၊ လိုက်နာမှု အားနည်းလာလျှင် တစ်နေ့တခြား လူရိုင်းများ အဖြစ်သို့ ရောက်သွားနိုင်၏။ ထို့ကြောင့် ဤအခန်း (၉)တွင် ဘာသာစာရိတ္တ ယဉ်ကျေးမှုများကို ထည့်သွင်းထားခြင်းဖြစ်သည်။

## ရည်မှန်းချက် ပန်းတိုင်သို့

အချုပ်ကိုဆိုရသော် ဘုရား၊ တရား၊ သံဃာ အကြောင်းနှင့် ကံ အကြောင်းတို့သည် ဗုဒ္ဓဘာသာဝင်တိုင်း ငယ်စဉ်ကတည်းက မလွဲဧကန် အမှန်သိရှိ နားလည်ထားကြရမည့် ဗုဒ္ဓဘာသာ၏ အခြေခံအကြောင်းအရာများ ဖြစ်ကြ၏။ ရတနာသုံးပါးအကြောင်းနှင့် ကံအကြောင်းတို့ကို အထိုက်အလျောက် တတ်သိ နားလည်ထားပါမှ ထိုရတနာသုံးပါးနှင့် ကံ, ကံ၏အကျိုးတို့ကို ယုံကြည်မည်။ ထိုသို့ ယုံကြည်မှ သရဏဂုံတည်၍ အခြေခံ ခိုင်မာသော ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်မည်။

ကံ, ကံ၏အကျိုးကို ယုံကြည်သောသူသည် ရှူဒါန်းလိုစိတ်၊ သီလ ဆောက်တည်လိုစိတ်၊ ဘာဝနာပွားများလိုစိတ်များ ဖြစ်ပေါ်လာရုံမျှမက

ဒါန, သီလ, ဘာဝနာ ကုသိုလ်ကောင်းမှုများကိုလည်း ကမ္မဿကတာဉာဏ် အမြင်နှင့်ယှဉ်၍ ပြုလုပ်တတ်လာပေမည်။

အထူးသဖြင့် ကံ, ကံ၏အကျိုးကို အလေးအနက် ယုံကြည်သူဖြစ်ပါမှ မိမိ၊ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံနှင့် လူမျိုးအထိ ဆိုးကျိုးပေးမည့် အကျင့်ပျက်မှု ဒုစရိုက်တရားဆိုးတို့ကို ကြိုးစား ရှောင်ကြဉ်လိုစိတ်များ ဖြစ်ပွားလာစေမည်။

ဘာသာစာရိတ္တယဉ်ကျေးမှုတို့ကို သိရှိနားလည်ကြသော လူငယ်လူရွယ် များသည် ကိုယ် နှုတ် နှလုံး သုံးပါးလုံး ယဉ်ကျေးသူများဖြစ်လာကြပေမည်။ ဤသို့ ကိုယ်ကျင့်တရားကောင်းမွန်၍ အမျိုး, ဘာသာ, ယဉ်ကျေးမှုကို ချစ်မြတ်နိုးသော အခြေခံခိုင်မာသည့် နိုင်ငံတော်၏ သားကောင်း သမီးကောင်း များ ဖြစ်လာစေရန် ရည်ရွယ်၍ ဤအခြေခံအဆင့် ဗုဒ္ဓဘာသာ သင်ခန်းစာများကို ရေးသားပြုစုထားခြင်းဖြစ်သည်။

ရတနာမြတ်သုံးပါးကို ရင်ဝယ်ပိုက်ထွေး၍ ကိုယ် နှုတ် နှလုံး သုံးပါး လုံး ယဉ်ကျေးသိမ်မွေ့သော၊ အမျိုး, ဘာသာ, ယဉ်ကျေးမှုကို ချစ်မြတ်နိုးသော၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်သော နိုင်ငံ့သားကောင်း, သမီးကောင်း ရတနာများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဤကျမ်းစာအုပ်က ဖော်ဆောင် ပေးနိုင်လိမ့်မည် ဟု အလေးအနက် ယုံကြည်ပါသည်။

အကြံပေးပုဂ္ဂိုလ်များ
သာသနာရေးဝန်ကြီးဌာန

# ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

### အခန်း (၁)

| | | |
|---|---|---|
| ၁။ | ပါဠိဖတ်နည်း၊ ပါဠိဆင့်ဖတ်နည်း | ၃ |
| | –သဒိသဒွေဘော် အက္ခရာတူဆင့်ခြင်း | ၆ |
| | –အသဒိသဒွေဘော် အက္ခရာမတူဆင့်ခြင်း | ၇ |
| | –အသတ် အသံထွက်နည်း | ၁၁ |

### အခန်း (၂)

| | | |
|---|---|---|
| ၂။ | ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်ဘာသာရေး လုပ်ငန်းတာဝန်များ | ၁၉ |
| | –ဘုရားရှိခိုးခြင်း | ၂၀ |
| | –မေတ္တာပို့ခြင်း | ၂၀ |
| | –အမျှဝေခြင်း | ၂၀ |
| | –အလှူဒါနပြုလုပ်ခြင်း | ၂၁ |
| | –သာသနာတော် တည်တံ့ ပြန့်ပွားရေးဆောင်ရွက်ခြင်း | ၂၁ |
| | –လက္ခဏာရေးသုံးပါးဆင်ခြင်ခြင်း | ၂၁ |

### အခန်း (၃)

| | | |
|---|---|---|
| ၃။ | ဗုဒ္ဓဝင်အကျဉ်း | |
| | –ဒီပင်္ကရာဘုရားထံ သုမေဓာ ဗျာဒိတ်ခံပုံ | ၂၅ |
| | –သုမေဓာ၏ ဘဝအမြင် | ၂၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


-သုမိတ္တာကမ်းသည့် ကြာပန်း(၅)ခိုင် - - ၂၆
-ခိုင်မာသောအဓိဋ္ဌာန်နှင့် ရဲရင့်သောကြုံးဝါးချက် - ၂၆
-ဘုရားအလောင်းတော် ပါရမီဖြည့်ကျင့်ပုံ - ၂၇
-ဒါနပါရမီ ဖြည့်ကျင့်တော်မူပုံ - - ၂၈
-သီလပါရမီ ဖြည့်ကျင့်တော်မူပုံ - - ၂၉
-နေက္ခမ္မပါရမီ ဖြည့်ကျင့်တော်မူပုံ - - ၃၀
-ပညာပါရမီ ဖြည့်ကျင့်တော်မူပုံ - - ၃၀
-ဝီရိယပါရမီ ဖြည့်ကျင့်တော်မူပုံ - - ၃၁
-ခန္တီပါရမီ ဖြည့်ကျင့်တော်မူပုံ - - ၃၁
-သစ္စာပါရမီ ဖြည့်ကျင့်တော်မူပုံ - - ၃၂
-အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်တော်မူပုံ - - ၃၃
-မေတ္တာပါရမီ ဖြည့်ကျင့်တော်မူပုံ - - ၃၄
-ဥပေက္ခာပါရမီ ဖြည့်ကျင့်တော်မူပုံ - - ၃၅
-ပါရမီ(၁၀)ပါး အပြား(၃၀) - - ၃၅
-စရိယာ(၃)ပါး - - - ၃၆
-စွန့်ခြင်းကြီး(၅)ပါး - - - ၃၆
-အတုမရှိ စွန့်လွှတ်၍ အတုမရှိ အောင်မြင်ခြင်း - ၃၇


## အလောင်းတော် သိဒ္ဓတ္ထမင်းသား ဘဝဖြစ်စဉ်


-နတ်ပြည်မှ စုတေတော်မူခြင်း - - ၃၈
-ကြည့်ခြင်းကြီး(၅)ပါး - - - ၃၈
-လုမ္ဗိနီဥယျာဉ်၌ ဖွားတော်မူခြင်း - - ၃၉
-ကျူးရင့်ကြွေးကြော်သော စကားသုံးခွန်း - ၄၀
-အလောင်းတော်အား ထီးနန်းလွှဲအပ်ခြင်း - ၄၁
-နိမိတ်ကြီး(၄)ပါး မြင်တော်မူခြင်း - - ၄၁
-တောထွက်တော်မူခြင်း - - - ၄၂
-မာရ်နတ်တား၍ နတ်ဗြဟ္မာများကြိုဆိုခြင်း. - ၄၃

ခဉ် | အကြောင်းအရာ | စာမျက်နှာ


-တစ်နန်းတော်လုံး ငိုကြွေးကြခြင်း - - ၄၄
-ဗိမ္ဗိသာရမင်း တွေ့ဆုံလျှောက်ထားခြင်း - - ၄၄

ဒုက္ကရစရိယာ ကျင့်တော်မူခြင်း

-သိဒ္ဓတ္ထသေပြီဟု နတ်တို့ထင်ခြင်း - - ၄၅
-သုဇာတာ ယနာနို့ဆွမ်း ကပ်လှူခြင်း - - ၄၆
-မာရ်နတ်ရန်ကို အောင်တော်မူခြင်း - - ၄၇
-ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း - - ၄၈
-သဗ္ဗညုတဉာဏ်တော်၏ စွမ်းရည်သုံးမျိုး - ၄၈
-ဘုရားအမည်ခံ တိတ္ထိဆရာကြီး(၆)ဦး - - ၄၉
-သတ္တသတ္တာဟ စံနေတော်မူခြင်း - - ၅၀
-တပုဿ ဘလ္လိကညီနောင် မုန့်ဆွမ်းဦး လှူရခြင်း - ၅၁
-တရားဟောရန် သဟမ္ပတိဗြဟ္မာကြီး တောင်းပန်ခြင်း- ၅၂
-လောကီဆရာကြီးနှစ်ဦး ကွယ်လွန်သွားခြင်း - ၅၃
-ဓမ္မစကြာတရားဦး ဟောတော်မူခြင်း - - ၅၄
-ဗာရာဏသီ သူဌေးသား ယသနှင့်(၅၅)ဦး ရဟန်းပြုခြင်း ၅၅
-သာသနာပြု စေလွှတ်တော်မူခြင်း - - ၅၆
-ရသေ့တစ်ထောင်တို့အား တန်ခိုးဖြင့်ချေချွတ်ခြင်း - ၅၇

ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခြင်း

-ဗိမ္ဗိသာရမင်း၏ ချင်ခြင်း(၅)မျိုး - - ၅၇
-ဝေဠုဝန်ကျောင်းလှူပွဲကြီး - -- ၅၉
-ဗိမ္ဗိသာရ၏ ဆွေမျိုးဟောင်း ပြိတ္တာများ- - ၅၉
-ဥပတိဿ၊ ကောလိတ တို့နှင့် သိဥ္စည်းဆရာကြီး - ၆၁
-သတိပဋ္ဌာန်ဣန္ဒြေ၏ ဆွဲဆောင်မှု - - ၆၁
-လူအတန်းအစား(၂)မျိုး- - - ၆၂
-ပထမဆုံး သံဃာအစည်းအဝေးကြီး - - ၆၃

စဉ်	အကြောင်းအရာ	စာမျက်နှာ

**ကပိလဝတ်ပြည်သို့ ကြွတော်မူခန်း**


-တမန်တော်အမတ်များ စေလွှတ်ခြင်း - - ၆၃
-ကာဠုဒါယီအမတ် ပင့်ဆောင်ခြင်း - - ၆၄
-နိဂြောဓာရုံကျောင်းတော်သို့ ပင့်ဆောင်ခြင်း - ၆၅
-ရေ မိး အစုံအစုံ တန်ခိုးပြာဋိဟာပြ၍ သာကီဝင်မင်းတို့၏
မာနကို ချိုးနှိမ်တော်မူခြင်း - - ၆၅
-ဗုဒ္ဓဝင်ဟောကြားရန် တောင်းပန်ခြင်း - - ၆၇
-ကပိလဝတ်ပြည်၌ ဆွမ်းခံကြွတော်မူခြင်း - ၆၈
-ယသောဓရာတိုက်ခန်းသို့ ကြွတော်မူခြင်း - ၆၉
-ညီတော်နှင့် သားတော်တို့အား ရှင်ရဟန်းပြုပေးခြင်း - ၇၀
-သာကီဝင်နောင်ရေး မင်းကြီးပူဆွေးခြင်း - ၇၁


**သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါကျောင်းအမကြီး**


-ကျောင်းဒကာကြီး အနာထပိဏ် - - ၇၃
-ကျောင်းအမကြီး ဝိသာခါ - - ၇၄


**ဘုရားရှင်၏နေ့စဉ်ဆောင်ရွက်မြဲ ဗုဒ္ဓကိစ္စ ငါးပါး**


-ပုရေဘတ္တကိစ္စ=နံနက်ခင်းလုပ်ငန်းစဉ် - - ၇၅
-ပစ္ဆာဘတ္တကိစ္စ=နေ့လယ်လုပ်ငန်းစဉ် - - ၇၆
-ပုရိမယာမကိစ္စ=ညဦးယံလုပ်ငန်းစဉ် - - ၇၈
-မဇ္ဈိမယာမကိစ္စ=သန်းခေါင်ယံလုပ်ငန်းစဉ် - ၇၈
-ပစ္ဆိမယာမကိစ္စ=မိုးသောက်ယံလုပ်ငန်းစဉ် - ၇၈
-အနစ်နာလည်းခံ ဉာဏ်အမြင်လည်းရှိခြင်း - ၇၉
-သာသနာတော် တိုးတက်ထွန်းကားလာခြင်း - ၈၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **မြတ်စွာဘုရားရှင် ဝါဆိုတော်မူရာ မြို့ရွာဒေသများ** - | ၈၁ |
| | -မြတ်စွာဘုရား ဝါဆိုစဉ်လက်ာ - - | ၈၂ |
| | -ဘုရားရှင်အား နှောင့်ယှက်တိုက်ခိုက်ကြသူများ - | ၈၂ |
| | -သာသနာ့ကျက်သရေဆောင် သာသနာ့ဝန်ဆောင်(၄)ဦး | ၈၄ |
| | -ဘုရားရှင်၏ ပရိနိဗ္ဗာန်အကြိုခရီး - - | ၈၄ |
| | -နာဠန္ဒာနှင့် ပါဋလိရွာ တရားပွဲ - - | ၈၅ |
| | -ကောဋိရွာမှ ဝေသာလီပြည်သို့ - - | ၈၆ |
| | **မြတ်စွာဘုရားရှင်၏ နောက်ဆုံးနှစ် နောက်ဆုံးခရီး** - | ၈၇ |
| | -ဗုဒ္ဓအပေါ် သံဃာ၏ဆန္ဒနှင့် သံဃာ့အပေါ် ဗုဒ္ဓ၏ဆန္ဒတော် | ၈၈ |
| | -အဂ္ဂသာဝကကြီးနှစ်ပါး ပရိနိဗ္ဗာန်ပြုတော်မူခြင်း - | ၈၉ |
| | -အာယုသင်္ခါရလွှတ်ကြောင်း အသိပေးတော်မူခြင်း - | ၉၀ |
| | -သွေးဝမ်းရောဂါ ပြင်းထန်စွာ ခံစားတော်မူခြင်း - | ၉၂ |
| | -မြတ်စွာဘုရား၏ နောက်ဆုံးနေ့ - - | ၉၃ |
| | -မြတ်စွာဘုရား၏ နောက်ဆုံးသာဝက - - | ၉၃ |
| | -မြတ်စွာဘုရား၏ နောက်ဆုံးဩဝါဒစကား - | ၉၅ |
| | -ပရိနိဗ္ဗာန်ပြုတော်မူခြင်း- - - | ၉၆ |
| | -အရှင်မဟာကဿပ ကြွရောက်တော်မူလာခြင်း - | ၉၆ |
| | -ကမ္ဘာအရပ်ရပ်သို့ ဓာတ်တော်များ ကြွတော်မူခြင်း - | ၉၈ |
| | -ကျေးရှူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုး - - - | ၉၉ |


# အခန်း (၄)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | ဘုရားရှိခိုးခြင်း | |
| | -ရှိခိုးဦးချပုံ ဦးချနည်း - - - | ၁၀၅ |
| | -ရှိခိုးခြင်း(၃)မျိုး - - - | ၁၀၅ |
| | -ထိခြင်း(၅)ပါး ရှိခိုးခြင်း - - | ၁၀၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


-ဘုရားရှိခိုး - - - ၁၀၆
-ဩကာသအစိပ္ပာယ် - - - ၁၀၇
-ကံ သုံးပါး - - - ၁၀၇

ရတနာသုံးပါး

-ရတနာမည်ပုံ - - - ၁၀၇
-ရတနာ၏လက္ခဏာသဘောထား - - ၁၀၇
-ဗုဒ္ဓရတနာ - - - ၁၀၈
-ဓမ္မရတနာ - - - ၁၀၉
-သံဃရတနာ - - - ၁၀၉

ရတနာသုံးပါး၏ ဂုဏ်တော်များ

-ဘုရားဂုဏ်တော်(၉)ပါး ပါဠိ - - ၁၁၀
-အနက်အကျဉ်းချုပ် - - - ၁၁၀
-ဗုဒ္ဓဂုဏ်တော်ကဗျာ - - - ၁၁၁
-ဘုရားဂုဏ် အာရုံပြုရကျိုး - - ၁၁၂
-တရားဂုဏ်တော်(၆)ပါး ပါဠိ - - ၁၁၂
-အနက်အကျဉ်းချုပ် - - - ၁၁၂
-တရားဂုဏ်တော်ကဗျာ - - - ၁၁၃
-တရားဂုဏ် အာရုံပြုရကျိုး- - - ၁၁၃
-သံဃာဂုဏ်တော်(၉)ပါး ပါဠိ - ၁၁၃
-အနက်အကျဉ်းချုပ် - - - ၁၁၄
-သံဃာဂုဏ်တော်ကဗျာ - - - ၁၁၅
-သံဃာဂုဏ် အာရုံပြုရကျိုး - - ၁၁၅

ကံ, ကံ၏အကျိုး ယုံကြည်ခြင်း

-ကံ - - - ၁၁၆
-ကမ္မဿကတာဉာဏ် - - - ၁၁၆

| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | -ကံ၏အစွမ်းသတ္တိ | - | - | ၁၁၇ |
| | -ကုသိုလ်ကံ | - | - | ၁၁၇ |
| | -အကုသိုလ်ကံ | - | - | ၁၁၈ |
| | -ကံအကျိုးပြ လက်ာသံပေါက်များ | - | - | ၁၁၈ |
| ဒုစရိုက်၊ သုစရိုက်နှင့် ပုညကြိယာဝတ္ထု | | | | |
| | -ဒုစရိုက်(၁၀)ပါး | - | - | ၁၁၉ |
| | -ဒုစရိုက်ကာယကံသုံးပါး- | - | - | ၁၁၉ |
| | -ဒုစရိုက်ဝစီကံလေးပါး - | - | - | ၁၁၉ |
| | -ဒုစရိုက်မနောကံသုံးပါး- | - | - | ၁၂၀ |
| | -သုစရိုက်(၁၀)ပါး | - | - | ၁၂၁ |
| | -သုစရိုက်ကာယကံသုံးပါး | - | - | ၁၂၁ |
| | -သုစရိုက်ဝစီကံလေးပါး- | - | - | ၁၂၁ |
| | -သုစရိုက်မနောကံသုံးပါး- | - | - | ၁၂၂ |
| | -ပုညကြိယာဝတ္ထုဆယ်ပါး | - | - | ၁၂၂ |
| | -ဂုဏ်တော်အကျိုးပြဝတ္ထု ကာဠီအမျိုးသမီး | | - | ၁၂၃ |
| | -အပါယ်လေးပါး | - | - | ၁၂၄ |
| | -ကပ်သုံးပါး | - | - | ၁၂၅ |
| | -ကပ်ဆိုက်ပုံ | - | - | ၁၂၅ |
| | -ရပ်ပြစ်ရစ်ပါး | - | - | ၁၂၅ |
| | -ရန်သူမျိုးငါးပါး | - | - | ၁၂၆ |
| | -ဝိပတ္တိတရားလေးပါး | - | - | ၁၂၇ |
| | -ဗျသနတရား ငါးပါး | - | - | ၁၂၇ |
| | -မဂ်တရား | - | - | ၁၂၇ |
| | -ဖိုလ်တရား | - | - | ၁၂၈ |
| | -နိဗ္ဗာန်တရား | - | - | ၁၂၈ |
| | -အာယုဝမုနသတို့သားဝတ္ထု | - | - | ၁၂၈ |
| | -အရိယာပြစ်မှားမိသော ရဟန်းတစ်ပါး | - | - | ၁၂၈ |

စဉ် အကြောင်းအရာ စာမျက်နှာ

သရဏဂုံနှင့် သီလတောင်းခံခြင်း

- -သရဏဂုံနှင့် ငါးပါးသီလတောင်း - - ၁၃၀
- နမော တဿ ဘုရားရှိခိုးပါဠိ-အနက် - - ၁၃၁
- သရဏဂုံဆောက်တည်ခြင်း - - ၁၃၁
- -သရဏဂုံသုံးပါ ပါဠိ-အနက် - - ၁၃၁
- -သရဏဂုံအဓိပ္ပာယ် - - - ၁၃၃
- -သရဏဂုံ တည်ခြင်း ပျက်ခြင်း - - ၁၃၃
- -သရဏဂုံအကျိုးပြစ်ဒွန်းများ - - ၁၃၄
- -သရဏဂုံတည်သောအမျိုးသား - - ၁၃၄
- -ထင်းခွေသားအဖ - - - ၁၃၅
- -အိပ်ရာဝင်ကဗျာ - - - ၁၃၈

ငါးပါးသီလဆောက်တည်ခြင်း

- -ငါးပါးသီလခံယူဆောက်တည်ပုံ ပါဠိနှင့်အနက် - ၁၃၈
- -ပါဏာတိပါတက် လွန်ကျူးပြစ်နှင့် ရောင်ကြဉ်ရကျိုး လက်ာနှင့်အဓိပ္ပာယ် - - ၁၄၀
- -အဒိန္နာဒါနကံ လွန်ကျူးပြစ်နှင့် ရောင်ကြဉ်ရကျိုး လက်ာနှင့်အဓိပ္ပာယ် - - ၁၄၁
- -ကာမေသုမိစ္ဆာစာရကံ လွန်ကျူးပြစ်နှင့် ရောင်ကြဉ်ရကျိုး လက်ာနှင့်အဓိပ္ပာယ် - - ၁၄၂
- -မုသာဝါဒကံ လွန်ကျူးပြစ်နှင့် ရောင်ကြဉ်ရကျိုး လက်ာနှင့်အဓိပ္ပာယ် - - ၁၄၂
- -သုရာမေရယကံ လွန်ကျူးပြစ်နှင့် ရောင်ကြဉ်ရကျိုး လက်ာနှင့်အဓိပ္ပာယ် - - ၁၄၃

သီလတစ်ပါးပါးပျက်လျှင် ခံရသည့်အပြစ်ပြဝဏ္ဏများ

- - ပါဏာတိပါတကံပျက်လျှင် ခံရမည့်အပြစ်ပြဝဏ္ဏနှင့်ကဗျာ ၁၄၄
- - အဒိန္နာဒါနကံပျက်လျှင် ခံရမည့်အပြစ်ပြဝဏ္ဏနှင့်ကဗျာ ၁၄၅

| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | -ကာမေသုမိစ္ဆာစာရကံပျက်လျှင် ခံရမည့် အပြစ်ပြဝတ္ထုနှင့်ကဗျာ | - | - | ၁၄၆ |
| | -မုသာဝါဒကံပျက်လျှင် ခံရမည့် အပြစ်ပြဝတ္ထုနှင့်ကဗျာ | - | - | ၁၄၇ |
| | -သုရာမေရယကံပျက်လျှင် ခံရမည့် အပြစ်ပြဝတ္ထုနှင့်ကဗျာ | - | - | ၁၄၈ |
| | **ငါးပါးသီလစောင့်ထိန်းသဖြင့် ရရှိနိုင်သည့် အကျိုးပြဝတ္ထုများ** | | | |
| | -သီလမြဲက ယဲကမသေ ဓမ္မပါလ | - | - | ၁၄၉ |
| | **ရှစ်ပါးသီလ** | | | |
| | -သရဏဂုံနှင့် ရှစ်ပါးသီလတောင်း ပါဠိနှင့်အနက် | | - | ၁၅၁ |
| | -နမော တဿ ဘုရားရှိခိုး ပါဠိ-အနက် | - | - | ၁၅၂ |
| | -သရဏဂုံဆောက်တည်ခြင်း | - | - | ၁၅၂ |
| | -သရဏဂုံသုံးပါး ပါဠိ-အနက် | - | - | ၁၅၂ |
| | -ရှစ်ပါးသီလ ခံယူဆောက်တည်ပုံ ပါဠိနှင့်အနက် | | - | ၁၅၄ |
| | -အဗြဟ္မစရိယသိက္ခာပုဒ်အဓိပ္ပာယ် | - | - | ၁၅၆ |
| | -ဝိကာလဘောဇနေသိက္ခာပုဒ် အဓိပ္ပာယ် | - | - | ၁၅၆ |
| | -နစ္စ, ဂီတ စသော သိက္ခာပုဒ် အဓိပ္ပာယ် | - | - | ၁၅၇ |
| | -ဥစ္စာသယန မဟာသယန သိက္ခာပုဒ် အဓိပ္ပာယ် | | - | ၁၅၈ |
| | **ကိုးပါးသီလ** | | | |
| | -ကိုးပါးသီလ ခံယူဆောက်တည်ပုံ ပါဠိနှင့်အနက် | | - | ၁၅၈ |
| | -မေတ္တာသဟဂတေန စေတသာ သိက္ခာပုဒ် အဓိပ္ပာယ် | | - | ၁၆၂ |
| | **ဥပုသ်သီလ** | | | |
| | -ရှစ်ပါးသီလ၊ ကိုးပါးသီလကို ဥပုသ်သီလခေါ်ပုံနှင့် ဥပုသ်စောင့်ပုံ | - | - | ၁၆၃ |
| | -ဥပုသ်စောင့်ပုံ အစီအစဉ် | - | - | ၁၆၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


-ဥပုသ်ကာလ အပိုင်းအခြား - - ၁၆၅
-ဥပုသ်သီလ စောင့်ထိန်းရခြင်း အကျိုးပြဝတ္ထုများ - ၁၆၅
-ဂင်္ဂါမာလဝတ္ထု - - ၁၆၆
-ဥပေါသထာနတ်သမီးဝတ္ထု - - ၁၆၆
-သီလပြည့်စုံခြင်းအကျိုးငါးပါး - - ၁၆၇


မေတ္တာပို့ခြင်းနှင့် အမျှဝေခြင်း


-အရပ်(၁၀) မျက်နှာ မေတ္တာပို့နည်း - - ၁၆၈
-မေတ္တသုတ်တော်လာ မေတ္တာပွားနည်း (၁၁)နည်း - ၁၆၉
-ဗုဒ္ဓါနုဿတိဘာဝနာ - - ၁၇၂
-ဗုဒ္ဓါနုဿတိဘာဝနာအကျိုး - - ၁၇၊
-မေတ္တာဘာဝနာ - - - ၁၇၃
-ဗြဟ္မစိုရ်တရား(၄)ပါး - - - ၁၇၃
-မေတ္တာ - - - ၁၇၄
-မေတ္တာပို့သနည်း - - - ၁၇၄
-မေတ္တာပို့သမှုအကျိုး - - - ၁၇၅
-မေတ္တာပို့သမှုအကျိုး(၁၁)ပါး - - ၁၇၆
-မိမိကုသိုလ်အဖို့ကို အမျှဝေခြင်း - - ၁၇၆
-ဆုတောင်း - - - ၁၇၇
-အမျှဝေ - - - ၁၇၇
-ဆုတောင်း အမျှဝေ - - - ၁၇၈
-နောက်ဆုံး ဘုရားရှိခိုးပူဇော်၍ ဦးချရန် - - ၁၇၉
-နေ့စဉ်ကျင့်ရန် အမိန္ဒာန်- - - ၁၈၀
-သူတပါးကုသိုလ်ကို ဝမ်းမြောက်ခြင်း(သာဓုခေါ်ခြင်း) - ၁၈၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

# အခန်း (၅)

## ၅။ အလှူဒါနပြုလုပ်ခြင်း


-ဒါနအကြောင်း သိကောင်းစရာ - - ၁၈၅
-အလှူသဘော - - ၁၈၆
-ဆွမ်းတော်ကပ်လှူခြင်း - - - ၁၈၆
-ရေချမ်းကပ်လှူခြင်း - - - ၁၈၇
-ပန်းနံ့သာကပ်လှူခြင်း - - - ၁၈၈
-ဆီမီးကပ်လှူခြင်း - - - ၁၈၈
-အကျိုးပြဝတ္ထုများ - - - ၁၈၉
-ဆွမ်းလှူကျိုးပြဝတ္ထု - - - ၁၈၉
-ရေလှူကျိုးပြဝတ္ထု - - - ၁၉၀
-ပန်းလှူကျိုးပြဝတ္ထု - - - ၁၉၀
-ဆီမီးတော်လှူကျိုးပြဝတ္ထု- - - ၁၉၁
-ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်း - - ၁၉၁
-အလှူဒါနအမျိုးမျိုး - - - ၁၉၃
-အကျိုးပြ နန္ဒယဥပါသကာဝတ္ထု - - ၁၉၆


# အခန်း (၆)

## ၆။ သာသနာတော်တည်တံ့ပြန့်ပွားရေးဆောင်ရွက်ခြင်း


-သံဃါယနာတင် သမိုင်းအကျဉ်း - - ၂၀၁
-သာသနာပြုလုပ်ငန်း အကြီးဆုံးကုသိုလ် - - ၂၀၇
-သရဏဂုံတည်အောင်ဆောင်ရွက်ပေးခြင်း
သရဏဂုံတည်လျှင် (ဗုဒ္ဓဘာသာဖြစ်လျှင်)အပါယ်မကျတော့ ၂၀၈

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

-ဘာသာရေးအသင်းအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခြင်း - ၂၁၀
-ပရိယတ္တိစာသင်သားများအား ထောက်ပံ့ခြင်း - ၂၁၃
-ပဋိပတ္တိကျင့်သုံးနေသူများအား ထောက်ပံ့ခြင်း - ၂၁၅
-ဗုဒ္ဓဘာသာစာပေ ပြန့်ပွားရေး - - ၂၁၆
-အိမ်တွင်း သာသနာပြုလုပ်ငန်း - - ၂၁၇
-ရပ်ရွာအတွင်း သာသနာပြုလုပ်ငန်း - - ၂၂၁

# အခန်း (၇)

၇။ လူမှုရေးကျင့်ဝတ်များ

သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ်များ
-သားသမီးကျင့်ဝတ် ၅-ပါး - - ၂၂၇
-မိဘကျင့်ဝတ် ၅-ပါး - - ၂၂၈
-တပည့်ကျင့်ဝတ် ၅-ပါး - - ၂၂၈
-ဆရာကျင့်ဝတ် ၅-ပါး - - ၂၂၉
-လင်ကျင့်ဝတ် ၅-ပါး - - ၂၂၉
-မယားကျင့်ဝတ် ၅-ပါး - - ၂၂၉
-မိတ်ဆွေကျင့်ဝတ် ၅-ပါး - - ၂၃၀
-ကျေးဇူးခံ မိတ်ဆွေကျင့်ဝတ် ၅-ပါး - - ၂၃၀
-အလုပ်ရှင်ကျင့်ဝတ် ၅-ပါး - - ၂၃၁
-အလုပ်သမားကျင့်ဝတ် ၅-ပါး - ၂၃၁
-ဒါယကာကျင့်ဝတ် ၅-ပါး - ၂၃၂
-ရဟန်းကျင့်ဝတ် ၆-ပါး - ၂၃၂
-နာယကကျင့်ဝတ် ၆-ပါး - ၂၃၃
မင်္ဂလသုတ်လာ ကျင့်ဝတ်များ
-မင်္ဂလသုတ် ပါဠိ - ၂၃၃
-မင်္ဂလသုတ် အဓိပ္ပာယ် - ၂၃၅

အကြောင်းအရာ စာမျက်နှာ


-မင်္ဂလသုတ်အမွှန်း - - ၂၃၆
-မင်္ဂလသုတ်နိဒါန်း - - ၂၃၆
-မင်္ဂလာတစ်ပါးစီ၏ မြန်မာပြန်အကျဉ်း - - ၂၃၈
-မင်္ဂလာတစ်ပါးစီ၏ အဓိပ္ပာယ်အကျဉ်း - - ၂၄၀
-မင်္ဂလာကဗျာများ - - ၂၄၇

**ပရာဘဝသုတ်လာကျင့်ဝတ်များ**

-ဆုတ်ယုတ်ပျက်စီးကြောင်းတရား ၁၂-ပါး - ၂၅၁

**ဝသလသုတ်လာကျင့်ဝတ်များ**

-သူယုတ်မာဖြစ်ကြောင်းတရားများ - - ၂၅၄
-သင်္ဂဟတရားလေးပါး - - - ၂၅၅
-သမ္ပဒါတရားလေးပါး - - - ၂၅၇


# အခန်း (၈)

## ၈။ အခြေခံအဘိဓမ္မာ


-အဘိဓမ္မာ အဓိပ္ပာယ်အကျဉ်း - - ၂၆၃
-စိတ်အကြောင်း - - - ၂၆၃
-စိတ်အရေအတွက် - - - ၂၆၃
-စေတသိက်အကြောင်း - - - ၂၆၆
-စေတသိက်(၅၂)ပါး - - - ၂၆၆
-ထင်ရှားသော စေတသိက်များ - - ၂၇၀
-ရုပ်(၂၈)ပါး - - - ၂၇၃
-နိပ္ဖန္နရုပ်(၁၈)ပါး - - - ၂၇၃
-အနိပ္ဖန္နရုပ်(၁၀)ပါး - - - ၂၇၅

| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | -နာမ်၏သဘောအဓိပ္ပာယ်- | - | - | ၂၇၆ |
| | -ရုပ်၏သဘောအဓိပ္ပာယ် - | - | - | ၂၇၆ |
| | -ရုပ်နာမ်(၂)ပါးကို ခန္ဓာငါးပါးဖွဲ့ပုံ | - | - | ၂၇၇ |

# အခန်း (၉)

၉။ **ဘာသာစာရိတ္တ ယဉ်ကျေးမှု**

| | | |
|---|---|---|
| -ကာယကံယဉ်ကျေးမှု ·ကိုယ်အမူအရာ ယဉ်ကျေးခြင်း - | | ၂၈၁ |
| -ဝစီကံယဉ်ကျေးမှု အပြောအဆို အသုံးအနှုန်း ယဉ်ကျေးခြင်း | | ၂၈၄ |
| -မနောကံယဉ်ကျေးမှု - | - - | ၂၈၈ |
| -ဆွမ်းကွမ်းဆိုင်ရာ ယဉ်ကျေးမှုဝေါဟာရများ | - | ၂၈၉ |

# နောက်ဆက်တွဲ

| | | |
|---|---|---|
| **ခက်ဆစ်ဝေါဟာရအဓိပ္ပာယ်** | - - - | ၂၉၁ |

**** ****

# အခန်း ( ၁ )

# ပါဠိ ဖတ်နည်း ပါဠိဆင့် ဖတ်နည်း

# အခန်း ( ၁ )

## ပါဠိ ဖတ်နည်း ပါဠ်ဆင့် ဖတ်နည်း

ပါဠိဖတ်နည်း, ပါဠ်ဆင့်ဖတ်နည်း ကျွမ်းကျင်နားလည်စေရန် ရှေးဦးစွာ ပါဠိဘာသာ အက္ခရာ ၄၁-လုံးနှင့် ယင်း ၄၁-လုံးမှ သရ, ဗျည်း ခွဲခြားခြင်း၊ သရကို သံတို သံရှည် ခွဲခြားခြင်း၊ ဗျည်းကိုလည်း ဌာန်တူရာ စုပေါင်း၍ အုပ်စုဖွဲ့ခြင်းများကို နားလည်ရန်လိုအပ်ပါသည်။

**အက္ခရာ ၄၁-လုံး**

သရ ၈-လုံးနှင့်ဗျည်း ၃၃-လုံးကိုပေါင်းလျှင် အက္ခရာ ၄၁-လုံးဖြစ်သည်။

**သရ ၈-လုံး**

သရ ၈-လုံး = အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ

ယင်းသရ ၈-လုံးကို အသံတို(ရဿ)သရ ၃-လုံး၊ အသံရှည် (ဒီဃ) သရ ၅-လုံး အောက်ပါ ဇယား အတိုင်း ခွဲခြားနိုင် ပါသည်-

| အသံတို ရဿ | အသံရှည် ဒီဃ | အသံတို ရဿ | အသံရှည် ဒီဃ | အသံတို ရဿ | အသံရှည် ဒီဃ | အသံရှည် ဒီဃ | အသံရှည် ဒီဃ |
|---|---|---|---|---|---|---|---|
| အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | ဩ |

## ဗျည်း ၃၃–လုံး

ဗျည်း ၃၃–လုံးကို ဌာန်နီးစပ်ရာ ဌာန်တူရာ အုပ်စုဖွဲ့ထားရာ ယင်းအုပ်စုကို ဝဂ်ဟုခေါ်သည်။ ဌာန်မတူသော ဗျည်းများကို အုပ်စုဖွဲ့၍ မရသဖြင့် အ– ဝဂ်ဟုခေါ်သည်။ ဝဂ်ဗျည်း ၂၅–လုံးကို ဒေါင်လိုက်ဇယားအရ ပထမအက္ခရာ၊ ဒုတိယအက္ခရာ၊ တတိယအက္ခရာ၊ စတုတ္ထအက္ခရာ၊ ပဉ္စမအက္ခရာဟု ခေါ်ဆိုလေ့ရှိသည်။

| | ဖို | မ | ဖို | မ | ဖို |
|---|---|---|---|---|---|
| | ပထမ | ဒုတိယ | တတိယ | စတုတ္ထ | ပဉ္စမ |
| က ဝဂ် | က | ခ | ဂ | ဃ | င |
| စ ဝဂ် | စ | ဆ | ဇ | ဈ | ဉ |
| ဋ ဝဂ် | ဋ | ဌ | ဍ | ဎ | ဏ |
| တ ဝဂ် | တ | ထ | ဒ | ဓ | န |
| ပ ဝဂ် | ပ | ဖ | ဗ | ဘ | မ |

| | | | | | |
|---|---|---|---|---|---|
| အ ဝဂ် | ယ | ရ | လ | ဝ | သ |
| | | ဟ | ဠ | အံ | |

ထိုတွင် ပထမအက္ခရာ၊ တတိယအက္ခရာနှင့် ပဉ္စမအက္ခရာတို့သည် မိမိတို့အချင်းချင်း ဆင့်နိုင်သည်။ ထို့အပြင် ပထမအက္ခရာသည် ဒုတိယအက္ခရာအပေါ်၌ ဆင့်နိုင်သည်။ တတိယအက္ခရာသည် စတုတ္ထအက္ခရာအပေါ်၌ ဆင့်နိုင်သည်။ ပဉ္စမအက္ခရာသည် ရှေ့ဗျည်း ၄–လုံးအပေါ်၌ ဆင့်နိုင်သည်။

အ ဝဂ်ဗျည်း ၈–လုံးတို့တွင်"ယ"သည် မိမိတို့အချင်းချင်း ဆင့်နိုင်၍ "ယ"အပေါ်သို့ အခြားဗျည်း ၁၈–လုံးဆင့်နိုင်သည်။

"ရ"သည် အချင်းချင်းမဆင့်နိုင်ဘဲ အခြားဗျည်း ၇–လုံးတို့က လာရောက်ဆင့်နိုင်သည်။

"လ"သည် အချင်းချင်း ဆင့်နိုင်၍ "လ"ပေါ်၌ "က"ဗျည်းနှင့်"ပ"ဗျည်း တို့ ဆင့်နိုင်သည်။ ထို့ပြင်"လ"သည်"ယ"ပေါ်၌ ဆင့်နိုင်သည်။

"ဝ"သည် အချင်းချင်း ဆင့်နိုင်၍ "ဝ"ပေါ်သို့ က၊ ခ၊ တ၊ ဒ၊ ဓ၊ န၊ ယ၊ သ၊ ဟ ဗျည်း ၉–လုံး ဆင့်နိုင်သည်။

"သ"သည် အချင်းချင်း ဆင့်နိုင်၍ န၊ မ အက္ခရာတို့ အပေါ်၌ ဆင့်နိုင်သည်။

ဝဂ်၏အဆုံးဖြစ်သော ဉ၊ ဏ၊ န၊ မ၊ အက္ခရာတို့သည်"ဟ"အပေါ်၌ ဆင့်နိုင်သည်။ ယ၊ ဝ၊ ဠ အက္ခရာတို့သည်လည်း"ဟ"အပေါ် ဆင့်နိုင်သည်။ ထိုအခါ အက္ခရာရေးသားရာ၌ ဟထိုးအဖြစ် ရှိနေမည်ဖြစ်သည်။

အက္ခရာတူဆင့်ခြင်းကို သဒိသဒွေဘော်ဟု ခေါ်၍ အက္ခရာမတူဆင့်ခြင်းကို အသဒိသဒွေဘော်ဟု ခေါ်သည်။(သဒိသ=တူသော။ အသဒိသ=မတူသော။ ဒွေဘော်=နှစ်လုံးထပ်ဆင့်ပြုခြင်း။)

## သဒ္ဒါသဒ္ဒေဘော် = အက္ခရာတူဆင့်ခြင်း

(၁) ပထမအက္ခရာချင်းဆင့်ပုံ

(အပေါ်စာလုံးကို အသတ်ဟုမှတ်ထား၍ အသံမထွက်ရ၊ အောက်စာလုံးကိုသာ အသံထွက် ရမည်။)

| | | | | |
|---|---|---|---|---|
| က+က | = | က္က | (သက္က=သိကြားမင်း) | (သက်က) |
| စ+စ | = | စ္စ | (သစ္စ =အမှန်တရား) | (သစ်စ) |
| ဋ+ဋ | = | ဋ္ဋ | (ဝဋ္ဋ = ဝဋ်ဆင်းရဲ) | (ဝတ်ဋ) |
| တ+တ | = | တ္တ | (သတ္တ= သတ္တဝါ) | (သတ်တ) |
| ပ+ပ | = | ပ္ပ | (သပ္ပ = မြွေ ) | (သပ်ပ) |

(၂) ဒုတိယအက္ခရာချင်းဆင့်ပုံ

| | | | | |
|---|---|---|---|---|
| ဂ+ဂ | = | ဂ္ဂ | (အဂ္ဂ =အမြတ်) | (အက်ဂ) |
| ဇ+ဇ | = | ဇ္ဇ | (အဇ္ဇ =ယနေ့) | (အစ်ဇ) |
| ဍ+ဍ | = | ဍ္ဍ | (အဍ္ဍ =တရားဆုံးဖြတ်ခြင်း) | (အတ်ဍ) |
| ဒ+ဒ | = | ဒ္ဒ | (သဒ္ဒ =အသံ) | (သတ်ဒ) |
| ဗ+ဗ | = | ဗ္ဗ | (သဗ္ဗ = အလုံးစုံ) | (သပ်ဗ) |

(၃) ပဉ္စမအက္ခရာချင်းဆင့်ပုံ

ဥ+ဥ = ည (အညမည = အချင်းချင်း) (အင်ညမင်ည)

ပါဠိဘာသာ၌"ည"သည် ဉ နှစ်လုံးဆင့်ဖြစ်သည်၊ မြန်မာဘာသာ၌မူ"ည"သည် တစ်လုံးတည်းဖြစ်သည်။

| | | | | |
|---|---|---|---|---|
| ဏ+ဏ | = | ဏ္ဏ | (ကဏ္ဏ = နား၊ နားရွက်) | (ကန်ဏ) |
| န+န | = | န္န | (ဆန္န = အဖုံး၊ အမိုး) | (ဆန်န) |
| မ+မ | = | မ္မ | (ကမ္မ = ကံ၊ အမှုကိစ္စ) | (ကမ်မ) |

(၄) အဝဂ် အက္ခရာတူချင်းဆင့်ပုံ

| | | | | |
|---|---|---|---|---|
| ယ+ယ | = | ယျ | (သေယျ = အိပ်ရာ) | (သေယ) |
| လ+လ | = | လ္လ | (ကလ္လ = ခုံကျွန်း) | (ကန်လ) |
| ဝ+ဝ | = | ဝွ | (ကုဗ္ဗတော =ပြုလုပ်သူအား။ ဝွ-ကို ဗ္ဗ-ပြု) | (ကုပ်ဗတော) |
| သ+သ | = |ဿ | (ကဿက=လယ်သမား) | (ကတ်သက) |

# အသဒိသဒွေဘော် = အက္ခရာမတူဆင့်ခြင်း

## (၁) ပထမအက္ခရာက ဒုတိယအက္ခရာအပေါ်သို့ဆင့်ခြင်း

က+ခ = က္ခ (ယက္ခ = ဘီလူး)(ယက်ခ)

စ+ဆ = စ္ဆ (အစ္ဆ = ဝံ) (အစ်ဆ)

ဋ+ဌ = ဋ္ဌ (အဋ္ဌ = ရှစ်) (အတ်ဌ)

ဋ္ဌ ဝမ်းဘဲကို လည်ရစ်ထည့်လျှင် နှစ်လုံးဆင့်ဟု မှတ်ရမည်။

တ+ထ = တ္ထ (သတ္ထ = လှည်းကုန်သည်) (သတ်ထ)

ပ+ဖ = ပ္ဖ (ပုပ္ဖ = ပန်း) (ပုပ်ဖ)

## (၂) တတိယအက္ခရာက စတုတ္ထအက္ခရာအပေါ်သို့ဆင့်ခြင်း

ဂ+ဃ = ဂ္ဃ (ဗျဂ္ဃ = ကျား) (ဗျက်ဃ)

ဇ+ဈ = ဇ္ဈ (မဇ္ဈ = အလယ်) (မစ်ဈ)

ဍ+ဎ = ဍ္ဎ (အာကဍ္ဎန =ဆွဲငင်ခြင်း) (အာကတ်ဍန)

ဒ+ဓ = ဒ္ဓ (သဒ္ဓါ =ယုံကြည်ခြင်း) (သတ်ဓာ)

ဗ+ဘ = ဗ္ဘ (လဗ္ဘတိ=ရအပ်၏) (လပ်ဘတိ)

## (၃) ပဉ္စမအက္ခရာက ရှေ့လေးလုံးပေါ်သို့ဆင့်ခြင်း

င+က = င်္က (ဝင်္က = ကောက်ခြင်း) (ဝင်က)

င+ခ = င်္ခ (ကင်္ခါ = ယုံမှားခြင်း) (ကင်ခါ)

င+ဂ = င်္ဂ (မင်္ဂလ = မင်္ဂလာ) (မင်ဂလ)

င+ဃ = င်္ဃ (သင်္ဃ = သံဃာ) (သင်ဃာ)

ဉ+စ = ဉ္စ (ပဉ္စ = ငါးခု) (ပဉ်စ)

ဉ+ဆ = ဉ္ဆ (ဉဉ္ဆ = ရှာမှီးခြင်း), (ဉ်ဆ)

ဉ+ဇ = ဉ္ဇ (အဉ္ဇန = မျက်စဉ်း) (အင်ဇန)

ဉ+ဈ = ဉ္ဈ (ဝဉ္ဈာ = အမြုံမ) (ဝင်ဈာ)

ဏ+ဋ = ဏ္ဋ (ကဏ္ဋက= ဆူး) (ကန်ဋက)

ဏ+ဌ = ဏ္ဌ (ကဏ္ဌ = လည်ချောင်း)(ကန်ဌ)

ဏ+ဍ = ဏ္ဍ (ကဏ္ဍ = အပိုင်း) (ကန်ဍ)

နှ+တ = န္တ (အနန္တ = အဆုံးမရှိ) (အနန်တ)
နှ+ထ = န္ထ (ဂန္ထ . = ကျမ်းစာ) (ဂန်ထ)
နှ+ဒ = န္ဒ (ဆန္ဒ = အလို) (ဆန်ဒ)
နှ+ဓ = န္ဓ (ဂန္ဓ = အနံ့) (ဂန်ဓ)
မ+ပ = မ္ပ (ကမ္ပတိ = တုန်လှုပ်၏)(ကမ်ပတိ)
မ+ဖ = မ္ဖ (သမ္ဖပ္ပလာပ= ပြိန်ဖျင်းသောစကား)
(သမ်ဖပ်ပလာပ)
မ+ဗ = မ္ဗ (အမ္ဗ = သရက်ပင်) (အမ်ဗ)
မ+ဘ = မ္ဘ (သမ္ဘူလ = မိဖုရား) (သမ်ဘူလ)

## (၄) "ယ"အပေါ်သို့ဆင့်ခြင်း

က+ယ = ကျ(သကျမုနိ =မြတ်စွာဘုရား) (သက်ကျမုနိ)
ခ+ယ = ချ(အာချာတ = အာချာတ်)(အာချာတ)
ဂ+ယ = ဂျ(အာရောဂျ= ကျန်းမာခြင်း) (အာရောက်ဂျ)
ဃ+ယ = ဃျ (မာဃျ =သင်းခွေပန်း) (မာဃယ)
စ+ယ = ဈ (သဥ္ဈာ = ဆည်းဆာ)(သင်စယာ)
ဍ+ယ = ဍျ (ကဍျာဒိဟိကော) (ကဍယာဒိဟိ)
ဏ+ယ = ဏျ (အာနဏျ =ကြွေးကင်းသူဘ၀)
(အာနဏယ)
တ+ယ = တျ (တျာဟံ = တေ+အဟံ) (တယာဟံ)
ဒ+ယ = ဒျ (အဒျ = ယနေ့) (အဒယ)
ဓ+ယ = ဓျ (မဓျ = အလယ်) (မဓယ)
န+ယ = နျ (ကနျာ = ကညာ) (ကနယာ)
ပ+ယ = ပျ (လိပျ = ရေးသား၍) (လိပျ)
ဗ+ယ = ဗျ (ဗျာဓိ = အနာရောဂါ) (ဗျာဓိ)
ဘ+ယ = ဘျ (ဘျာဒိဟိ) (ဘယာဒိဟိ)
မ+ယ = မျ (မျာယံ = မေ+အယံ) (မျာယံ)
လ+ယ = လျ(ကလျာဏ=ကောင်းသောသူ)
(ကလယာဏ)
သ+ယ = သျ (နိသျ = မှီရာ) (နိတ်သယ)
ဟ+ယ = ဟျ (ဂါဟျ = အယူခံရသည့်ပစ္စည်း)
(ဂါဟယ)

**မှတ်ရန်။** ။ ယ ပေါ်သို့ က၊ ခ၊ ဂ၊ ပ၊ ဗ၊ ဘ၊ မ တို့ကိုဆင့်ရာ၌ မြန်မာအသံထွက်နည်းအရ တစ်သံတည်းဖြစ်အောင် ပူးတွဲသွားသည်၊ အခြားလူမျိုးများမှာမူ အသံနှစ်ခု နီးကပ်ရုံမျှသာဖြစ်၍ တစ်သံတည်းအဖြစ် ပူးပေါင်းသွားခြင်း မရှိချေ၊ ထို့ကြောင့် ကျကို(ကယ)၊ ချကို(ခယ)၊ ဂျကို(ဂယ)၊ ပျကို(ပယ)၊ ဗျကို(ဗယ)၊ မျကို(မယ)ဟု အသံချင်း နီးကပ်စွာထွက်ကြသည်။

## (၅) "ရ"ပေါ်သို့ဆင့်ခြင်း

| | | | | |
|---|---|---|---|---|
| က+ရ | = | ကြ | (စကြ = စကြာ) | (စက်ကြ) |
| ဂ+ရ | = | ဂြ | (ဂြဟ = ဂြိုဟ်) | (ဂရဟ) |
| တ+ရ | = | တြ | (တတြ = ထိုနေရာ၌) | (တတ်တရ) |
| ဒ+ရ | = | ဒြ | (ဒြဝ = အရည်) | (ဒရဝ) |
| ပ+ရ | = | ပြ | (ပြဘာ = အရောင်) | (ပရဘာ) |
| ဗ+ရ | = | ဗြ | (ဗြဟာ = ကြီးကျယ်သော) | (ဗရဟာ) |
| မ+ရ | = | မြ | (အမြိတ = အမတ) | (အမရိတ) |

## (၆) "လ"ပေါ်သို့ဆင့်ခြင်း

| | | | | |
|---|---|---|---|---|
| က+လ | = | က္လ | (က္လေသ = ကိလေသာ) | (ကလေသ) |
| ပ+လ | = | ပ္လ | (ပရိပ္လဝ = ပေါ်လွင်သော) | (ပရိပလဝ) |
| | | | (ပ္လဝ = ဖေါင်) | (ပလဝ) |

(ယ၊ ရ၊ လ တို့အပေါ်သို့ဆင့်ရာ၌ အပေါ်အလုံးသည် အသတ်အဖြစ် လုပ်ဆောင်ရုံမျှ မက အသံပါထွက်ရသည်၊ ပါဠိဆင့်နှစ်လုံးစလုံး အသံထွက်ရသည်။)

(၇) "ဝ"ပေါင်းဆင့်ခြင်း

ကွ+ဝ = ကွ(ကွတ္တော = အဘယ်အကျိုးရှိအံ့နည်း)(ကွတ်တော)
ခ+ဝ = ခွ (အထခွသ = အထခေါ်+အသ)(အထခွတ်သ)
တ+ဝ = တွ(ကတွာ = ပြုလုပ်၍) (ကတ်တဝါ)
ဒ+ဝ = ဒွ (ဒွါရ = တံခါး) (ဒွါရ)
ဓ+ဝ = ဓွ (မဓွာသဝ = မုဒရက်သီးစိမ်ရည်) (မဓွာသဝ)
န+ဝ = နွ (အနွေတိ = အစဉ်လိုက်၏) (အနွေတိ)
ယ+ဝ = ယွ (ယွာဟံ = ယော+အဟံ) (ယွာဟံ)
သ+ဝ = သွ (သွာဟံ = သော+အဟံ) (သွာဟံ)
ဟ+ဝ = ဟွ (ဗဟွာဗာဓော = ဗဟု + အာဗာဓော)
(ဗဟွာဗာဓော)

(၈) "သ"ဆင့်ခြင်း

သ+တ = သ္တ(ဥတ္တသ္တ = ထိတ်လန့်) (အုတ်တသတ)
သ+န = သ္န(သ္နေဟ = အစေး) (သနေဟ)
သ+မ = သ္မ(ကသ္မာ = အဘယ်ကြောင့်) (ကတ်သမာ)
သ+တ+ရ = သ္တြ(ဘသ္တြာ = သားရေအိတ်) (ဘသတရာ)
(ပါဠိဆင့်နှစ်လုံးစလုံး အသံထွက်ရသည်။)

(၉) "ဟ"ပေါင်းဆင့်ခြင်း

ဉ+ဟ = ဉှ (ပဉှ = ပြဿနာ) (ပင်ညှ)
ဏ+ဟ = ဏှ(ပုဗ္ဗဏှ = နံနက်အခါ)(ပုပ်ဗန်ဏှ)
န+ဟ = နှ (နှာန = ရေချိုးခြင်း)(နှာန = နဟာန)
မ+ဟ = မှ (အမှ = ငါ၊ တုမှ = သင်)(အမ်မှ၊ တုမ်မှ)
ယ+ဟ = ယှ(ပဂ္ဂယှ = ချီးမြှောက်ခြင်း) (ပက်ဂယ်ယှ)
ဝ+ဟ = ဝှ (အဝှါယတိ = ခေါ်၏) (အဝှါယတိ)
ဠ+ဟ = ဠှ (ရုဠှီ = အမည်) (ရုံလှီ)

**မှတ်ရန်** ။ ။ ဉ၊ ဏ၊ န၊ မ၊ ယ၊ ဋ္ဌ၊ ပါဌ်ဆင့်များ၌ ဉ၊ ဏ၊ န၊ မ၊ ယ၊ ဋ္ဌ တို့သည် တစ်လုံးတည်းသာ ဖြစ်သော်လည်း နှစ်လုံးဆင့်ကဲ့သို့ ဖြစ်၍ ဘစ်လုံးကို အသတ်သံ ထွက်၍ တစ်လုံးကို ဟထိုးသံ ထွက်ရသည်။

## အသတ်အသံထွက်နည်း

◆◆◆◆◆◆◆◆◆

ပထမအက္ခရာ(က၊ စ၊ ဋ၊ တ၊ ပ )ဖြင့် အသတ်ပြုလုပ်ရာ၌ အသံထွက်နည်းကို နားလည် ကြပြီးဖြစ်ပါသည်။

ဒုတိယအက္ခရာ(ခ၊ ဆ၊ ထ၊ ဌ၊ ဖ )စတုတ္ထအက္ခရာ(ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ)ကို အသတ် အဖြစ် အသုံးမပြုကြချေ။

တတိယအက္ခရာ(ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ)တို့ကို အသတ်အဖြစ် အသုံးပြုနိုင်သည်။ ထိုအခါ မိမိသက်ဆိုင်ရာ ပထမအက္ခရာ အသတ်သံအတိုင်း အသံထွက်ရမည်။

ဥပမာ –

အဇ္ဈ=(အစ်ဇ)ဟု(စ်)သတ်သံဖြင့် ထွက်ရမည်။

သဗ္ဗ=(သပ်ဗ)ဟု(ပ်)သတ်သံဖြင့် ထွက်ရမည်။

ပဉ္စမအက္ခရာ(င)နှင့်(ဉ)ကို အသတ်အဖြစ် အသုံးပြုရာ၌ (င်)သတ်အသံ ထွက်ရမည်။ ပဉ္စမအက္ခရာ (ဏ၊ န၊ မ)တို့ကို အသတ်အဖြစ် အသုံးပြုရာ၌ သေးသေးတင်အသံ ထွက်ရမည်။

ဥပမာ –

အညာ=အင်ညာ

ဝဏ္ဏ=ဝံဏ

အန္န=အံန

ကမ္မ=ကံမ–ဟု အသံ ထွက်ရမည်။

၂၉၃၅

ယနှစ်လုံးဆင့်ရာ၌ အပေါ်ယကို(ယ်)သတ်အဖြစ် မှတ်ယူရမည်။

ဥပမာ -

အယျ=အယ်ယ-ဟု အသံ ထွက်ရမည်။

လနှစ်လုံးဆင့်ရာ၌ အပေါ်လကို သေးသေးတင်အသံထွက်ရမည်။

ဥပမာ -

မလ္လ=မံလ-ဟု အသံ ထွက်ရမည်။

သနှစ်လုံးဆင့်ရာ၌ ရှေ့သကို(တ်)သတ်အသံ ထွက်ရမည်။

ဥပမာ -

ယဿ=ယတ်သ-ဟု အသံ ထွက်ရမည်။

ဏ္ဏသရနှင့် ဥသရကို(က၊ ဂ၊ စ၊ ဇ)သတ်ရာ၌ (တ်)သတ်အသံ ထွက်ရမည်။

ဥပမာ -

| | | |
|---|---|---|
| တိက္ခ | = | တိတ်ခ |
| ဒုက္ခ | = | ဒုတ်ခ |
| ဥဂ္ဂါ | = | ဥတ်ဂါ |
| ကိစ္စ | = | ကိတ်စ |
| ဥစ္စ | = | ဥတ်စ |
| ဘိဇ္ဇန | = | ဘိတ်ဇန |
| ဥဇ္ဇ | = | ဥတ်ဇ |

ဏ္ဏသရနှင့် ဥသရကို ပဉ္စမအက္ခရာ(င၊ ဉ၊ န၊ ဏ၊ မ)တို့ဖြင့် သတ်ရာ၌ (န်)သတ်(မ်)သတ် အသံ ထွက်ရမည်။

ဥပမာ -

| | | |
|---|---|---|
| လိင်္ဂ | = | လိန်ဂ |
| ကိဉ္စန | = | ကိန်စန |
| တိဏ္ဏ | = | တိန်ဏ |
| ဘိန္န | = | ဘိန်န |
| တုင်္ဂ | = | တုန်ဂ |
| ပုဉ္ဆ | = | ပုန်ဆ |
| ပုဏ္ဏ | = | ပုန်ဏ |

| | | |
|---|---|---|
| စုန္ဒ | = | စုန်ဒ |
| ဗိမ္ဗ | = | ဗိမ်ဗ |
| ကုမ္ဘ | = | ကုမ်ဘ |

ဣ–သရနှင့် ဥ–သရတို့ကို(ယ၊ လ၊ ဠ)သတ်ရာ၌ (န်)သတ်အသံ ထွက်ရမည်။

ဥပမာ –

| | | |
|---|---|---|
| ဘိယျော | = | ဘိန်ယော |
| ယေဘုယျ | = | ယေဘုန်ယ |
| ဗိလ္လ | = | ဗိန်လ |
| ဝေပုလ္လ | = | ဝေပုန်လ |
| ဝိရူဠှ | = | ဝိရုန်လှ |

ဣ–သရနှင့် ဥ–သရတို့ကို (သ်)သတ်ရာ၌(တ်)သတ်အသံ ထွက်ရမည်။

ဥပမာ –

| | | |
|---|---|---|
| တိဿ | = | တိတ်သ |
| ဖုဿ | = | ဖုတ်သ |

ဧ–သရကို(က်၊ ဂ်၊ စ်၊ ဇ်၊ ဋ်၊ ဍ်၊ တ်၊ ဒ်၊ ပ်၊ ဗ်၊ သ်)တို့ သတ်ရာ၌(အ)ကို(စ်)သတ်သည့်အသံ (အစ်သံ)ထွက်ရသည်။

ဥပမာ –

| | | |
|---|---|---|
| ပါဠိယေက္ကံ | = | ပါဠိယစ်ကံ |
| ဖေဂ္ဂု | = | ဖစ်ဂု |
| ပေစ္စ | = | ပစ်စ |
| ဆေဇ္ဇ | = | ဆစ်ဇ |
| သေဋ္ဌ | = | သစ်ဌ |
| ဧဋ္ဌ | = | ဧစ်ဌ |
| လေဍ္ဍု | = | လစ်ဍု |
| ဧတ္ထ | = | အစ်ထ |

| | | |
|---|---|---|
| မေတ္တာ | = | မစ်တာ |
| ဒေပ္ပ | = | ဒစ်ပ |
| ပေဿ | = | ပစ်သ |

ဧ-သရကို(ဉ်)သတ်ရာ၌(အ)ကို(င်)သတ်သည့် အသံ(အင်)ဟု ထွက်ရသည်။

ဥပမာ -

| | | |
|---|---|---|
| အာနေဉ္ဇ | = | အာနင်ဇ |

ဩ-သရကို(က်၊ ဂ်၊ သ်)သတ်ရာ၌(အောက်)အသံထွက်ရသည်။

ဥပမာ -

| | | |
|---|---|---|
| ဩက္ကာက | = | အောက်ကာက |
| မောက္ခ | = | မောက်ခ |
| မောဂ္ဂလ္လာန | = | မောက်ဂန်လာန |
| ယောဂ္ဂ | = | ယောက်ဂ |
| ဝေါဿ | = | ဝေါက်သ |

ဩ-သရကို(ဇ်၊ ဋ်၊ တ်၊ ဒ်၊ ပ်၊ ဗ်)သတ်ရာ၌ (အွတ်)အသံ ထွက်ရသည်။

ဥပမာ -

| | | |
|---|---|---|
| ပါမောဇ္ဇ | = | ပါမွတ်ဇ |
| ဗောဇ္ဈင်္ဂ | = | ဗွတ်ဇင်ဂ |
| ဖေါဋ္ဌဗ္ဗ | = | ဖွတ်ဌတ်ဗ |
| ယောတ္တ | = | ယွတ်တ |

| | | |
|---|---|---|
| သောတ္တာန် | = | သွတ်ထာန် |
| ပေါတ္တက | = | ပွတ်ထက |
| လောဒ္ဒ | = | လွတ်ဒ |
| သောပ္ပ | = | သွတ်ပ |
| ယောဗ္ဗန | = | ယွတ်ဗန |

ဩ–သရကို (င်)သတ်လျှင် ရိုးရိုးမြန်မာအသံထွက် အတိုင်း (အောင်)ဟု အသံထွက်ရသည်။

ဥပမာ –

ပေါင်္ခ = ပေါင်ခ

ဩ–သရကို(ဉ်၊ န်၊ ဏ်၊ မ်)သတ်ရာ၌ (ဝ)ဆွဲ(န်)သတ်အသံ (အွန်) ဟု အသံထွက်ရသည်။

ဥပမာ –

| | | |
|---|---|---|
| ကောဉ္စ | = | ကွန်စ |
| ကောဏ္ဍည | = | ကွန်ဍင်ည |
| သောဏ္ဏ | = | သွန်ဏ |
| ဗောန္ဓိ | = | ဗွန်ဒိ |
| ဟောန္တု | = | ဟွန်တု |
| သောမ္မ | = | သွန်မ |

# အခန်း (၂)

## ဗုဒ္ဓဘာသာဝင်တစ်ဦး၏
## နေ့စဉ်ဘာသာရေးလုပ်ငန်းတာဝန်များ

# အခန်း (၂)

## ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်ဘာသာရေးလုပ်ငန်းတာဝန်များ

ဗုဒ္ဓဘာသာဝင်တစ်ဦးသည် နေ့စဉ်ဗုဒ္ဓဘာသာ သာသနာနှင့် ပတ်သက်သော ဘာသာရေးလုပ်ငန်းများကို တာဝန်တစ်ရပ်အနေဖြင့် ကျင့်ကြံ ကြိုးကုတ် အားထုတ်ရပေမည်။

ဗုဒ္ဓဘာသာဝင်ဟူသော ဝေါဟာရကို အသေးစိတ်လေ့လာကြည့်လျှင် အောက်ပါအတိုင်း တွေ့ရသည်။ ဗုဒ္ဓဟူသည်မှာ ဘဝများစွာ သံသရာဝယ် ကျင်လည်ရစဉ်အခါက ဒါန စသော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ခဲ့သဖြင့် ဗောဓိမဏ္ဍိုင်ဝယ် သစ္စာလေးပါး တရားဥဿုံ အလုံးစုံကို ဆရာမရှိ ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ဟု အဓိပ္ပာယ်ရသည်။ ဗုဒ္ဓဘာသာဟူသည် ထိုဘုရားသခင်သည် ၄၅-ဝါ ကာလပတ်လုံး လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့ အကျိုးစီးပွား တိုးပွားရန် နိဗ္ဗာန်အလို့ငှါ ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များဟု အဓိပ္ပာယ်ရသည်။ ဗုဒ္ဓဘာသာဝင်ဟူသည်မှာ မြတ်စွာဘုရားဟောကြားသော တရားတော်ကို ယုံကြည်သက်ဝင် ကြည်ညိုကိုးကွယ်၍ လိုက်နာ ကျင့်ကြံ ကြိုးကုတ် အားထုတ်နေကြသောသူများဟု အဓိပ္ပာယ်ရလေသည်။

အထက်ပါစကားအရ ဘုရားရှင်ဟောကြားထားသည့် တရားတော်များကို သက်ဝင်ယုံကြည် လိုက်နာသူကို ဗုဒ္ဓဘာသာဝင်ဟု ခေါ်ဆိုသည်။ ဗုဒ္ဓဘာသာဝင် တစ်ဦးသည် အမည်ခံရုံမျှ မဟုတ်ဘဲ အမှန်တကယ် ဗုဒ္ဓအဆုံးအမတော်များကို လက်တွေ့လိုက်နာ ကျင့်သုံးရပေမည်။ သို့မှသာ ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်ပေမည်၊ လူ့ဘဝသည် ရခဲလှသည်။ အပါယ်လေးဘုံသည် ဒုက္ခမျိုးစုံကိုသာ ခံစားနေရ၍ ဒါန သီလ ဘာဝနာ တရားများ မပြုလုပ်နိုင်ပေ၊ နတ်ပြည် ဗြဟ္မာပြည်များသည်လည်း သုခမျိုးစုံကိုသာ စံစားရ၍ ကုသိုလ်ပြုလုပ်ရန် မေ့လျော့နိုင်သည်၊ ဒါန သီလ ဘာဝနာ ပြုလုပ်ရန် မလွယ်ကူချေ၊

လူ့ဘဝသည်သာ ဒုက္ခ သုခ ရောနှောနေ၍ မိမိ၏အသိဉာဏ်နှင့်ယှဉ်ကာ ဒါန သီလ ဘာဝနာတို့ကို ပြည့်စုံအောင် ဖြည့်ကျင့်ဆည်းပူးနိုင်ပြီး၊ သံသရာမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်နိုင်သည်။ ထို့ကြောင့် လူ့ဘဝသည် ရခဲသည် ဟု ဘုရားရှင်ဟောကြားခဲ့သည်။ ထိုသို့ ရခဲလှသော လူ့ဘဝကို ရခဲ့ကြ၍ ဘုရားရှင်၏ သာသနာတော်နှင့်လည်း ကြုံတွေ့ခဲ့ရပြီး ဘုရားရှင် ဟောကြားသည့်တရားတော်များကိုလည်း နာကြားကြရသည့် ရခဲလှသော ဘဝအခိုက်အတန့်တွင် ဘုရားရှင်၏အဆုံးအမနည်းလမ်းများကို အမြဲမပြတ် လိုက်နာသင့်သည်။ ထိုသို့ လိုက်နာ ကျင့်ကြံမှလည်း ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်ပေမည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာလျှင် အောက်ပါ ဘာသာရေးလုပ်ငန်း တာဝန်များကို ပညာဦးစီးသော ယုံကြည်မှုဖြင့် နေ့စဉ်ပြုလုပ်ရမည်။ ထိုတာဝန်များမှာ -

(က) ဘုရားရှိခိုးခြင်း
(ခ) မေတ္တာပို့ခြင်း
(ဂ) အမျှဝေခြင်း
(ဃ) အလှူဒါနပြုလုပ်ခြင်း
(င) သာသနာတော် တည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခြင်း
(စ) လက္ခဏာရေးသုံးပါးဆင်ခြင်ခြင်း -

တို့ဖြစ်သည်။

**ဘုရားရှိခိုးခြင်း** ဟူသည်မှာ ဘုရား တရား သံဃာ ရတနာသုံးပါး တို့၏ ဂုဏ်ကျေးဇူးများကို နှလုံးသွင်း ရွတ်ဆို၍ ထိခြင်းငါးပါးဖြင့် ရှိသေစွာ ရှိခိုးခြင်းဖြစ်သည်။

**မေတ္တာပို့ခြင်း** ဟူသည်မှာ အများသတ္တဝါတို့ကို ရည်စူး၍ ကြီးပွား ချမ်းသာစေလိုသော စိတ်ကို ဖြစ်ပေါ်စေခြင်း၊ ပို့လွှတ်ခြင်း၊ ပွားများခြင်း တို့ဖြစ်သည်။

**အမျှဝေခြင်း** ဟူသည်မှာ မိမိပြုလုပ်ခဲ့သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်တို့၏ အဖို့ဘာဂကို မိမိနှင့်အတူ အညီအမျှရနိုင်စေရန် သတ္တဝါအပေါင်းတို့အား အမျှ အမျှ အမျှဟု ပေးဝေခြင်းဖြစ်ပါသည်။

**အလှူဒါနပြုလုပ်ခြင်း** ဟူသည်မှာ တစုံတခုသော ဝတ္ထုပစ္စည်းတို့ကို ဘုရား အစရှိသော အလှူခံပုဂ္ဂိုလ်တို့အား စေတနာပြဋ္ဌာန်း၍ လှူဒါန်းပေးကမ်းမှု ဖြစ်သည်။ ထိုလှူဒါန်းပေးကမ်းမှုသည် မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ဆွမ်းတော်ကပ်လှူခြင်း၊ ရေချမ်းကပ်လှူခြင်း၊ ပန်းနံ့သာ ကပ်လှူခြင်း၊ ဆီမီးကပ်လှူခြင်း၊ ပိဏ္ဍပါတ်ဆွမ်း လောင်းလှူခြင်း စသောအားဖြင့် အလှူဒါန အမျိုးမျိုးရှိပါသည်။

**သာသနာတော် တည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခြင်း** ဟူသည်မှာ မိမိကိုယ်၌လည်းကောင်း၊ သူတပါးသဏ္ဍာန်၌လည်းကောင်း မြတ်စွာဘုရား၏ အဆုံးအမတော်ဟူသော သာသနာတော်ကို တည်တံ့ ပြန့်ပွားအောင် ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်သည်၊ အဆုံးအမ ဟူသည်မှာ ဒုစရိုက်များ မဖြစ်ပွားအောင်ဆောင်ရွက်ခြင်း သုစရိုက်တရားများ တိုးပွားအောင် ဆောင်ရွက်ခြင်း ဖြစ်သည်။ ထိုဆောင်ရွက်ခြင်းသည် ဘာသာရေး အသင်းအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခြင်း၊ ပရိယတ္တိစာသင်သားများအား ထောက်ပံ့ခြင်း၊ ပဋိပတ္တိကျင့်သုံးနေသူများအား ထောက်ပံ့ခြင်း၊ ဗုဒ္ဓဘာသာ စာပေ ပြန့်ပွားရေးအတွက် ဆောင်ရွက်ခြင်း၊ အိမ်တွင်းသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း ရပ်ရွာအတွင်း သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ဖြစ်သည်။

**လက္ခဏာရေးသုံးပါး ဆင်ခြင်ခြင်း** ဟူသည်မှာ ပုဂ္ဂိုလ်သတ္တဝါ အမြင်ကို ကျော်လွန်ပြီး ရုပ်နာမ်အဖြစ် မြင်အောင် ရှုကာ ရုပ်နာမ်တရားတို့၏ မမြဲ ဆင်းရဲ အတ္တမဟုတ် ဟု ရှုမြင်ခြင်း၊ သိခြင်းဖြစ်သည်။

ဤသည်တို့မှာ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ် ဘာသာရေးလုပ်ငန်း တာဝန်များပင်ဖြစ်သည်။နေ့စဉ်ပြုလုပ်ရာ၌ တစ်ကြိမ်မျှသာမဟုတ် စွမ်းအား ရှိသလောက် အကြိမ်များစွာ ပြုလုပ်နိုင်လျှင် ပို၍ အကျိုးရှိနိုင်ပါသည်။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေး
ကမ္ဘာအေး၊ ရန်ကုန်
၂၂၄၀၉

# အခန်း (၃)

## ဗုဒ္ဓဝင်အကျဉ်း

# အခန်း (၃)

## ဗုဒ္ဓဝင်အကျဉ်း

**ဒီပင်္ကရာဘုရားထံ သုမေဓာ ဗျာဒိတ်ခံပုံ**

လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော သာကီဝင်မင်းသား မြတ်စွာဘုရားသခင်သည် သုမေဓာဘဝမှ စ၍ ပါရမီများကို ဖြည့်ကျင့်ခဲ့သည်။

ဘုရားအလောင်းတော်သည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ အမရဝတီ မင်းနေပြည်၌ သုမေဓာအမည်ဖြင့် သူဋ္ဌေးသားဖြစ်ခဲ့လေသည်။ အမိဘက် အဖဘက်(ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်) ဆင်းသက်လာခဲ့သော သူဋ္ဌေးမျိုးဖြစ်ခဲ့သည်။ ကိုယ်ကျင့်သီလ စင်ကြယ်၍ အခြားအမျိုးနှင့် မရောမစပ် အမျိုးသန့်၏။

**သုမေဓာ၏ ဘဝအမြင်**

သုမေဓာသူဋ္ဌေးကလေးသည် တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်လျှင် တတ်သင့်သောပညာ တတ်မြောက်လေသည် မိဘနှစ်ပါးကား သုမေဓာ သတို့သား ငယ်စဉ်ကပင် ကွယ်လွန်သွားကြ၏။ ဥစ္စာပစ္စည်းအားလုံးကို ပစ္စည်းထိန်းမင်းကြီးက ထိန်းသိမ်းထား၏။ ပညာတတ်မြောက်၍ တစ်ဆယ့်ခြောက်နှစ် အရွယ်ရောက်သောအခါ ပစ္စည်းထိန်းမင်းကြီးက ရွှေတိုက် ငွေတိုက် စသော ဘဏ္ဍာတိုက်များကို စာရင်းနှင့်တကွ အပ်နှင်းလေသည်။

သုမေဓာသတို့သားသည် ဥစ္စာပစ္စည်းများကို ကြည့်၍"ငါ၏ မိဘ ဘိုးဘွားဆွေမျိုး အဆက်ဆက်တို့သည် ဥစ္စာပစ္စည်းကို ရှာရှံသာ ရှာတတ်၍ ကိုယ့်နောက်ပါအောင် ယူဆောင် မသွားနိုင်ခဲ့ကြရာပေ၊ ငါကားကိုယ့်နောက်ပါအောင် ယူဆောင် သွားမည်"ဟု ကြံစည်လေသည်။ အပူရှိလျှင် အအေးရှိသကဲ့သို့ သေခြင်းသဘော ရှိလျှင် မသေခြင်းသဘောလည်း ရှိရမည်ဟု စွဲမြဲစွာ ယုံကြည်ထားလေသည်။

ထို့နောက် ရှိသမျှဘဏ္ဍာတိုက်များကို ဖွင့်၍ ပစ္စည်းအားလုံးကို စွန့်ကြဲကာ ဟိမဝန္တာသို့ထွက်၍ ရှင်ရသေ့ပြုလေသည်။ ရသေ့ဝတ်ပြီးနောက် တရားအားထုတ်တော်မူရာ(၇)ရက်အတွင်းမှာပင် ဈာန်အဘိညာဉ် တန်ခိုးကို ရ၍ ကောင်းကင်၌ သွားလာ လှည့်လည်၍ နေလေသည်။

## သုမိတ္တာကမ်းသည့် ကြာပန်း ၅–ခိုင်

လိုအခါ လောကဥ္ဒ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူနေသည်၊ ဒီပင်္ကရာမြတ်စွာဘုရားသည် ရမ္မာဝတီနေပြည်တော်သို့ ကြွတော်မူမည်ရှိစဉ် မြို့သူမြို့သားတို့သည် ဘုရားကြွလာမည့်လမ်းကို ပြင်ဆင်နေကြသည်၊ ထိုအခါ သုမေဓာရှင်ရသေ့လည်း ကောင်းကင်ခရီးဖြင့် လှည့်လည်လာစဉ် လမ်းပြင်နေသူတို့ကိုမြင်၍ ကောင်းကင်မှသက်ဆင်းကာ အကြောင်းအရာကိုမေးလေသည်၊ ဘုရားသခင် ကြွလာမည်ဖြစ်၍ လမ်းပြင်နေကြကြောင်းကို ပြောကြသည်။

သုမေဓာရှင်ရသေ့သည် "အော်–ဘုရားဖြစ်ဖို့မဆိုထားနှင့် ဘုရားဟူသော အသံလောက်ကိုပင် ကြားရဖို့ မလွယ်ပါချေတကား" ဟု လွန်မင်းစွာ ဝမ်းမြောက်လျက် လမ်းပြင်ရန် တစ်နေရာတောင်း၍ လမ်းပြင်နေသည်။

တန်ခိုးဖြင့်ပြင်လျှင် အမြန်ပြီးမည်ဖြစ်သော်လည်း ကိုယ်ဖြင့်ရင်းနှီးမှုပို၍ အကျိုးရှိမည်ဖြစ်သောကြောင့် ကိုယ်တိုင်မြေထမ်း၍ ရွံ့ညွန်ထူထပ်သော လမ်းကိုပြင်နေစဉ် လမ်းမပြီးခင် ဘုရားရှင်ကြွလာလေသည်၊ ရှင်ရသေ့သည် ဘုရားရှင် ရွံ့ပေါ်မကြွရလေအောင် ကိုယ်ကိုခင်း၍ ဝမ်းလျားမှောက်လျက် တံတားခင်းလှူခဲ့လေသည်။

ဘုရားရှင်ကို ကြိုဆိုနေကြသော ပရိသတ်ထဲတွင် သုမိတ္တာမည်သော အမျိုးသမီးတစ်ယောက်လည်းပါဝင်၏၊ ထိုအမျိုးသမီးသည် ရှင်ရသေ့ကိုမြင်လျှင် မြင်ချင်း ဝမ်းမြောက်ကြည်နူးသွားသည်၊ ထို့ကြောင့် မိမိတွင်ပါလာသော ကြာပန်းရှစ်ခိုင်တွင် ၃–ခိုင်ကိုချန်၍ ကျန် ၅–ခိုင်ကို ရှင်ရသေ့လက်သို့ ဆက်ကပ်လိုက်လေသည်။ ရှင်ရသေ့လည်း ကိုယ်ကိုဝပ်စင်း တံတားခင်းလျက်က ထိုကြာပန်း ၅–ခိုင်ဖြင့် ဘုရားရှင်အား ပူဇော်လေသည်။

## ခိုင်မာသော အဓိဋ္ဌာန်နှင့် ရဲရင့်သော ကြိုးဝါးချက်

ဘုရားရှင်၏ ကျက်သရေတော်ကို မြင်ရ ဖူးတွေ့ရသဖြင့် သုမေဓာရသေ့ကလေးသည် အောက်ပါအတိုင်း စဉ်းစားမိပြီး ချက်ချင်းပင် စိတ်ပိုင်းဖြတ်လိုက်သည်။

"ငါသည် ကိလေသာ ကုန်ခန်းသည့် ရဟန္တာဖြစ်လိုလျှင် ယနေ့ပင် ဖြစ်နိုင်ရာ၏၊ သို့သော် သတ္တဝါအများကို ကယ်တင်နိုင်လောက်သော အစွမ်းသည်

ရှိပါလျက် တစ်ဦးတည်း ကိုယ်လွတ်ရုန်းသွားခြင်းကား မသင့်လျော်ချေ၊ ငါလည်း ဒီပင်္ကရာဘုရားကဲ့သို့ ဘုရားဖြစ်အောင် ကြိုးစားတော့အံ့”ဟု စိတ်၌စွဲမြဲစွာ အဓိဋ္ဌာန်လိုက်လေသည်။

- ဗုဒ္ဓေါ ဗောဓေယျံ=သစ္စာတရားကို ငါသိသလို သတ္တဝါ ဝေနေယျတို့ကိုလည်း သိစေမည်။
- မုတ္တော မောစေယျံ=ဘဝအနှောင်အဖွဲ့မှ ငါလွတ်သလို သတ္တဝါ ဝေနေယျတို့ကိုလည်း လွတ်စေမည်။
- တိဏ္ဏော တာရေယျံ=သံသရာဝဲဂယက်မှ ငါကူးမြောက်နိုင်သလို သတ္တဝါ ဝေနေယျတို့ကိုလည်း ကူးမြောက်စေမည်ဟုလည်း ကြွေးကြော် ကြုံးဝါးတော်မူလိုက်လေသည်။

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍ –

“အသက်ကိုစွန့်ကာ ခန္ဓာကိုယ်ကိုဝပ်စင်း၍ တံတားခင်းနေသော ဤရသေ့သည် နောင်သောအခါ ငါကဲ့သို့ပင် ဘုရားတစ်ဆူဖြစ်လိမ့်မည်”ဟု ဗျာဒိတ်ပေးတော်မူသည်၊ ပရိသတ်ကြီးကလည်း ကောင်းချီးပေးကြလေသည်။

ဘုရားရှင်သည် ရသေ့ကိုယ်ပေါ် နင်းကြွတော်မမူဘဲ ရှောင်လွဲကြွသွားတော်မူ၏၊ ဗျာဒိတ်ရလိုက်သော ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် အလွန်ရွှင်ပျသောစိတ်ဖြင့် ဝမ်းလျားမှောက်ရာမှထ၍ ထက်ဝက်ဖွဲ့ ခွေထိုင်နေပြီးလျှင် ဘုရားဖြစ်အောင် ကျင့်ဆောင်ရမည့် တရားများကို ဆင်ခြင်တော်မူလေရာ ဒါန၊ သီလ စသော ပါရမီတော်ဆယ်ပါးကို တွေ့မြင်တော်မူ၏၊ ပါရမီတော်များကို အပြန်အလှန် စဉ်းစားဆင်ခြင်သောအခါ မဟာပထဝီမြေကြီးကပင် ကောင်းချီးပေးသည့်ပမာ မြေလျင် ပြင်းစွာ တုန်လှုပ်လေသည်။

## ဘုရားအလောင်းတော် ပါရမီဖြည့်ကျင့်ပုံ

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကို ဆင်ခြင်တော်မူသောအခါ ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊

ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ ဟူသော ပါရမီဆယ်ပါးတို့ကို အစဉ်အတိုင်း တွေမြင်တော်မူကာ ဘဝများစွာ ဖြည့်ကျင့်ခဲ့ရလေသည်။

## ဒါနပါရမီ ဖြည့်ကျင့်တော်မူပုံ

မိမိပိုင် သက်ရှိသက်မဲ့ ပစ္စည်းများကို သူတစ်ပါးအား ပေးကမ်းစွန့်ကြဲလှူဒါန်းမှု ဒါနပါရမီကို ပထမဆုံး ဖြည့်ကျင့်တော်မူသည်၊ ဘဝများစွာ ဒါနပါရမီကို ဖြည့်ကျင့်ရာ၌ ဤကောင်းမှုကြောင့် လူစည်းစိမ် နတ်စည်းစိမ်လောက် ဂုဏ်သိန်များကို သူတကာတို့ကဲ့သို့ မတောင့်တ မမျှော်မှန်း၊ သတ္တဝါအများကို ကယ်မရန် သဗ္ဗညုတဉာဏ်ရဖို့သာ ရည်သန်တောင့်တတော်မူသည်။

ဘဝများစွာ ဒါနပါရမီကို ဖြည့်ကျင့်ရာ၌ သိဝိမင်းဘဝနှင့် ဝေဿန္တရာမင်းဘဝကား အလွန်ထင်ရှား၍ အသိများသော ဘဝများဖြစ်ပေသည်။

ဘုရားအလောင်းတော်သည် သိဝိမင်းဖြစ်စဉ် အလှူဒါနဘက်၌ စိတ်အားထက်သန်ပုံကို စုံစမ်းလို၍ သိကြားမင်းသည် မျက်မမြင်ပုဏ္ဏားအိုယောင်ဆောင်ကာ မျက်စိတစ်ဘက်ကို အလှူခံလာသည်၊ သိဝိမင်းကြီးသည် မျက်စိနှစ်ဘက်ကိုပင်ထုတ်၍ ရက်ရက်ရောရော ပေးလှူလိုက်လေသည်။

ဝေဿန္တရာမင်းဘဝ၌လည်း ဘုရားအလောင်းတော်သည် အလှူမဏ္ဍပ် ၆-ခု ဆောက်လုပ်၍ နေ့စဉ် ၆-သိန်းတန် အဝတ်တန်ဆာ အစားအစာများကို လှူ၏၊ တစ်ခါကမူ ကလိင်္ဂတိုင်းမှ ပုဏ္ဏားတို့သည် ဘန်ဖိုးမဖြတ်နိုင်သော ဆင်ဖြူတော်ကိုပင် အလှူခံလာကြရာ ရက်ရက်ရောရောပင် လှူတော်မူ၏။

ဆင်ဖြူတော်လှူ၍ ပြည်သူတို့မကျေနပ်သဖြင့် ထီးနန်းစွန့်ကာ ဟိမဝန္တာဝင်္ကဘာတောင်သို့ ထွက်ခွာသွားရ၏၊ မဒ္ဒီမိဖုရား သားတော်ဇာလီ၊ သမီးတော်ကဏှာဇိန်တို့နှင့်အတူ ရသေ့ဝတ်ဖြင့် နေလေသည်၊ ထိုအခါ၌လည်း အလှူခံလာသော ဇူဇကာပုဏ္ဏားအား သားတော်သမီးတော်တို့ကို လှူပြန်၏၊ ပုဏ္ဏားယောင်ဆောင်လျက် မိဖုရားကို အလှူခံလာသော သိကြားမင်းအားလည်း မဒ္ဒီမိဖုရားကို လှူပြန်သည်။

ဤသို့လျှင် ဘုရားအလောင်းတော်သည် ဘဝများစွာ ဖြစ်လေရာတို့၌ ဒါနပါရမီကို ဖြည့်ကျင့်ရာတွင် ပစ္စည်းဥစ္စာကိုသာမက ဇနီး, မယား, သမီး, သား တို့ကိုပင် စွန့်လှူခဲ့သည်၊ ထိုမျှသာမက များစွာသောဘဝတို့၌ အင်္ဂါခြေ လက်နှင့် အသက်ကိုပင် စွန့်လှူခဲ့ဖူးသည်မှာ များလှလေပြီ။

## သီလပါရမီ ဖြည့်ကျင့်တော်မူပုံ

အကုသိုလ်မဖြစ်အောင် ကိုယ်နှုတ်တို့ကို စောင့်ထိန်းခြင်းကို သီလဟု ခေါ်သည်၊ ထိုသီလမှာ ငါးပါးသီလ ရှစ်ပါးသီလ စသည်ဖြင့် များစွာရှိသည်၊ ဘုရားအလောင်းတော်သည် ဘဝများစွာတို့၌ သီလပါရမီတော်ကိုလည်း ဖြည့်ကျင့်ခဲ့သည်၊ အလီနသတ္တုမည်သော မင်းသားဖြစ်စဉ်က သီလပါရမီ ဖြည့်ကျင့်ပုံမှာလည်း ထင်ရှားသော ဖြစ်ရပ်တစ်ခုဖြစ်သည်။

အလီနသတ္တုမင်းသား၏ ခမည်းတော်သည် သမင်လိုက်ရာမှ နယ်ကျွံ၍ ဘီလူးတစ်ဦး စိုးပိုင်သော ညောင်ပင်အောက်သို့ ရောက်သွားသည်။ "နောက်တစ်နေ့ ပြန်လာ၍ဘီလူးအစားခံပါမည်" ဟူသောကတိဖြင့် ဘီလူးထံ ခွင့်ပန်၍ နန်းတော်သို့ပြန်လာခဲ့သည်၊ ထိုအကြောင်းကို သားတော်အလီနသတ္တုမင်းသား သိသဖြင့် ခမည်းတော်ကိုယ်စား ဘီလူးအစားခံရန် သွားခဲ့လေသည်၊ မင်းသားသည် မိမိစောင့်ထိန်းထားသော ကိုယ်ကျင့်သီလ ညှိုးနွမ်းမည် စိုးရိမ်၍ လက်နက်တစုံတရာကိုမျှ ယူမသွားခဲ့ပေ။

ဘီလူးသည် ဘုရားအလောင်းတော် အလီနသတ္တုမင်းသား၏ မကြောက်မရွံ့ ရဲဝံ့သော အမူအရာကိုမြင်၍ မသတ်စားဝံ့တော့ဘဲ နောက်ဆုံးတွင် မင်းသား၏အဆုံးအမကို လိုက်နာကာ ငါးပါးသီလစောင့်ထိန်းသူ ဖြစ်လာလေသည်။

ဒါနပါရမီဖြည့်ရာ၌ အသက်ကိုပင် စွန့်လှူရဲသော ဘုရားအလောင်းတော်သည် သီလပါရမီဖြည့်ကျင့်ရာ၌ ကိုယ်ကျင့်သီလကို အဘယ်ကြောင့် အသက်နှင့်မလဲဝံ့ဘဲ ရှိအံ့နည်း။

## နေက္ခမ္မပါရမီ ဖြည့်ကျင့်တော်မူပုံ

လောကီအာရုံ ကာမဂုဏ်များကို မစုံမက်ဘဲ စွန့်ခွာ၍ တစ်ကိုယ်တည်း ရသေ့ရဟန်းပြုလိုခြင်း(တောထွက်ခြင်း)မျိုးကို နေက္ခမ္မပါရမီ ဖြည့်သည်ဟု ခေါ်၏။ ဘုရားအလောင်းတော်၏ နေက္ခမ္မပါရမီဖြည့်ကျင့်သော ဘဝများမှာ သွန်စွာ များလှ၏၊ အယောဃရ မည်သော မင်းသားဘဝကို မှတ်သားနိုင်ရဲ ထုတ်ပြမည်။

အယောဃရမင်းသား ဖွားမြင်ပြီးနောက် ဘီလူးရန်ကို ကြောက်သဖြင့် ၁၆–နှစ်အရွယ်တိုင်အောင် သံလှောင်အိမ်အတွင်းမှာပင် ထား၍ ပညာသင်ပေးကြရ၏။ ၁၆–နှစ်အရွယ်ရောက်သော် ထီးနန်းအပ်မည်ဟု စီစဉ်ကာ အပြင်သို့ ထုတ်ဆောင်ကြ၏၊ ထိုအခါ ဘုရားအလောင်းတော်မင်းသားသည် "အမိဝမ်းတွင်း၌ ဆယ်လ၊ သံလှောင်အိမ်အတွင်း၌ ၁၆–နှစ် နေ၍ လွတ်မြောက်လာခဲ့ရသော်လည်း သေခြင်းဘေးကမူ မလွတ်မြောက်နိုင်သေး" ဟု တွေးမိကာ ထီးနန်းစည်းစိမ် ကို လက်မခံဘဲ တောထွက်ကာ ရသေ့ပြုလုပ်သွားလေသည်။

## ပညာပါရမီ ဖြည့်ကျင့်တော်မူပုံ

ပညာပါရမီဖြည့်သည်ဆိုရာ၌ ပဌမမိမိတတ်သိနားလည်အောင် သင်ရ၏၊ တိုးတက်အောင် ကြံစည် စဉ်းစားရ၏၊ ထိုသို့ တတ်သိနားလည်ထားသော ပညာကို သူတပါးတို့အား တတ်အောင် သင်ပြပေးခြင်း၊ ထိုပညာဖြင့် အများအကျိုးရှိအောင် ဆောင်ရွက်ပေးခြင်းကို ပညာပါရမီဖြည့်ကျင့်သည်ဟု ခေါ်သည်။

ဘုရားအလောင်းတော်သည် ဘဝများစွာ ပညာပါရမီဖြည့်ကျင့်ရာတွင် မဟောသဓာပညာရှိဖြစ်စဉ်က ပညာတန်ခိုးဖြင့် အများအကျိုးရှိအောင် ရွက်ဆောင်ပုံမှာ ထင်ရှားပေသည်၊ စူဠနီဗြဟ္မဒတ်မင်းသည် ဇမ္ဗူဒိပ်မင်းပေါင်းတစ်ရာကို ဖမ်းပြီးလျှင် အဆိပ်ခပ်သောအရက်ကိုတိုက်၍ သတ်ဖို့ ကြံစည်ထား၏၊ မဟောသဓာသည် ထိုအကြံကို သူ၏ဉာဏ်ပညာစွမ်းဖြင့် ပျက်အောင်ဖျက်ခဲ့လေသည်၊ စူဠနီဗြဟ္မဒတ်မင်းနှင့် ဝိဒေဟရာဇ်မင်းတို့ စစ်ခင်းရာ၌လည်း မဟောသဓာသည် တစ်ယောက်တလေမျှ အသက်မသေရအောင် သူ၏ပညာစွမ်းဖြင့် စစ်ပြေငြိမ်းသည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။

## ဝီရိယပါရမီ ဖြည့်ကျင့်တော်မူပုံ

သတ္တပါအများ ကောင်းစားချမ်းသာရေး လုပ်ငန်းမှန်သမျှ သက်စွန့် ကြိုးပမ်း အစွမ်းကုန်အားထုတ် ပြုလုပ်ရွက်ဆောင်ခြင်းကို ဝီရိယပါရမီ ဖြည့်ကျင့်သည် ဟု ခေါ်၏။

ဘုရားအလောင်းတော်သည် မည်သည့်အခါမျှ လုံ့လဝီရိယ လျှော့ချလေ့မရှိ၊ ကိုယ်ရေးကိုယ်တာအတွက်ဖြစ်စေ၊ သူတပါးအတွက်ဖြစ်စေ မကြောက်မရွံ့ စွန့်စွန့်စားစား အားထုတ် ပြုလုပ်မြဲဖြစ်သည်၊ ပူသည် အေးသည် ရမယ်ရှာ၍ မည်သည့်အခါမျှ ပျင်းရိလက်လျှော့ခြင်းမရှိ၊ မဟာဇနကမင်းသား ဘဝ၌ လုံ့လဝီရိယပြုတော်မူပုံမှာ မှတ်သားဖွယ်ကောင်းလှသည်။

မဟာဇနကမင်းသားသည် သင်္ဘောဖြင့် ကုန်ရောင်းကုန်ဝယ် ထွက်ခဲ့ရာ သင်္ဘောစီးသူ လူအပေါင်းခုနစ်ရာနှင့်အတူ ပင်လယ်ကူးစဉ် သင်္ဘောပျက်လေသည်၊ လူအားလုံးတို့ အားလျှော့၍ မကြိုးစားဘဲ အသေခံကြသော်လည်း ဘုရားအလောင်းတော်သည် ရှိသည့်အားကို အချည်းနှီးမထားဘဲ ၇–ရက်လုံးလုံး လက်ပစ်ကူးကာ ကြိုးစားခဲ့လေသည်။၊ ထို့နောက် မဏိမေခလာနတ်သမီး ကယ်ဆယ်၍ အသက်ဘေးမှ လွတ်မြောက်ရရုံမျှမက မိထိလာပြည်ကြီးကိုပင် စိုးစံရလေသည်၊ လက်ပစ်ကူး၍ မကြိုးစားခဲ့လျှင်ကား ကယ်ဆယ်သူနှင့် တွေ့နိုင်မည်မဟုတ်၍ အများနည်းတူ အသက်သေရပေမည်။

## ခန္တီပါရမီ ဖြည့်ကျင့်တော်မူပုံ

“ငါ့အပေါ်၌ လူမိုက်တို့ပြုလုပ်လာသော စော်ကားမှုကို ငါကပြန်၍ တုံ့ပြန်ပြုမူလျှင် ငါလည်း ထိုသူတို့ကဲ့သို့ မိုက်မဲသူသာ ဖြစ်ပေမည်”ဟု ကြံစည်၍ ဒေါသမထွက် စိတ်ပျက်အားငယ်မှု မရှိဘဲ စိတ်အေးအေးနှင့် မိမိက အလျှော့ပေး အနစ်နာခံလိုက်ခြင်းကို ခန္တီပါရမီဖြည့်သည်ဟုခေါ်၏။

ဘုရားအလောင်းတော်သည် အများအကျိုး သယ်ပိုးရွက်ဆောင်၍ ခေါင်းဆောင်ရသော ဘဝတိုင်း သည်းခံခြင်း– ခန္တီပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်။ မျောက်မင်းဘဝ တစ်ခုသည်ကား ခန္တီပါရမီ ဖြည့်ကျင့်မှုနှင့် စပ်၍ မှတ်သားဖွယ်ကောင်းလှသည်။

ဘုရားအလောင်းတော်သည် တစ်ခါက အားကောင်းသော မျောက်မင်း ဖြစ်၏၊ ဒေဝဒတ်လောင်း ပုဏ္ဏားတစ်ဦးသည် သစ်ပင်တက်ရာ၌ သစ်ကိုင်းကျိုး၍ ချောက်ထဲကျသွား၏၊ ငိုယိုမြည်တမ်းနေသော ထိုပုဏ္ဏားကို မျောက်မင်းတွေ့၍ ချောက်ထဲမှ ကယ်တင်လေသည်၊ ထို့နောက် မောပန်းသဖြင့် ထိုပုဏ္ဏား၏ ပေါင်ပေါ် ခေါင်းအုံးကာ အိပ်ပျော်သွားခိုက် ပုဏ္ဏားမိုက်သည် ကျေးဇူးတရားကို မထောက်ထားဘဲ မျောက်မင်းအသား စားလို၍ ဦးခေါင်းကို ကျောက်ခဲဖြင့် ထုရိုက်လေသည်။

မျောက်မင်းလန့်နိုးကာ ချက်ချင်း သစ်ပင်ပေါ် ခုန်တက်ပြေးရ၏၊ ထိုရန်သူပုဏ္ဏားမိုက် တောထဲမှာ မျက်စိလည်ကာ သေရှာမည်ကိုလည်း စိုးရိမ်၏၊ အောက်သို့လည်း မဆင်းလာဝံ့။ သစ်ပင်ချင်း ခုန်ကူးကာ ဦးခေါင်းမှကျသော သွေးစက်များကို ခြေရာခံ၍ လိုက်ပါရန် မှာကြားလျက် လူသွားလမ်းအရောက် လမ်းပြပို့ဆောင်ပေးခဲ့သည်။

## သစ္စာပါရမီ ဖြည့်ကျင့်တော်မူပုံ

သူတပါးကို လိမ်၍ ပြောခြင်း၊ ပြောသည့်အတိုင်း၊ ကတိခံသည့်အတိုင်း မလုပ်ခြင်းသည် သူတပါးအကျိုးပျက်အောင် ပြုလုပ်သည်မည်၏၊ လိမ်လည်လှည့်ဖြား မပြောကြားဘဲ ပြုလုပ်နိုင်သလောက်ကိုသာ ပြော၍၊ ပြောသည့်အတိုင်း ပြုလုပ်ခြင်း၊ မှန်ရာကိုသာ ပြောဆိုခြင်းသည် သစ္စာပါရမီ မည်၏။

ဘုရားအလောင်းတော်သည် ဖြစ်လေရာဘဝတိုင်း သူတပါးအကျိုး ပျက်အောင် မုသားစကားကို မည်သည့်ဘဝတွင်မျှ မဆိုခဲ့ပေ၊ ဘဝတိုင်း သစ္စာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့လေသည်၊ သစ္စာပါရမီဖြည့်ရာ၌ သုတသောမ မင်းဘဝကား ထင်ရှားလှလေသည်။

ဘုရားအလောင်းတော်သည် မဟာသုတသောမမင်းဖြစ်စဉ် ရှင်ဘုရင် ဘဝမှ လူသားစားမှုကြောင့် တိုင်းပြည်မှ ထွက်ခွာသွားရသော ပေါရိသာဒသည် တောထဲမှာပင် နေရ၏၊ လူသားစား ပေါရိသာဒသည် တစ်နေ့သောအခါ သစ်ငုတ်စူး၍ ခြေဖဝါး၌ ဖြစ်သော အနာကို "နတ်မင်း ကယ်မပါ၊ ၇-ရက်

အတွင်း ပျောက်အောင် ကယ်မလျှင် ဇမ္ဗူဒိပ်မင်းအပေါင်း၏ လည်ချောင်း သွေးဖြင့် ယဇ်ပူဇော်ပါမည်"ဟု ညောင်ပင်စောင့်နတ်မင်းကြီးအား ကတိခံထား၏၊ ထိုအနာ သူ့ဘာသာ ပျောက်သွားသည်ကို နတ်မ-သည်ဟု ထင်ကာ ဇမ္ဗူဒိပ်မင်းတို့ကို ယဇ်ပူဇော်ရန် ဖမ်းထားသည်။

တက္ကသိုလ်ပညာသင်စဉ်က ဆရာ-တော်ဖူးသော သုတသောမမင်း ကိုလည်း ဖမ်းသွားသည်၊ သုတသောမမင်းသည် အဖမ်းမခံရမီကလေးကမှ ပုဏ္ဏားတစ်ဦးအထံ၌ တရားဂါထာ နာယူရန် ဝန်ခံခဲ့သော ကတိစကားကို သတိရ၍ "တရားနာပြီးလျှင် ပြန်လာပါမည်"ဟု ပေါရိသာဒထံ ခွင့်တောင်း၏၊ ပေါရိသာဒလည်း လွယ်လွယ်ပင် ပြန်လွှတ်လိုက်သည်၊ တရားနာပြီးသောအခါ သတ်တော့မည်ကိုသိပါလျက် သစ္စာမဖျက်ဘဲ မကြောက်မရွံ့ အသက်စွန့်၍ ပေါရိသာဒထံ ပြန်လာခဲ့သည်။ သုတသောမမင်း၏ သေဘေးမှ ကြောက်ရွံ့မှု မရှိပုံကို မေးမြန်းရာမှ အစပြု၍ အလောင်းတော်သုတသောမမင်း ပြောပြသော တရားစကားကြောင့် ဇမ္ဗူဒိပ်မင်းအားလုံးလည်း အသတ်မခံရတော့ဘဲ ပေါရိသာဒ လည်း လူကောင်းတစ်ယောက် ဖြစ်လာကာ သူ့ထီးနန်းကို ပြန်ရခဲ့လေသည်။

## အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်တော်မူပုံ

ဒါနစသော ပါရမီ ကောင်းမှုများကို သတ်မှတ်ထားသည့်အတိုင်း မပျက်မကွက် စွဲစွဲမြဲမြဲ အောင်မြင်ပြီးမြောက်အောင် ပြုလုပ်မည်ဟု စိတ်ကို ဆုံးဖြတ်ထားမှု၊ ဆုံးဖြတ်သည့်အတိုင်း ပြုလုပ်မှုကို အဓိဋ္ဌာန် ဟုခေါ်၏၊ ဘုရားအလောင်းတော်သည် ဘဝများစွာ အဓိဋ္ဌာန်ပါရမီတော်ကိုလည်း ဖြည့်ကျင့် ခဲ့သည်။ တေမိယမင်းသားဖြစ်စဉ်က အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်ပုံမှာ အလွန်ထင်ရှားလှပေသည်။

ဘုရားအလောင်းတော်သည် တေမိယမင်းသား မဖြစ်မီ ဘဝတစ်ခုတွင် ရှင်ဘုရင်ဖြစ်စဉ်က အငြင်းပွားမှုများကို တရားအဆုံးအဖြတ်ပေးရာတွင် အနည်းငယ်မှားယွင်းခဲ့သဖြင့် ငရဲကျခဲ့ရဖူးသည်၊ တေမိယမင်းသားကလေးသည် တစ်လသားအရွယ် ထီးဖြူအောက်၌ ပက်လက်နေစဉ် ထီးဖြူကို မြင်ရသည်မှ စ၍ ရှေးဘဝများကို ပြန်လည် သိမြင်နိုင်သော ဇာတိဿရဉာဏ်ကို ရလေသည်။

ရှေးမင်းဖြစ်စဉ်က အဆုံးအဖြတ် အမိန့်ပေးလွှဲ၍ ငရဲကျခဲ့ရပုံကို ပြန်လည် သတိရကာ မင်းဖြစ်ရမည်ကို လွန်စွာ ကြောက်ရွံ့ထိတ်လန့်သွားလေသည်။

ထိုအခါ ရှေးဘဝက မိခင်ဟောင်းဖြစ်ခဲ့ဖူးသော ထီးချက်စောင့်နက်သမီး သိသွားသဖြင့်"ချစ်သား - တေမိယမင်း-- မကြောက်ပါနှင့်၊ မင်းမလုပ်ချင်လျှင် ဆွံ့, အ, နားပင်းဟန် ဆောင်နေလိုက်ပါ"ဟု တိုက်တွန်းအကြံပေးလေသည်။

ထိုအခါမှစ၍"မည်သည့်အကြောင်းကြောင့်မျှ စကားမဆိုတော့အံ့၊ ဆွံ့, အ ယောင် ဆောင်နေတော့မည်"ဟု စိတ်ကို ခိုင်မာစွာ ဆောက်တည်အဓိဋ္ဌာန် ပြုလေသည်။ မပြော မဆို၊ ငိုလည်း မငိုဘဲ အရွယ်ရောက်လည်း မထိုင်မထ၊ ပြောသမျှလည်း မကြားဟန် ဆောင်နေခဲ့ရာ အသက်တစ်ဆယ့်ခြောက်နှစ် အရွယ်သို့တိုင်အောင် အခိုင်အမာ ဆုံးဖြတ်၍ နေထိုင်ခဲ့လေသည်၊ ထိုအခါကျမှ ခမည်းတော်မင်းကြီးက"ထီးနန်းနှင့်မတန်"ဟု ဆုံးဖြတ်၍ တောထဲသို့နှင်ထုတ် သတ်ပစ်ရန် အမိန့်ပေးလေရာ တောထဲရောက်သောအခါ ရသေ့ရဟန်း ပြုသွားလေသည်။

## မေတ္တာပါရမီ ဖြည့်ကျင့်တော်မူပုံ

သူတစ်ဘက်သား ကြီးပွားချမ်းသာစေလိုသော စိတ်ထားသည် မေတ္တာမည်၏။ မေတ္တာစိတ်ထားရှိသူတို့သည် မိမိအပေါ် သူတပါးက မတော်မတရား ပြုမူ ပြောဆိုစေကာမူ ထိုသူ၏ အပြစ်ကို မရှု၊ ထိုသူ၏ ကောင်းကွက်ကိုသာ ရှုကြည့်ကာ သူ့အကျိုးကို ဆောင်ရွက်မြဲ ဆောင်ရွက်ကြ လေသည်။

ဘုရားအလောင်းတော်သည် ဘဝများစွာ၌ မေတ္တာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်၊ သုဝဏ္ဏသာမ ရသေ့ဖြစ်စဉ် တောထဲ၌ မျက်မမြင် မိဘနှစ်ပါးကို ပြုစုနေ၏၊ ခြသေ့်, သစ်, ကျား, သမင်, ဒရယ်, ချေငယ်, စိုင်, ဆတ် စသော သားကောင်များအပေါ်၌ပင် တကယ့်မေတ္တာစိတ်ဖြင့် ချစ်ခင်နေ၏။ မိမိအား သားကောင်မှတ်၍ လေးဖြင့်ပစ်သတ်ခဲ့သော ပီဠိယက္ခမင်းကိုပင် မေတ္တာမပျက်ခဲ့ပေ၊ နောက်ဆုံး မေတ္တာ, သစ္စာကြောင့် မြားဆိပ်လည်းပြေ၊ အသက်လည်း မသေဘဲ မျက်မမြင်မိဘနှစ်ပါးလည်း မျက်စိနှစ်ကွင်း အလင်းရကြလေသည်။

## ဥပေက္ခာပါရမီ ဖြည့်ကျင့်တော်မူပုံ

သူတစ်ဘက်သားအား မုန်းလည်းမမုန်း, ချစ်လည်းမချစ်၊ ဘက်မလိုက် မျှမျှ တတ အလယ်အလတ် တည့်မတ်သောစိတ်ထားကို ဥပေက္ခာပြုခြင်း လျစ်လျူရှုခြင်းဟု ခေါ်၏။ ဘုရားအလောင်းတော်သည် ဘဝများစွာ ဤဥပေက္ခာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်၊ လောမဟံသ ခေါ်သော ဘဝမှာ ထင်ရှားလှလေသည်။

ဘုရားအလောင်းတော်သည် မိဘတို့ကွယ်လွန်သောအခါ များစွာသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်၍ တောသို့ဝင်လေသည်၊ ရသေ့ပြုလုပ်လိုသော်လည်း ရသေ့ပြုလျှင် လူအများအထင်ကြီး၍ ချီးမွမ်းကြမည်ကို စိုးရွံ့သဖြင့် ရသေ့လည်းမလုပ်ဘဲ အဝတ်တစ်ထည်ဖြင့်သာ လှည့်လည် သွားလာနေခဲ့သည်။

မိမိအား လေးစားသမှု ပြုမှုဆက်ဆံသောနေရာ၌ ကြာကြာမနေ၊ တစ်ရက်လောက်သာနေ၏။ ရွာတစ်ရွာသို့ ရောက်သွားသောအခါ ကလေး သူငယ်များနှင့် သေသောက်ကြူးများက ပြက်ရယ် ပြောင်လှောင်ကြသော်လည်း ဘုရားအလောင်းတော်ကား စိတ်မဆိုး။ သုသာန်၌ လူရိုးကို ခေါင်းအုံးလျက် အိပ်၏။ ကလေးများ ဝိုင်းအုံလာရောက်ကာ အလောင်းတော်အား တံတွေးဖြင့် ထွေးကြ၊ ကျင်ကြီးကျင်ငယ် စွန့်ချကြကုန်၏။ ဘုရားအလောင်းတော်သည် ထိုသူတို့အပေါ်၌ စိတ်မဆိုး၊ အပြစ်မယူ၊ စိတ်ပျက်အားငယ်ခြင်းမဖြစ်။ တစ်ချို့လည်း ပန်းနံ့သာနှင့် စားကောင်း သောက်ဖွယ်များကို ပေးလှူကြကုန်၏။ ထိုသူတို့အပေါ်၌လည်း ချစ်ခင်တွယ်တာမှုမထား၊ ကောင်းဆိုးနှစ်ဖြာ၌ လျစ်လျူရှုကာ မည်သည့်ဘက်မှ မတိမ်းညွတ်ဘဲ တည့်မတ်သော စိတ်ထား (ဥပေက္ခာ)ဖြင့်သာ နေတော်မူလေသည်။

## ပါရမီ (၁၀) ပါး အပြား (၃၀)

ဒါန စသောပါရမီ (၁၀)ပါးကို–

(က) ရိုးရိုးဖြည့်ကျင့်လျှင် **ပါရမီ** ဟုခေါ်၏။

(ခ) ကိုယ်လက်အင်္ဂါစွန့်၍ ဖြည့်ကျင့်လျှင် **ဥပပါရမီ** ဟုခေါ်၏။

(ဂ) အသက်ကိုစွန့်၍ ဖြည့်ကျင့်လျှင်မူ **ပရမတ္ထပါရမီ** ဟုခေါ်၏။

ပါရမီတစ်ပါးတစ်ပါးလျှင် အနုအရင့်ဖြည့်ကျင့်ပုံ သုံးမျိုးစီကွဲပြားသဖြင့် 'ပါရမီ ၁၀-ပါး၊ အပြား-၃၀' ဟုခေါ်ရသည်။ ဘုရားအလောင်းတော်သည် ထိုပါရမီ ၁၀-ပါး၊ အပြား ၃၀-တို့ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာအောင် ဖြည့်ကျင့်တော်မူခဲ့ရာ ဝေဿန္တရာမင်းဘဝ၌ ပါရမီတော်အားလုံး ပြီးပြည့်စုံခဲ့လေပြီ။

**စရိယာ (၃)ပါး**

ဘုရားအလောင်းတော်သည် ဘဝများစွာ ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ ရည်မှန်းချက်ကြီးသုံးချက်ကို ဦးထိပ်ထား၍ ကျင့်ဆောင်ခဲ့သည်။

(၁) လောကတ္ထစရိယာ = လောကလူသား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ ကောင်းစားချမ်းသာရေး ကျင့်စဉ်၊

(၂) ဉာတတ္ထစရိယာ = မိမိ၏အမျိုးသား မိမိလူမျိုးကောင်းစား ချမ်းသာရေးကျင့်စဉ်၊

(၃) ဗုဒ္ဓတ္ထစရိယာ = သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော သဗ္ဗညုဘုရား ဖြစ်ရေးကျင့်စဉ်။

ဘဝတိုင်း၊ ပါရမီဖြည့်ကျင့်တိုင်း ဤရည်မှန်းချက်ကြီးသုံးရပ်ကို ဦးထိပ်ထားခဲ့လေသည်၊ စရိယာသုံးပါး ဟု ခေါ်၏။

**စွန့်ခြင်းကြီး(၅)ပါး**

ထို့အပြင် ဘဝများစွာ ပါရမီဖြည့်ရာတွင်–

(၁) တိုင်းပြည်နိုင်ငံ ထီးနန်းစည်းစိမ်ကို စွန့်၍ ပါရမီဖြည့်ခြင်း (ဓနပရိစ္စာဂ)၊

(၂) သားသမီးတို့ကို စွန့်လှူခြင်း (ပုတ္တပရိစ္စာဂ)၊

(၃) ဇနီးမယားကိုပင် စွန့်လှူခြင်း(ဘရိယပရိစ္စာဂ)၊

(၄) မိမိခန္ဓာ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စွန့်လှူခြင်း(အင်္ဂပရိစ္စာဂ)၊
(၅) နောက်ဆုံးအသက်ကိုပင်လျှင် နှမြောတွန့်တိုမှုမရှိဘဲ စွန့်လှူခြင်း (ဇီဝိတပရိစ္စာဂ)တို့ကိုလည်း ပြုလုပ်ခဲ့ရသည်၊ စွန့်လွှတ်နိုင်ခဲသော စွန့်လွှတ်ခြင်းကြီးဖြစ်၍ 'ပဉ္စမဟာပရိစ္စာဂ = စွန့်ခြင်းကြီးငါးပါး' ဟု ခေါ်ရသည်။

ပါရမီဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါး တို့ကို ဘဝဆက်တိုင်း စဉ်ဆက်မပြတ် ဖြည့်ကျင့်ကြိုးပမ်းခဲ့သည့်အတွက် ဘုရားအလောင်းတော် ရယူလိုသော ဆုမှာ တစ်ခုတည်းသာဖြစ်၏။ သဗ္ဗညုတ ဉာဏ် ရရှိရေးသာ ဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်မှာ လွန်စွာ ကြီးမြတ် လှသဖြင့် ထိုမျှ အချိန်ကြာကြာ ပါရမီတို့ကို ဖြည့်ကျင့် စုဆောင်းခဲ့ရခြင်း ဖြစ်ပေသည်။

## အတုမရှိ စွန့်လွှတ်၍ အတုမရှိ အောင်မြင်ခြင်း

ဘုရားအလောင်းတော်သည် ကမ္ဘာပေါင်းများစွာ ဘဝပေါင်းများစွာ ဒါနစသော ပါရမီ ၁၀-ပါး၊ စွန့်လွှတ်ခြင်းကြီး ၅-မျိုးတို့ကို ပြုလုပ် ဆည်းပူးတော်မူခဲ့ရသည်။ ဖြစ်လေရာဘဝတိုင်း၌ ကာယ ဉာဏ ဓန စသည်တို့ကို စွန့်လွှတ်ပေးလှူခြင်းဖြင့် သတ္တဝါအများ ကောင်းစားချမ်းသာရေးကို ဆောင်ရွက်တော်မူခဲ့သည်။ ထိုစွန့်လွှတ်မှုအားလုံးအတွက် မျှော်မှန်းချက်မှာ သဗ္ဗညုတဉာဏ်ရရေး တစ်ခုတည်းသာလျှင် ဖြစ်သည်။ သဗ္ဗညုတဉာဏ်ရရန် မျှော်မှန်းခြင်းသည်လည်း မိမိအတွက်မဟုတ်၊ သတ္တဝါအများ၏ ကောင်းစား ချမ်းသာရေးကို ပို၍ပြုလုပ် ဖြည့်စွမ်းပေးရန်သာလျှင်ဖြစ်သည်။

မည်သူမဆို ဖြစ်လေရာ ဘဝတိုင်း သူတပါးတို့ ကောင်းစားချမ်းသာ ရေးအတွက် ကိုယ်ကျိုးမဖက်၊ မျှော်လင့်ချက်မနှော၊ ရက်ရက် ရောရော စွန့်လွှတ်ကူညီရန် လိုပေသည်။ ထို ပါရမီအလုပ်တို့သည် မိမိအပါအဝင် လူသားလောက တစ်ခုလုံး၏ ချမ်းမြေ့ သာယာမှု၊ စည်ပင် ဝပြောမှုကို ပြုလုပ်ပေးရာ ရောက်သဖြင့် စွန့်လွှတ်နိုင်သလောက် မိမိအတွက်လည်း အဆများစွာ အကျိုးသက်ရောက်လာလေသည်။

ဘုရားအလောင်းတော်သည် လောကတွင် ကာယ ဉာဏ မေ စသည်တို့ကို အတုမရှိ စွန့်လွှတ်နိုင်ခဲ့သူဖြစ်၍ ဘုရားဖြစ်တော်မူသော နောက်ဆုံးဘဝတွင် ကာယ ဉာဏ မေ စသည် ဘာမျှ လိုလေသေးမရှိ၊ လောကတွင် အတုမရှိ၊ အတူမရှိ အထွတ်အထိပ် ပြည့်စုံသူ ဖြစ်တော်မူရသည်ကို အတုယူကြကုန်ရာ၏။

## အလောင်းတော်သိဒ္ဓတ္ထမင်းသား ဘဝဖြစ်စဉ်

### နတ်ပြည်မှ စုတေတော်မူခြင်း

ဒီပင်္ကရာ မြတ်စွာဘုရား၏ ထံတော်၌ ဗျာဒိတ်ခံယူ ရရှိပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ပွင့်တော်မူသော ၂၃-ဆူ သော ဘုရားရှင်တို့၏ ထံတော်တို့၌လည်း ဆက်လက် ဗျာဒိတ်ခံယူကာ ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့သည်။

အလောင်းတော်သည် ပါရမီများကို ဝေဿန္တရာမင်းဘဝတွင် ပြည့်စုံစွာ ဖြည့်ကျင့်ပြီးနောက် တုသိတာနတ်ပြည်၌ သေတကေတုမည်သော နတ်သား ဖြစ်လေသည်၊ သက်တမ်းစေ့ နတ်စည်းစိမ် ခံစားပြီးနောက် စုတေခါနီးသောအခါ စကြဝဠာတစ်သောင်း၌ ရှိကြသော နတ်ဗြဟ္မာတို့သည် အလောင်းတော်ထံ စုဝေးရောက်လာကြ၏။ "အရှင်နတ်မင်း- ဘုရားဖြစ်ဖို့ အချိန်တန်ပါပြီ၊ လူ့ပြည်၌ ပဋိသန္ဓေယူ၍ ဘုရားဖြစ်တော်မူပါ" ဟု တောင်းပန်ကြလေသည်။

### ကြည့်ခြင်းကြီးငါးပါး

အလောင်းတော်နတ်မင်းသည် နတ်ဗြဟ္မာတို့၏ တောင်းပန်ချက်ကို ချက်ချင်း ဝန်မခံသေးဘဲ ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်တော်မူသည်။

(၁) ကာလ (အခါကာလ) – လူတို့၏ အသက်တမ်း အနှစ်တစ်သိန်းမှ အောက် အနှစ်တစ်ရာ အထက်၌သာ ဘုရားဖြစ်နိုင်သော အချိန်အခါ ဖြစ်သည်။

(၂) ဒီပ (ကျွန်း) – ကျွန်းကြီးလေးကျွန်းတွင် ဇမ္ဗူဒီပ ခေါ် တောင်ကျွန်း၌သာ ဘုရားပွင့်ရိုးရှိသည်။

(၃) ဒေသ (အရပ်) – တောင်ကျွန်းတွင်လည်း မဇ္ဈိမဒေသ၌သာ ဘုရားပွင့်ရိုးရှိသည်။

(၄) ကုလ (အမျိုး) – မဇ္ဈိမဒေသတွင်လည်း ခတ္တိယ (မင်း)မျိုးနှင့် ဗြာဟ္မဏ (ပုဏ္ဏား)မျိုးတို့၌သာ ဘုရားပွင့်ရိုးရှိသည်။

(၅) မာတု အာယုပရိစ္ဆေဒ (မယ်တော်အသက်အပိုင်းအခြား) – မယ်တော်ဖြစ်မည့်သူလည်း သီလစင်ကြယ်သူဖြစ်၍ ဘုရားအလောင်းဖွားပြီးနောက် (၇) ရက် ကြာလျှင် နတ်ရွာစံရလောက်သော အသက် နေရှိရသည်၊ သည်ထက် ရှည်လည်း မရှည်ရ၊ တိုလည်း မတိုရ။

## လုမ္ဗိနီဥယျာဉ်၌ ဖွားတော်မူခြင်း

ကြည့်ခြင်းကြီးငါးပါးကို ကြည့်ရှုဆင်ခြင်ပြီးသောအခါ "ဘုရားဖြစ်ရန် လူ့ပြည်၌ ပဋိသန္ဓေယူတော့မည်" ဟု ဝန်ခံကတိပြုတော်မူလေသည်။ ထိုသို့ ဝန်ခံပြီး မကြာမီပင် တုသိတာနတ်ပြည်မှ စုတေခဲ့လေသည်။

စုတေပြီးနောက် ကပိလဝတ်ပြည် သာကီဝင်မျိုးတို့၏ ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်းကြီး မယ်တော် မာယာဒေဝီ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေတော်မူသည်၊ အလောင်းတော် ပဋိသန္ဓေတည်သည်နှင့် တပြိုင်နက် မြေငလျင်ကြီး ပြင်းစွာ တုန်လှုပ်လေသည်။

ပဋိသန္ဓေတည်သောနေ့ကား မဟာသက္ကရာဇ် ၆၇-ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့ဖြစ်သည်။ မယ်တော် မာယာဒေဝီသည် ဥပုသ်သီလ စောင့်သုံးလျက် ကျက်သရေတိုက်ခန်း၌ စက်တော်ခေါ်နေစဉ် အောက်ပါ အိပ်မက်ကို မြင်မက်သည်။

"နတ်မင်းကြီးလေးယောက်တို့သည် ဟိမဝန္တာ၌ရှိသော အနဝတတ် အိုင်၌ မိမိအား ရေချိုးစေပြီးလျှင် နတ်ဝတ်တန်ဆာများ ဝတ်ဆင်စေသည်၊ ထို့နောက် ငွေတောင်၏ အတွင်းရှိ ရွှေဗိမာန်ကြီးထဲ၌ အရှေ့ဘက်သို့ ဦးခေါင်းပြုလျက် အိပ်စက်စေကြလေသည်၊ ထိုအခါ ဆင်ဖြူတော်တစ်စီးသည် လက်ယာနံပါးကို ဖောက်ထွင်း၍ ဝမ်းတွင်းဝင်သကဲ့သို့ ဖြစ်သွားသည်"ဟု အိပ်မက်မက်လေသည်။

## ကျူးရင့်ကြွေးကြော်သော စကားသုံးခွန်း

အလောင်းတော် သန္ဓေခ၍ ဆယ်လစေသော ကဆုန်လပြည့်နေ့တွင် မယ်တော်မာယာသည် ဆွေမျိုးများရှိရာ ဒေဝဒဟပြည်သို့ ခရီးထွက်ခွာလေသည်၊ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား လုမ္ဗိနီအင်ကြင်း ဥယျာဉ်တော်ရှိသည်၊ အင်ကြင်းပန်းများ ပင်လုံးကျွတ် ဖူးပွင့်နေချိန်ဖြစ်၏၊ မယ်တော်မာယာသည် ဥယျာဉ်တော်အတွင်း ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းပင်၏အခက်ကို လက်တစ်ဘက်ဖြင့် လှမ်းကိုင်စဉ်မှာပင် အလောင်းတော်မြတ်ကို ဖွားမြင်တော်မူခဲ့သည်၊ ထိုအခါ၌လည်း မြေငလျင်ကြီးစွာတုန်လှုပ်ပြန်သည်။

ဖွားတော်မူလျှင် နတ်ဗြဟ္မာတို့သည် ဘုရားအလောင်းတော်အား ပူဇော်ကြကုန်၏၊ ဘုရားအလောင်းမင်းသားသည် မြေပေါ်၌ ရပ်တော်မူလျက် အရပ်ဆယ်မျက်နှာကို ကြည့်တော်မူ၏၊ ထို့နောက် မြောက်အရပ်သို့ ခြေခုနစ်လှမ်း လှမ်းကြွတော်မူသည်၊ မြေပြင်တွင် တည့်တည့်မတ်မတ် ရပ်တော်မူပြီးနောက် အောက်ပါစကားသုံးခွန်းကို မြွက်ဆို ကျူးရင့် ကြွေးကြော်တော်မူသည်။

-အဂ္ဂေါဟမသ္မိ လောကဿ-ငါသည် လောကတွင် အဦးဆုံးဖြစ်၏။

-ဇေဋ္ဌောဟမသ္မိ လောကဿ-ငါသည် လောကတွင် အကြီးအကဲဆုံးဖြစ်၏။

-သေဋ္ဌောဟမသ္မိ လောကဿ-ငါသည် လောကတွင် အမြတ်ဆုံးဖြစ်၏။

ထို့နောက် မယ်တော်မာယာသည် သားတော်အလောင်းမင်းသားနှင့်အတူ ကပိလဝတ်နေပြည်တော်သို့ ပြန်ကြွခဲ့လေသည်၊ ဘုရားအလောင်းတော်ကို မဟာသက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့် သောကြာနေ့၌ ဖွားတော်မူပြီး ခုနစ်ရက်မြောက်သောအခါ မယ်တော်မာယာစုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်လေသည်။

**အလောင်းတော်အား ထီးနန်းလွှဲအပ်ခြင်း**

ဘုရားအလောင်းတော် ဖွားမြင်ပြီးနောက် ၅-ရက် အရတွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ဗေဒင်တတ်ကျွမ်းသူ ပုဏ္ဏားတို့ကို ဖိတ်ခေါ်ပြီး ဘုရားအလောင်းတော်၏ လက္ခဏာကို ကြည့်ရှုခိုင်းသည်၊ ပုဏ္ဏား ၇-ဦးတို့က "လူ့ဘောင်မှာနေလျှင် စကြဝတေးမင်းဖြစ်လိမ့်မည်၊ တောထွက်သွားလျှင် ဘုရားဖြစ်လိမ့်မည်"ဟု ဟောကြသည်။ ကောဏ္ဍညပုဏ္ဏားကမူ"မုချဧကန် ဘုရားဖြစ်ရမည်"ဟု ဟောလေသည်၊ သတ္တဝါတို့၏ အကျိုးစီးပွား ဆန္ဒများကို ပြည့်ဝစေတတ်သဖြင့် "သိဒ္ဓတ္ထ"ဟု မှည့်ကြသည်၊ အနွယ်တော်အားဖြင့် ဂေါတမအနွယ်ဖြစ်သည်။

သုဒ္ဓေါဒနမင်းကြီးသည် မယ်တော်မာယာဒေဝီနတ်ရွာစံပြီးနောက် ညီမတော် မဟာပဇာပတိဂေါတမီကို မိဖုရားကြီးအရာ တင်မြှောက်၍ မိထွေးတော် ဂေါတမီကသာ အလောင်းမင်းသားကို အစ်မတော်ကိုယ်စား ပြုစု စောင့်ရှောက်ခဲ့ရသည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သက်တော်တစ်ဆယ့်ခြောက်နှစ် ရှိသောအခါ မင်းသားတို့ တတ်သင့်သောအတတ်များ တတ်မြောက်ပြီး ဖြစ်လေသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်ကို စကြာမင်း ဖြစ်စေလို၍၊ တောထွက်၍ မသွားနိုင်အောင် အလွန်ခမ်းနားသော ရမ္မ, သုဘ, သုရမ္မ ခေါ် ရာသီအလိုက် နန်းမသုံးဆောင် စီမံ၍ ၁၆-နှစ် အရွယ်တော် မှာပင် ရှင်ဘုရင်အရာကို လွှဲအပ်လေသည်။

မယ်တော်မာယာ၏ မောင်အရင်းဖြစ်သော ဒေဝဒဟပြည် သုပ္ပဗုဒ္ဓမင်း၏ သမီးတော်"ယသောဓရာ"ကို ဘုရားအလောင်းတော်၏ ကြင်ယာတော်အဖြစ် ရွေးချယ်၍၊ သိဒ္ဓတ္ထမင်းသားသည် ယသောဓရာကို မိဖုရားခေါင်ကြီးမြှောက်၍ နန်းမသုံးဆောင်၌ ရာသီအလိုက် ချမ်းမြေ့စွာ စံနေတော်မူလေသည်။

**နိမိတ်ကြီးလေးပါး မြင်တော်မူခြင်း**

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တစ်ဆယ့်သုံးနှစ်မျှ ထီးနန်း စည်းစိမ်ကို ခံစားတော်မူ၍ သက်တော် ၂၉-နှစ်အရွယ်သို့ရောက်လာလေသည်၊ အလောင်းတော်သည် ဥယျာဉ်တော်သို့ အခြံအရံများစွာဖြင့် ထွက်လေ့ရှိရာ

နတ်တို့၏ ဖန်ဆင်းပြသမှုကြောင့် သူအို, သူနာ, သူသေ, ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို လေးလစီ ခြားကွာ၍ တွေ့ရလေသည်၊ ယခင်ကမူ တောထွက်မည် စိုးသောကြောင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက ထိုသို့သော အနိဋ္ဌာရုံများကို မမြင်တွေ့ရအောင် အစောင့်အရှောက်များချ၍ ဆောင်ရွက်ထားခဲ့သည်။ ဘုရားအလောင်းသည် ထိုအချိန်အထိ အိုသူ, နာသူ, သေသူ, ရဟန်းတို့ကို မမြင်ဖူးသေးချေ။ ထိုနိမိတ်ကြီးလေးပါးတို့ကို အစဉ်အတိုင်း မြင်ရသောအခါ ထိတ်လန့် သံဝေဂ ရတော်မူ၍ "ငါလည်း တစ်နေ့တွင် ဤသို့ပင် အိုရ, နာရ, သေရမည်"ဟူသော အသိဉာဏ် ပွင့်သွားလေသည်။ နန်းစည်းစိမ်တွင် မပျော်ရွှင်နိုင်တော့ပေ။

ထိုသို့ ထိတ်လန့်ကြောက်ရွံ့နေစဉ်မှာပင် လေးလကြာသောအခါ တရားကျင့်နေသော ရဟန်းတော်အသွင်ကိုမြင်ရ၍ အို နာ သေ ဝဋ်ဒုက္ခမှ လွတ်မြောက်ရေးလမ်းကို သဘောပေါက်သွားသည်၊"ယနေ့ပင် တောထွက်၍ ရဟန်းပြုတော့အံ့" ဟုလည်း ကြံစည်တော်မူသည်၊ အလောင်းတော်မင်းသားသည် ဥယျာဉ်တော်၌ စံနေတော်မူစဉ်မှာပင် ယသောဓရာမိဖုရားမှ သားဦးရတနာ ဖွားမြင်ကြောင်း သံတော်ဦးတင်ကြရာ "အနှောင်အဖွဲ့တစ်ခုတိုးလာပြီ"ဟုပင် ထိတ်လန့်တုန်လှုပ် သွားသည်၊ "ယနေ့ညပင် တောထွက်တော့အံ့" ဟု ဆုံးဖြတ်တော်မူလိုက်သည်။

"ရာဟုဂြိုဟ်သည် လကိုဖမ်းသကဲ့သို့ တောမထွက်နိုင်အောင် ငါ့ကိုဖမ်းမည့်သားတော်ပဲ"ဟု ညည်းတွား ရေရွတ်လိုက်လေသည်၊ ထို့ကြောင့် သားတော်ကလေးကို"ရာဟုလာ"ဟု နာမည်မှည့်ကြသည်။

## တောထွက်တော်မူခြင်း

ဥယျာဉ်တော်မှနန်းတော်သို့ ပြန်ရောက်သောအခါ သီဆို တီးမှုတ်ဖြေဖျော်ကြသည်ကိုပင် ခါတိုင်းကဲ့သို့ ပျော်ရွှင်ဖွယ် မရှုစားလို၊ စောစော စက်တော်ခေါ်လေသည်၊ အခြွေအရံမောင်းမတို့လည်း အနီးအပါး၌ အိပ်ကြလေသည်၊ နံ့သာဆီမီးတိုင်များလည်း လင်းလျက်ရှိသည်၊ မောင်းမတို့လည်း ဒူးပေါ်ပေါင်ပေါ်နှင့်၊ တချို့က ပါးစပ်မှ အပုပ်ရေများ စီးကျလျက်၊ တချို့က လျှာထွက်လျက်၊ တချို့က ဟောက်လျက်၊ တချို့ကလည်း မဖွယ်မရာ လူးလည်းယောင်ယမ်းလျက် အိပ်မောကျနေကြကုန်၏။

ဘုရားအလောင်းသည် သန်းခေါင်အချိန် စက်တော်ခေါ်ရာမှ နိုးသော အခါ သခ်ျိုင်းကုန်းမှာ ရောက်နေရသလို၊ အိပ်နေသော မောင်းမတို့ကိုလည်း သူသေကောင်များသဖွယ် ထင်မှတ်ကာ ယခုပင် တောထွက်တော့မည် ဟု ဆုံးဖြတ်တော်မူလေသည်။

## မာရ်နတ်တား၍ နတ်ဗြဟ္မာများကြိုဆိုခြင်း

ချက်ချင်းပင် ဆန္နအမတ်ကို နှိုးကာ ကဏ္ဍကမြင်းတော်ကို အသင့် ပြင်ခဲ့ရန် မိန့်တော်မူလေသည်။ တောမထွက်မီ ဖွားမြင်စ သားတော် ကလေးကို ရှုစားတော်မူလို၍ ယသောဓရာ အဆောင်တော်သို့ ကြွတော်မူသည်။ ယသောဓရာသည် သားတော်ကလေးကို ယုယပိုက်ထွေး ဘေးချင်းယှဉ်လျက် စက်တော်မူနေသည်၊ သားတော်ကလေးကို ပွေ့ယူပိုက်ထွေးလိုလှသော်လည်း ယသောဓရာနိုးလျှင် တောထွက်မှုအတွက် အနှောင့်အယှက် ဖြစ်မည်စိုး၍ စက်ခန်းဝ တံခါးခုံမှပင် ပြန်လှည့်တော်မူခဲ့သည်။

အသင့်ပြင်ထားသော ကဏ္ဍကမြင်းတော်ကို စီးလျက် ဆန္နအမတ်နှင့် အတူ တောထွက်တော်မူလေသည်။ ထိုနေ့ကား မဟာသက္ကရာဇ် ၉၇–ခုနှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့ ဖြစ်လေသည်။ ထိုသို့ ထွက်တော်မူလာ၍ မြို့တံခါးပြင်ဘက်သို့ ရောက်သောအခါ မာရ်နတ်သားသည် ကောင်းကင်၌ ရပ်လျက် "ခုနစ်ရက်ကြာလျှင် လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်ရန် စကြာယာဉ်ပျံတော် ရောက်လာပါလိမ့်မည်၊ တောမထွက်ပါနှင့်" ဟု တားဆီးလေသည်။

"အို မာရ်နတ် ...... ခုနစ်ရက်ကြာလျှင် စကြာရတနာ ဆိုက်ရောက်လာမည်ကို ငါ သိပါ၏။ စကြဝတေးမင်း စည်းစိမ်ကိုလည်း ငါအလိုမရှိ၊ ဘုရားဖြစ်အောင်သာ ကြိုးစားတော့မည်"ဟု အလောင်းတော်က ငြင်းဆန်၍ ကြွမြဲ ထွက်ကြွတော်မူလေသည်၊ ဘုရားဖြစ်ရန် စောင့်မျှော် င့်လင့်နေကြသော နတ်ဗြဟ္မာတို့သည် လွန်စွာ အားရပျော်ရွှင်ကြပြီး လှပသော မီးရောင်စုံများ ထွန်းညှိကိုင်ဆောင်လျက် ပန်းနံ့သာမျိုးစုံ ကြဲဖြန့်ကာ သီကျူး တီးမှုတ်ရင်း ဝန်းရံလိုက်ပါသွားကြလေသည်။

## တစ်နန်းတော်လုံး ငိုကြွေးကြခြင်း

ဘုရားအလောင်းတော်သည် နံနက် မိုးလင်းသောအခါ အနော်မာမြစ်တစ်ဘက်ကမ်းသို့အရောက် ဖြတ်ကျော်ကူးမြောက်ပြီးနောက် ဆံထုံးတော်ကို လက်တစ်ဘက်ဖြင့် ကိုင်၍ သန်လျက်ဖြင့် ကိုယ်တော်တိုင် ရိတ်ဖြတ်လေသည်။

ငါ ဘုရားဖြစ်မည် မှန်လျှင် ဤဆံတော်သည် ကောင်းကင်၌ တည်ပါစေသတည်း" ဟု အဓိဋ္ဌာန်၍ မြှောက်ပစ်လိုက်ရာ ကောင်းကင်၌ပင် တည်နေလေသည်၊ သိကြားမင်းသည် ရတနာပန်းကလပ်ဖြင့် ဆံတော်ကို ခံယူကာ တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီ တည်၍ ကိုးကွယ်ထားသည်။

ထို့နောက် ဃဋိကာရဗြဟ္မာမင်း လာရောက်လှူဒါန်းသော သပိတ်သင်္ကန်းကို လက်ခံတော်မူကာ ရဟန်းပြုလေသည်။ ဃဋိကာရ ဗြဟ္မာမင်းသည်လည်း ဘုရားအလောင်း၏ ဝတ်လဲတော်များကို ယူဆောင်သွားပြီးလျှင် ဗြဟ္မာပြည်၌ ဒုဿစေတီ တည်ထား ကိုးကွယ်လေသည်။ ဆန္နအမတ်ကိုလည်း နေပြည်တော်သို့ ပြန်လွှတ်တော်မူ၏။ ကဏ္ဍကမြင်းလည်း အရှင်နှင့်ခွဲ၍ ပြန်အလာ မြစ်တစ်ဘက်သို့အရောက်တွင် အရှင်သခင်ကို တ–လွမ်းကာ ဝမ်းနည်းလွန်းလှသဖြင့် ထိုနေရာ၌ပင် သေဆုံးခဲ့ရှာလေသည်။ ဆန္နအမတ်မှ တဆင့် သတင်းစကား ကြားရသောအခါ တစ်နန်းတော်လုံး ယူကျုံးမရ ငိုကြွေးကန်ကြသည်။

## ဗိမ္ဗိသာရမင်း တွေ့ဆုံလျှောက်ထားခြင်း

ဘုရားအလောင်းတော်သည် ရဟန်းပြုပြီးသောအခါ အနော်မာမြစ်ကမ်းအနီး အနုပ္ပိယခေါ် သရက်တော၌ ခုနစ်ရက်မျှ နေတော်မူပြီးနောက် ရာဇဂြိုဟ်မြို့ဆီသို့ ကြွချီတော်မူသည်။ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံလှည့်လည်သောအခါ ချောမောသပ္ပါယ်လွန်းလှသော ဘုရားအလောင်းတော် ရဟန်းကို မြို့သူမြို့သားတို့ တအံ့တသြ ငေးမောကြည့်ရှုကြကုန်၏။ ဗိမ္ဗိသာရမင်းလည်း သတင်းအရ ကိုယ်တိုင်လိုက်လာ မေးလျှောက်ပြီး ပဏ္ဍဝတောင်ခြေ၌ ဆွမ်းကြမ်းများကို ဘုဉ်းပေးနေသော ဘုရားအလောင်းတော်အား အလွန်ကြည်ညိုလှသဖြင့် မိမိ၏ ထီးနန်းစည်းစိမ်ကိုပင် ပေးလှူကာ ငယ်ငယ်

ရွယ်ရွယ်နှင့် တောမထွက်သင့်သေးကြောင်း တောင်းပန်လေသည်။ ဘုရားအလောင်းတော်က ငြင်းပယ်သောအခါ ဘုရားအဖြစ်သို့ ရောက်လျှင် မိမိနိုင်ငံသို့ ဦးစွာ ကြွရောက်ပါရန် လျှောက်ထားလေသည်။

---

## ဒုက္ကရစရိယာ ကျင့်တော်မူခြင်း

### သိဒ္ဓတ္ထသေပြီဟု နတ်တို့ထင်ခြင်း

ထို့နောက် ဘုရားအလောင်းတော်သည် ရာဇဂြိုဟ်မှ တောင်အရပ်ရှိ တောအုပ်များဆီသို့ ဆက်လက် ထွက်ခွာတော်မူ၍ တောအုပ်တစ်ခုအတွင်း အာဠာရနှင့်ဥဒကရသေ့ကြီးတို့ထံ အသီးအသီး တပည့်ခံပြီး တရားအားထုတ်ရာ မကြာမီ လောကီဈာန်သမာပတ်တရားတို့ကို ရရှိတော်မူသည်။ ဘုရားအလောင်းတော်၏ ပညာအရည်အချင်းကို သိ၍ အသီးအသီး ဂိုဏ်းဆရာကြီး အရာကို ပေးအပ်ကြသော်လည်း လက်မခံ၊ လောကီ ဈာန်သမာပတ်သည် သဗ္ဗညုတဉာဏ်ရနိုင်သော လမ်းစဉ်မဟုတ်ဟု ဆုံးဖြတ်ကာ ဥရုဝေလ တောအုပ်သို့ ဆက်လက်သွားတော်မူသည်။

ခေါင်းခေါင်း ပါးပါး ပြင်းပြင်း ထန်ထန် ခြိုးခြံကျင့်နိုင်မှ တရားထူးရမည် ဟူသော အတွေးအခေါ်များ လွှမ်းမိုးနေသောခေတ်ဖြစ်၍ အလောင်းတော်လည်း ဥရုဝေလတော၌ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူသည်။ အစားအစာကို စားသည်ဆိုရုံသာ စားသည်၊ တစ်နေ့လုံးမှ သစ်သီးတစ်လုံးလောက်သာ သုံးဆောင်ပြီး ပြင်းပြင်း ထန်ထန် မနေမနား တရားကျင့်တော်မူသည်၊ အစားအစာ နည်းပါး၍ ရုံခါ လုံးဝမစားသည့်ပြင် အလွန်အမင်းကြိုးစားမှုကြောင့် ခန္ဓာကိုယ်အသားအရေလည်း ခြောက်ကပ်သွား၏။ ၃၂-ပါးသော လက္ခဏာများ ပျောက်ကွယ်၍ ဝါဝင်းသော အဆင်းတော်သည် ညိုမည်းသွား၏။ ဝမ်းဗိုက်သားနှင့် ကျောပြင်သည် ကပ်နေ၏။ အရိုးပေါ် အရေတင်ကာ မသေရုံတစ်မည်သာ ရှိတော့သည်။ အရိုးပြိုင်းပြိုင်း အကြောပြိုင်းပြိုင်း ထကာ ဦးခေါင်းတော်မှာ နေပူလောင်သော

ဖူးသီးနှကဲ့သို့ ရှုံ့ပိန်နေတော့သည်။ ထွက်လေ ဝင်လေ တရားအားထုတ်ရင်း စကြံကြွရာ မတ်တတ်က လဲကျ၏။ အချို့သောနတ်များက သိဒ္ဓတ္ထ သေရှာပြီ ဟုပင် ထင်ကြသည်။

ထိုသို့ ၆-နှစ်မျှကျင့်ပြီးသောအခါ ခန္ဓာကိုယ် အင်အားမရှိလျှင် တရားမရနိုင်ဟု ဆင်ခြင်တော်မူကာ ဆွမ်းခံစား၍ " မရှိမပငိုပဒါ" ခေါ် အလယ်အလတ်လမ်းစဉ်အရ တရားကျင့်တော်မူပြန်သည်။ အသားအရေ စိုပြည်ဝါဝင်း၍ အားအင်ပြည့်လာ၏၊ ၃၂-ပါးသော ယောကျ်ားမြတ် လက္ခဏာတော်များလည်း ပြန်၍ပေါ်လာတော့သည်။ ဘုရားအလောင်းတော် ဒုက္ကရစရိယာ ကျင့်တော်မူစဉ်က ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ မည်သော ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားဖြစ်လျှင် တရားဦးနာမည်ဟု မျှော်လင့်ကာ ဘုရားအလောင်းကို ပြုစုလုပ်ကျွေးနေကြသည်။ ဆွမ်းခံစား၍ မျှမျှတတ တရားအားထုတ်သောအခါ ပဉ္စဝဂ္ဂီတို့သည် အလောင်းတော်အပေါ် စိတ်ပျက်အားလျော့ကာ မိဂဒါဝုန်တောသို့ ထွက်ခွာသွားကြလေသည်။

## သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခြင်း

ဥရုဝေလတော၏ အနီး၌ "သေနာ"ခေါ်သော ရွာကြီးရှိ၏။ ထိုရွာကြီး၌ "သုဇာတာ"ခေါ်သော သူဌေးသမီးသည် တောင့်တတိုင်းပြည့်သောကြောင့် ကဆုန်လပြည့်နေ့ရောက်တိုင်း ရုက္ခစိုးနတ်မင်းအား နှစ်စဉ်သွားရောက် ပသ၏။ ယခုအကြိမ် ကဆုန်လပြည့်နေ့၌လည်း ဘုရားအလောင်းတော်သည် ညောင်ပင်အောက်၌ တောက်ပသော ကိုယ်ရောင်ဖြင့် ထိုင်နေတော်မူစဉ် သုဇာတာသည် နတ်မင်းကြီး ကိုယ်ထင်ရှားပြ၍ အပူဇော် အပသ ခံယူသည်ဟု အောက်မေ့ကာ ဃနာနို့ဆွမ်းကို ရွှေခွက်ပါ လှူဒါန်းဆက်ကပ် လိုက်လေသည်။

ဘုရားအလောင်းတော်သည် နေရဉ္စရာမြစ်၌ ရေသုံးသပ်( ရေချိုး) ပြီးနောက် နို့ဃနာဆွမ်းကို လေးဆယ့်ကိုးလုတ် ဘုဉ်းပေးတော်မူသည်။ ဆွမ်းဘုဉ်းပေးပြီးလျှင် "ယနေ့ ငါဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်စေသတည်း" ဟု အဓိဋ္ဌာန်၍ မြစ်ရေ၌ မျှောလေ၏။ ရွှေခွက်လည်း ရေညာသို့ အတောင်ရှစ်ဆယ်ခန့် ဆန်တက်ပြီးမှ နစ်မြုပ်သွား လေသည်။

## မာရ်နတ်ရန်ကို အောင်တော်မူခြင်း

ထို့နောက် နေရဉ္စရာမြစ်ကမ်းအနီး အင်ကြင်းတော၌ နေ့သန့် နေတော်မူလျက် ကာယဂတာသတိပဋ္ဌာန်တရားကို ရှုပွားတော်မူသည်။ ညနေ ချမ်းအခါ ဗောဓိညောင်ပင်ရှိရာ အရပ်သို့ ကြွတော်မူရာ လမ်းခရီး၌ မြက်ထမ်းသမား သောတ္ထိယလှူသော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့သည်။ ဘုရားအလောင်းတော်သည် အရှေ့ဘက်အရပ်မှာ ဗောဓိပင်သို့ ကပ်ဝင်၍ လကျာ်ရစ် သုံးပတ်လှည့်ပြီးလျှင် အသင့်ယူလာသော မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းတော်မူလိုက်ရာ ဆန်းကြယ်သော "အပရာဇိတ ရတနာပလ္လင်" ဖြစ်ပေါ်လာလေသည်။ ဗောဓိပင်စည်ကို ကျောပေးလျက် အရှေ့ဘက်သို့ မျက်နှာမူကာ ဗောဓိပင်ခြေရှိ ရတနာပလ္လင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသည်။

"အရေ အကြော အရိုးတို့သာ ကြွင်းကျန်၍ အသားအသွေးတွေ ခြောက်ခန်းသွားပါစေ။ ဘုရားမဖြစ်သမျှ ဤတင်ပလ္လင်ခွေကို ငါမဖျက်တော့အံ့"ဟု အပြင်းအထန် အဓိဋ္ဌာန်၍ ထိုင်နေတော်မူကာ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ စတုတ္ထဈာန်ဝင်စားလျက် နေတော်မူသည်။

ဘုရားအလောင်းတော် ထိုသို့ ခိုင်မာသော အဓိဋ္ဌာန်ဖြင့် ထိုင်နေပုံကို မြင်ရပြီး ယနေ့ပင် ဘုရားဧကန်ဖြစ်တော့မည်ကို သိသော မာရ်နတ်သည် ဂိရိမေခလာ ဆင်ပြောင်ကြီးကို တက်စီးကာ စစ်သည်အင်အား များပြားစွာ လက်နက်အမျိုးမျိုး ကိုင်စွဲလျက် နတ်စစ်သည်အပေါင်း ဦးဆောင်လာရောက် တိုက်ခိုက်နှောင့်ယှက်လေသည်၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ လက်နက်မိုး၊ ပြာပူမိုး ရွာချခြင်း စသည်ဖြင့် ကမ္ဘာပျက်သည့်အလား မနားမရပ် တရစပ် ထိုးနှက် တိုက်ခိုက်သော်လည်း ဘုရားအလောင်းတော်သည် လေးအသချေ်နှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့သော ပါရမီတော်စွမ်းအားဖြင့် မာရ်နတ်ရန်ကို ခုခံအနိုင်ယူခဲ့လေသည်။ နေမဝင်မီမှာပင် နှောင့်ယှက်လာသော မာရ်နတ်ရန်ကို အောင်မြင်စွာ တွန်းလှန်တော်မူခဲ့လေသည်။

## ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ဘုရားအလောင်းတော်သည် ထွက်လေ ဝင်လေခေါ် အာနာပါန စတုတ္ထဈာန်ကို ဝင်စား၍ ဝိပဿနာတရား ဆက်လက် ရှုပွားတော်မူရာ ညဥ့်ဦးယံအချိန်၌ မိမိသူတပါးတို့၏ ရှေးဘဝများစွာကို မြင်နိုင်စွမ်းသော "ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်"ကို ရတော်မူသည်။ သန်းခေါင်ယံခေါ် ညဥ့်လယ်ယံ၌ အကြီး အသေး၊ နီး ဝေး မဟူ နတ်မျက်စိပမာ ထိုးဖောက် မြင်တော်မူနိုင်စွမ်းသော "ဒိဗ္ဗစက္ခု ဉာဏ်တော်"ကို ရတော်မူလေသည်။ မိုးသောက်ယံခေါ် အရုဏ်တက်ချိန်၌ သစ္စာလေးအင် သိမြင်တော်မူကာ ကိလေသာအလုံးစုံ ကုန်ခန်းသည့် "အာသဝက္ခယဉာဏ်" ခေါ် "အရဟတ္တ မဂ်ဉာဏ်တော်"ကို ရတော်မူလေသည်။

ထိုသို့ အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသည်နှင့် တပြိုင်နက်ပင်လျှင် "သဗ္ဗညုတဉာဏ်"ခေါ် အလုံးစုံကို အကုန်သိမြင်သော ဉာဏ်တော်မြတ်ကိုလည်း ရပြီးဖြစ်လေတော့၏။ သက်ရွယ်တော်အားဖြင့် ၃၅–နှစ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ ထိုဘုရားဖြစ်တော်မူသော နေ့ကား မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဖြစ်လေသည်။ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ရှိခိုးဦးခိုက်ပူဇော်ခြင်းကို ခံယူတော်မူထိုက်သော အတုအတူမရှိ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မူသော အခါ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ဝမ်းသာရွှင်ပျ ပူဇော်ကြကုန်၏။ ကမ္ဘာမြေကြီးသည်လည်း ပြင်းစွာမည်ဟည်းလျက် လှုပ်ကြီးစွာလှုပ်လေ၏။ ထက်ကောင်းကင်၌လည်း လျှပ်စစ်မိုးကြိုး ထစ်ကြိုး ရိုက်ချုန်း၍ ကုန်းကြည်းတောင်တော တစ်လောကလုံး ရှိရှိသမျှ သစ်ပင် အားလုံးတို့လည်း ညွတ်ရုံးဦးခိုက်သည့်ပမာ အခါမဲ့ ဖူးပွင့်လာကြလေကုန်၏။

## သဗ္ဗညုတဉာဏ်တော်၏ စွမ်းရည်သုံးမျိုး

ဘုရားရှင်သည် ပါရမီတော်ဆယ်ပါး၊ စရိယာသုံးပါး၊ စွန့်ခြင်းကြီး ငါးပါးတို့ကို ဖြည့်ကျင့်ခဲ့သဖြင့် နောက်ဆုံးဘဝဝယ် သဗ္ဗညုတဉာဏ်တော် မြတ်ကြီးကို ရရှိတော်မူခဲ့သည်။ ထိုသဗ္ဗညုတဉာဏ်တော်ဖြင့် သိရမည့်အရာ အားလုံးကို အကြွင်းအကျန်မရှိ အလုံးစုံ အကုန်သိမြင်တော်မူသည်။ မသိသည့် အကြောင်းအရာဟူ၍ မရှိပေ။

သိစရာ အကြောင်းအရာအားလုံးထဲက အကြောင်းအရာတစ်ခုစီ၊ အဖြစ်အပျက်တစ်ခုစီကို သိတော်မူရာ၌လည်း အစ အလယ် အဆုံး သိမ်းကျုံးကုန်စင် အကြွင်းမရှိ သိမြင်တော်မူသည်။ ထို့ကြောင့် သဗ္ဗညုတဉာဏ်တော်၏ စွမ်းရည်သုံးပါးအနေဖြင့် -

(၁) ဟောကြားရမည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ အကြွင်းမရှိ အားလုံး သိမြင်တော်မူသည်။

(၂) တရားနာယူမည့် ပုဂ္ဂိုလ်၏ သဘာဝ အခြေအနေမှန်ကိုလည်း အကြွင်းမရှိ အားလုံး သိမြင်တော်မူသည်။

(၃) ဟောပုံဟောနည်းနှင့် စပ်၍လည်း အကြွင်းမရှိ အားလုံး သိမြင်တော်မူသည်။

## ဘုရားအမည်ခံ တိတ္ထိဆရာကြီး ၆-ဦး

ဤသို့လျှင် မြတ်စွာဘုရားသည် တလောကလုံးတွင် အတု အတူမရှိသော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအဖြစ် ဖြစ်ထွန်းပွင့်ပေါ်တော်မူသည်။ ထိုသို့လောက၌ ဘုရားစစ်ဘုရားမှန် ပွင့်ပေါ်မည်ကို အနှစ်တစ်ထောင်ကပင် ကြိုတင်၍ ကောလာဟလဖြစ်နှင့်သည်။

“ဤသူကား ဘုရား”ဟု သိရန် မဟာပုရိသလက္ခဏာကျမ်းစသော အတတ်ပညာများလည်း ဖြစ်ပေါ်နေနှင့်သည်။ ထိုအခါ လူအများသည် အလွန်ထူးခြား မြင့်မြတ်လှသော“ဘုရား” ဟူသော ပုဂ္ဂိုလ်ကို သိလို မြင်လို လာကြသည်။ ထိုကောလာဟလအရ“အစစ်တစ်ခု၊ အတုတစ်ထောင်”ဟူသော စကားနှင့်အညီ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင် အစစ် မဖြစ်ပေါ်မီ မိမိကိုယ်ကို ဘုရားဟု ဝန်ခံသူ အောက်ပါတိတ္ထိဆရာကြီး ခြောက်ဦးတို့သည် ပေါ်ထွန်းနေခဲ့ကြသည် -

ထိုတိတ္ထိဆရာကြီး ခြောက်ဦးတို့မှာ -

(၁) ပူရဏကဿပ၊

(၂) မက္ခလိဂေါသာလ၊

(၃) အဇိတကေသကမ္ဗလ၊

(၄) ပကုဓကစ္စာယန၊
(၅) သဉ္စယဗေလဋ္ဌပုတ္တ၊
(၆) နိဂဏ္ဌနာဋပုတ္တ -

တို့ဖြစ်ကြသည်။

စင်စစ် ထိုဘုရားအမည်ခံ ပုဂ္ဂိုလ်တို့သည် အစစ်မပေါ်မီ ဖြစ်ပေါ်နိုင်သော အတုများသာဖြစ်၍ စဉ်းစားဉာဏ်ရှိသော လူတို့သည် ထိုဘုရားဆိုသော ဆရာကြီးများကို ဘုရားအဖြစ် လက်မခံခဲ့ကြပေ။ သို့ရာတွင် ပညာမဲ့သော လူများစုကား ဘုရားစစ် ဘုရားမှန်အဖြစ် ကိုးကွယ်ဆည်းကပ်ကာ ထိုဆရာကြီး များ၏ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိခေါ် "လူထောင်မြှုံးကြီး" ၌ပင် တိုးဝင် ဖမ်းမိလေကြကုန်တော့သည်။

**သတ္တသတ္တာဟ စံနေတော်မူခြင်း**

၁။ ဘုရားအဖြစ်သို့ရောက်တော်မူပြီးသောအခါ ထိုဗောဓိပင်အောက် ရွှေပလ္လင်ထက်ဝယ် ၇-ရက်ကြာအောင် ဖလသမာပတ်ဝင်စားတော်မူကာ ထိုင်နေတော်မူသည်။ (ထို ၇-ရက်ကို ပလ္လင်္ကသတ္တာဟ ဟု ခေါ်သည်။)

၂။ ထိုပလ္လင်မှ ထတော်မူကာ ဗောဓိပင်၏အရှေ့မြောက်ဘက် ၄၈-တောင် ဝေးကွာသောအရပ်၌ ရပ်တော်မူလျက် ကိလေသာအောင်ပွဲခံရာ ဗောဓိပင်နှင့်ရွှေပလ္လင်ကို ၇-ရက်တိတိ မမှိတ်သောမျက်စိဖြင့် ကြည့်ရှုတော်မူသည်။(ထို ၇-ရက်ကို အနိမိသသတ္တာဟ ဟု ခေါ်သည်)။

၃။ ထို့နောက် ထိုရပ်တော်မူရာနှင့် ဗောဓိပင်အကြား အရှေ့အနောက် အတောင် ၆၀-ရှည်လျားသော ရတနာစင်္ကြံ လမ်းဝယ် ၇-ရက်လုံးလုံးစင်္ကြံ ကြွလျက် နေတော်မူသည်။ (ထို ၇-ရက်ကို စင်္ကမသတ္တာဟ ဟု ခေါ်သည်)။

၄။ ထို့နောက် ဗောဓိပင်၏ အနောက်မြောက် အတောင် ၄၀-ကွာ အရပ်သို့ ကြွတော်မူကာ နတ်တို့ဖန်ဆင်းထားသော ရတနာဃရ ရတနာစံကျောင်းတော်၌ ၇-ရက်တိုင် စံနေတော်မူကာ အလွန်လေးနက်သော အဘိဓမ္မာတရားတော်များကို ဆင်ခြင်တော်မူသည်။ အဘိဓမ္မာအဆုံးဖြစ်သော မဟာပဋ္ဌာန်းတရားတော်ကြီးကို ဆင်ခြင်တော်မူသောအခါ စိတ်တော် အထူးကြည်လင်သဖြင့် အသွေးအသားတော်တို့လည်း ကြည်လင်လာကာ

ကိုယ်တော်အစိတ်စိတ်မှ တဖိတ်ဖိတ် တလက်လက်ထွက်သော ရောင်ခြည်တော် ခြောက်ဖြာတို့သည် စကြဝဠာ အဆုံးတိုင် တဖြိုင်ဖြိုင် ကွန့်မြူးတော်မူကြလေသည်။ (ထို ၇-ရက်ကို ရတနာဃရသတ္တာဟ ဟု ခေါ်သည်။)

၅။ ထို့နောက် ဗောဓိပင်၏ အရှေ့ဘက် ၁၂၈-တောင် ဝေးကွာသော အဇပါလခေါ်သော ဆိတ်ကျောင်းသမားတို့ နားနေရာ ညောင်ပင်သို့ ကြွတော်မူလျက် ၇-ရက်ကြာ ဖလသမာပတ်ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသည်။ ထိုအတွင်း စစ်ရှုံး၍ လက်မှိုင်ချနေသော မာရ်နတ်မင်း၏ သမီးသုံးယောက်တို့သည် ဖခင်ကိုသနားလှ၍ ဘုရားရှင်အား ဆက်လက် ဖြားယောင်းရန်လာကြသည်ကို ဆုံးမတော်မူသည်။ (ထို ၇-ရက်ကို အဇပါလ သတ္တာဟ ဟု ခေါ်သည်)

၆။ ထို့နောက် ဗောဓိပင်၏အရှေ့တောင်ဘက် အတောင် ၂၀၀-ကွာ အရပ်၌ မုစလိန္ဒခေါ် ကျည်းပင်ရှိ၏၊ ထိုကျည်းပင်အနီးရှိ ရေအိုင်ကိုလည်း မုစလိန္ဒာအိုင် ဟု ခေါ်သည်၊ ထိုကျည်းပင်အောက်သို့ကြွ၍ ၇-ရက်ကြာ ဖလသမာပတ် ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသည်။ ထိုအခါ ၇-ရက်ဆွေသော မိုးကြီးရွာသွန်းသဖြင့် လွန်စွာချမ်းအေး၏၊ ထိုရေအိုင်၌ အုပ်စိုးသော နဂါးမင်းသည် မြတ်စွာဘုရား အအေးဒဏ် မခံစားရစေရန် တပိုင်းတစ်ခွေကို ပလ္လင်ပြုလျက် ကျန်ခုနစ်ခွေတို့ဖြင့် ဘုရားရှင်ကို ရစ်ပတ်ကာ ဦးထိပ်၌ ပါးပျဉ်းဖြင့် အုပ်မိုးထားလေသည်။ (ထိုခုနစ်ရက်ကို မုစလိန္ဒ သတ္တာဟ ဟုခေါ်သည်။)

၇။ ထို့နောက် မြတ်စွာဘုရားသည် ဗောဓိပင်နှင့် အတောင် ၁၆၀- အကွာ ရာဇာယတနမည်သော လင်းလွန်းပင်အောက်သို့ ကြွရောက်တော်မူပြီး ၇-ရက်ပတ်လုံး ဖလသမာပတ် ဝင်စားကာ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသည်။( ထို ၇-ရက်ကို ရာဇာယတနသတ္တာဟ ဟုခေါ်သည်။)

## တပုဿ ဘလ္လိက ညီနောင် မုန့်ဆွမ်းဦး လှူရခြင်း

၇-ရက် ပြည့်သောအခါ သိကြားမင်းဆက်ကပ်သော သျှိသျှားသီးကို ဘုဉ်းပေးတော်မူ၍ ဝမ်းသက်စေတော်မူသည်၊ သိကြားမင်း ကပ်လှူသော နွယ်ချိုး တံပူကို ဝါး၍ အနဝတတ် ရေစင်ဖြင့် မျက်နှာသစ်တော်မူသည်၊ ထို ၇-ရက် ၇-လီ၊ ၄၉-ရက်အတွင်း မည်သည့်အာဟာရကိုမျှ ဘုဉ်းပေးတော်မမူ၊ မျက်နှာတော်သစ်ခြင်း စသော ကိုယ်လက်သုတ်သင်ပေးရခြင်းလည်းမရှိ၊ အလိုလို သန့်စင်၏။ နိဗ္ဗာန်ချမ်းသာကို ခံစားကာ အေးမြကြည်လင်တော်မူလျက်ရှိသည်။

သုဇာတာ၏ ဃနာနို့ဆွမ်း ၄၉-ရက်လုံးလုံး ဘုရားရှင်သန္တာန်တော် တစ်ခုလုံး ဩဇာပျံ့နှံ့လျက်ရှိလေသည်။

ထိုသို့ လင်းလွန်းပင်အောက်၌ သီတင်းသုံးတော်မူစဉ် ဥက္ကလာတိုင်း ပေါက္ခရဝတီမြို့သား တပုဿနှင့် ဘလ္လိက မည်သော လှည်းကုန်သည် ညီနောင် နှစ်ယောက်တို့သည် လှည်းငါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားကြလေရာ ဆွေမျိုးတော်စပ်ဖူးသော နတ်၏ ညွှန်ပြချက်အရ ဘုရားရှင်ကို ဖူးတွေ့ရန် ရောက်လာကြလေသည်။

ကုန်သည်ညီနောင်တို့သည် ဘုရားရှင်ကို သကြား၊ ထောပတ်၊ ပျားရည်တို့ ပေါင်းစပ်၍ မုန့်မှုန့်နှင့် ဆုပ်ထားသော မုန့်ဆုပ်ကို ကပ်လှူလေသည်။ ဘုရားရှင်သည် ထိုအာဟာရကို ဘုဉ်းပေးတော်မူပြီးသောအခါ တရားဟောတော်မူ၏။ ကုန်သည်ညီနောင်တို့သည် ဘုရားနှင့်တရား သရဏဂုံ နှစ်ပါးကို ပဌမဆုံး ကိုးကွယ် ဆည်းကပ်ရသော ဥပါသကာများ ဖြစ်ကြလေသည်။ (ထို သရဏဂုံကို ဒွေဝါစိက သရဏဂုံဟု ခေါ်၏၊) ထို့နောက် အမြဲကိုးကွယ်ဖို့ ချီးမြှင့်ပါရန် လျှောက်ကြလေရာ မြတ်စွာဘုရားသည် လကျ်ာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍ ပါလာသော ဆံတော်များကို ချီးမြှင့်တော်မူလိုက်လေသည်။ ထိုညီနောင်နှစ်ယောက်တို့သည်လည်း ဥက္ကလာတိုင်းသို့ ပြန်ရောက်ကြသောအခါ သိင်္ဂုတ္တရကုန်းတော်၌ တိကုမ္ဘ မည်သော စေတီတည်၍ ဆံတော်များကို ဌာပနာကြလေသည်။ ထိုစေတီကား ယခုအခါ မြန်မာနိုင်ငံရှိ ရွှေတိဂုံစေတီတော်မြတ်ပင် ဖြစ်သည်ဟု အစဉ်အလာအရ သတ်မှတ်ယုံကြည်လေသည်။

## တရားဟောရန် သဟမ္ပတိဗြဟ္မာကြီး တောင်းပန်ခြင်း

သတ္တသတ္တာဟ စံနေတော်မူပြီးနောက် မြတ်စွာဘုရားသည် ရာဇာယတနမှ အဇပါလညောင်ပင်သို့ ပြန်လည် ကြွတော်မူပြီး မိမိ ရရှိသိမြင်ခဲ့သော တရားတော်ကို ဆင်ခြင်၍ ကြံစည် စဉ်းစားတော်မူသည်မှာ - "မိမိကိုယ်တော်အတွက်မူ ဗောဓိပင်ရင်းမှာပင် သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိပြီး၍ ပြုဖွယ်ကိစ္စအားလုံး ပြီးဆုံး ပြည့်စုံပြီဖြစ်သည်။ သို့သော်လည်း သုမေဓာဘဝမှ စတင်ကြိုးဝါးခဲ့သော -

| | | | |
|---|---|---|---|
| | ဗုဒ္ဓေါ ဗောဓေယျံ | = | ငါ သိသလို သတ္တဝါတို့ကိုလည်း သိစေမည်။ |
| – | မုတ္တော မောစေယျံ | = | ငါ လွတ်သလို သတ္တဝါတို့ကိုလည်း လွတ်စေမည်။ |
| – | တိဏ္ဏော တာရေယျံ | = | သံသရာမှ ငါ ကူးမြောက်သလို သတ္တဝါတို့ကိုလည်း ကူးမြောက်စေမည် – |

ဟူသော ကြွေးဝါးချက်အရ ငါ သိသည့်အတိုင်း ဝေနေယျသတ္တဝါတို့အား တရားဟောပြတော်မူရန် အချိန်တန်ပြီ။

သို့သော် ငါသိသော တရားကား ခက်လည်း ခက်ခဲ၏။ နက်လည်း နက်နဲ၏။ အလွန်တရာ သိမ်မွေ့၏။ သိနိုင် မြင်နိုင်ခဲ၏။ ဤကမ္ဘာလောက အတွင်းရှိ ဝေနေယျသတ္တဝါတို့ကား လောဘ, ဒေါသ, မောဟ ဖုံးကာ ငါ့တရားကို နားလည်ကြမည်မဟုတ်၊ တရားဟောလျှင် ငါသာလျှင် ပင်ပန်းရုံ ရှိတော့မည်”ဟု အောက်မေ့ကာ တရားမဟောဘဲ အေးချမ်းစွာ နေရန် အကြံဖြစ်တော်မူလေသည်။

ထိုအခါ သဟမ္ပတိမည်သော ဗြဟ္မာကြီးသည် မြတ်စွာဘုရား အကြံတော်ကို သိ၍ နတ်ဗြဟ္မာတို့နှင့်အတူ လာပြီးလျှင် တရားဟောတော်မူပါရန် တောင်းပန်လျှောက်ထားသည်။

တရားဟောရန် တောင်းပန်ရခြင်းသည် ဘုရားရှင်တို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာလည်းဖြစ်၏။ တောင်းပန်၍ ဟောရခြင်းသည် တရားတော်လည်း ဂုဏ်တက်သည်။ အထူးသဖြင့် ထိုခေတ်အခါက တစ်လောကလုံးက ဘုရားအဖြစ် ကိုးကွယ်နေကြသော ဗြဟ္မာကြီး ကိုယ်တိုင် ဦးညွှတ်တောင်းပန် ရသည်ဖြစ်၍ ဘုရားရှင်တရားသည် သာ၍ပင် လေးစားဘွယ်ဖြစ်လေသည်။

## လောကီဆရာကြီးနှစ်ဦး ကွယ်လွန်သွားခြင်း

စင်စစ် မြတ်စွာဘုရားကိုယ်တော်တိုင်ပင် လောကကြီးတစ်ခုလုံး မောဟ တည်းဟူသော အမိုက်မှောင်ဖုံးနေသော်လည်း တရားဟောလျှင် သိနိုင်

လောက်သော အသိဉာဏ်ပါရမီရှိသူများ ရှိနေသေးကြောင်း၊ ဟောမည့်သူမရှိက ထိုအသိဉာဏ် ပါရမီရှိသူများ မဂ် ဖိုလ် နိဗ္ဗာန်မှ ဆုံးရှုံးကြရရှာတော့မည့် အကြောင်း သိမြင်တော်မူပြီးပင်ဖြစ်သည်။

တရားဟောရန် ဆုံးဖြတ်ဝန်ခံတော်မူပြီးနောက် မိမိကိုယ်တော်မြတ်အပေါ် ကျေးဇူးပြုဖူးသည့်အပြင် ဟောလျှင် သိနိုင်သူများအား တရားဦးဖြင့် ကျေးဇူးတုံ့ ဆပ်ရန် အကြံဖြစ်တော်မူသည်။ ထိုအကြံအရ ဘုရားမဖြစ်မီ အလောင်းတော် ဘဝက မိမိအား လောကီစျာန်အဘိညာဉ်ရအောင် ကျေးဇူးပြုခဲ့ပေဖူးသော လောကီဆရာ အာဠာရရသေ့ကြီးနှင့် ဥဒကရသေ့ကြီးတို့ အဘယ်အရပ်၌ ရှိနေကြသည်ကို ဆင်ခြင်ကြည့်ရှုတော်မူသည်။ အာဠာရဆရာကြီး ကွယ်လွန် သည်မှာ ၇-ရက်မျှသာ ရှိသေး၍ ဥဒကဆရာကြီးကား ယမန်နေ့ည သန်းခေါင်ယံ ကလေးကမှ ကွယ်လွန်သွားသည်။ ဘဝလွတ်မြောက်မှုကို မရရှိသာမက သူတပါးဟော၍ပင် မနာကြားနိုင်သော ရုပ်ကိုယ်ခန္ဓာမရှိသည့် အရူပ ဗြဟ္မာဘုံ၌ ဖြစ်နေကြကြောင်း မြင်တော်မူရာ -

"ဆုံးရှုံးခြင်းကြီး ဆုံးရှုံးကာ နစ်နာကြရှာလေစွ၊ ငါ့တရားကို နာရသော် လွတ်မြောက်ကြလေရာ၏" ဟု ရင်သပ်တော်မူလေ၏။

## ဓမ္မစကြာတရားဦး ဟောတော်မူခြင်း

ထို့နောက် ကျေးဇူးလည်းရှိ၍ ဟောလျှင် သိနိုင်သောသူများအား ဆက်လက် ဆင်ခြင်တော်မူရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ထွက်ခွာ သွားကြသော ပဥ္စဝဂ္ဂီ ၅-ဦးတို့ကို မြင်တော်မူ၍ မဟာဗောဓိပင်မှ ၁၈-ယူဇနာ (၁၄၄-မိုင်ခန့်) ဝေးသော မိဂဒါဝုန်သို့ ခြေလျင်ကြွတော်မူသည်။

မြတ်စွာဘုရားရှင်သည် သားသမင်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီ ၅-ဦးတို့အား ရှောင်ကြဉ်ရန် ဝဲယာအစွန်းလွန် လမ်းစဉ်နှစ်မျိုး၊ လိုက်နာကျင့်ကြံရန် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ခေါ် မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော "ဓမ္မစက္កပဝတ္တနသုတ္တန်" (ဓမ္မစကြာ) တရားကို ဟောကြားတော်မူရာ အရှင်ကောဏ္ဍညထေရ်သည်

နတ်ဗြဟ္မာ ၁၈-ကုဋေတို့နှင့်အတူ သောတာပန် တည်တော်မူလေသည်။ တရားဒေသနာအပြီးတွင် မဟာပထဝီမြေကြီးလည်း မြည်ဟည်း တုန်လှုပ်သွားသည်။

ဓမ္မစကြာတရားဦးဟောရာ ထိုနေ့ကား မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ နေလည်းဝင်စ၊ လလည်းထွက်ပြူချိန်ဖြစ်သော ဝါဆိုလပြည့် စနေနေ့ ညနေချမ်း ဖြစ်သည်။ နေလနက္ခတ်တာရာနှင့် ပျားပန်းခတ်မျှ တရားနာလာကြသွားကြသော နတ်ဗြဟ္မာတို့၏ အရောင်အဝါများ၊ တစ်လောကလုံးအခါမဲ့ပွင့်သော ပန်းများကြောင့် ထူးခြားသော နေ့ကြီးတစ်နေ့လည်း ဖြစ်တော့သည်။

လပြည့်ကျော် ၁-ရက်နေ့မှစ၍ ၄-ရက်တိုင်တိုင် ဓမ္မစကြာတရားတော်အတိုင်း ကျင့်ကြံအားထုတ်စေတော်မူရာ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ လေးဦးတို့လည်း တစ်ရက်ပြီး တစ်ရက် တစ်ပါးပြီးတစ်ပါး သောတာပန် တည်ကြလေ၏။ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့တွင်– "အနတ္တလက္ခဏာ သုတ္တန်"ကို ဟောတော်မူရာ ပဥ္စဝဂ္ဂီငါးပါးလုံး ရဟန္တာဖြစ်တော်မူကြလေသည်။

ထိုအခါမှစ၍ ကမ္ဘာလောကကြီးအတွင်း "သံဃရတနာ"ဟူ၍ ပေါ်ထွန်းလာလေသည်။

## ဗာရာဏသီသူဌေးသား ယသနှင့် ၅၅-ဦး ရဟန်းပြုခြင်း

ထို့နောက် မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့နှင့်အတူ မိဂဒါဝုန်တော၌ ဝါကပ်တော်မူသည်။ ထိုအခါ ဗာရာဏသီသူဌေးနှင့် သူဌေးကတော် သုဇာတာတို့၏သား ယသ သတို့သားသည် ချမ်းသာစွာဖြင့် စည်းစိမ်ခံကာ နေထိုင်စဉ် တစ်နေ့သောအခါ ယသသတို့သားသည် ကာမဂုဏ်တို့ကို ရွံရှာစက်ဆုပ်ပြီး နံနက်မိုးမလင်းမီ မိဂဒါဝုန်ဘက်သို့ အိမ်မှထွက်ပြေးလာသည်။ မြတ်စွာဘုရားနှင့် တွေ့သောအခါ တရားဟောတော်မူသဖြင့် သောတာပန် တည်သွားသည်၊ သားပျောက် လိုက်ရှာသော ဖခင်သူဌေးကြီးအား တရားဟောပြန်ရာ ဖခင်လည်း သောတာပန်တည်၍ ဖခင်အားဟောသောတရားကို ထပ်မံနာကြားရသော ယသ-သတို့သားမှာ ရဟန္တာဖြစ်သွားသည်။ နောက်တစ်နေ့ မြတ်စွာဘုရားနှင့် ယသထေရ်တို့ မိခင် ဖခင်တို့ အိမ်သို့ ဆွမ်းစားကြွကြပြီး တရားဟောတော်မူရာ မိခင်နှင့်လူ့ဘဝက ယသ၏ဇနီးတို့

သောတာပန်တည်ကြလေသည်။ ထိုဗာရာဏသီသူဌေးကြီး ဇနီးမောင်နှံနှင့် ယသထေရ်၏ဇနီးဟောင်းတို့သည် လောက၌ ပထမဆုံး (တေဝါစိက) သရဏဂုံသုံးပါး ဆောက်တည်ရသူတို့ ဖြစ်ကြသည်။

ယသ-သူဌေးသား ရဟန်းပြုသွားသည်ဟူသော သတင်းကို ကြားရသဖြင့် "ယသလို ပုဂ္ဂိုလ်မျိုး ဝင်ရောက်သော သာသနာတော်သည် အမှန်တကယ် မြင့်မြတ် ကောင်းမွန်၍သာ ဖြစ်ရမည်"ဟု ဆုံးဖြတ်ကြကာ ယသထေရ်၏ သူငယ်ချင်းငါးကျိပ်လေး(၅၄)ဦးတို့ ရှေ့ဆင့် နောက်ဆင့် ရဟန်းဘောင်သို့ ဝင်ရောက်လာကြသည်။

## သာသနာပြု စေလွှတ်တော်မူခြင်း

ထိုအခါမှစ၍ ဤကမ္ဘာလောကကြီးအတွင်း မြတ်စွာဘုရားနှင့်တကွ ကိလေသာ အာသဝေါ ကုန်ခန်းသော ရဟန္တာခြောက်ကျိပ်တစ်ပါး ထင်ရှားဖြစ်ပေါ်တော်မူကြ၏။ ပဉ္စဝဂ္ဂီ ၅-ပါး၊ ယသ အမှူးရှိသော ၅၅-ပါးတို့ကား "ဧဟိ ဘိက္ခု" ရဟန်းများ ဖြစ်ကြကုန်၏။ "ချစ်သား လာလော့"ဟု ခေါ်ရုံမျှဖြင့် လူ့အသွင် ပျောက်ကာ ရဟန်းအသွင်ရောက်လာသူများဖြစ်သည်။

ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ပဌမဝါကပ်တော်မူပြီး ဝါကျွတ်သောအခါ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတော်ခြောက်ကျိပ်တို့ကို ခေါ်တော်မူ၍ သတ္တဝါများ စီးပွားချမ်းသာ များစေရန်အလို့ငှာ အစ အလယ် အဆုံး ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသော တရားကို ဟောကြား၍ မဇ္ဈိမပဋိပဒါ မဂ္ဂင်ကျင့်စဉ်များကို ပြသပေးရန် သာသနာပြု စေလွှတ်တော်မူသည်။ ခရီးတစ်ကြောင်းတွင် နှစ်ပါးပေါင်း၍ မသွားရန်လည်း မှာကြားတော်မူသည်။

ထိုသို့ သာသနာပြု စေလွှတ်ပြီးနောက် ကိုယ်တော်တိုင်လည်း ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ အမည်ရသော ကဿပညီနောင်သုံးဦးတို့ ဦးဆောင်သော ရသေ့တစ်ထောင်ကို ကယ်ချွတ်တော်မူရန် ဥရုဝေလတောအရပ်သို့ ကြွတော်မူ၏။

မြတ်စွာဘုရားသည် တပည့်ရဟန်းတော်များနှင့် ခွဲခွာ၍ ဥရုဝေလ တောသို့အကြွ၊ လမ်းခရီးအကြားရှိ တောအုပ်တစ်ခုအတွင်း သစ်ပင်ရင်း၌ နေတော်မူစဉ် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့သည် ပျော်ပါးရန် ခေါ်လာခဲ့သော

အမျိုးသမီးတစ်ဦးက လက်ဝတ်တန်ဆာများ ယူငင်ထွက်ပြေး၍ ထိုအမျိုးသမီးကို လိုက်လံ ရှာဖွေရင်း ဘုရားရှင်ထံရောက်လာကြသည်။

ထိုအခါ ဘုရားရှင်က "သူတပါးကို ရှာဖွေခြင်းထက် မိမိကိုယ်ကို တွေ့မြင်အောင် ရှာခြင်းက ပို၍ အကျိုးရှိကြောင်း" ဟောတော်မူရာ မင်းသားအားလုံး သောတာပန်စသည်တည်၍ ဧဟိ ဘိက္ခု ရဟန်းများ ဖြစ်တော်မူကြသည်။

## ရသေ့တစ်ထောင်တို့အား တန်ခိုးဖြင့် ချေချွတ်ခြင်း

ထိုမှတစ်ဆင့် ရသေ့တစ်ထောင်တို့နေထိုင်ရာ ဥရုဝေလတောအုပ်သို့ ခရီးဒေသစာရီ ဆက်လက် ကြွချီတော်မူ၏။

ထိုရသေ့တို့နေရာရှိ မီးတင်းကုပ်၌နေသော နဂါးမင်းအား တန်ခိုးအမျိုးမျိုးဖြင့် နှိမ်နင်း၍ ဆုံးမတော်မူပြီး သပိတ်အတွင်း၌ ထည့်သွင်းပြတော်မူသည်။ သိကြား နတ် ဗြဟ္မာတို့ အကြိမ်ကြိမ်လာ၍ ဘုရားရှင်အားပူဇော်ကြသည်ကိုလည်း ဥရုဝေလကဿပရသေ့ကြီး တွေ့မြင်ရ၏။

"ဂေါတမသည် တန်ခိုးတော့ ကြီးပါ၏။ ငါကဲ့သို့ ရဟန္တာကားမဖြစ်ရာသေး"ဟုပင် ထင်နေရာ နောက်ဆုံး ၁၅၀၆-မျိုးသော တန်ခိုးများကိုပြသဆုံးမတော်မူမှ ကြည်ညိုလေးစားပြီး ရသေ့အားလုံး ရဟန်းပြုကြလေသည်။

ထို့နောက် ရဟန်းတော်တစ်ထောင်တို့နှင့်အတူ ဂယာသီသသို့ ကြွတော်မူ၍ တစ်ကမ္ဘာလုံး၊ တစ်လောကလုံး တစ်ကိုယ်လုံး အမြဲမီးလောင်ခံနေရပုံ အာဒိတ္တပရိယာယသုတ္တန်တရားတော်ကို ဟောပြတော်မူရာ အားလုံးရဟန္တာဖြစ်ကြလေသည်။

# ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခြင်း

## ဗိမ္ဗိသာရမင်း၏ ချင်ခြင်း ငါးမျိုး

ဘုရားအလောင်းတော် တောထွက်စက ဗိမ္ဗိသာရမင်းအားပေးထားခဲ့သော ကတိအရ ဘုရားရှင်သည် ကဿပညီနောင်တို့ ဦးဆောင်သော ရဟန်းတစ်ထောင်တို့နှင့်အတူ ပြာသိုလပြည့်နေ့လောက်တွင် ရာဇဂြိုဟ်မြို့သို့

ကြွတော်မူရာ ရာဇဂြိုဟ်မြို့အနီး ထန်းပင်ပျိုဥယျာဉ်ကြီးသို့အရောက် မင်းနှင့်ပြည်သူ တစ်သိန်းနှစ်သောင်းတို့ ခမ်းခမ်းနားနား သောင်းသောင်းဖြဖြ ကြိုဆို ဖူးမြော်လာကြလေသည်။

ထို၌ ဘုရားရှင်သည် "မဟာနာရဒကဿပဇာတ်တော်ကြီး"ကို ဟောတော်မူရာ ဗိမ္ဗိသာရမင်းကြီးနှင့် လူတစ်သိန်းတစ်သောင်းတို့ သောတာပန်တည်ကြ၍ လူတစ်သောင်းတို့ သရဏဂုံတည်ကြလေသည်။

သောတာပန်ဖြစ်ပြီးသော ဗိမ္ဗိသာရမင်းကြီးသည် အလွန်နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်လျက်–

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား– ဘုရားတပည့်တော် မင်းသားဘဝ က တောင့်တခဲ့သော ချင်ခြင်းငါးပါးလုံး ယခုအခါ ပြည့်စုံပြီဖြစ်၍ အတိုင်းမသိ ဝမ်းမြောက်ပါသည်ဘုရား"ဟု လျှောက်ထားလေသည်။

မင်းပျို မင်းလွင်ဘဝ က ဗိမ္ဗိသာရမင်းကြီး တောင့်တခဲ့သော ချင်ခြင်းငါးမျိုးကား–

(၁) မင်းအဖြစ်ကို ရလိုခြင်း မဟုတ်ပါ– မင်းကေရာဇ်ဖြစ်ရမူ ကောင်းလေစွာ၊
(၂) မင်းကေရာဇ်ဖြစ်သောအခါ ဘုရားရှင် ကြွရောက်လာပါမူ ကောင်းလေစွာ၊
(၃) ကြွရောက်တော်မူသောအခါ ရိုသေ လေးမြတ် ဆည်းကပ် ပူဇော်ရမူ ကောင်းလေစွာ၊
(၄) ဝဋ်ဒုက္ခမှ လွတ်ကြောင်း တရားကောင်း တရားမှန်ကို ဟောကြားတော်မူပါမူ ကောင်းလေစွာ၊
(၅) ဟောကြားသည့်အတိုင်း သိမြင်၍ မိစ္ဆာလွတ်ကင်း အသိမှန် အမြင်မှန်ရှင်းသူဖြစ်ရမူ ကောင်းလေစွာ ဟူ၍ ဖြစ်လေသည်။

**ဆောင်ပုဒ်။** ။ မင်းပျိုငယ်ခါ၊ ဗိမ္ဗိသာ၊ ဖြစ်လာချင်ခြင်းငါး။
မင်းဖြစ်လည်းရ၊ ဘုရားကြွ၍၊ ခ ယ လုပ်ကျွေး၊
အမြိုက်ဆေးကို၊ တိုက်ကျွေးစေချင်၊ ဟောတိုင်းမြင်၍၊
ကင်းစင်မိစ္ဆာ၊ ယူသမှာ၊ မှန်ရာ သိရပါစေသား။ ။

## ဝေဠုဝန်ကျောင်းလှူပွဲကြီး

ထို့နောက် ဗိမ္ဗိသာရမင်းတရားသည် ဥပါသကာအဖြစ် ခံယူ၍ သံဃာတော် တစ်ထောင်နှင့်အတူ နောက်တစ်နေ့ နံနက်ဆွမ်းကို နန်းတော်သို့ ကြွရောက် ဘုဉ်းပေးပါရန် ပင့်လျှောက်၍ ပြန်သွားသည်။

နောက်တစ်နေ့ နံနက် မင်းနန်းတော်သို့ ဆွမ်းစားကြွတော်မူသောအခါ ဖူးမြော်သူ ပရိသတ်များ များပြားလှသဖြင့် သိကြားမင်း ကိုယ်တိုင် လုလင်ယောင်ဆောင်၍ ဓမ္မဂီတများကို သီကျူးလျက် နိဗ္ဗာန်ဆော်အဖြစ် ရှေ့က ပင့်ဆောင် သွားရလေသည်။

နန်းတော်သို့ ရောက်သောအခါ ဆွမ်းကပ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့ သီတင်းသုံးရန် ဝေဠုဝန်ဥယျာဉ်တော်ကို နှင်းအပ်လှူဒါန်းလေသည်။ ဝေဠုဝန်ဥယျာဉ်တော်ကြီးကို ကျောင်းအရံအဖြစ် ရေစက်ချ လှူဒါန်းလိုက်ရာ သာသနာရေသောက်မြစ်ကြီး အမြစ်တွယ်လာသည့်အလား မဟာပထဝီမြေကြီးသည် တုန်ခါမြည်ဟည်း လျှင်ကြီးလှုပ်လေသည်။

## ဗိမ္ဗိသာရ၏ ဆွေမျိုးဟောင်း ပြိတ္တာများ

ထိုနေ့ညဥ့်ပင် ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်တစ်ခုလုံး ပြိတ္တာများ၏ အလွန်ကြောက်မက်ဘွယ်ကောင်းသော ဟစ်အော်ငိုညည်းသံများ၊ ခြောက်လှန့်သံများကို ကြားရသဖြင့် ကြောက်ရွံ့ ထိတ်လန့်ကာ စက်တော် မခေါ်နိုင်ဘဲ ရှိလေသည်။ ထိုကြောင့် နောက်တစ်နေ့ နံနက် ဘုရားရှင်ထံသို့ သွားရောက် လျှောက်ထားရာ တိရောကုဋ္ဋသုတ္တန်ကို ဟောကြားတော်မူသဖြင့် သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာသိမြင် ကျွတ်တမ်းဝင်ကြလေတော့သည်။

တိရောကုဋ္ဋသုတ္တန်ဟောခြင်းအကြောင်းမှာ လွန်ခဲ့သည့် ၉၂-ကမ္ဘာကာလ ဖုဿမြတ်စွာဘုရားရှင် လက်ထက်တွင် ဗိမ္ဗိသာရလောင်းလျာ အတွင်းဝန်နှင့် ဆွေမျိုးသားချင်းများသည် ဘုရားအမှူးရှိသော သံဃာတော်များ၏ ဆွမ်းကွမ်းဝေယျာဝစ္စများကို ဆောင်ရွက်ကြရလေရာ ဝေယျာဝစ္စကောင်းမွန်စွာ

လုပ်သူများသည် နတ်ပြည်သို့ ရောက်ကြသည်။ သံဃာ့ပစ္စည်းကို ခိုးယူသိုဝှက် စားသုံးဖျက်ဆီးသူတို့ကား ငရဲကျပြီးနောက် ကဿပဘုရားရှင်လက်ထက်တွင် ပြိတ္တာဘဝသို့ ရောက်ရှိသွားကြသည်။ ထိုပြိတ္တာများသည် မိမိ၏ ဆွေမျိုးများက ကုသိုလ်အမျှတန်း ပေးဝေ၍ သာဓုခေါ်ရသဖြင့် ကျွတ်သွားသော ပြိတ္တာများကို ကြည့်ကာ မိမိတို့အားရည်စူး၍ ကုသိုလ်ပြုအမျှဝေမည့်သူကို မသိနိုင်ကြသဖြင့် ကဿပဘုရားရှင်အား လျှောက်ထားကြသည်။

နောက်ပွင့်မည့် ဂေါတမဘုရားရှင် လက်ထက်တွင် ထိုပြိတ္တာတို့၏ ဆွေမျိုးဟောင်းဖြစ်သော အတွင်းဝန်မင်းသည် ဗိမ္ဗိသာရမင်းအမည်ဖြင့် ဖြစ်သောအခါ အမျှဝေသဖြင့် ပြိတ္တာဘဝမှ ကျွတ်လွတ်ကြမည့်အကြောင်းကို ဟောတော်မူသည်။ ဗိမ္ဗိသာရမင်း၏ ဆွေမျိုးဟောင်း ပြိတ္တာတို့သည် ဘဝပေါင်းများစွာ ကြာကြီးကြာမှ ကျွတ်လွတ်ရမည်ကို ယနေ့ နက်ဖြန် ကျွက်လွတ်ရမည့်အလား များစွာ ဝမ်းမြောက် မျှော်လင့်နေခဲ့ကြကုန်၏။

ဗိမ္ဗိသာရမင်းသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကျွေးပြီးနောက် ကျောင်းအရံလှူပြီးသော်လည်း ကုသိုလ်အမျှမဝေမိသဖြင့် ဆွေမျိုးဟောင်း ပြိတ္တာတို့ တစ်ညလုံး ခြောက်လှန့်ကြခြင်းဖြစ်လေသည်။

ထိုပြိတ္တာတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် တိရောကုဋ္ဋသုတ္တန်ကို ဟောပြောတော်မူလေရာ ကုသိုလ်ဒါနပြုတိုင်း ဆွေမျိုးဟောင်းများအား ကုသိုလ်အမျှဝေရန် ညွှန်ကြားတော်မူလေသည်။ ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားအမှူးရှိသော သံဃာတော်များ နောက်တစ်နေ့နံနက် နန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးပါရန် ပင့်လျှောက်လေရာ ဘုရားရှင်သည် နံရံတံတိုင်းစသည်တို့၌ အဝတ်အစား ဆင်းရဲကာ ကြောက်မက်ဘွယ် အရုပ်အဆင်းများဖြင့် စောင့်မျှော်နေကြသော ပြိတ္တာများကို မင်းကြီးအား တန်ခိုးတော်ဖြင့် ပြတော်မူလေသည်။ ဆွမ်းခဲဘွယ်ဘောဇဉ်များကို ဆက်ကပ်ပြီး အမျှအတန်း ပေးဝေလိုက်ရာ ပြိတ္တာဘဝမှ ကျွတ်လွတ်၍ ကိုယ်ရေအဆင်း လှပစွာဖြင့် နတ်တို့၌ဖြစ်သော ခဲဘွယ်ဘောဇဉ်များ စားသုံးနေသည်ကို မြင်ရလျှင် မင်းကြီးသည် လွန်စွာ ဝမ်းမြောက်သွားလေသည်။

ထို့နောက် အဝတ်သင်္ကန်း အိပ်ရာ နေရာ စသည် လှူဒါန်းပြီး အမျှဆပြန်ရာ နတ်ဝတ်တန်ဆာများနှင့် အိပ်ရာ နေရာ ဗိမာန်များ ရရှိသွားသည်ကို မြင်သောအခါ မင်းကြီးသည် ပို၍ ဝမ်းသာကြည်နူး ဖြစ်သွားလေသည်။

## ဥပတိဿ၊ ကောလိတတို့နှင့် သိဥ္စည်းဆရာကြီး

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသောအခါ တိတ္ထိဆရာကြီး ၆– ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သော သိဥ္စည်းဆရာကြီး (သဉ္စယဗေလဋ္ဌပုတ္တ) သည် ဘုရားအမည်ခံကာ တပည့်ပရိသတ်အများ ခြံရံလျက် ရာဇဂြိုဟ်၌ ရှိနေနှင့်၏။ ထိုဆရာကြီးထံ၌ ဥပတိဿနှင့် ကောလိတ အမည်ရှိသော ပရိဗိုဇ်နှစ်ဦးသည် နောက်လိုက် တပည့်ပရိသတ် ၅၀၀–တို့နှင့်အတူ ပရိဗိုဇ်ရဟန်း ပြု၍ နေကြလေသည်။ ဥပတိဿနှင့် ကောလိတတို့ကား ပုဏ္ဏားသူဌေးသား များ ဖြစ်ကြ၍ ပရိဗိုဇ်မဝတ်မီ နောက်လိုက် နောက်ပါများနှင့်အတူ တောင်ထိပ် သဘင်ပွဲသို့ သွားကြရာမှ သံဝေဂ ဖြစ်ကာ ပရိဗိုဇ်ဝတ်လာသူများ ဖြစ်သည်။

သိဥ္စည်းဆရာကြီးထံသို့ ရောက်သောအခါ ၂–ရက်၊ ၃–ရက် အတွင်းမှာပင် သိဥ္စည်းဆရာကြီး၏တရားသည် ဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်းမဟုတ်၊ အနှစ်သာရရှိသော လမ်းစဉ်မဟုတ်သည်ကို ကောင်းစွာ သဘောပေါက်သွားကြသဖြင့် အမြိုက်တရားကို လှည့်လည်ရှာဖွေရန် ဆုံးဖြတ် ကြသည်။ အမြိုက်တရားကို အလျင်တွေ့သူက မိမိသူငယ်ချင်းအား ပြန်လည် ပြောပြရန်လည်း ကတိထားကြလေသည်။

## သတိပဋ္ဌာန်ဣန္ဒြေ၏ ဆွဲဆောင်မှု

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ရောက်၍ ၁၅–ရက်လောက်အရ တပို့တွဲလဆန်းစတွင် ပဉ္စဝဂ္ဂီငါးဦးတို့တွင် တစ်ဦးအပါအဝင်ဖြစ်သော ရှင်အဿဇိမထေရ်သည်လည်း ဝေဠုဝန်ကျောင်းတော်မှ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ဥပတိဿပရိဗိုဇ်သည် အဿဇိမထေရ်၏ ကြည်လင်သော အသားအရေ၊ ဣန္ဒြေတည်ငြိမ်စွာ ဆွမ်းခံကြွတော်မူသည်ကို မြင်ရသဖြင့် တရားထူးရှိသည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ကောင်းစွာ အကဲခတ်မိလေသည်။ အရှင်အဿဇိနောက်သို့ လိုက်သွားကာ ဆွမ်းဘုဉ်းပေးပြီးနောက် "သင်၏ဆရာကား မည်သူပါနည်း၊ အဘယ်တရားကို နှစ်သက်ပါသနည်း" စသည်ဖြင့် မေးလျှောက်ရာ သစ္စာလေးပါးကို ဟောကြားတော်မူသဖြင့် ဥပတိဿ သောတာပန်တည်လေသည်။

ဥပတိဿပရိဗိုဇ်လည်း ကတိအရ သူငယ်ချင်းကောလိတထံ သွား၍ မိမိရရှိသော တရားကို ပြောပြရာ ကောလိတပရိဗိုဇ်လည်း သောတာပန် တည်လေသည်။ ဥပတိဿနှင့် ကောလိတတို့ အချင်းချင်း တိုင်ပင်ကာ မြတ်စွာဘုရားသခင် သီတင်းသုံးရာ ဝေဠုဝန်ကျောင်းတော်သို့ သွား၍ ရဟန်းပြုရန် ဆုံးဖြတ်ကြလေသည်။

**လူအတန်းအစား နှစ်မျိုး**

ဘုရားရှင်ထံ မသွားမီ မိမိတို့ဆရာ သိဉ္စည်းဆရာကြီးထံ သွား၍ ပြောဆို ခေါ်ငင်သော်လည်း လိုက်ပါရန် ငြင်းဆန်၍ နေ၏။ "ဆရာကြီး– လောက၌ ဘုရားစစ် ဘုရားမှန် ပွင့်ပေါ်နေပါပြီ၊ ဘုရားဆိုသည်ကို မျှော်လင့်နေ ကြသော လူတို့သည် ထိုဘုရားရှင်ထံ သွားရောက် ဖူးမြော်ပူဇော်ကြလိမ့်မည်။ ဆရာကြီး ဘဝသည် အချည်းအနှီး အနှစ်သာရမရှိ မဖြစ်ပါစေနှင့်" စသည်ဖြင့် သုံးကြိမ်တိုင်တိုင် အမျိုးမျိုးဖျောင်းဖျ ပြောဆိုကြသော်လည်း "အမောင်တို့– ဆရာကြီးလုပ်ပြီးမှ ငါဟာပည့်မခံလိုပြီ၊ ရှိပါစေတော့အမောင်တို့၊ လောက၌ လူမိုက်နှင့်ပညာရှိ လူမိုက်သာများသည်မဟုတ်လော၊ ပညာရှိသူများ ပညာရှိသော ဂေါတမထံ သွားကြလိမ့်မည်၊ လူမိုက်များ ငါ့ထံသို့ လာကြလိမ့်မည်"ဟု အဆုံးသတ် ပြောဆို၍ သူ၏ ကျောင်း၌ပင် နေရစ်ခဲ့ လေသည်။

ဥပတိဿ ကောလိတတို့ထွက်ခွာသွားသောအခါ ပရိသတ်ပြိုကွဲ အခြေ အရံ နည်း၍ ဝမ်းနည်းကြေကွဲကာ သွေးပွက်ပွက်အန်လျက် ကျန်ရစ်ခဲ့လေသည်။

ဥပတိဿ ကောလိတတို့နောက်သို့ လိုက်ပါသွားသော တပည့် ၅၀၀–တို့တွင်လည်း တပည့် ၂၅၀–သည် သိဉ္စည်းဆရာကြီးအား သနားလှသဖြင့် လိုက်ပါမသွားဘဲ လှည့်ပြန် ကျန်ရစ်ခဲ့ကြ၏။

ဥပတိဿနှင့် ကောလိတ ပရိဗိုဇ်တို့သည် မြတ်စွာဘုရားထံ ရဟန်းပြုခွင့် တောင်းခံကြသောအခါ "**ဧဟိ ဘိက္ခု**" ရဟန်းများဖြစ်လာကြသည်။ ကောလိတ ပရိဗိုဇ် ၇–ရက်၊ ဥပတိဿပရိဗိုဇ် ၁၅–ရက်ကြာမှ ရဟန္တာဖြစ်တော်မူကြသည်။ ဥပတိဿသည် ပညာအရာ ဧတဒဂ်ဘွဲ့ခံမည့် အရှင်သာရိပုတ္တရာ ရဟန္တာအရှင်မြတ်ကြီး ဖြစ်လာသည်။ ကောလိတ ပရိဗိုဇ်ကား တန်ခိုး ဣဒ္ဓိအရာ ဧတဒဂ်ဘွဲ့ခံမည့် အရှင်မဟာမောဂ္ဂလ္လာန် ရဟန္တာအရှင်မြတ်ကြီး ဖြစ်လာသည်။

**ပထမဆုံး သံဃာအစည်းအဝေးကြီး**

ထိုအချိန်ကား ဝေဠုဝန်ကျောင်းတော်၌ တန်ခိုး အဘိညာဉ်နှင့် ပြည့်စုံသော ဖေဟိ ဘိက္ခု ရဟန်းသံဃာ ရဟန္တာပေါင်း ၁၂၅၀-ပါးတို့ စုံညီစုဝေးမိသော တပို့တွဲလပြည့်နေ့ဖြစ်ရာ ပထမဆုံးသော သာဝက အစည်းအဝေးကြီး (ပထမသာဝကသန္နိပါတ) ဖြစ်လေသည်။ ထိုအစည်းအဝေးကြီး၌ အရှင်သာရိပုတ္တရာအား လက်ယာတော်ရံ အဂ္ဂသာဝကရာထူး၊ အရှင်မဟာမောဂ္ဂလ္လာန်အား လက်ဝဲတော်ရံ အဂ္ဂသာဝကရာထူးကို အသီးသီး ပေးသနားချီးမြှင့်တော်မူလေသည်။ မြတ်စွာဘုရားရှင်သည် ရှေးဘုရားရှင်တို့၏ အစဉ်အလာအရ သံဃာ့ပရိသတ်အလယ်၌ " ခန္တီ ပရမံ တပေါ တိတိက္ခာ ...... သဗ္ဗပါပဿ အကရဏံ....."စသော သုံးဂါထာကို မြွက်ဆိုတော်မူ၍ ဩဝါဒ ပါတိမောက်ပြ (ဟောကြား ဆုံးမ)တော်မူလေသည်။

## ကပိလဝတ်ပြည်သို့ ကြွတော်မူခန်း

**တမန်တော်အမတ်များ စေလွှတ်ခြင်း**

ကပိလဝတ်ပြည်ရှိ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် သားတော်ဘုရား ရဟန်းပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းစံနေသည့် သတင်းကို ကြားသိရသည်နှင့်တပြိုင်နက် စကားချေင်သော အမတ်တစ်ဦးအား နောက်လိုက်နောက်ပါ မင်းချင်းတစ်ထောင် အခြံအရံဖြင့် ရာဇဂြိုဟ်ပြည်သို့ သွားရောက် ပင့်ဆောင်ရန် မိန့်တော်မူလေသည်။

ထိုတမန်တော်အမတ်နှင့် မင်းချင်းတို့သည် မြတ်စွာဘုရားတရား ဟောတော်မူနေစဉ် ဝေဠုဝန်ကျောင်းတော်သို့ ရောက်ရှိ၍ ပရိသတ်အစွန်ကပင် တရားတော်ကို နာယူနေခဲ့ကြသည်၊ တရားဒေသနာ ပြီးဆုံးသောအခါ ထို တမန်တော်အမတ်နှင့် မင်းချင်းများအားလုံး ရဟန္တာချည်း ဖြစ်တော်မူသွားကြ၏၊ နိဗ္ဗာန်ချမ်းသာကိုသာ ခံစားနေကြသဖြင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏ သတင်းပြန်ကြားရန်ကို မဆိုထားဘိ ဘုရားရှင်ကိုပင် မလျှောက်ထားတော့ချေ။

သုဒ္ဓေါဒနမင်းကြီးသည် သတင်းပြန်ကြားချက် မရရှိသဖြင့် နောက်ထပ် အမတ်တစ်ဦးနှင့် မင်းချင်းတစ်ထောင်တို့ကို ထပ်မံ စေလွှတ်တော်မူ၏၊ ထိုအမတ်နှင့် မင်းချင်းတို့သည်လည်း ရှေးနည်းတူ ရဟန္တာချည်းဖြစ်တော်မူ

သွားကြ၍ သတင်းပြန်ကြားရန် ကြောင့်ကြတော်မမူကြပေ၊ ဤနည်းဖြင့် (၉)ကြိမ်တိုင်တိုင် စေလွှတ်တော်မူရာ အမတ်(၉)ဦး၊ မင်းချင်း (၉)ထောင်တို့ အားလုံး ရဟန္တာချည်း ဖြစ်တော်မူသွားကြသည်၊ ထို့ကြောင့် ယုံကြည်စိတ်ချရသော ကာဠုဒါယီအမတ်ကြီးအား မင်းချင်း တထောင်နှင့်အတူ စေလွှတ်ရာ "ရဟန်းပြုခွင့်ရပါလျှင် ပင့်ဆောင်ပေးပါမည်"ဆို၍ မင်းကြီး ကတိဝန်ခံကာ စေလွှတ်တော်မူသည်။

## ကာဠုဒါယီအမတ် ပင့်ဆောင်ခြင်း

ကာဠုဒါယီအမတ်နှင့် မင်းချင်းတို့လည်း ရဟန္တာချည်းပင်ဖြစ်တော်မူကြပြန်ရာ မြတ်စွာဘုရားရှင်အား ခမည်းတော်နှင့် ဆွေတော်မျိုးတော်တို့အား ချီးမြှောက်ပါရန် ကြွရောက်ပါမည့်အကြောင်း လျှောက်ထားလေသည်။

ထိုအချိန်ကား တပေါင်းလဖြစ်၍ မအေးလွန်း မပူလွန်း၊ ရွက်သစ်လောင်း၍ ရွက်ဟောင်းကြွေချိန်လည်းဖြစ်၏၊ သီးနှံရိတ်သိမ်းပြီးစဖြစ်၍ ခရီးလမ်းပန်းလည်း ချောမော၏၊ ခရီးလမ်းတလျှောက် ပန်းမျိုးစုံ ဖူးပွင့်သော အခါသမယလည်း ဖြစ်သည်၊ အရှင်ကာဠုဒါယီမထေရ်သည် အခါရာသီတောတောင်သဘာဝသာယာလှပမှုတို့ကို ၆၄-ပုဒ်သော ဂါထာ ကဗျာများ ဖွဲ့ဆိုကာ ကပိလဝတ်နေပြည်တော်သို့ကြွရန် တောင်းပန် လျှောက်ထားလေသည်။

မြတ်စွာဘုရားရှင်သည် တပေါင်းလပြည့်ကျော်(၁)ရက်နေ့တွင် ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်မှ နောက်ပါရဟန်းအပေါင်း နှစ်သောင်းခြံရံတော်မူလျက် ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူလေသည်။ ရာဇဂြိုဟ်ပြည်နှင့် ကပိလဝတ်နေပြည်တော်သည် ယူဇနာ ၆၀-ဝေးကွာသဖြင့် တစ်နေ့လျှင် တစ်ယူဇနာကျ ကြွတော်မူရာ (၂)လ တိုင်တိုင် ကြွတော်မူရလေသည်။ ကာဠုဒါယီမထေရ်သည် ဈာန်အဘိညာဉ်ဖြင့် ကောင်းကင်မှ ကြွကာ ခမည်းတော်မင်းကြီးထံ သတင်းပို့ရာ ရှင်ကာဠုဒါယီကို မြင်သည်နှင့် မင်းကြီးမှာ လွန်စွာ နှစ်ထောင်းအားရ ဝမ်းမြောက်မဆုံး ရှိရလေတော့သည်။

အရှင်ကာဠုဒါယီကား ဆွမ်းကပ်လှူသောအခါ နန်းတွင်းမှာ မဘုဉ်းပေးဘဲ "မြတ်စွာဘုရားရှင်အား ဆက်ကပ်ရဦးမည်"ဟု မင်းကြီးအား ပြောကြားရာ မင်းကြီးမှာ ပို၍ ဝမ်းမြောက်သွားလေသည်။ အရှင်ကာဠုဒါယီသည် မြတ်စွာဘုရားရှင်နှင့် တပည့်ရဟန်း နှစ်သောင်းတို့ ဘယ်စခန်းသို့ ရောက်လာ

ပြီဖြစ်ကြောင်း၊ မင်းကြီးထံ သတင်းပို့ရင်း ခမည်းတော်ကြီး၏ ဆွမ်းကို ကောင်းကင် ခရီးဖြင့် ယူဆောင်ကာ နေ့စဉ်ပင် ဆက်ကပ်ရလေသည်။ ကဆုန်လပြည့်ကျော် (၁)ရက်နေ့တွင် မြတ်စွာဘုရားသခင်သည် ကပိလဝတ် နေပြည်တော်သို့ ဆိုက်ရောက်တော်မူလေသည်။

## နိဂြောဓာရုံကျောင်းတော်သို့ ပင့်ဆောင်ခြင်း

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနှင့် သာကီဝင် ဆွေတော် မျိုးတော် အကြီးအကဲတို့သည် ဘုရားအမှူးရှိသော သံဃာတော်များအား ကြိုဆို ပင့်ဆောင်ရန် စည်းဝေး တိုင်ပင်ကြလေသည်။ ကပိလဝတ်နေပြည်တော်၏ အရှေ့ဘက်၌ရှိသော နိဂြောဓမင်းသား၏ ဥယျာဉ်သည် မိုး ရေ အရိပ်အာဝါသ ကောင်းသည့်အပြင် နေပြည်တော်နှင့် မနီးလွန်း၊ မဝေးလွန်းသဖြင့် ဆိတ်ငြိမ်ခြင်း၊ သွားရ လွယ်ကူခြင်းတို့ကြောင့် ဘုရားအမှူးရှိသော သံဃာတော်များ သီတင်းသုံးရန် သတ်မှတ်ကြလေသည်၊ ဆွေတော် မျိုးတော်တို့သည် ကောင်းမွန်စွာ ဝတ်စား ဆင်ယင်၍ ပန်းနံ့သာများ ကိုယ်စီ ကိုင်ဆောင်ကာ ဘုရားအမှူးရှိသော သံဃာတော်များအား ကြိုဆို၍ နိဂြောဓာရုံ ဥယျာဉ် ကျောင်းတော်သို့ ခမ်းနားကြီးကျယ်စွာ ပူဇော် ပင့်ဆောင်ကြလေသည်။

## ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာပြ၍ သာကီဝင်မင်းတို့၏မာနကို ချိုးနှိမ်တော်မူခြင်း

ဆွေတော် မျိုးတော် သာကီဝင် အကြီးအကဲတို့သည် မိမိတို့၏ တူသားဖြစ်၍ အရွယ်အားဖြင့် ငယ်သော ဘုရားရှင်အား ဦးချ ကန်တော့ရန် ဝန်လေးနေကြ၏၊ ထို့ကြောင့် သာကီဝင် ကလေးသူငယ်များကိုသာ ဘုရားရှင်အနီးအပါး ရှေ့ကထား၍ လူကြီးများကမူ နောက်ပိုင်း၌သာ ထိုင်နေကြလေသည်။

ဘုရားရှင်သည် သာကီဝင် ဆွေတော် မျိုးတော်တို့၏ မာနကို နှိမ့်ချ ပယ်ချိုးရန် စင်္ကြံဝဠာနှင့်အမျှ ထက်ကောင်းကင်၌ ရတနာစင်္ကြံကြီးကို ဖန်ဆင်းတော်မူလိုက်သည်၊ သာကီဝင် မာနအိုးတို့အား ဘုရားရှင်တို့၏ တန်ခိုးအားအစွမ်းကို ပြတော်မူလိုသဖြင့် ရတနာစင်္ကြံပေါ်၌ လူးလာတုံ့ခေါက် စင်္ကြံလျှောက်တော်မူ၏၊ စင်္ကြံဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာ တို့သည်လည်း ကောင်းကင်မလပ် နေရာစပ်မျှ ထက်ရပ်တခွင်၌ ဖူးမြင် ပူဇော်လာကြကုန်၏။

---

ဗုဒ္ဓဘာသာတရားတော်အခြေခံအဆင့် (၅)

ဘုရားရှင်သည် စကြံလျှောက်ရင်း စကြ၀ဠာ တစ်ခွင်လုံး လင်းလင်း ထအောင် တောက်ပ ဖြူဖွေးသော ရောင်ခြည်တို့ကို လွှတ်တော်မူ၏၊ နဘ်ပရိသတ်များ မမြင်စဖူး ဖူးမြော် အံ့သြနေကြစဉ် ဆံပင် မျက်ခုံး စသော ခန္ဓာကိုယ်တော်မှ ညိုသောရောင်ခြည်တော်များ၊ နှုတ်ခမ်းတော် ခြေဖဝါးတော် စသော နီမြန်းသော ကိုယ်တော်မှ နီမြန်းသော ရောင်ခြည်တော်များ၊ ဝါဝင်းသော ကိုယ် ရေ အသားတော်မှ ဇမ္ဗူရာဇ်ရွှေအဆင်းကဲ့သို့ ဝင်းဝါတောက်ပသော ရောင်ခြည်တော်များ၊ သွားတော်လေးဆယ် စွယ်တော်လေးဆူ ဖြူဖွေးသော ခန္ဓာကိုယ်အစိတ်အပိုင်းမှ ပုလဲငွေရောင်အဆင်းကဲ့သို့ ဖြူဝင်းသော ရောင်ခြည်တော်များ စသည်ဖြင့် ရောင်ခြည်တော် ခြောက်သွယ်တို့ကို အလှယ်လှယ် အပြန်ပြန် ဖန်ဆင်းပြတော်မူလေသည်။

လူနတ်ဗြဟ္မာတို့သည် ရောင်ခြည်တော်ခြောက်ဖြာတို့ကို အံ့အားသရဲ ကြည်ညိုနေကြစဉ် ဘုရားရှင်သည် ညာဘက်မျက်လုံးတော်မှ ရေအလျဉ်များ၊ ဘယ်ဘက်မျက်လုံးတော်မှ မီးအလျှံများ အပြန်ပြန်အဂ္ဂုန်လှန် ဖန်ဆင်း၍ ပြတော်မူရာ သာကီဝင် မင်းအပေါင်းတို့သည် မာန်မာန ကျ၍ နှစ်ထောင်း အားရ ဖူးမြော်၍ မဝဖြစ်ကာ အကြိမ်ကြိမ်ဦးချ ပူဇော်ကြကုန်၏။

ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရားရှင်အား ဤသို့ လျှောက်ထားလေသည်။

၁။ "ဘုန်းတော်ကြီးသော သားတော်မြတ်ဘုရား- ခမည်းတော်သည် သားတော်ဖွားသည့်နေ့ကပင် ခမည်းတော်၏ ဆရာဖြစ်သော ကာဠဒေဝီလရသေ့ကြီးအား ရှိခိုးရန် သားတော်၏ လက်နှစ်ဘက်ကို ယှက်၍ ချီမိုးပေးစဉ် သားတော်သည် အပေါ်သို့တက်ကာ သားတော်၏ ခြေနှစ်ဘက်မှာ ဆရာရသေ့ကြီး၏ ဦးခေါင်းထက်၌ ကျရောက် သည်ကို တွေ့မြင်ရပါသည်၊ ထိုအခါကပင် ခမည်းတော်သည် သားတော်အား ပထမဆုံး လက်အုပ်ချီမိုး ရှိခိုးခဲ့ပါသည်။

၂။ ထိုမှတဖြာ လယ်ထွန်မင်္ဂလာပွဲလုပ်စဉ်က လသားမျှသာ ဖြစ်သော သားတော်အား သပြေပင်ရိပ်၌ သိပ်၍ထားရာ နေပင် ရွေ့သော်လည်း သားတော်အပေါ်မှ သစ်ရိပ်လည်း

မရှေ့ဖယ်၊ သားတော်ငယ်လည်း ထက်ဝယ်ဖွဲ့ခွေ နေတော်မူ လျက် အာနာပါန ပဌမဈာန်ဝင်စားနေသည်ကို ခမည်းတော် ဖူးတွေ့ခဲ့ရသဖြင့် ဒုတိယအကြိမ် လက်အုပ်ချီမိုး ရှိခိုးခဲ့ရ ဖူးပါသည်။

၃။ သားတော်မြတ်ဘုရား- ခမည်းတော်သည် ရှေးအခါက တစ်ကြိမ်တစ်ခါမျှ မမြင်စဖူး ထူးကဲ ဆန်းကြယ်သော အသွယ်သွယ် အဖုံဖုံ တန်ခိုးအစုံတို့ကို ယခုအခါ တွေ့ကြုံ ဖူးမြော်ရသဖြင့် ခမည်းတော်သည် သားတော်အား သုံးကြိမ် မြောက် လက်အုပ်ချီမိုး ရှိခိုးရပါပြီဘုရား။

## ဗုဒ္ဓဝင် ဟောကြားရန် တောင်းပန်ခြင်း

ယင်းသို့လျှင် ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့အား ရေမီးအစုံအစုံ (ယမိုက်ပြာဋိဟာ) တန်ခိုးအဖုံဖုံပြနေစဉ် ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်၌ တပည့်ရဟန်း (၅၀၀)နှင့်အတူ သီတင်းသုံးနေခဲ့သော လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုတော်မူရာ ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့အား ရေမီးအစုံအစုံ(ယမိုက်ပြာဋိဟာ) တန်ခိုးအဖုံဖုံ ပြနေပုံကို သိမြင်တော်မူလေသည်။

လောက၌ ဘုရားဟူ၍ဖြစ်ပေါ်ရန် မည်မျှခက်ခဲကြောင်း၊ မည်သို့ ဆည်းပူးရကြောင်း၊ ဘုရားရှင်၏ အားအစွမ်းသည် မည်မျှကြီးကျယ် မြင့်မြတ်ကြောင်း၊ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့ သိရှိကြည်ညိုစေလိုသဖြင့် အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ဗုဒ္ဓဝင်ဇာတ်ကြောင်းကို ပြန်ပြောင်း ဟောပြတော်မူရန် တောင်းပန်လိုစိတ် ဖြစ်ပေါ်လာလေသည်၊ ထို့ကြောင့် တပည့်ရဟန်း(၅၀၀)ကို ခေါ်ဆောင်၍ ကောင်းကင်ခရီးဖြင့် ဘုရားရှင်ထံ သွားရောက် ဖူးမြော်ကြလေသည်။

ဘုရားရှင်သည် ကောင်းကင်ယံ စင်္ကြံအထက်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် စသော

သံဃာတော် နှစ်သောင်းတို့သည် ဘုရားရှင်အနီး ထက်ကောင်းကင်၌ပင် ရှိသေစွာ ခစားနေကြခိုက် အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ဗုဒ္ဓဝင်တရား ဟောကြားရန် လျှောက်ထား တောင်းပန်၍ ဗုဒ္ဓဝင်တရားတော်ကို စကြံလျှောက်ရင်း ဟောကြားတော်မူသည်၊ နတ် ဗြဟ္မာ ကုဋေတစ်သိန်းတို့ ရဟန္တာဖြစ်ကြ၍ သောတာပန်စသည် ကျွတ်တမ်းဝင်သော ပုဂ္ဂိုလ်တို့ကား မရေမတွက်နိုင်အောင် ရှိလေသည်။

ဗုဒ္ဓဝင်တရား ဟောကြားအပြီး ရတနာစင်္ကြံမှ သက်ဆင်းတော်မူ၍ ဆွေတော်မျိုးတော်တို့၏အလယ် ဘုရားရှင်တို့၏ မြတ်သောနေရာတော်၌ သီတင်းသုံးတော်မူစဉ် ပေါက္ခရဝဿမိုးကြီး ရွာချသည်။ ပေါက္ခရဝဿမိုးဟူသည် စိုစွတ်လိုသူတို့သာ စိုစွတ်၍ မစိုစွတ်လိုသူတို့ မစိုစွတ်အောင် ရွာသွန်းသော မိုးဖြစ်သည်၊ ထိုအံ့ဖွယ်ကောင်းသော ပေါက္ခရဝဿမိုးနှင့် စပ်လျဉ်းပြီးလျှင် တအံ့တသြ ပြောဆိုကြသည်ကို အကြောင်းပြု၍ ဝေဿန္တရာ ဇာတ်တော်ကြီးကို ဟောတော်မူရပြန်လေသည်။

## ကပိလဝတ်ပြည်၌ ဆွမ်းခံကြွတော်မူခြင်း

ဆွေတော်မျိုးတော်များအားလုံး တရားနာပြီး ကျောင်းတော်မှ ပြန်သွားကြသော်လည်း တစ်ဦးတစ်ယောက်မျှ နောက်တစ်ရက် နံနက်ဆွမ်းအတွက် ပင့်ဖိတ် လျှောက်ထားခြင်း မရှိခဲ့ချေ၊ ခမည်းတော် မင်းတရားကြီးကား မိမိသဘောနှင့်မိမိ နန်းတော်တွင်း၌ ဆွမ်းကပ်ရန် စီမံထားလေသည်။ ဘုရားရှင်ကား ရှေးဘုရားရှင်တို့၏ အစဉ်အလာအရ အိမ်စဉ်ဆွမ်းခံ၍ ဘုဉ်းပေးရသောဝတ်ကို မချွတ်ယွင်းစေရအောင် နောက်တစ်ရက်နံနက်တွင် သံဃာတော်ပေါင်း နှစ်သောင်းခြံရံလျက် ကပိလဝတ်နေပြည်တော်အတွင်း ဆွမ်းခံ လှည့်တော်မူသည်။

ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးလျက် အထူးတင့်တယ် ကြည်ညိုဖွယ် ဆွမ်းခံကြွတော်မူသည်ကို ပြည်သူပြည်သားတို့သည် တအံ့တသြ ကြည့်ရှုကြည်ညိုနေကြလေသည်၊ ရာဟုလာမယ်တော် ယသောရောသည် အဆောင်တော်မှ လှမ်းမျှော်ကြည့်ကာ တစ်လမ်းပြီးတစ်လမ်း၊ တစ်အိမ်ပြီး

တစ်အိမ် လှည့်လည်တောင်းခံသည်ကို မြင်ရသောအခါ ရင်ထုမနာဖြစ်ရလေ၏၊ သားတော်ရာဟုလာကိုလည်း ပွေ့ချီကာ "အဲဒါ သားရဲ့ခမည်းတော်ပဲ"ဟု ပြောဆို ညွှန်ပြလေသည်။

ယသောဓရာသည် ချက်ချင်းပင် ခမည်းတော်မင်းကြီးထံ သွား၍ လျှောက်တင်လေရာ မင်းကြီးလည်း ဘုရားရှင်ထံ အဆောတလျင် သွားရောက်၍ ထိုသို့ပြုလုပ်ရန် မသင့်လျော်ကြောင်း လျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်က အိမ်စဉ်လှည့်၍ ဆွမ်းခံစားသော အကျင့်သည် ဘုရားရှင်အဆူဆူတို့၏ မြတ်သောအကျင့်ဖြစ်ကြောင်း ဟောတော်မူရာ မင်းကြီး သောတာပန် တည်လေသည်၊ မင်းကြီးသည် ဘုရားရှင်သပိတ်တော်ကို လှမ်းယူ၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား နန်းတော်သို့ ဆွမ်းကပ်ရန် ပင့်ဆောင်လာသည်။

ယသောဓရာမှတပါး သာကီဝင် ဆွေတော်မျိုးတော်များအားလုံးလည်း စုရုံးရောက်ရှိလာကြ၏၊ နေရာတော်၌ ထိုင်ပြီးလျှင် အိမ်စဉ် လှည့်လည်၍ တရားသဖြင့် ဆွမ်းခံစားရသော ကျင့်ဝတ်သည် အသက်မွေးမှု စင်ကြယ်၍ ပစ္စုပ္ပန်သံသရာ ချမ်းသာကြီးပွားကြောင်း ဖြစ်သည်ဟု ဆွမ်းခံဝတ်အကြောင်းကို ဆက်လက် ဟောပြတော်မူရာ မိထွေးတော် မဟာပဇာပတိဂေါတမီ **သောတာပန်** တည်၍ ခမည်းတော်မင်းကြီး သကဒါဂါမ်တည်သွားသည်။

## ယသောဓရာတိုက်ခန်းသို့ ကြွတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသည်နှင့် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်တို့ကို နောက်ပါ ခေါ်ဆောင်၍ ခမည်းတော်မင်းကြီးအား သပိတ်ကို ထမ်းစေလျက် ယသောဓရာ တိုက်ခန်းသို့ ကြွလှမ်းတော်မူလေသည်။ ဘုရားရှင်ကြွလာသည်ကို မြင်လျှင် ယသောဓရာသည် မောင်းမအခြွေအရံတို့အား မိမိကဲ့သို့ သစ်ခေါက်ဆိုးအဝတ်ကို ဝတ်ရုံစေလျက် ဘုရားရှင်အား ကြိုဆို ကန်တော့ရန် ပြောကြားလေသည်၊ ယသောဓရာအဆောင်တိုက်ခန်းသို့ ရောက်သောအခါ မြတ်စွာဘုရားရှင်သည် အသင့်ခင်းထားအပ်သော နေရာတော်၌ ထိုင်တော်မူ၍ ယသောဓရာ ဖူးမြော်ကန်တော့လာသောအခါ တစ်စုံတစ်ရာ ဟန့်တားခြင်းမပြုကြရန် မိန့်တော်မူသည်။

ယသောဓရာသည် ကျက်သရေတိုက်ခန်းမှ ဖြည်းညင်းစွာ ထွက်လာပြီးလျှင် ဘုရားရှင်၏ ခြေတော်အစုံကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်လျက် ခြေဖမိုးတော်ထက် မျက်နှာထိဆိုက်ကာ တလှိုက်လှိုက် ဆွေ့ခုန် တစစုတစ်ရာ မလျှောက်ထားနိုင်တော့ဘဲ စီးကျသော မျက်ရည်များဖြင့် အားပါးတရ ပူဇော်လေတော့သည်။ ခမည်းတော် မင်းကြီးသည် သမီးတော်ဖြစ်အင်ကို တွေ့မြင်ရသောအခါ သမီးတော် ယသောဓရာ ကျေးဇူးဂုဏ်ကို မျိုသိပ်မထားနိုင်တော့ဘဲ မြတ်စွာဘုရားရှင်အား –

"ဘုန်းတော်ကြီးသော သားတော်ဘုရား၊ သမီးတော်သည် သားတော်ကြီး သစ်ခေါက်ဆိုးသော အဝတ်ကို ဝတ်သည်ဟု ကြားလျှင် သမီးတော်လည်း သစ်ခေါက်ဆိုး အဝတ်ကို ဝတ်၍ နေပါသည်။ မြင့်မြတ်သော အိပ်ရာနေရာကို စွန့်ပယ်ကြောင်း ကြားလျှင် ကြိုးပြားဖြင့် ရက်သော ညောင်စောင်းပေါ်မှာသာ အိပ်ရာပါသည်၊ ပန်းနံ့သာကို သားတော်ကြီး ရှောင်ကြဉ်ကြောင်း ကြားသိလေလျှင် အကျော် ကရမက် စသော ပန်းနံ့သာများကို မသုံးဆောင်ရှာပါ။ ဆွေတော်မျိုးတော်ဖြစ်သော မင်းညီ မင်းသားများက စကားကမ်းလှမ်း လာပါသော်လည်း လက်မခံဘဲ ပယ်လှန် မြစ်ကားကာ သားတော်အပေါ်၌သာ ချစ်ခင် လေးမြတ်ခြင်း ရှိခဲ့ပါသည်"ဟု လျှောက်ထားလေသည်။

ခမည်းတော်စကား ဆုံးသောအခါ ဘုရားရှင်က မိမိအပေါ်၌ ယသောဓရာ ချစ်ခြင်း မေတ္တာ သစ္စာကြီးပုံကို စန္ဒကိန္နရီဇာတ်ကြောင်းဖြင့် ထပ်လောင်း ဟောပြတော်မူလေသည်။

## ညီတော်နှင့် သားတော်တို့အား ရှင် ရဟန်းပြုပေးခြင်း

မြတ်စွာဘုရားရှင် ကပိလဝတ်သို့ ရောက်တော်မူပြီးနောက် သုံးရက်မြောက်နေ့ နန်းတော်သို့ ဆွမ်းစားကြွရာတွင် ခမည်းတော်မင်းကြီးသည် မဟာပဇာပတိဂေါတမီ၏ သားဖြစ်သူ နန္ဒမင်းသားအား ဇနပဒကလျာဏီနှင့် ထိမ်းမြားလက်ထပ်၍ အိမ်ရှေ့မင်းအရာ၌ အပ်နှင်းသည်၊ နန်းတက်မင်္ဂလာ ဆွမ်းကျွေးပွဲအပြီး ညီတော်နန္ဒမင်းသားအား သပိတ်ထမ်း ခေါ်ဆောင်၍ ကျောင်းတော်သို့ ပြန်ကြွတော်မူသည်။

"မြန်မြန် ပြန်လာခဲ့ပါ မောင်တော်" ဟူသော ဇနပဒကလျာဏီ၏ စကားသည် နန္ဒမင်းသား၏ နှလုံးသားဝယ် တံကျင်လှိုသကဲ့သို့ ဖြစ်သွားကာ နောက်ဆံတင်းတင်းနှင့် မငြင်း မဆန်သာ လိုက်ပါသွားရသည်၊ ကျောင်းတော်သို့ ရောက်လျှင် ရဟန်းပြုပေး၍ တရားသဖြင့် မမေ့လျော့နိုင်ဘဲရှိရာ ဇနပဒကလျာဏီအလှကို မျှောက်မနှင့်လည်းကောင်း၊ နတ်သမီးများနှင့် လည်းကောင်း လက်တွေ့ နှိုင်းယှဉ်ပြတော်မူလေသည်။ နန္ဒမထေရ်သည် နတ်သမီးကိုအကြောင်းပြု၍ ရဟန်းတရားကို ဆက်လက် အားထုတ်ရာ ရဟန္တာဖြစ်တော်မူလေသည်။

ခုနစ်ရက်မြောက်သောနေ့ နန်းတော်သို့ ဆွမ်းစားကြွရာ ယသောဓရာသည် ခုနစ်နှစ်အရွယ်သို့ရောက်လာသော သားတော်ရာဟုလာအား ကောင်းစွာ ဝတ်စားဆင်ယင်စေ၍ ဘုရားရှင်ထံ စေလွှတ်ကာ အမွေတောင်းခိုင်းလေသည်။

ဘုရားအလောင်းတော် ဖွားတော်မူသည့်နေ့တွင် တစ်နေ့တည်း ဖွားမြင်ဖြစ်ပေါ်လာသော "ယသောဓရာမင်းသမီး၊ အာနန္ဒာမင်းသား၊ ကာဠုဒါယီအမတ်၊ ဆန္နအမတ်၊ ကဏ္ဍကမြင်းတော်၊ ဗောဓိပင်နှင့် ရွှေအိုးကြီး လေးလုံး" ဟူသော ဖွားဘက်တော် ၇-မျိုးရှိရာတွင် တောထွက်သည့် အချိန်မှစ၍ ပျောက်ကွယ်သွားသော ရွှေအိုးကြီးလေးလုံးကို ရည်ညွှန်း၍ အမွေတောင်းခိုင်းခြင်းဖြစ်သည်။

ဘုရားရှင်ဆွမ်းစားပြီး၍ နိဂြောဓာရုံကျောင်းတော်သို့ ပြန်သောအခါ သားတော်ရာဟုလာလည်း ခမည်းတော်ဘုရား၏ သင်္ကန်းကိုဆွဲကာ တစာစာ အမွေတောင်းရင်း ကျောင်းတော်သို့ ပါသွားလေသည်။ ကျောင်းတော်သို့ ရောက်သောအခါ ချစ်လှစွာသော သားတော်အား လောကီ အမွေထက် တန်ဖိုးရှိသော လောကုတ္တရာအမွေကိုသာ ပေးတော်မူလိုသဖြင့် အရှင်သာရိပုတ္တရာ အား ရှင်သာမဏေပြုပေးစေသည်။

## သာကီဝင်နှောင်ရေး မင်းကြီးပူဆွေးခြင်း

ထိုသတင်းကို ကြားသောအခါ ခမည်းတော်မင်းတရားကြီးသည် နှလုံးသည်းပွတ် ကြေပြတ်သည့်အလား ကျောင်းတော်သို့ ဆောလျင်စွာ သွား၍ ဘုရားရှင်အား လျှောက်ထားသည်မှာ—

"ဘုန်းတော်ကြီးသော သားတော်ဘုရား- ခမည်းတော်သည် ပုဏ္ဏားတော်တို့၏ လျှောက်တင်ချက်အရ သားတော်ကို စကြဝတေးမင်းအဖြစ် တွေ့မြင်လိုလှသော်လည်း ထီးနန်းကိုစွန့်ခွာ၍ တောထွက်သွားသောအခါ လွန်စွာ ကြေကွဲခြင်းဖြစ်ခဲ့ရပါသည်"။

"ညီတော်နန္ဒမင်းသား မွေးဖွားစဉ်ကလည်း အလားတူနိမိတ်ဖတ်ကြသော စကားအရ စိတ်အားတင်း ဖြေဆည်၍ နှစ်ရှည်လျားစွာ အားကိုးမျှော်လင့်ခဲ့ပါသော်လည်း သားတော် ရဟန်းပြုပေးလိုက်သောအခါ တစ်ခါထပ်၍ ဝမ်းနည်း အားငယ်ခြင်း ဖြစ်ရပြန်ပါသည်"။

"ယခုအခါ စကြဝတေးမင်းလောင်းလျာလည်းဖြစ် 'သားသမီးအချစ်၊ မြေးအနှစ်' ဆိုသကဲ့သို့ မြေးတော်ချစ် ရာဟုလာအား ရှင်သာမဏေပြုပေးသဖြင့် စကြဝတေးမင်း စည်းစိမ်ကို မြင်ရဖို့ မဆိုထားဘိ၊ သာကီဝင် မင်းဆက်ပင် ပျက်သုဉ်း တိမ်ကောရတော့မည် ဘုရား"ဟု ဝမ်းနည်း ကြေကွဲစွာ လျှောက်ထားလေသည်။

ရှစ်ရက်မြောက်သောနေ့တွင် "ငါးပါးသီလ ငယ်ကမသေ"ဟူသော မဟာဓမ္မပါလ ဇာတ်တော်ကို နာယူရသဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်လေသည်။ သာကီဝင်မင်းသားများဖြစ်ကြသော ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ ညီတော်အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ္တနှင့် ဆတ္တာသည် (ခေါင်းရိတ်သမား) ဉပါလိ စသော သာကီဝင် မင်းညီမင်းသား တစ်ထောင်ကျော်တို့သည် တစ်သုတ်ပြီးတစ်သုတ် ရဟန်းပြုကာ သာသနာ့ဘောင်သို့ ဝင်ရောက်ကြလေသည်။

ဘုရားဖြစ်ပြီးနောက် ငါးနှစ်မြောက်သောအခါ သာကီဝင်မင်းသမီးများဖြစ်ကြသော မိထွေးတော် မဟာပဇာပတိဂေါတမီ၊ ယသောဓရာ၊ ဇနပဒကလျာဏီ၊ ကိသာဂေါတမီ စသော အမျိုးသမီးများလည်း ဘိက္ခုနီသာသနာတော်သို့ ဝင်ရောက်လာကြသဖြင့် သာသနာတော် စည်ပင်ပြန့်ပွားလာလေသည်။

## သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါကျောင်းအမကြီး

ဘုရားလက်ထက်တော်က ကောသလတိုင်း သာဝတ္ထိပြည်၌ လူဦးရေ ၇-ကုဋေရှိသည်။ ၅-ကုဋေမှာ အရိယာဖြစ်၍ ကျန် ၂-ကုဋေမှာ ပုထုဇဉ်များဖြစ်ကြ၏။ သာဝတ္ထိပြည် အနာထပိဏ်နှင့် ဝိသာခါတို့သည် သာသနာကို ထောက်ပံ့ရာ၌ ထင်ရှားသူနှစ်ဦးဖြစ်သည်၊

### ကျောင်းဒကာကြီး အနာထပိဏ်

အနာထပိဏ်၏ ငယ်မည်မှာ သုဒတ္တဖြစ်၍ ရာဇဂြိုဟ်သူ သူဌေး ဝိသာလ၏နှမ ပုညလက္ခဏာနှင့် ထိမ်းမြားခဲ့သည်။ ကာဠမည်သော သားနှင့် မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ သမီးနှစ်ယောက်တို့ ထွန်းကားခဲ့သည်၊ ဘုရားရှင်သည် ဒုတိယဝါအဖြစ် ရာဇဂြိုဟ်၌ သီတင်းသုံးတော်မူသောနှစ်မှာပင် အနာထပိဏ်သည် ရာဇဂြိုဟ်သို့ အရောင်းအဝယ်သွားရာမှ မြတ်စွာဘုရားအား ဖူးတွေ့ရပြီး သောတာပန်အရိယာ ဖြစ်ခဲ့သည်။ သာဝတ္ထိပြည်သို့ ကြွရောက် သီတင်းသုံးပါရန်လည်း ဘုရားရှင်အား ပင့်လျှောက်ခဲ့သည်။

သူဌေးကြီးသည် သာဝတ္ထိပြည် ဇေတမင်းသား၏ ၁၆-ပယ် ကျယ်သော ဥယျာဉ်မြေကို ငွေ အသပြာ ၁၈-ကုဋေဖြင့် ဝယ်ယူကာ ' **ဇေတဝန်** 'အမည်ဖြင့် ကျောင်းတော် ဆောက်လှူသည်။ ဂန္ဓကုဋီကျောင်းတော် အပါအဝင် ကျောင်းပေါင်း များစွာကို အလုပ်သမား တစ်ထောင်ဖြင့် ခြောက်လ ဆောက်လုပ်ရသည်၊ ၁၈-ကုဋေ ကုန်ကျလေသည်၊ ဇေတဝန်ကျောင်းတော်ကြီး ပြီးစီးသောအခါ ဘုရားရှင်ကို ပင့်ဖိတ်ပြီး ၁၈-ကုဋေ အကုန်ခံ၍ ခမ်းနားစွာ ရေစက်ချပွဲ ကျင်းပလှူဒါန်းသည်၊ သံဃာတော်တစ်ထောင် နေ့စဉ် ဆွမ်းကပ်သည်။

အိမ်ရှိအမှုထမ်းအားလုံး ဥပုသ်နေ့တွင် ရှစ်ပါးသီလစောင့်ထိန်းကြရသည်။ နို့စို့ကလေးများကိုပင် မွန်းလွဲချိန်၌ နို့မတိုက်ဘဲ ပါးစပ်ကို ရေပတ်တိုက်ပြီး စတုမဓုကိုသာ ခွံကျွေးရသည်။ ၅၄-ကုဋေသော အသပြာငွေကို သာသနာတော် အတွက် လှူဒါန်းခဲ့သော သူဌေးကြီးဖြစ်လေသည်။

အနာထပိဏ်နှင့် ဝိသာခါကျောင်းအမကြီးတို့အိမ်၌ သံဃာတစ်ထောင်စီ သီတင်းသုံးနိုင်အောင် နေရာထိုင်ခင်းများနှင့် အချိန်မရွေး ဆက်ကပ်နိုင်အောင် ပစ္စည်းလေးပါး စားသောက်ဖွယ်များကို အသင့်စီမံ ထားရှိကြလေသည်။

**ကျောင်းအမကြီး ဝိသာခါ**

ဝိသာခါကျောင်းအမကြီးကား သာကေတမြို့ ဓနဥ္စယသူဌေးကြီး၏ သမီးဖြစ်၍ ၇-နှစ်သမီးအရွယ်ကပင် သောတာပန်တည်ခဲ့သူဖြစ်သည်။ မေဏ္ဍကသူဌေးကြီး၏ မြေးဖြစ်၏။ သာဝတ္ထိပြည်မှ ချမ်းသာကြွယ်ဝသော မိဂါရသူဌေးကြီး၏သား ပုဏ္ဏဝဍ္ဎနနှင့် တိမ်းမြားခဲ့သည်။ ဝိသာခါအတွက် ရွှေစင်နိက္ခတစ်ထောင်အလေးချိန်ရှိပြီး ပတ္တမြား၊ ပုလဲ စသော ရတနာခုနစ်ပါးဖြင့် စီခြယ်ထားသော အသပြာ ၉-ကုဋေတန် မဟာလတာ တန်ဆာပြုလုပ်ပြီး ဖခင်ကြီးက လက်ဖွဲ့သည်။ ဦးခေါင်း၌ စွပ်လိုက်လျှင် ခြေဖမိုးအထိ ရောက်သည်။ အခြားရတနာ မျိုးစုံကိုပါ လက်ဖွဲ့ပြီး၊ ဆုံးမ ဩဝါဒပေးကာ သာဝတ္ထိသို့ ထည့်လိုက်သည်။

ယောက္ခမသူဌေးကြီးသည် ယခင်က တိတ္ထိတို့ကို ကိုးကွယ်သော်လည်း ဝိသာခါ၏ ကျေးဇူးကြောင့် ဘုရားရှင်ကို ကိုးကွယ်လာရာမှ ဝိသာခါလည်း ‘မိဂါရမာတာ- မိဂါရသူဌေးကြီး၏မိခင်’ဟုပင် ခေါ်တွင်လာလေသည်။ အသက် ၁၂၀-ရှည်၍ ဆံဖြူသွားကျိုးခြင်းမရှိ၊ အစဉ်နပျိုနေသည်။

တစ်နေ့သော တရားပွဲတစ်ခုတွင် တရားနာလာရာ မဟာလတာ တန်ဆာကို ချွတ်၍ ကျွန်မကို သိမ်းထားခိုင်းသည်။ တရားပွဲပြီး၍ ပြန်လျှင် ကျွန်မ မေ့ကျန်ရစ်ခဲ့သဖြင့် အရှင်အာနန္ဒာမထေရ်က သိမ်းထားခဲ့သည်။ ရဟန်းတော်များအတွက် ဖြစ်သင့်သည်ဟု ကြံစည်ကာ ထိုတန်ဆာကို ရောင်းချအဖိုးထား၍ သာဝတ္ထိမြို့တွင် ဇေတဝန်ကျောင်းတော်ကြီးနှင့် အလားတူ ပုဗ္ဗာရုံကျောင်းတော်ကြီး ဆောက်လုပ်သည်။ သာဝတ္ထိမြို့၏ အရှေ့ဘက်၌ တည်ရှိ၍ ရှစ်ပယ် ကျယ်သည်၊ ၉-ကုဋေဖြင့် မြေ ဝယ်ယူသည်။ ၉-လ တိုင်တိုင် ကျောင်းများစွာကို ဆောက်လုပ်ရ၏။ ၉-ကုဋေ ကုန်ကျသည်။ ရေစက်ချပွဲ ခမ်းနားစွာ ပြုလုပ်ပြီး ၂၇-ကုဋေသော အသပြာကို သာသနာတော်အတွက် စွန့်လှူခဲ့သည်။ ဤကဲ့သို့ ပစ္စည်းလေးပါး လှူဒါန်းမှု၌ အလွန်မွေ့လျော်ကြ သောကြောင့် အနာထပိဏ်သူဌေးအား လှူဒါန်းစွန့်ကြဲသည့် အမျိုးသားများတွင် အသာလွန်ဆုံးဖြစ်သည့် ဒါယကာဧတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူ၍ ဝိသာခါကျောင်းအမကြီးအား လှူဒါန်း စွန့်ကြဲသည့် အမျိုးသမီးများတွင် အသာလွန်ဆုံး ဖြစ်သည့် ဒါယိကာမဧတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူခဲ့သည်။

ဘုရားရှင်သည် ၄၅-ဝါအနက် ဇေတဝန်ကျောင်းတော်တွင် အချိန်အကြာမြင့်ဆုံး ၁၉-ဝါ တိုင်တိုင် သီတင်းသုံးတော်မူသဖြင့် သာဝတ္ထိပြည်၌ ဟောသော တရားများသည် အများဆုံး ဖြစ်တော့သည်။ ပုဗ္ဗာရုံကျောင်းတော်တွင် ၆-ဝါ သီတင်းသုံးတော်မူသည်။

မြတ်စွာဘုရားသည် မည်သည့်မြို့ရွာ၌ သီတင်းသုံးသည်ဖြစ်စေ၊ နေ့စဉ်နှင့်အမျှ ပြုလုပ်ဆောင်ရွက်ဖွယ်များကို တစ်နေ့တာလျှင် အချိန်ငါးပိုင်း ပိုင်း၍ သတ်မှတ် ဆောင်ရွက်တော်မူလေ့ရှိသည်။

## ဘုရားရှင်၏ နေ့စဉ်ဆောင်ရွက်မှု ဗုဒ္ဓကိစ္စငါးပါး

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
မြတ်စွာဘုရားရှင်သည် သတ္တဝါအားလုံး အကျိုးစီးပွားများစေရန် ပွင့်ထွန်း ပေါ်ပေါက်တော်မူလာရသည်"

မိမိတစ်ဦးတည်းအကျိုးအတွက် ဆိုရပါမူ ဘုရားရှင်သည် ဖလသမာပတ်ဝင်စား၍ ချမ်းသာစွာ နေတော်မူနိုင်သော်လည်း နေတော်မမူအားသတ္တဝါများအတွက် မနေမနား ကြိုးစားတော်မူသည်။ ဘုရားရှင်၏ နေ့စဉ်ဆောင်ရွက်တော်မူမှုဖြစ်သော လုပ်ငန်းစဉ် (ဗုဒ္ဓကိစ္စငါးပါး)ကို လေ့လာကြည့်လျှင်ပင် သတ္တဝါများအပေါ် ထားတော်မူသော မဟာကရုဏာတော်ကို အလွယ်တကူပင် တွေ့မြင်ရမည်ဖြစ်၏။

တစ်နေ့တာအချိန်ကို ငါးပိုင်းပိုင်း၍ သူ့အချိန်နှင့်သူ မလစ်လပ်စေရအောင် နေ့စဉ်နှင့်အမျှ ဆောင်ရွက်တော်မူသည်။ နံနက်ခင်း လုပ်ငန်း၊ ဆွမ်းစားပြီးချိန် လုပ်ငန်း၊ ညဉ့်ဦးယံ လုပ်ငန်း၊ သန်းခေါင်ယံ လုပ်ငန်း၊ မိုးသောက်ယံ လုပ်ငန်းဟူ၍ တစ်နေ့တာ ဆောင်ရွက်ဖွယ် လုပ်ငန်းစဉ်များကို ငါးပိုင်း ပိုင်း၍ နေ့စဉ်ဆောင်ရွက်တော်မူသည်။

### (က)ပုရေဘတ္တကိစ္စ=နံနက်ခင်း လုပ်ငန်းစဉ်

မြတ်စွာဘုရားရှင်သည် အရုဏ်တက်ချိန် စောစော အိပ်ရာမှ ထတော်မူ၍ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်းကို ပြုတော်မူသည်။ ထို့နောက် ဂန္ဓကုဋီတိုက်ခန်းသို့ ပြန်လည်ဝင်တော်မူပြီး သမာပတ်ဝင်စားကာ ခဏမျှ ချမ်းသာစွာနေတော်မူသည်။ ထို့နောက်

ဆွမ်းခံချိန်ရောက်သောအခါ သင်္ကန်းတော်ကို ရုံတော်မူပြီး တစ်ခါတရံ ကိုယ်တော်တစ်ပါးတည်း၊ တစ်ခါတရံ သံဃာတော်များ ခြံရံလျက် ဆွမ်းခံကြွတော်မူသည်။ ထိုသို့ ကြွတော်မူသောအခါ၌လည်း တစ်ခါတရံ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်း၍လည်းကောင်း၊ တစ်ခါတရံ ပကတိသဘာဝအတိုင်းလည်းကောင်း ကြွတော်မူသည်။

မြတ်စွာဘုရားကြွတော်မူလေရာတိုင်း ပါရမီတော်ကြောင့် ခလုတ်တံသင်း ဆူးငြောင့် နှောင့်ယှက်ခြင်းမရှိ၊ ကမူချိုင့်ဝှမ်း နိမ့်မြင့်မညီ ဖြစ်နေသော လမ်းများလည်း အလိုလို ချောမွေ့ပြေပြစ်၍သွားကြ၏။ ဒကာဒကာမတို့လည်း ပန်းနံ့သာလက်စွဲကာ ဘုရားရှင်ကို ဖူးမြော်ရန် စုဝေးရောက်လာကြကုန်၏။ မိမိတို့ တတ်နိုင်သလောက် သံဃာတော် ဆယ်ပါး၊ အပါးနှစ်ဆယ်၊ အပါးတစ်ရာ စသည် တောင်းယူ ပင့်ဆောင်ကြကုန်လျက် မြတ်စွာဘုရား၏ သပိတ်တော်ကို ယူဆောင်ကာ နေရာတော်ခင်း၍ ရှိသေစွာ ဆွမ်းလုပ်ကျွေးကြကုန်၏။ ဆွမ်းဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားရှင်သည် ဒကာ၊ ဒကာမတို့၏ စရိုက် ဓာတ်ခံကို ဆင်ခြင်တော်မူလျက် သင့်လျော်သော အနုမောဒနာတရားကို ဟောကြားတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။ ပန်းနံ့သာတို့ဖြင့် ထုံမွှမ်းထားသော စုဝေးရာမဏ္ဍပ် နေရာတော်၌ ထိုင်နေတော်မူ၍ ဆွမ်းစားရာမှ ပြန်လာကြသော ရဟန်းတော်တို့ကို စောင့်လျက်နေတော်မူ၏။ ထို့နောက် သံဃာတော်များ စုံလင်သောအခါ ဂန္ဓကုဋီကျောင်းဆောင်ဘက်သို့ ကြွတော်မူလေသည်။ ဤကား နေ့စဉ် နံနက်တိုင်း ပြုလုပ်လေ့ရှိသော နံနက်ခင်း လုပ်ငန်းစဉ်ဖြစ်ပေသည်။

## (ခ) ပစ္ဆာဘတ္တကိစ္စ = နေ့လယ် လုပ်ငန်းစဉ်

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးသည့်နောက် တစ်နေ့တာ ဆောင်ရွက်မြဲ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်တော်မူ၏။ ဂန္ဓကုဋီကျောင်းတော်အနီး အသင့်ခင်းထားသော နေရာတော်၌ ထိုင်တော်မူပြီးနောက် ခြေဆေးအင်းပျဉ်၌ ရပ်တော်မူလျက် ရဟန်းတော်များအား ဒုလ္လဘတရား ငါးပါးကို နေ့စဉ်ပင် ဟောကြား သတိပေးတော်မူမြဲဖြစ်သည်။

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ = ရဟန်းတို့ မမေ့လျော့သော သတိတရားနှင့် ပြည့်စုံကြပစေ။

၁။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ = ရဟန်းတို့– လောက၌ ဘုရားရှင် ပွင့်ထွန်းတော်မူခြင်း ဖြစ်ပေါ်ခဲ၏။

၂။ မနုဿတ္တပဋိလာဘော ဒုလ္လဘော = လူ့အဖြစ်ရခြင်းသည် ခက်ခဲ၏။ ( လူ့အဖြစ် ရခဲ၏)။

၃။ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ = (ရတနာသုံးပါးနှင့် ကံ ကံ၏အကျိုး ကို ယုံကြည်မှု) သဒ္ဓါတရားနှင့် ပြည့်စုံခြင်းသည် ခက်ခဲ၏၊ (သဒ္ဓါနှင့်ပြည့်စုံခြင်းကို ရခဲ၏)။

၄။ ပဗ္ဗဇ္ဇာ ဒုလ္လဘာ = ရဟန်းအဖြစ်ကို ရခဲ၏။

၅။ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ = သူတော်ကောင်းတရား ကြားနာရဖို့ ခက်ခဲ၏"။

ဒုလ္လဘတရား ဟောကြား သတိပေးပြီးလျှင် ကမ္မဋ္ဌာန်း မေးလျှောက်သော ရဟန်းတို့အား သင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူသည်။ ကမ္မဋ္ဌာန်းသင်ယူပြီးသော ရဟန်းတော်များ မိမိတို့နှင့် သင့်လျော် ဆိတ်ငြိမ်ရာသို့ အသီးသီး ကြွရောက်၍ ကမ္မဋ္ဌာန်းဘာဝနာ တရား ပွားများ အားထုတ်ကြလေသည်။

ကမ္မဋ္ဌာန်းပေးပြီးနောက် ဂန္ဓကုဋီကျောင်းတော်သို့ ဝင်တော်မူကာ အလိုတော်ရှိလျှင် တစ်မှဟုတ်ခန့် လျောင်းတော်မူသည်။ လျောင်းရာမှ ထတော်မူပြီးလျှင် တစ်လောကလုံးကို ခြုံ၍ ချွေချွတ်ထိုက်သော သတ္တဝါဝေနေယျများ ရှိ–မရှိ အမြဲ ရှုကြည့်တော်မူလေသည်။

မြတ်စွာဘုရား သီတင်းသုံးရာဒေသရှိ ဒကာ ဒကာမတို့သည် ညနေချမ်းကာလရောက်လျှင် အဖျော်ယမကာ၊ ပန်းနံ့သာ စသည် ယူဆောင်လျက် တရားနာယူရန် ကျောင်းတော်သို့ ရောက်လာ စည်းဝေးကြသည်။ ထိုအခါ မြတ်စွာဘုရားသည် ထိုတရားမဏ္ဍပ်ရှိ

နေရာတော်၌ သီတင်းသုံးတော်မူလျက် သင့်လျော်သော တရားကို ဟောကြားတော်မူလေသည်။ ညနေစောင်းအချိန်လောက်တွင် တရားပွဲ ပြီးဆုံး၍ ပရိသတ်တို့ ကျောင်းတော်မှ ပြန်ကြလေသည်။

## (ဂ) ပုရိမယာမကိစ္စ = ညဥ့်ဦးယံ လုပ်ငန်းစဉ်

မြတ်စွာဘုရားရှင်သည် တစ်နေ့တာ ဆောင်ရွက်ဖွယ်လုပ်ငန်းများ ပြုလုပ်ပြီးနောက် ရေချိုးတော်မူလိုလျှင် ရေချိုးအိမ်သို့ ဝင်တော်မူကာ ရေသပ္ပါယ်တော်မူသည်။ အလုပ်အကျွေးရဟန်းကလည်း ဘုရားရှင် နေရာတော်ကို ဂန္ဓကုဋီပရိဝုဏ်အတွင်း၌ ခင်းထားရလေရာ ရေသုံးသပ် တော်မူပြီးလျှင် ထိုနေရာတော်သို့ကြွကာ နှစ်ထပ်သင်္ကန်းကို ဝတ်၊ ခါးပန်းကြိုးကို ဖွဲ့ချည်ပြီးလျှင် ကိုယ်ရုံလက်ကန်တော့ထိုးတော်မူလျက် တစ်မုဟုတ်ခန့် တစ်ပါးတည်း ကိန်းအောင်း စံနေတော်မူလေသည်။

ခဏကြာလျှင် ထိုထိုအရပ်မှ ရဟန်းတော်များ လာရောက် ဆည်းကပ်ကြကုန်၏။ မြတ်စွာဘုရားသည် ညဥ့်ဦးယံတစ်ချိန်လုံး ထိုရဟန်းတော်များ မေးလျှောက်သမျှ ဖြေဆိုတော်မူ၍ တရားဓမ္မ ဟောပြပေးတော်မူ၏။ ဤသို့ဖြင့် ညဥ့်ဦးယံအချိန်ပိုင်း ကုန်လွန်သွား၏။

## (ဃ) မဇ္ဈိမယာမကိစ္စ = သန်းခေါင်ယံ လုပ်ငန်းစဉ်

ညဥ့်ဦးယံလုပ်ငန်းပြီးဆုံး၍ ရဟန်းတော်များ ပြန်ကြပြီးသောအခါ နတ်ဗြဟ္မာတို့ ဆည်းကပ်ရန် အချိန်ဖြစ်တော့သည်။ စကြဝဠာပေါင်း တိုက်တစ်သောင်း၌ နေကြကုန်သော နတ်ဗြဟ္မာတို့သည် မိမိတို့ ဆင်ခြင်စဉ်းစားခဲ့ကြသော အမေးပုစ္ဆာ ပြဿနာများကို မေးလျှောက် ကြကုန်၏။ မြတ်စွာဘုရားသည် သန်းခေါင်ယံ တစ်ချိန်လုံး အမေးပုစ္ဆာ ပြဿနာအလိုက် နတ်ဗြဟ္မာတို့ သံသယပြေကင်းအောင် ဖြေရှင်း ဟောပြတော်မူရလေသည်။ မင်္ဂလသုတ် စသော သုတ်တော်များသည် နတ်ဗြဟ္မာများ မေးလျှောက်သဖြင့် ဤသန်းခေါင်ယံ၌ ဟောကြား ဖြေရှင်းတော်မူခဲ့သော သုတ်တော်များ ဖြစ်လေသည်။

## (င) ပစ္ဆိမယာမကိစ္စ = မိုးသောက်ယံ လုပ်ငန်းစဉ်

ပစ္ဆိမယံ ခေါ် မိုးသောက်ယံကို သုံးပိုင်း ခွဲဝေတော်မူလျက် ကျင့်ဆောင်တော်မူလေသည်။

တစ်နေ့တာလုံး ဆောင်ရွက်တော်မူရသဖြင့် ကိုယ်လက် ပင်ပန်းနွမ်းနယ်မှု ပြေပျောက်စေရန် ပထမပိုင်းတစ်ချိန် စင်္ကြံကြွခြင်းဖြင့် ကုန်လွန်စေသည်။

ဒုတိယပိုင်း တစ်ချိန်မှာမူ ဂန္ဓကုဋီကျောင်းတော်သို့ ဝင်၍ လက်ယာနံတောင်းဖြင့် လျောင်းစက်တော်မူသည်။

တတိယပိုင်းအချိန် လျောင်းတော်မူရာမှ ထတော်မူပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကာ ရှေးရှေး ဘုရားရှင်တို့ အထံ၌ ဒါန သီလ စသည် ပြုခဲ့ဖူးသော ကုသိုလ်ပါရမီထူး ရှိသူများ ရှိ-မရှိ တစ်လောကလုံးကို ခြင့်၍ ကြည့်ရှုတော်မူလေသည်။

## အနစ်နာလည်းခံ ဉာဏ်အမြင်လည်းရှိခြင်း

ဤကား မြတ်စွာဘုရားရှင်၏ ကိုယ်တော်အကျိုးမပါ၊ သတ္တဝါများ အကျိုးကိုသာ ၄၅-နှစ်တိုင်တိုင် (မဆိုစလောက်သာ ကျိန်းစက်တော်မူ၍) နေ့စဉ်နှင့်အမျှ လုပ်ငန်းစဉ်ချလျက် ဆောင်ရွက်တော်မူပုံဖြစ်သည်။

အထူးသဖြင့် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ် တစ်လောကလုံးကို ခြင့် ရှုကြည့်တော်မူ၍ ချွေချွတ်ထိုက်သော ဝေနေယျရှိလျှင် ခရီးယူဇနာ မည်မျှ ဝေးကွာစေကာမူ ကြွရောက် ချွေချွတ်တော်မူမြဲ ဖြစ်လေသည်။

မြတ်စွာဘုရားရှင်သည် မိမိနှင့် မိမိပတ်ဝန်းကျင်အတွက် ငဲ့ကွက် တွယ်တာသည့် လောဘစသော ကိလေသာတို့ကို အငွေ့အသက်မျှ မကျန်ရ အောင် ပယ်သတ်နိုင်စွမ်းသော အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသည်မှစ၍ တစ်လောကလုံး၌ အနစ်နာအခံနိုင်ဆုံး ဖြစ်တော်မူသည်။

မည်သည့်ပုဂ္ဂိုလ်အား, မည်သည့်တရားကို, မည်သို့ ဟောကြားရမည်ဟု အကြွင်းမရှိ သိမြင်နိုင်စွမ်းသော သဗ္ဗညုတဉာဏ်ကို ရတော်မူသည်မှစ၍ တစ်လောကလုံး၌ သူတပါးအကျိုးကို အဆောင်ရွက်နိုင်ဆုံး ဖြစ်တော်မူသည်။

ထိုဉာဏ်တော်နှစ်ဖြာကို မဟာကရုဏာတော်နှင့် ပေါင်းစပ်လိုက်သောအခါ ပြဆိုခဲ့သည့်အတိုင်း ၄၅-ဝါကာလပတ်လုံး အားချိန် နားချိန်မျှ မထားဘဲ

သတ္တဝါအများ၏ အကျိုးကိုသာ တရစပ် သယ်ပိုးတော်မူလေသည်မှာ အလုပ်ဖြင့် ပြတော်မူခဲ့သော ဩဝါဒသင်ခန်းစာကြီးပင် ဖြစ်တော့သည်။

## သာသနာတော် တိုးတက် ထွန်းကားလာခြင်း

မြတ်စွာဘုရားရှင်သည် မနေမနား အချိန်အားမထား နေ့ ည မဟူ နေပူမိုးရွာမရှောင် ၄၅–ဝါ ကာလပတ်လုံး သတ္တဝါများအတွက် ရွက်ဆောင်တော်မူခဲ့သည့်နည်းတူ သံဃာတော်အရှင်မြတ်များသည်လည်း ဝေးနီး အရပ်များသို့ ကြွရောက်ကြပြီး သတ္တဝါများအတွက် ဟောမြွက်ဆုံးမခဲ့ကြသည်။

မြတ်စွာဘုရားသာသနာတော်သို့ မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ် မှစ၍ လူမျိုး ဘာသာ အဆင့်အတန်းမရွေး လူတန်းစား အသီးသီး အလွှာအသီးသီးမှ အမျိုးသား၊ အမျိုးသမီးများစွာ ဆည်းကပ်ကိုးကွယ်ဝင်ရောက်လာကြသည်။

ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၊ မဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၊ ကောသလတိုင်းကြီး၏ ပြည့်ရှင် ဘုရင်ကောသလ စသော မဟာရာဇာများ၊ ရှင်ဘုရင်များနှင့် အနာထပိဏ်၊ ဝိသာခါ၊ ဇောတိက၊ ဇဋိလ၊ ဥပါလိ၊ စိတ္တသူကြွယ်၊ ကောသမ္ဗီပြည် ဃောသက၊ ကုက္ကုဋ၊ ပါဝါရိက သူကြွယ်များကလည်း သာသနာတော် ပြန့်ပွားရာ ပြန့်ပွားကြောင်း အသီးသီး စောင့်ရှောက် ထောက်ပံ့ကြသဖြင့်လည်း မြတ်စွာဘုရားရှင် သာသနာတော်ကြီးသည် မဇ္ဈိမဒေသကို ဗဟိုပြုလျက် တိုးတက် ထွန်းကား ပြန့်ပွား လာတော့သည်။

ဘုရားရှင်သည် ၄၅–နှစ်တာ ကာလတလျှောက် ဝါတွင်းသုံးလမှတပါး ယူဇနာ ၂၀၀၀–ရှည်လျားသောအရပ်သို့ပင် ခရီးဒေသစာရီ ကြွချီ ဟောပြ ချေချွတ်တော်မူရသည်၊ ၄၅–နှစ်တာအတွင်း အောက်ဖော်ပြပါ မြို့ရွာဒေသတို့၌ လှည့်လည်၍ သီတင်းသုံး ဝါကပ်တော်မူသည်။

## မြတ်စွာဘုရားရှင် ဝါဆိုတော်မူရာ မြို့၊ ရွာ ဒေသများ

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်နေ့ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ဆိုက်ရောက်တော်မူသည်မှစ၍ အောက်ပါ မြို့ရွာဒေသများ၌ ဝါကပ်တော်မူလေသည်–

(၁) ဝါ – ဗာရာဏသီပြည်၊ ဣသိပတန မိဂဒါဝုန်တော၊
(၂)(၃)(၄)ဝါ – ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၊
(၅) ဝါ – ဝေသာလီပြည်၊ မဟာဝုန်တော၊ ကူဋာဂါရ–သာလာကျောင်း၊
(၆) ဝါ – မကုဋတောင်၊ ချုံးတော၊
(၇) ဝါ – တာဝတိံသာနတ်ပြည်၊
(၈) ဝါ – ဘဂ္ဂတိုင်း၊ သံသုမာရဂိရိပြည်၊ ဘဂ္ဂါသယ ဖနပုဒ်အနီး ဘေသကဠာ မိဂဒါဝုန်တော၊
(၉) ဝါ – ကောသမ္ဗီပြည်၊ ဃောသိတာရုံ၊ ကုက္ကုဋာရုံ၊ ပါဝါရိကာရုံကျောင်းများ၊
(၁၀) ဝါ – ပါလိလေယျက တောအုပ်၊
(၁၁) ဝါ – နာဠကပုဏ္ဏားရွာ၊ နာဠိကာရုံကျောင်း၊
(၁၂) ဝါ – ဝေရဉ္စတိုင်း၊ နဠေရုတမာပင်ရင်း၊
(၁၃) ဝါ – စာလိယတောင်၊
(၁၄) ဝါ – သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၊
(၁၅) ဝါ – ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၊
(၁၆) ဝါ – အာဠဝီပြည်အနီး မဟာဝုန်ကျောင်း၊
(၁၇) ဝါ – ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၊
(၁၈) ဝါ(၁၉)ဝါ – စာလိယတောင်၊
(၂၀) ဝါ – ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၊
(၂၁) ဝါမှ(၃၉)ဝါ– သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၊
(၄၀) ဝါမှ(၄၄)ဝါ – သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်း၊
(၄၅) ဝါ – ဝေဠုဝရွာ။

## မြတ်စွာဘုရား ဝါဆိုစဉ်လင်္ကာ

တက်ထွန်းကျက်သရေ၊ သုံးလူ့ဆွေကား၊ အောင်မြေသီရိ၊ ဗောဓိသမိပ၊ ရပ်ဌာနဥ္၊ နှစ်လမှန်တယ်၊ ရက်ခြောက်ဆယ်ဖြင့်၊ သပ္ပါယ်မျှတ၊ နေပြီးမှလျှင်၊ ပထမဝါ၊ ဗာရာဏသီ၊ မြိုင်တောမိဂ်၊ နောက်ချီဒုတိယ၊ တတိယနှင့်၊ စတုတ္ထဝါ၊ ပြည်ရာဇဂြိုဟ်၊ ဝါးညိုကျောင်းလှ၊ ဝါကပ်မျှ၏၊ ပဉ္စမဝါ၊ ပြည်ဝေသာလီ၊ လိစ္ဆဝီမင်းပေါင်း၊ ဆောက်တုံရှောင်းသည့်၊ ကျောင်းမဟာဝန်၊ တတန်ဆဠ၊ မကုဋတောင်မှာ၊ ခုနစ်ဝါသော်၊ တာဝတိံသရောက်၊ မြောက်တုံရှစ်ဝါ၊ ဘဂ္ဂါယန၊ ကိုးဝါကျသော်၊ ဌာနပူရိ၊ ကောသမ္ဗိဌ၊ ဃောသိတာရုံ၊ ရွှေဘုံမိုကပ်၊ ဆယ်ဝါရပ်ကား၊ မလှုပ်သိပ်သည်း၊ ပလလည်းသာမော၊ ဆင်မင်းတောဝယ်၊ ရှင်စောမိုကာ၊ ဆယ့်တစ်ဝါကား၊ နာဠာထင်ရှား၊ ပုဏ္ဏားနေထ၊ ရပ်ဂါမတည့်၊ ဒွါဒသယှဉ်၊ ဝေရဉ္စခေါ်၊ ဆယ့်သုံးသော်ကား၊ တောင်ကျော်သာလှ၊ စာလိယဌ၊ ကပ်ထပြီးခါ၊ ဆယ့်လေးဝါတွင်၊ သာဝတ္ထိတောင်စွန်၊ ဇေတဝန်ထင်ရှား၊ ရှင်ပျော်ပါး၏၊ ဆယ့်ငါးဝါမှ၊ ကပိလတွင်၊ စိမ်းမြရိပ်သာ၊ နိဂြောဓာဟု၊ ကျောင်းသာစံမြောက်၊ ဆယ့်ခြောက်ဝါဆီ၊ အာဠဝီဟု၊ ပုရီဘက်မှဲ၊ ပျော်စံခဲ့၍၊ ဆယ့်ခုနစ်ဝါ၊ ထိုသောခါလျှင်၊ ရာဇဂြိုဟ်ဌာန၊ သာလှဗိမာန်၊ နတ်ဌာန်တူလျော၊ ဝါးတောညိုလှဲ၊ အောင်ပွဲဖွဲ့၏၊ တစ်ဆယ့်ရှစ်ဝါ၊ ဆယ့်ကိုးဝါဌ၊ စာလိယရောက်၊ ဝါဆိုမြောက်၏၊ ပယ်ဖျောက်ရန်ကွာ၊ နှစ်ဆယ်ဝါကား၊ ရာဇဂြိုဟ်ငင်း၊ ရောက်ပြန်ရှောင်း၏၊ နှစ်ပေါင်းဝီသ၊ ပထမဗောဓိ၊ မုနိမြတ်စွာ၊ ဝါဆိုပါလည်း၊ မြဲစွာမရို၊ နောက်ဗောဓိကား၊ သာဝတ္ထိမှာ၊ ပုဗ္ဗာရုံမွန်၊ ဇေတဝန်ဟု၊ နှစ်တန်ကျောင်းမှာ၊ လူးလာမဝေး၊ နှစ်ဆယ့်လေးဝါ၊ နေပြီးခါမှ၊ နိဗ္ဗာနသို့၊ ကြွအံ့လူလူ၊ ဝါတစ်ခုကား၊ ဝေဠုဝရွာ၊ ကပ်မိုလာ၏၊ သချာမှတ်သား၊ ဆယ့်ငါးဌာန၊ ပဉ္စစတ္တာ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ တိုင်ခါဝယ်ဌ၊ ဘုန်းကြွယ်ထွတ်ခေါင်၊ ခေမာသောင်သို့၊ ရွှေဖောင်တော်ယွန်း၊ စံသိမ်းမြန်းသည်၊ သုံးခန်းလူတို့မှန်ကူတည်း။

### ဘုရားရှင်အား နှောင့်ယှက် တိုက်ခိုက်ခဲ့ကြသူများ

မြတ်စွာဘုရားသည် သစ္စာလေးပါး တရားအမြိုက်ဆေးကို ၄၅-ဝါ ကာလပတ်လုံး တိုက်ကျွေးတော်မူရာ၌ တရားတော်တို့သည် အလွန်နက်နဲ သိမ်မွေ့၍ သတ္တဝါတို့သည်လည်း လောဘ ဒေါသ မောဟ ဒိဋ္ဌိ မာန အယူအစွဲ ကြီးကြသည့်အလျောက် အမျိုးမျိုး နှောင့်ယှက်ခဲ့သူများလည်း အနည်းအကျဉ်း ပေါ်ပေါက်ခဲ့လေသည်၊ ထိုသူများထဲတွင် ကာမဂုဏ်အာရုံ ပွားစီးရေးကို လိုလားသော မာရ်နတ်သည် ရှေ့ဆုံးက ပါဝင်၏၊ အလောင်းတော် တောထွက်

သည်မှစ၍ ဟန့်တားခြင်း၊ ဘုရားမဖြစ်အောင် နှောင့်ယှက်ခြင်း၊ ဘုရားဖြစ်ပြန်ပါသော်လည်း တရားမဟောဖြစ်အောင်၊ ဟောပါသော်လည်း ကြာရှည်စွာ မဟောနိုင်ဘဲ မြန်မြန် ပရိနိဗ္ဗာန်ပြုရအောင် ဆက်တိုက် နှောင့်ယှက်ခဲ့လေသည်။

ထိုမှတပါး အသက်ရှည်စွာ နေရသဖြင့် မိမိတို့ဘဝကို ထာဝရ အခိုင်အမာဖြစ်သည်ဟု အယူလွဲမှားနေသူ ဗကဗြဟ္မာကဲ့သို့သော နတ်ဗြဟ္မာများ၊ အယူဝါဒရေးရာ အချေအတင် စကားစစ်ထိုးလိုသော သစ္စက ကဲ့သို့သော ပရိဗိုဇ်များ၊ သက်ဆိုင်ရာဒေသ ဘဝနယ်ပယ်တို့၌ 'ငါမှ ငါ' ဟု ဋ္ဌဒါသ မာန တံခွန်ထူကာ လွန်စွာ ရက်စက်ကြမ်းကြုတ်သော အင်္ဂုလိမာလ၊ အာဠဝက၊ နန္ဒောပနန္ဒ-စသော သတ္တဝါများကလည်း မြတ်စွာဘုရားအား ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြရာ နောက်ဆုံး ဘုရားရှင်ကပင် အနိုင်ရခဲ့လေသည်။

မိမိတို့ဆည်းပူးခဲ့သော ကုသိုလ်ကံပါရမီအလျောက် ဘွဲ့ထူးရာထူး ချီးမြှောက်ပေးသနားရာတွင် မျက်နှာလိုက်သည်ဟု ထင်ကာ မိမိသာလျှင် ဘုရားရှင်၏ ဆွေမျိုးရင်းခြာဖြစ်၍ ဘွဲ့ထူးရာထူးပေးလျှင် မိမိသာ ရထိုက်ကြောင်း အထင်ရောက်နေသော ဒေဝဒတ်သည်လည်း အနီးကပ် ရန်သူတစ်ဦးဖြစ်ခဲ့၏။ လောဘ ဒေါသ မာန ဣဿာ ဝင်လျှင် တန်ခိုး အဘိညာဉ်ရသူပင် (ကမ္မနိယာမ) အမှန်ကို မဆင်ခြင်နိုင်တော့ချေ။

အဇာတသတ်နှင့်ပေါင်းကာ ဘုရားရှင်အား အကြိမ်ကြိမ် သေကြောင်း ကြံခဲ့သော်လည်း မအောင်မြင်၊ နောက်ဆုံး နာဠာဂီရိ ဆင်ရိုင်းကြီးအား အရက်များ အလွန်အကျွံ တိုက်ကာ ဘုရားရှင်အား နင်းသတ်စေလေသည်။ သို့ရာတွင် ဘုရားရှင်၏ အတုမရှိသော မေတ္တာစွမ်းအားကြောင့် တရားသဖြင့် အောင်နိုင်တော်မူခဲ့သည်ချည်းပင်၊ ဒေဝဒတ်ရဟန်းသည် ထိုမျှဖြင့်လည်း မဆင်ခြင် မစဉ်းစားမိ၊ လူသတ်သမားများနှင့် နာဠာဂီရိဆင်ရိုင်းကြီးကို ခိုင်းစေ၍မရသည့်အဆုံး ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကျောက်တုံးကြီးကို ကိုယ်တိုင် တွန်းချပြီး ဘုရားရှင်အား သေကြောင်းကြံစည်ပြန်၏၊ နောက်ဆုံး တပည့်သင်းပင်းများကို စည်းရုံး၍ ကိုယ်တိုင် ဘုရားလုပ်သည်အထိ မိုက်တွင်း နက်ကာ အနှောင့်အယှက်ပေးခဲ့လေသည်။ ကြီးလေးလှသော အပြစ်ကြီးများကို ဆက်တိုက်ကျူးလွန်ပြီးကာမှ ရသော နှောင်တသည် သူ့အား မကယ်မ နိုင်တော့ချေ။ သူ့ကံက သူ့အား တရားစီရင်လေပြီ။

မြတ်စွာဘုရား ပွင့်ထွန်းဖြစ်ပေါ်တော်မူလာသောအခါ လာဘ်လာဘ ဆုတ်ယုတ်ကာ ဂုဏ်တုဂုဏ်ပြိုင် လုပ်နေကြသော တိတ္ထိဆရာကြီးများနှင့် နောက်လိုက်အသင်းအပင်းများအား တန်ခိုးအမျိုးမျိုးပြ၍ နှိမ်နင်းတော်မူရသည်။

တိတ္ထိဆရာကြီးများသည် ထိုမျှဖြင့်လည်း လက်လျှော့ အရှုံးမပေးဘဲ သုန္ဒရီပရိဗိုဇ်မ၊ စိဥ္စမာဏဝိကာ မိန်းမယုတ်များကို အသုံးပြုလျက် လှုပ်အလယ်၌ အရှက်တကွဲဖြစ်အောင် စွပ်စွဲပုတ်ခတ်ခိုင်းကြလေသည်။ ထိုအနှောင့်အယှက်များ အားလုံးကို မြတ်စွာဘုရားရှင်သည် ဆည်းပူးတော်မူခဲ့သော ပါရမီတော်အစွမ်း၊ မေတ္တာ, ခန္တီအစွမ်းတို့ကြောင့် "အောင်ခြင်းရှစ်ပါး" ဟူသော အံ့မခန်း အောင်ပွဲကြီးများကိုပင် ရရှိတော်မူခဲ့လေသည်။ လောက၌ဘုရားကို အောင်နိုင်သူမရှိ၊ ဓမ္မဝိဇယ–တရားသဖြင့် အတုမဲ့ အောင်သူ ဖြစ်တော်မူ၏။ ထို'ဓမ္မ'ကို လိုက်နာသူတိုင်းလည်း အောင်ခဲ့ကြလေပြီ။

## သာသနာ့ကျက်သရေဆောင် သာသနာ့ဝန်ဆောင် ၄–ဦး

မာရ်နတ်သည် မြတ်စွာဘုရားရှင်အား ပရိနိဗ္ဗာန်ပြုရန် အကြိမ်ကြိမ် လျှောက်ထားခဲ့၏။ တစ်ချိန်က မြတ်စွာဘုရားရှင်သည် မာရ်နတ်အား–

"ဟယ်မာရ်နတ်..... သာသနာ့ကျက်သရေဆောင် သာသနာ့ ဝန်ဆောင် ဖြစ်ကြသော ငါ၏တပည့်သားရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာ လေးဦးတို့သည် ငါဘုရားရှင် ဟောကြားတော်မူသော တရားများကို ကိုယ်တိုင်လည်း နားလည်ကျင့်သုံး၍ တပါးသော သူတို့အားလည်း အကျိုးသင့် အကြောင်းသင့် တရားသဖြင့် ဟောကြား ဖြေရှင်း၍ မပေးနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မမူသေး" ဟု မိန့်တော်မူလေသည်။

## ဘုရားရှင်၏ ပရိနိဗ္ဗာန်အကြိုခရီး

မြတ်စွာဘုရားသည် ပါရမီဖြည့်ကျင့်တော်မူသည်မှစ၍ ပရိနိဗ္ဗာန် ပြုတော်မူရသည့်ကာလတိုင်အောင် ၄၅–ဝါ ကာလပတ်လုံး မည်သည့်အချိန်က၊ မည်သည့်မြို့ရွာဒေသ၌ သီတင်းသုံး၍ မည်သူမည်ဝါတို့အား မည်သည့်တရားကို ဟောကြားကြောင်း နေရာ၊ ဒေသ၊ ဟောပြသောတရား၊ ဖြစ်ပွားသော အကြောင်းအရာ၊ ၄၅–နှစ်တာပတ်လုံး တွေ့ကြုံဆုံဆည်းရသူများ အကြောင်း အသေးစိတ် သမိုင်းမှတ်တမ်း တင်ထားလျက်ရှိသည်မှာ ဗုဒ္ဓနှင့် ဗုဒ္ဓ သာသနာတော်၏ ထူးခြားသော ဝိသေသလက္ခဏာကြီး ဖြစ်ပေသည်။

ဘုရားရှင်သည် ၄၄-ဝါမြောက် ဝါကို ဝိသာခါ ကျောင်းအမကြီး ဆောက်လှူသော သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူပြီးနောက် နောက်ပါ ရဟန်းများနှင့်အတူ မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသည်။ ရာဇဂြိုဟ်ပြည်၌ ကျောင်းတိုက်ကြီး ၁၈-တိုက်ရှိရာတွင် ဂိဇ္ဈကုဋ်တောင်ကျောင်း၌ ကိန်းအောင်းစံနေတော်မူလေသည်။

ထိုစဉ်အခါ အဇာတသတ်မင်းသည် ဝေသာလီ၊ ပဇ္ဇီမင်းများကို တိုက်ခိုက်ရန်အတွက် ဝေဿကာရပုဏ္ဏားကြီးအား ဥပါယ်တံမျဉ်ဖြင့် ဘုရားရှင်ထံ စေလွှတ်၍ ဘုရားရှင်၏ ဆန္ဒတော်ကို ရယူရန် စီမံလေသည်။

စစ်တိုက်ရာ၌ လက်နက်ဖြင့် အကြမ်းဖက်၍ သွေးထွက်သံယိုမရှိစေဘဲ ပညာရှိများ၏ အကြံဉာဏ်ယူကာ ငြိမ်းချမ်းစွာ အောင်ပွဲခံနိုင်ရန် ရည်ရွယ်၍ စေလွှတ်ခြင်းဖြစ်သည်။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူ၍ 'မင်းလုပ်သူတို့၏ ကြီးပွားကြောင်းတရားများ၊ ရဟန်းတို့၏ ကြီးပွားကြောင်း တရားများ'ကိုသာ ဟောပြတော်မူလိုက်လေသည်။

အထူးသဖြင့် ရဟန်းတော်များအား ဟောကြားရာ၌ သီလ သမာဓိ ပညာ "သိက္ခာသုံးပါး"ကို တစ်ပါးနှင့်တစ်ပါး အမှီသဟဲပြုကာ ခိုင်မာ ရင့်ကျက်အောင် ထူထောင်ကြရမည်၊ ထိုသို့ ထူထောင်မှသာ သံသရာဝဋ်ဒုက္ခမှ လျင်စွာ လွတ်မြောက်ကြမည်ဟု ကြိမ်ဖန်များစွာ အထူး ဟောကြားတော်မူသည်။ အကြောင်းကား ပရိနိဗ္ဗာန်ပြုတော်မူရန် နီးကပ်လာပြီ ဖြစ်သောကြောင့်တည်း။

## နာဠန္ဒာနှင့် ပါဋလိဂ္ဂါ တရားပွဲ

မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်မှ အမ္ဗလဋ္ဌိကဥယျာဉ်၊ ထိုမှတစ်ဆင့် နာဠန္ဒာမြို့သို့ ကြွတော်မူရာ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူ၏။ ထိုနေရာတို့၌လည်း ရဟန်းတို့အား 'သိက္ခာသုံးပါး'ကိုသာ ဦးစားပေး၍ ဟောပြတော်မူ၏။

ထိုမှတစ်ဆင့် ရဟန်းတော်များနှင့်အတူ ပါဋလိပုတ် နေပြည်တော် ဖြစ်လာမည့် ပါဋလိဂ္ဂါသို့ ကြွတော်မူရာ ညနေချမ်းတွင် ဆိုက်ရောက်တော်မူသည်။ ပါဋလိဂ္ဂါသားများလည်း ဝမ်းသာအားရ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ကြိုဆိုကာ ဧည့်ရိပ်သာသို့ ပင့်ဆောင်သွားကြသည်။

ဍေ့ရိပ်သာ၌ သီတင်းသုံးရန် နေရာတော်များ ခင်း၍ အမွေးနံ့သာနှင့် ဆီမီးတိုင်များလည်း ညှိထွန်းထားသည်။

မြတ်စွာဘုရားသည် ဍေ့ရိပ်သာ အလယ်ရှိ တိုင်ခြေ၌ ခင်းထားအပ်သော နေရာတော်၌ အရှေ့ဘက်သို့ မျက်နှာမူလျက် ထိုင်တော်မူသည်။ ရဟန်းတော်များနှင့် ပရိသတ်များက မြတ်စွာဘုရားရှိရာ အနောက်ဘက်သို့ မျက်နှာမူ၍ ဝန်းရံ နေရာယူကြသည်။ မြတ်စွာဘုရားသည် ပါဋလိရွာသားများအား ကိုယ်ကျင့်သီလတရားမရှိလျှင်–

(၁) စီးပွားဥစ္စာများ ဆုတ်ယုတ်ခြင်း၊
(၂) မကောင်းသတင်း ကျော်ကြားခြင်း၊
(၃) ပရိသတ်အလယ် ညှိုးငယ်ခြင်း၊
(၄) မိန်းမောတွေဝေ သေရခြင်း၊
(၅) သေသည့်နောက် အပါယ်ငရဲသို့ ကျရောက်ခြင်း –

အပြစ်ငါးမျိုး၊ ကိုယ်ကျင့်သီလ ပြည့်စုံသူ၏ အပြန် အကျိုးငါးပါးနှင့် ကျောင်းအိပ်ရာနေရာ လှူဒါန်းရသော အကျိုးများကို ညဥ့်နက်သည်အထိ ဟောကြားတော်မူသည်။

## ကောဋိရွာမှ ဝေသာလီသို့

ထိုမှတစ်ဆင့် မြတ်စွာဘုရားသည် ကောဋိရွာသို့ ကြွတော်မူရာ ရဟန်းများအား သစ္စာလေးပါးကို မသိ၍ သံသရာကျင်လည်ရပုံ ဟောကြားပြီးနောက် 'သိက္ခာသုံးပါး'ကိုသာ ဖြည့်ကျင့်ကြရန် ထပ်မံ တိုက်တွန်းတော်မူသည်။

ထိုမှတစ်ဆင့် နာတိကရွာသို့ ကြွတော်မူရာ အုတ်တိုက်ကျောင်း၌ သီတင်းသုံးတော်မူစဉ် နာတိကရွာနေ မကြာမီက ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွားကြသော ရဟန်း ရှင် လူတို့မှာ ထူးထူးခြားခြား များပြားနေသဖြင့် အရှင်အာနန္ဒာသည် ထိုကွယ်လွန်သူတို့၏ လားရာဂတိကို လျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်က–

"လူတွေ သေတိုင်းသေတိုင်း ထိုသူတို့၏ လားရာဂတိကို မေးလျှောက်ကြလျှင် ငါဘုရားပင်ပန်းရုံသာရှိမည်၊ ကိုယ့်ဟာကိုယ်သိအောင် လုပ်ရမည်"ဟု

မိမိကိုယ်တိုင် မှန်ရှေ့၌ ရပ်ကြည့်သည့်ပမာ ကိုယ်တိုင်ကြည့်၍ မြင်နိုင်သောနည်း (တရားကြေးမုံ)ကို ဟောပြတော်မူလေသည်။ 'သိက္ခာသုံးပါး' ဖြည့်ကျင့်ရန်လည်း ထပ်မံ သတိပေးတော်မူ၏။

ဘုရား တရား သံဃာ ရတနာသုံးပါး၌ မမိုတ်မသုံ ယုံကြည်၍ ငါးပါးသီလ အပြည့်အဝ လုံခြုံသူသည် အပါယ်လေးပါးမှ ကင်းလွတ်၍ သုဂတိဘဝရောက်နိုင်ကြောင်း ရှင်းပြတော်မူ၏။

ထို့နောက် နာတိကရွာမှ ကြွတော်မူ၍ ရဟန်းတော်များနှင့်အတူ ေသာလီပြည် အမ္ဗပါလီပြည့်တန်ဆာမ၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူ၏။နောက်တစ်ရက် နံနက်ဆွမ်းကို အမ္ဗပါလီကပင့်လှူဒါန်းရန် ပင့်လျှောက်လေ၏။

အမ္ဗပါလီသည် အလွန်ချောမော လှပသူဖြစ်ရာ နောက်ပါ ရဟန်းငယ်များအား ကြိုတင် ဆုံးမခြင်းအားဖြင့် သတိပဋ္ဌာန်တရားလေးပါးကို ဟောကြားတော်မူသည်။

လိစ္ဆဝီမင်းသားများသည် ခမ်းနားကြီးကျယ်စွာ လာရောက် ဖူးမြော်ကြရာ (ခမ်းနားကြီးကျယ်သော မင်းစည်းစိမ်သည် မကြာမီအဇာတသတ်ရန်ကြောင့် ပျက်စီးရမည့်အရေးကို မြင်တော်မူ၍ မင်းစည်းစိမ်ကား ရေပွက်ပမာ တစ်သက်လျာမျှသာ ဖြစ်ကြောင်း အနိစ္စလက္ခဏာကို ဆင်ခြင်နိုင်ကြစေရန်) "တာဝတိံသာနတ်ပရိသတ်ကို မမြင်ဖူးလျှင် လိစ္ဆဝီမင်းများကို ကြည့်ကြလော့" ဟု မိန့်တော်မူသည်။ 'သိက္ခာသုံးပါး' ဖြည့်ကျင့်ရန်လည်း ထပ်မံ သတိပေးတော်မူ၏။

## မြတ်စွာဘုရားရှင်၏ နောက်ဆုံးနှစ် နောက်ဆုံးခရီး

ဝေသာလီမှတစ်ဆင့် ဝေဠုဝရွာငယ်သို့ ကြွတော်မူရာ ဝါဆိုချိန်နီးကပ်လာသဖြင့် အလုပ်အကျွေးဖြစ်သူ အရှင်အာနန္ဒာ တစ်ပါးတည်းကိုသာ ချန်ထား၍ ရဟန်းများအားလုံးကို ဝေသာလီပြည်သို့ သွားရောက်သီတင်းသုံး ဝါကပ်ရန် စေလွှတ်တော်မူသည်။

အရှင်အာနန္ဒာကား ဘုရားနှင့် ကြွရောက်လိုက်ပါ၍ အလုပ်အကျွေး ပြုရသူဖြစ်သည်။ ဘုရားရှင် ဟောသမျှကိုလည်း တစ်လုံး တစ်ပါဒမျှ

မမေ့ပျောက်အောင် မှတ်သားထားနိုင်သော ထူးခြား လွန်ကဲသည့် သတိ ပညာ, ဝီရိယ ထက်မြက်သူလည်း ဖြစ်သည်။ ထိုအချိန်က အရှင်အာနန္ဒာ သည် သောတာပန်မျှသာရှိသေးသည်။

## ဗုဒ္ဓအပေါ် သံဃာ၏ဆန္ဒနှင့် သံဃာ့အပေါ် ဗုဒ္ဓ၏ဆန္ဒတော်

မြတ်စွာဘုရားသည် ၄၅-ဝါမြောက် နောက်ဆုံးဝါကို ဝေဠုဝရွာငယ်၌ပင် ဝါကပ်တော်မူစဉ် သေဝပါးနီး ရောဂါကြီးကို ခံစားတော်မူရသည်။ တပည့်သံဃာ အပေါင်းအား အသိမပေးဘဲ ပရိနိဗ္ဗာန် မပြုသင့်သေးဟု ယူဆတော်မူ၍ အသက်နေ ထိန်းထားနိုင်သော ဖလသမာပတ်ကို ဝင်စားတော်မူကာ တရား အစွမ်းဖြင့် ပြန်လည်ကျန်းမာတော်မူ၏။ အရှင်အာနန္ဒာလည်း မြတ်စွာဘုရား အပြင်းအထန် ဝေဒနာခံစားတော်မူရသည်ကို မြင်ရသောအခါ တရားဘာဝနာ လည်း မေ့ပျောက်၍ များစွာ တုန်လှုပ်ချောက်ချားနေ၏။

ကျန်းမာလာသောအခါ မြတ်စွာဘုရားရှင်အား "ရဟန်းသံဃာများကို တစ်စုံတစ်ရာ နောက်ဆုံးစကား မမှာကြားရသေးဘဲ ပရိနိဗ္ဗာန်ပြုမည်မဟုတ်"ဟု မျှော်လင့်ကာ စိတ်သက်သာရာရကြောင်း လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက-

"ချစ်သား အာနန္ဒာ....ရဟန်းသံဃာသည် ငါဘုရားအပေါ် အဘယ့်ကြောင့် ဤမျှလောက် အားထားမျှော်လင့်နေသနည်း၊ တွင်းပြင်မထား ဆရာစားမချန် တရားအားလုံး ဟောပြီးပြီ၊ ရဟန်းအပေါင်းကို ငါသာလျှင် ထိန်းကျောင်း စောင့်ရှောက်၍ ရဟန်းတို့ကလည်း ငါဘုရားကိုသာ အားထားနေရန် မလိုလား၊ ကိုယ့်ကိုယ်ကိုသာ အားကိုးနေရမည်၊ တရားကိုသာ ကိုင်းကျွန်းပမာ မှီခိုရာထား၍ နေရမည်၊ အခြား အားကိုးရာ မရှိ"ဟု မိန့်တော်မူသည်။

မြတ်စွာဘုရားသည် မိမိကိုယ်စား တစ်ပါးပါးကို ကိုယ်တော်စား လျာထား နှင်းအပ်ခြင်းမရှိ၊ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုကိုလည်း လိုလားတော်မမူ၊ တရားကိုသာ အလေးမူရန် ကြိမ်ဖန်များစွာ ဟောကြားတော်မူခဲ့လေသည်။

## အဂ္ဂသာဝကကြီးနှစ်ပါး ပရိနိဗ္ဗာန်ပြုတော်မူခြင်း

မြတ်စွာဘုရားသည် ဝေဠုဝရွာငယ်မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ကြွတော်မူရာ အချိန်အခါကား တန်ဆောင်မုန်းလဆန်း ၈–ရက်နေ့လောက် ဖြစ်သည်။ ထိုအချိန်ကား အရှင်ကောဏ္ဍည၊ သားတော် ရာဟုလာမထေရ်၊ ယသောဓရာ ထေရီ၊ မိထွေးတော်ဂေါတမီစသော ထေရာ ထေရီ တော်တော် များများ ပရိနိဗ္ဗာန် ပြုသွားကြပြီ ဖြစ်သည်။ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်သည်ပင် ပရိနိဗ္ဗာန်ပြုရန် မြတ်စွာဘုရားရှင်ထံ ခွင့်ပန်၍ မိစ္ဆာအယူရှိသော မယ်တော် ရူပသာရီပုဏ္ဏေးမကြီးအား နောက်ဆုံး ချီးမြှောက်ရန်အတွက် ဥပတိဿခေါ် နာဠကရွာကြီးသို့ ကြွတော်မူလေပြီ။

အရှင်စုန္ဒထေရ်သည် ထိုတန်ဆောင်မုန်းလပြည့်နေ့မှာပင် ပရိနိဗ္ဗာန် ပြုသွားတော်မူသော အရှင်သာရိပုတ္တရာ၏ ဓာတ်တော်သပိတ်ကို ပင့်ဆောင်၍ မြတ်စွာဘုရားရှင်လက်တော်သို့ ဆက်ကပ်ရာ မြတ်စွာဘုရားရှင်သည် ရှင်သာရိပုတ္တရာ၏ ကျေးဇူးဂုဏ်များကို ၅၀၀–သော ဂါထာများဖြင့် ချီးကျူး မြွက်ကြားလေရာ ရှင်အာနန္ဒာသည် ဣန္ဒြေမဆည်နိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုကြွေး၍ သံဝေဂတရား ဟောကြား နှစ်သိမ့်ပေးတော်မူရ ပြန်သည်။ ဓာတ်တော်များကို ဌာပနာ၍ သာဝတ္ထိပြည်၌ပင် စေတီတည်ထား ကိုးကွယ် စေလေသည်။

ထို့နောက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူရာ တန်ဆောင်မုန်းလကွယ်နေ့၌ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးလည်း ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင်ယံ ပတ္တမြားညို အဆင်းရှိသော ကာဠသိလာ ကျောက်ဖျာထက်၌ ပရိနိဗ္ဗာန် ပြုတော်မူပြန်၏၊ မြတ်စွာဘုရားရှင်သည်ပင် အရှင်မဟာမောဂ္ဂလ္လာန်၏ ဓာတ်တော်များကို ဌာပနာ၍ ဝေဠုဝန်ကျောင်း တံခါးမုခ်၌ စေတီတည်တော်မူစေသည်။

နတ်ဗြဟ္မာတို့သည်လည်း အဂ္ဂသာဝကကြီးနှစ်ပါးတို့အား နောက်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်ခဲ့ကြလေသည်။ ဤနှစ်ကား သာသနာ့လက်ရုံးကြီးနှစ်ဆူ ပြုတ်ကျသကဲ့သို့ ပုထုဇဉ်တို့အတွက် အားလျှည့်းငယ် ကြေကွဲဖွယ်နှစ်ပင် ဖြစ်တော့သည်။

မြတ်စွာဘုရားသည် သံဃာတော်များခြံရံ၍ နတ်တော်လပြည့်နေ့ လောက်တွင် ဝဇ္ဇီတိုင်း ဥက္ကစေလမြို့သို့ ကြွရောက်တော်မူ၏။ မကြာမီက ပရိနိဗ္ဗာန်ပြုတော်မူသွားကြသော ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလ္လာန်တို့နှင့်စပ်၍ ဆိတ်ငြိမ်သော ရဟန်းပရိသတ်ကို တစိမ့်စိမ့် ကြည့်ရှုတော်မူလျက် "ချစ်သားတို့.....ဖြစ်ပေါ်မှု မှန်သမျှ ပျက်စီးရမြဲ ဓမ္မတာဖြစ်၏၊ မိမိကိုယ်ကိုသာ အားကိုးကြလော့"ဟု မိန့်တော်မူကာ ဥက္ကစေလမြို့ ဂင်္ဂါမြစ်ကမ်းအနီး၌ သတိပဋ္ဌာန်တရား လေးပါးကို ထပ်မံ ဟောပြတော်မူ၏။

## အာယုသင်္ခါရ လွှတ်ကြောင်း အသိပေးတော်မူခြင်း

ဥက္ကစေလမြို့မှ နတ်ကွန်းစေတီတို့ဖြင့် စည်ပင်သာယာသော ဝေသာလီပြည်သို့ ကြွတော်မူရာ စာပါလစေတီနတ်ကွန်း၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာအား ဝေသာလီပြည်ကြီး စည်ပင်ဝပြောကြောင်း ချီးကျူးတော်မူလျက်က ဣဒ္ဓိပါဒ်လေးပါးကို ပွားများလျှင် သက်တမ်းစေ့ နေရရုံမျှမက သက်တမ်းထက် ကျော်လွန်၍ နေနိုင်ကြောင်း အရိပ်နိမိတ်စကား သုံးကြိမ်တိုင်တိုင် မြွက်ကြားတော်မူသည်။ သို့သော် အရှင်အာနန္ဒာကား "သက်တော်ရာကျော် ရှည်တော်မူသည့်တိုင် သတ္တဝါတို့၏ အကျိုးကို ဆောင်တော်မူပါ"ဟု မလျှောက်ထားမိခဲ့ချေ။

ထိုအခြေအနေကို သိမြင်သော မာရ်နတ်သည် ဘုရားရှင်အနီးသို့ ကပ်၍ ပရိနိဗ္ဗာန်ပြုရန် လျှောက်ထားလေ၏။ ဘုရားရှင်လည်း ရှေးဘုရားရှင်တို့၏ အစဉ်အလာအရ သက်တမ်း၏ ၅-ပုံတွင် ၄-ပုံဖြစ်သော သက်တော်ရှစ်ဆယ် ပရိနိဗ္ဗာန်ပြုရမည့် အရွယ်တော်သို့ ရောက်သဖြင့်-

"မာရ်နတ်---သင်မစိုးရိမ်လင့်၊ သုံးလကြာလျှင် ငါ ပရိနိဗ္ဗာန်ပြုတော့မည်"ဟု မိန့်တော်မူလိုက်သည်။

ထိုအချိန်မှစ၍ သက်တော်အာယု ရှည်စေမှုအတွက် ပြုပြင်စောင့်ရှောက်ခြင်းဟူသမျှ ကြောင့်ကြစိုက်တော်မမူ၊ အာယုသင်္ခါရ လွှတ်တော်မူ၏၊ ထိုသို့ အာယုသင်္ခါရ လွှတ်သည်နှင့်တပြိုင်နက် သွက်သွက်ခါ တုန်ဟည်းအောင် မြေငလျင်ကြီး လှုပ်လေတော့သည်။ လျှပ်စစ်မိုးကြိုးတို့လည်း ထစ်ချုန်းမြည်ဟည်းကုန်၏။

အရှင်အာနန္ဒာသည် မြတ်စွာဘုရား အာယုသင်္ခါရ လွှတ်တော်မူ၍ လျှောင်လှုပ်ကြောင်းကို သိတော်မူသောအခါ သက်တမ်းပြည့် နေတော်မူရန် လျှောက်ပန်လေသည်။ ထိုအခါ မြတ်စွာဘုရားက"သင်၏ လျှောက်ထားချက်ကား နောက်ကျသွားပြီ၊ သုံးကြိမ်တိုင်တိုင် သတိပေးစဉ်က ယခုကဲ့သို့ မတောင်းပန်သည်မှာ သင်၏ ချွတ်ယွင်းချက်သာဖြစ်သည်"ဟု မိန့်တော်မူသည်။

ထိုအခါ အရှင်အာနန္ဒာ ညှိုးငယ်သောစိတ်ထားဖြင့် ခစားလျက်ရှိစဉ် ချစ်သောသူတို့နှင့် ကွေကွင်းရခြင်း၊ ဖြစ်လျှင် ပျက်မြဲ သဘောအမှန်ကို ဟောပြ နှစ်သိမ့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောအတွင်းရှိ ပြာသာဒ်ကျောင်းသို့ ကြွတော်မူ၏။ ထို၌ သီတင်းသုံးစဉ် အရှင်အာနန္ဒာအား ဝေသာလီဝန်းကျင်ရှိ ရဟန်းတော်များကို စည်းဝေးခိုင်း၍ ရဟန်းများအား "မိမိ ဟောကြားသောတရားများ အရှည်ခိုင်ခံ့ တည်တံ့အောင် အကြိမ်ကြိမ် လေ့လာမှတ်သား ကျင့်ပွားရန်" သတ္တဝါတို့အား ဟောကြား ပြသရန် တိုက်တွန်းတော်မူသည်။

"ချစ်သားတို့----သုံးလမြောက်သောအခါ ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မူတော့မည်၊ ငါဘုရား၏အရွယ်တော်လည်း အသက်နေ နည်းခဲ့ပြီ၊ သင်တို့အား စွန့်ခွာသွားရတော့မည်ဖြစ်၍ မမေ့မလျော့သောသတိတရားဖြင့် သီလ သမာဓိ ပညာ တရားတို့ကို ပြည့်စုံအောင် ကြိုးစားရစ်ကြ"ဟု အတိအလင်းပင် သတိပေး ဆုံးမတော်မူ၏။

နောက်တစ်နေ့ နံနက်စောစောတွင် ဝေသာလီပြည်၌ ဆွမ်းခံဝင်တော်မူပြီးနောက် ဝေသာလီပြည်မှ မဖဲခွါမီ "အာနန္ဒာ ယခုကြည့်ခြင်းသည် စည်ပင်ဝပြောသော ဝေသာလီပြည်ကြီးကို နောက်ဆုံးမြင်ရခြင်းပင် ဖြစ်သည်"ဟု မိန့်တော်မူပြီး ဆင်ပြောင်ကြီးကဲ့သို့ နောက်သို့ လှည့်ကြည့်တော်မူသည်။ ထို့နောက် ဘဏ္ဍရွာ၊ ဟတ္ထိရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာ၊ ဘောဂမြို့များသို့ တစ်နေရာပြီးတစ်နေရာ ဆက်လက်ကြွတော်မူကာ ဘောဂမြို့ အာနန္ဒာစေတီ နတ်ကွန်း၌ မဟာပဒေသတရား ၄- ပါးကို ဟောကြားပြီးနောက် သိက္ခာသုံးပါးကိုသာ ကျင့်ပွားကြရန် ကြိမ်ဖန်များစွာ ထပ်မံ သတိပေး ဟောကြားတော်မူသည်။

## သွေးဝမ်းရောဂါ ပြင်းထန်စွာ ခံစားတော်မူရခြင်း

မြတ်စွာဘုရားသည် ဘောဂမြို့မှ ပါဝါပြည်သို့ ရဟန်းတော်များနှင့်အတူ ကြွတော်မူ၍ ရွှေပန်းထိမ်သည် စုန္ဒ၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူ၏။ နောက်တစ်ရက်နံနက် စုန္ဒရွှေပန်းထိမ်သည် ကပ်လှူသော ဝက်ပျိုသားဆွမ်းကို ဘုဉ်းပေးတော်မူသည်။ ထိုဝက်ပျိုသားဟင်းကို သံဃာများအား မကပ်ရန်နှင့် ကြွင်းကျန်သမျှ မြေမြှုပ်ပစ်ရန်ကိုလည်း မိန့်တော်မူသည်။ ထိုနေ့ပင် မြတ်စွာဘုရားသည် ပြင်းထန်သော သေဝေနီးပါး သွေးဝမ်းသွားသော ရောဂါကြီးကို ခံစားတော်မူရသည်။

မြတ်စွာဘုရားသည် ဤဝက်ပျိုသားဆွမ်းကို မဘုဉ်းပေးသော်လည်း ရှေးဝိပါက်တော်ကြောင့် သွေးလွန်ရောဂါမလွဲမသွေ ခံစားရမည့်အချိန်ဖြစ်၏။ ဤဆွမ်းကိုဘုဉ်းပေးရသဖြင့်သာ ရောဂါခံနိုင်ရည်ရှိခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားဖြစ်မည့်နေ့က သုဇာတာကပ်လှူသောဆွမ်းနှင့် ဤယခု စုန္ဒ၏ဆွမ်းတို့ အကျိုးရရှိပုံ တူညီသည်ဟု ဟောတော်မူသည်။

မြတ်စွာဘုရားသည် သွေးဝမ်းတော်လားလျက်က ကုသိနာရုံပြည်သို့ ဆက်လက်၍ ခရီးထွက်တော်မူရာ နွေရာသီ ကဆုန်လဖြစ်၍ ရာသီဥတုက လည်း ပူပြင်းလှသည်။ ချောင်းငယ်တစ်ခုအနီး သစ်ပင်ကြီး တစ်ပင်သို့အရောက် ပင်ပန်းတော်မူလှသဖြင့် နှစ်ထပ်သင်္ကန်းကြီးကို ခေါက်၍ခင်းရန် ရှင်အာနန္ဒာအား မိန့်တော်မူ၏။ ရေဆာတော်မူလှသဖြင့် ရေခပ်ခိုင်းတော်မူရာ ရှင်အာနန္ဒာက လှည်းငါးရာဖြတ်သွား၍ ရေများနောက် နေသဖြင့် ကကုဓာမြစ် ရောက်မှ သောက်ချိုးရန်လျှောက်ထားသည်။

"ခပ်သာ ခပ်ချေ" ဟု မိန့်တော်မူ၍ သွားရောက် ခပ်ယူရာ ရေများ ကြည်လင် အေးမြနေသည်ကို တွေ့ရှိရသဖြင့် ဘုရားရှင်၏ တန်ခိုးအာနုဘော် ကြီးမြတ်ကြောင်း တအံ့တဩ တွေ့မြင်ရပြန်လေသည်။

ထို့နောက် ကကုဓာမြစ်သို့ရောက်သောအခါ ရေသုံးသပ်တော်မူပြီးလျှင် ပက္ကုသမလ္လမင်းသားလှူသော ကမ္ဗလာသင်္ကန်းကို ဝတ်ရုံတော်မူသည်။ ကမ္ဗလာသင်္ကန်းရောင်နှင့် မြတ်စွာဘုရား၏ အသားတော်ရောင်သည် အလွန်ပန်ရလျက် မြတ်စွာဘုရား၏ နောက်ဆုံး လှပသပ္ပါယ်တော်မူခြင်း ပင်ဖြစ်သည်။

ကကုဓာမြစ်ကမ်းမှ အထက် သရက်ဥယျာဉ်သို့အရောက် ရှင်အာနန္ဒာ သက်န်းရေညှစ်နေသည်ကိုပင် မဆိုင်းနိုင်တော့ဘဲ ရှင်စုန္ဒအား ဒုကုဋ် သင်္ကန်းကြီးကို အခင်းခိုင်းကာ နားနေ လဲလျောင်းတော်မူပြန်၏။

ပါဝါပြည်နှင့် ကုသိနာရုံပြည်သည် သုံးဂါဝုတ်မျှသာ ဝေးသော်လည်း ကိုယ်တော်ပင်ပန်းတော်မူလှသဖြင့် ၂၅–ကြိမ်တိုင်တိုင် အထောက်ထောက် နား၍ နား၍ ကုသိနာရုံအရောက် ကြွသွားတော်မူသည်။

## မြတ်စွာဘုရား၏ နောက်ဆုံးနေ့

သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ကုသိနာရုံပြည် မြို့အဝင် လမ်းကွေ့ရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဝင်ရောက်တော်မူပြီး –

"အာနန္ဒာ–––အင်ကြင်းပင်ပျိုတို့၏ကြား မြောက်ဘက်သို့ ဦးခေါင်း ထားကာ ခုတင်ညောင်စောင်းကို ခင်းလော့၊ ငါဘုရား ပင်ပန်းတော်မူလှပြီ။ လဲလျောင်းတော်မူတော့အံ့"ဟု မိန့်တော်မူသည်။

ထိုအချိန်၌ အင်ကြင်းပင်တို့သည် အခါမဲ့ ပင်လုံးကျွတ် ပွင့်ကြကုန်၏။ မြတ်စွာဘုရားကိုယ်တော်ပေါ်သို့ အင်ကြင်းပန်းဝတ်မှုံတို့သည် သင်းထုံ ကြဲဖြန့်လျက် ကြွေကြကုန်၏။ ကောင်းကင်မှ နတ်ပန်းနံ့သာတို့သည်လည်း ကိုယ်တော်ပေါ်သို့ ကျရောက်လာကုန်၏။ နတ်တို့ပူဇော်သော တူရိယာ ဂီတသံများကိုလည်း ကြားကြရကုန်၏။ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့သည် နေရာမလပ် ဆည်းကပ်ပူဇော်လာကြကုန်၏။

လွတ်တော်ညီလာခံ လုပ်နေချိန်မှာ ရှင်အာနန္ဒာ၏ ပြောကြားချက်အရ ကုသိနာရုံပြည်သား မလ္လာမင်းသား မင်းသမီးများသည် ဦးခေါင်းဆက်၍ မိုးကြိုးစက်ကျသည့်ပမာ လွန်စွာတုန်လှုပ်ချောက်ချားကာ မြတ်စွာဘုရားထံသို့ ငိုယို ပြေးလွှားလာကြသည်။ မလ္လာမင်းသားတို့အား တရားဟောနေခိုက် ရှင်အာနန္ဒာ ဘုရားရှင်အနားမှ တိတ်တဆိတ် ထွက်သွား၏။

## မြတ်စွာဘုရား၏ နောက်ဆုံးသာဝက

ရှင်အာနန္ဒာကား နွမ်းလျနေသောဘုရားရှင်ကို ခြေဆုံးခေါင်းဆုံးဖူးလိုက်၊ မိမိ၏ ရှေ့ရေးနောင်ရေး တွေးလိုက်နှင့် တလှိုက်လှိုက် ပူဆွေး၍ ဘုရားရှင်နှင့်

## သွေးဝမ်းရောဂါ ပြင်းထန်စွာ ခံစားတော်မူရခြင်း

မြတ်စွာဘုရားသည် ဘောဂမြို့မှ ပါဝါပြည်သို့ ရဟန်းတော်များနှင့်အတူ ကြွတော်မူ၍ ရွှေပန်းထိမ်သည် စုန္ဒ၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူ၏။ နောက်တစ်ရက်နံနက် စုန္ဒရွှေပန်းထိမ်သည် ကပ်လှူသော ဝက်ပျို့သားဆွမ်းကို ဘုဉ်းပေးတော်မူသည်။ ထိုဝက်ပျို့သားဟင်းကို သံဃာများအား မကပ်ရန်နှင့် ကြွင်းကျန်သမျှ မြေမြှုပ်ပစ်ရန်ကိုလည်း မိန့်တော်မူသည်။ ထိုနေ့ပင် မြတ်စွာဘုရားသည် ပြင်းထန်သော သေဝေနီးပါး သွေးဝမ်းသွားသော ရောဂါကြီးကို ခံစားတော်မူရသည်။

မြတ်စွာဘုရားသည် ဤဝက်ပျို့သားဆွမ်းကို မဘုဉ်းပေးသော်လည်း ရှေးဝိပါက်တော်ကြောင့် သွေးလွန်ရောဂါမလွဲမသွေ ခံစားရမည့်အချိန်ဖြစ်၏။ ဤဆွမ်းကိုဘုဉ်းပေးရသဖြင့်သာ ရောဂါခံနိုင်ရည်ရှိခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားဖြစ်မည့်နေ့က သုဇာတာကပ်လှူသောဆွမ်းနှင့် ဤယခု စုန္ဒ၏ဆွမ်းတို့ အကျိုးရရှိပုံ တူညီသည်ဟု ဟောတော်မူသည်။

မြတ်စွာဘုရားသည် သွေးဝမ်းတော်လားလျက်က ကုသိနာရုံပြည်သို့ ဆက်လက်၍ ခရီးထွက်တော်မူရာ နွေရာသီ ကဆုန်လဖြစ်၍ ရာသီဥတုက လည်း ပူပြင်းလှသည်။ ချောင်းငယ်တစ်ခုအနီး သစ်ပင်ကြီး တစ်ပင်သို့အရောက် ပင်ပန်းတော်မူလှသဖြင့် နှစ်ထပ်သင်္ကန်းကြီးကို ခေါက်၍ခင်းရန် ရှင်အာနန္ဒာအား မိန့်တော်မူ၏။ ရေဆာတော်မူလှသဖြင့် ရေခပ်ခိုင်းတော်မူရာ ရှင်အာနန္ဒာက လှည်းငါးရာဖြတ်သွား၍ ရေများနောက် နေသဖြင့် ကကုဓာမြစ် ရောက်မှ သောက်ချိုးရန်လျှောက်ထားသည်။

"ခပ်သာ ခပ်ချေ" ဟု မိန့်တော်မူ၍ သွားရောက် ခပ်ယူရာ ရေများ ကြည်လင် အေးမြနေသည်ကို တွေ့ရှိရသဖြင့် ဘုရားရှင်၏ တန်ခိုးအာနဘော် ကြီးမြတ်ကြောင်း တအံ့တသြ တွေ့မြင်ရပြန်လေသည်။

ထို့နောက် ကကုဓာမြစ်သို့ရောက်သောအခါ ရေသုံးသပ်တော်မူပြီးလျှင် ပက္ကုသမလ္လမင်းသားလှူသော ကမ္ဗလာသင်္ကန်းကို ဝတ်ရုံတော်မူသည်။ ကမ္ဗလာသင်္ကန်းရောင်နှင့် မြတ်စွာဘုရား၏ အသားတော်ရောင်သည် အလွန်ပနံရလျက် မြတ်စွာဘုရား၏ နောက်ဆုံး လှပသပ္ပါယ်တော်မူခြင်း ပင်ဖြစ်သည်။

ကကုဓာမြစ်ကမ်းမှ အထက် သရက်ဥယျာဉ်သို့အရောက် ရှင်အာနန္ဒာ သက်န်းရေညှစ်နေသည်ကိုပင် မဆိုင်းနိုင်တော့ဘဲ ရှင်စုန္ဒအား ဒုကုဋ် သင်္ကန်းကြီးကို အခင်းခိုင်းကာ နားနေ လဲလျောင်းတော်မူပြန်၏။

ပါဝါပြည်နှင့် ကုသိနာရုံပြည်သည် သုံးဂါဝုတ်မျှသာ ဝေးသော်လည်း ကိုယ်တော်ပင်ပန်းတော်မူလှသဖြင့် ၂၅-ကြိမ်တိုင်တိုင် အထောက်ထောက် နား၍ နား၍ ကုသိနာရုံအရောက် ကြွသွားတော်မူသည်။

## မြတ်စွာဘုရား၏ နောက်ဆုံးနေ့

သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ကုသိနာရုံပြည် မြို့အဝင် လမ်းကွေ့ရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဝင်ရောက်တော်မူပြီး -

"အာနန္ဒာ---အင်ကြင်းပင်ပျိုတို့၏ကြား မြောက်ဘက်သို့ ဦးခေါင်း ထားကာ ခုတင်ညောင်စောင်းကို ခင်းလော့၊ ငါဘုရား ပင်ပန်းတော်မူလှပြီ။ လဲလျောင်းတော်မူတော့အံ့"ဟု မိန့်တော်မူသည်။

ထိုအချိန်၌ အင်ကြင်းပင်တို့သည် အခါမဲ့ ပင်လုံးကျွတ် ပွင့်ကြကုန်၏။ မြတ်စွာဘုရားကိုယ်တော်ပေါ်သို့ အင်ကြင်းပန်းဝတ်မှုံတို့သည် သင်းထုံ ကြဲဖြန့်လျက် ကြွေကြကုန်၏။ ကောင်းကင်မှ နတ်ပန်းနံ့သာတို့သည်လည်း ကိုယ်တော်ပေါ်သို့ ကျရောက်လာကုန်၏။ နတ်တို့ပူဇော်သော တူရိယာ ဂီတသံများကိုလည်း ကြားကြရကုန်၏။ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့သည် နေရာမလပ် ဆည်းကပ်ပူဇော်လာကြကုန်၏။

လွတ်တော်ညီလာခံ လုပ်နေချိန်မှာ ရှင်အာနန္ဒာ၏ ပြောကြားချက်အရ ကုသိနာရုံပြည်သား မလ္လာမင်းသား မင်းသမီးများသည် ဦးခေါင်းဆံ၌ မိုးကြိုးစက်ကျသည့်ပမာ လွန်စွာတုန်လှုပ်ချောက်ချားကာ မြတ်စွာဘုရားထံသို့ ငိုယို ပြေးလွှားလာကြသည်။ မလ္လာမင်းသားတို့အား တရားဟောနေခိုက် ရှင်အာနန္ဒာ ဘုရားရှင်အနားမှ တိတ်တဆိတ် ထွက်သွား၏။

## မြတ်စွာဘုရား၏ နောက်ဆုံးသာဝက

ရှင်အာနန္ဒာကား နွမ်းလျနေသောဘုရားရှင်ကို ခြေဆုံးခေါင်းဆုံးဖူးလိုက်၊ မိမိ၏ ရှေရေးနှောင်ရေး တွေးလိုက်နှင့် တလှိုက်လှိုက် ပူဆွေး၍ ဘုရားရှင်နှင့်

မနီးမဝေး ကျောင်းတိုင်ကိုမှီလျက် ရှိက်ကြီးတငင် ငိုကြွေးနေ၏။ ထိုအချိန်မှ သုဘဒ္ဒပရိဗိုဇ်သည် မိုးသောက်ယံ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော့မည့် အကြောင်းကိုကြား၍ ပြဿနာမေးလျှောက်ရန် မြတ်စွာဘုရားအထံသို့ တိုးဝင်လာရာ ရှင်အာနန္ဒာက သုံးကြိမ်တိုင်တိုင် တားမြစ်လေသည်။ သုဘဒ္ဒပရိဗိုဇ်နှင့် ရှင်အာနန္ဒာတို့ အချီအချ ပြောဆိုနေသောစကားကို မြတ်စွာဘုရား ကြားတော်မူ၍ ရှင်အာနန္ဒာအား မမြစ်တားရန် မိန့်တော်မူ၏။

သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားအား –လောက၌ မိမိကိုယ်ကို ဘုရားဟု ဝန်ခံ၍နေကြသော ပူရဏကဿပ စသော ဆရာကြီးတို့သည် သဗ္ဗညုတဉာဏ် ရသော ဘုရားဟုတ် – မဟုတ်ကို မေးလျှောက်သည်။ မြတ်စွာဘုရားက ထိုသို့ မမေးလျှောက်ရန် တားမြစ်တော်မူ၏။

မြတ်စွာဘုရားက သုဘဒ္ဒပရိဗိုဇ်အား –

"မဂ္ဂင်ရှစ်ပါးကျင့်စဉ် မရှိသော အယူဝါဒ၌ ကိလေသာငြိမ်းသော အရိယာများ မဖြစ်ပေါ်နိုင်၍ အချည်းနှီးဖြစ်ပုံ၊ မဂ္ဂင်ရှစ်ပါးကျင့်စဉ် ရှိသော ဤသာသနာတော်၌သာ ကိလေသာငြိမ်းသူ အရိယာရှိပုံ၊ ဤသာသနာတော်၌ ရဟန်းတို့သည် ကိုယ်တိုင်လည်းကျင့်၊ တဆင့်လည်း ဟောပြကာ ကောင်းစွာကျင့်ကြံနေသမျှ ကာလပတ်လုံး ဤလောက၌ ရဟန္တာ မဆိတ်သုဉ်းနိုင်ကြောင်း" ဟောပြတော်မူ၏။

သုဘဒ္ဒပရိဗိုဇ်လည်း သာသနာဘောင်သို့ ဝင်ရောက်ကာ ရဟန္တာဖြစ်ပြီး မြတ်စွာဘုရား၏ နောက်ဆုံးသာဝက ဖြစ်ပေတော့သည်။ ရာသီဥတုက လည်းကြမ်း၊ သွေးဝမ်းရောဂါကလည်း ပြင်းထန်စွာ ဖိစီးသည့်ကြားက (၂၅) ထောက်တိုင်တိုင် တန့်နား၍ ကုသိနာရုံအရောက် ဆင်းရဲ ပင်ပန်းခံကာ ကြွသွားတော်မူသည်မှာ ပဓာနအားဖြင့် တစ်ဦးတည်းသော သုဘဒ္ဒပရိဗိုဇ်အား ချေချွတ်တော်မူရန်ဖြစ်သည်။ ကရုဏာကြီးမားတော်မူလှပါပေ၏။

၄၅ –ဝါ တိုင်တိုင် သတ်မှတ်ထားသော နေ့စဉ် ရွက်ဆောင်မြဲ လုပ်ငန်းစဉ်အရ ကိုယ်တော်အင်အားချည့်နဲ့၍ ယုံယုံမျှသာ ရှိတော့သော ဤနောက်ဆုံးနေ့မှာပင် ပြုလုပ်မြဲလုပ်ငန်းစဉ်ကို ဖျက်တော်မမူ။ ညဉ့်ဦးယံ၌ မလ္လာမင်းသားတို့အား ဟောကြား၍ ညဉ့်လယ်ယံ၌ သုဘဒ္ဒအား သီးခြား ချီးမြှောက်တော်မူသည်။

**မြတ်စွာဘုရား၏ နောက်ဆုံး ဩဝါဒစကား**

မြတ်စွာဘုရားသည် သုဘဒ္ဒ၏အမေးနှင့်စပ်၍ အခြားဘာသာဝါဒတို့၌ လွတ်မြောက်ရေးလမ်းစဉ်မရှိ၊ လွတ်မြောက်သူမရှိကြောင်း၊ ဤမြတ်စွာဘုရား သာသနာတော်၌သာလျှင် လွတ်မြောက်ရေးလမ်းစဉ်နှင့် လွတ်မြောက် သူရှိကြောင်း အတိအလင်းပင် မိန့်ကြားတော်မူပြီးနောက် ဆိတ်ငြိမ်စွာ ဆည်းကပ်နေကြသော သံဃာတော်များအား ရည်ညွှန်း၍ -

"ချစ်သားအာနန္ဒာ... မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသဖြင့် ငါတို့မှာ ဆရာမရှိပြီ ဟု မအောက်မေ့ရ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ဓမ္မဝိနယကို ငါဘုရား ဟောကြားပညတ်ခဲ့ပြီ၊ ထိုဓမ္မဝိနယသည်ပင် ငါဘုရားကိုယ်စား သင်တို့အား ဆုံးမ ရစ်မည့်ဆရာဖြစ်သည်" ဟု -

အလေးအနက် မိန့်မှာတော်မူ၏။ အများသံဃာတို့အားလည်း -

"ရဟန်းတို့... သင်တို့သည် ရတနာသုံးပါး၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃနှင့် စပ်၍ သော်လည်းကောင်း၊ မဂ် ဖိုလ်နှင့် စပ်၍ သော်လည်းကောင်း၊ အကျင့်လမ်းစဉ် နှင့် စပ်၍ သော်လည်းကောင်း တစ်စုံတစ်ခုသော ယုံမှားသံသယရှိလျှင် မည်သူမဆို ငါ့ကို မေးလျှောက်ကြ၊ နောင်အခါကျမှ မမေးမလျှောက်ခဲ့ရ မိလေခြင်း မရှိကြနှင့်၊ မမေးမလျှောက်ရဲ မရှိကြကုန်လင့်" -

ဟုလည်း တိတိလင်းလင်းပင် ဖိတ်ကြားတော်မူလေသည်။ မည်သူ တစ်ဦး တစ်ယောက်မျှ မေးလျှောက်ခြင်း မရှိချေ၊ ဆိတ်ဆိတ်သာ နေကြလေ၏။

မြတ်စွာဘုရား၏ တရားတော်တို့သည် ဤမျှ စစ်မှန်နိုင်မာကြောင်း နောက်ဆုံး အတည်ပြုပေးတော်မူလိုက်သကဲ့သို့ ဖြစ်တော့သည်။ ထို့နောက် မြတ်စွာဘုရားသည် အတန်ငယ် ဆိုင်းငံ့အားယူပြီးနောက် အောက်ပါအတိုင်း နောက်ဆုံးဩဝါဒစကားကို မှာကြား မိန့်တော်မူသည် -

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ချစ်သားတို့- သင်တို့အား ယခု နောက်ဆုံးစကား မှာကြားပေအံ့

"ဖြစ်ပေါ်သမျှ သင်္ခါရတို့သည် ပျက်စီးရသည်ချည်းသာ တည်း။ မြဲမြံသောသတိဖြင့် သီလ သမာဓိ ပညာ တရားတို့ကို ပြည့်စုံတိုးပွါးအောင် ကြိုးစားအားထုတ်ရစ်ကြကုန်လော့"

## ပရိနိဗ္ဗာန်ပြုတော်မူပြီ

အင်ကြင်းတောကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွား၏။ ကဆုန်လပြည့်နေ့ည လမင်းလည်း မွန်းတိမ်းကာ မိုးသောက်ယံပင် ရောက်လေပြီ၊ ဆိတ်ငြိမ်သော အင်ကြင်းဥယျာဉ်တော်အတွင်း၌ တစ်စုံတစ်ရာ မြွက်ကြားသော မြတ်စွာဘုရား၏ တရားတော်သံများ နောက်ထပ် ပေါ်မလာတော့ချေ။

အနာဂါမ်ရဟန္တာဖြစ်သော တပည့်သား သံဃာနှင့် လူ နတ် ဗြဟ္မာတို့သည် တရားဘာဝနာ ရှုမှတ်၍ အမြတ်ဆုံး ပူဇော်ခြင်း၊ နောက်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်လျက်ရှိကြကုန်၏။ ပုထုဇဉ်နှင့် သောတာပန်၊ သကဒါဂါမ်မျှသာ ရှိကြသေးသော ရဟန်းသံဃာနှင့် လူ နတ် ဗြဟ္မာတို့ကား အသံမကြားအောင် ကြိတ်၍ ပူဆွေး ငိုကြွေးနေကြကုန်၏။

မြောက်အရပ်သို့ ဦးခေါင်းမူလျက် လဲလျောင်းတော်မူနေသော သုံးလောကထွတ်ထား မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကား မျက်လုံးတော် အစုံကိုမှိတ်လျက် ဈာန်သမာပတ်တရားတို့ကို ရင်းဖျားတုံ့လှည့် ဝင်စားတော်မူလျက်ရှိသည်။

မဟာသက္ကရာဇ် ၁၄၈– ခု၊ ဥတုဂိမှန္တ ကဆုန်လပြည့်နေ့ည အင်္ဂါနေ့ မိုးသောက်ယံ၊ အရှေ့လောကဓာတ်မှ ထွက်ပေါ်လာသော ရောင်ခြည်ဦးနှင့်အတူ ပရိနိဗ္ဗာန်ပြုတော်မူရာ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီ ဤမြေကြီးလည်း ကမ္ဘာပျက်သည့်အလား ကြောက်မက်ဖွယ် ကောင်းလောက်အောင် တုန်လှုပ် မြည်ဟည်းလေတော့သည်။ ထက်ကောင်းကင်ယံ၌လည်း အလျှံပြိုးပြက် နဘဲအက်မျှ ကြောက်မက်ဖွယ် လျှပ်စစ်မိုးကြိုးတို့လည်း ထစ်ကြိုး ရိုက်ချုန်းကာ တစ်လောကလုံး ယူကျုံးမရ အမှောင်ကြီး ကျသွားသကဲ့သို့ ခံစားကြရလေတော့သတည်း။

## အရှင်မဟာကဿပ ကြွရောက်တော်မူလာခြင်း

ကုသိနာရုံ မလ္လာမင်းသားတို့သည် ဘုရားရှင်အလောင်းတော်ကို ပန်းနံ့သာ ဆီမီးတို့ဖြင့် ကြီးကျယ်ခမ်းနားစွာ ၇ – ရက်တိုင်တိုင် ပူဇော်ပွဲ ကျင်းပကြသည်။ ထိုအချိန်က အရှင်မဟာကဿပမထေရ်ကြီးသည် နောက်ပါ တပည့် ရဟန်းအပါး (၅၀၀)နှင့်အတူ ပါဝါပြည်မှ ကုသိနာရုံသို့ ကြွလာတော်မူရာတွင်

လမ်းခရီးအကြား၌ တပည့်ဖြစ်သူ တောထွက်ရဟန်းကြီး သုဘဒ္ဒ က မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုကြောင်း သတင်းကြားရသဖြင့် ငိုကြွေးနေကြသော ပုထုဇဉ်ရဟန်းများအား –

> "ငါ့ရှင်တို့– မစိုးရိမ် မငိုကြွေးကြကုန်လင့်၊ ငါတို့အားလုံး 'ဒါ – အပ် တယ်၊ မအပ်ဘူး' စသည်ဖြင့် ရဟန်းကြီးဂေါတမ၏ ချုပ်ချယ်မှုအောက်မှ လွတ်မြောက်ကြပြီ၊ ဒီမှရှေ့ ငါတို့ သဘောကျ လုပ်နိုင် နေနိုင်ကြပြီ" –

ဟု ရင့်သီးစွာ ပြောဆို၍ နှစ်သိမ့်လေသည်။

အရှင်မဟာကဿပမထေရ်ကြီးသည် ထိုစကားကို ကြားရသည်နှင့် တပြိုင်နက် လွန်စွာ သံဝေဂဖြစ်တော်မူ၏။

> "မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍မှ ၇– ရက်ပင် မပြည့်သေး၊ မြတ်စွာဘုရား သာသနာတော်အား ဖျက်ဆီးမည့်ဘေးကြီး ဆိုက်လေပြီ၊ ထိုသာသနာ့ရန်သူများ အားမကောင်းမီ၊ ဘုရားကိုယ်စား တရားတော်များကို ထိန်းသိမ်းစောင့်ရှောက်မှ တော်တော့မည်၊ အပင်မှ ကြွေကျ၍ မသီကုံးရသေးသော ပန်းများသည် လေတိုက်တိုင်းလွင့်၍ ကစဉ့်ကလျား ပြန့်ကျဲသကဲ့သို့ မြတ်စွာဘုရားရှင် (၄၅) ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်များသည်လည်း ယခုအခါ သဘောတူရာ တူရာ စုစည်း သိမ်းဆည်းထားရခြင်း မရှိသေးချေ။ မြတ်စွာဘုရားအလောင်းတော် မီးပူဇော်ပြီးနောက် တရားတော် အပေါင်းကို စုပေါင်းရွတ်ဆို အတည်ပြုကာ မကြာမတင် သံဂါယနာတင်မှ တော်တော့မည်" –

ဟု အောက်မေ့မိလေသည်။

မလ္လာမင်းများသည် အလောင်းတော်ကို ဥယျာဉ်မှ မလ္လာမင်းသားတို့ သျှောင်ထုံးသဘင် မင်္ဂလာယူရာအရပ်သို့ ပင့်ဆောင်၍ မီးသင်္ဂြိုဟ်ကြသော်လည်း သင်္ဂြိုဟ်၍မရ ဖြစ်ကြလေ၏။ ၇– ရက်ပြည့်မြောက်သောနေ့၌ အရှင်မဟာကဿပ မထေရ်ကြီးသည် နောက်ပါ ရဟန်းများနှင့်အတူ ရောက်လာပြီးနောက် ဘုရားရှင်ခြေတော်ကို ဦးတိုက်လျက် အဓိဋ္ဌာန်ပြုလိုက်သော အခါမှသာ အလိုအလျောက် တေဇောဓာတ် လောင်ကျွမ်းလေတော့သည်။

## ကမ္ဘာအရပ်ရပ်သို့ ဓာတ်တော်များ ကြွတော်မူခြင်း

မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ကောက်ယူ၍ ၇- ရက်တိုင်တိုင် ပူဇော်ပွဲကြီးကျင်းပကြစဉ် ရာဇဂြိုဟ်၊ ဝေသာလီ၊ ကပိလဝတ်စသော (၇)ပြည်ထောင်မင်းများသည် စစ်အင်္ဂါလေးပါး ခင်းကျင်း၍ ဓာတ်တော်မွေတော်များကို မရ- ရသည့်နည်းဖြင့် ယူမည်ဟု ချီတက်လာကြသည်။ မင်းဆရာဖြစ်သော ဒေါဏပုဏ္ဏားကြီး၏ ဖျောင်းဖျမှုဖြင့် မလ္လာမင်းများနှင့်တကွ ရှစ်ပြည်ထောင်မင်းများ အညီအမျှ ခွဲယူကြကာ မိမိတို့နေပြည်တော်၌ စေတီတည်၍ အသီးသီး ပူဇော်ထားကြလေသည်။

အရှင်မဟာကဿပ ဦးစီးသော ပထမသံဂါယနာတင် မထေရ်ကြီးတို့၏ ဆန္ဒအရ အဇာတသတ်မင်းကြီးသည် ဓာတ်တော် မွေတော်များ အားလုံး စုရုံး ပင့်ဆောင်ပြီးလျှင် ရာဇဂြိုဟ်ပြည်၌သာ လုံခြုံစွာ ထိန်းသိမ်း စောင့်ရှောက်၍ ပူဇော်ထားရှိလေသည်။

သာသနာတော်နှစ် ၂၃၅- ခုနှစ်သို့ရောက်၍ တတိယသံဂါယနာ တင်သောအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီး၏ ညွှန်ကြားချက် အရ သီရိဓမ္မာသောက မင်းတရားကြီးသည် သာသနာတော် ပြန့်ပွားသည်ထက် ပြန့်ပွားစေရန် မြတ်စွာဘုရားဓာတ်တော်များကို ရာဇဂြိုဟ်ပြည်မှ ပင့်ဆောင်၍ (၈၄၀၀၀)သော မြို့ရွာတို့၌ (၈၄၀၀၀)သော စေတီများတည်ကာ နေရာဒေသအနှံ့ ပြန့်ချီ ကိုးကွယ် စေလေသည်။

◆◆◆◆◆◆◆◆◆◆

**ကျေးစူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုး**
**သန္ဓေတော်ယူသောနေ့**

(မ) ၁။ သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်။ ။ နတ်လူငြိမ်းဖို့ ကိန်းပါကို။

(ကြာသပတေးနေ့)

**ဖွားမြင်တော်မူသောနေ့**

(သိ) ၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြိုး၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ္၊ မဟိလိုက်ဆူ၊ ဖွားတော် မူသည်။ နတ်လူအောင်မြို့လမ်းပါကို။

(သောကြာနေ့)

**တောထွက်တော်မူသောနေ့**

(ကြ) ၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဥ္၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရိပ်လှုံသည်။ ။ စုံမြိုင်ပင်ရိပ်ခန်းမှာကို။

(တနင်္လာနေ့)

**ဘုရားဖြစ်တော်မူသောနေ့**

(လျှင်) ၄။ တောရိပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အလျှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်။ ။ သုံးဖော်လူတို့ငြိမ်းပါကို။

(ဗုဒ္ဓဟူးနေ့)

**ဓမ္မစကြာဟောတော်မူသောနေ့**

(တွေး) ၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချိသွား၍၊
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊
ခသောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊
စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်
ထွေပြား၊ ဟောဖော်ကြားသည်။ ။ တရားနတ်စည်
ရွှမ်းတယ်ကို။

**(စနေနေ့)**

**ပရိနိဗ္ဗာန်စံတော်မူသောနေ့**

(ဆ) ၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊
တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သစ်သူ၊ နတ် လူ
ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊
ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊
စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊သက္ကရာဇ်ဝယ်၊
နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊
ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့ နိဗ္ဗူ၊ စံတော်
မူသည်။ ။ ဝှန်းဆူသောင်းလုံးကျော်တယ်ကို။

**(အင်္ဂါနေ့)**

**တေဇောဓာတ်လောင်တော်မူသောနေ့**

(ဦး) ၇။ နိဗ္ဗူစံပြီ၊ ရှမအီသား၊ သီဂီရွှေလျော်၊ အလောင်းတော်ကို၊
ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊
ဓာတ်တေဇောလျှင်၊ ရှင်ဓာတ်ဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊
လျှံတက်ကော်ရော်၊ မီးပူဇော်သည်။ ။ မွေတော်ရှစ်စိတ်
ကြွင်းတယ်ကို။

**(တနင်္ဂနွေနေ့)**

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ တွေ့တွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်။ ။ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

❖❖❖❖❖❖❖❖❖❖

# အခန်း (၄)

## ဘုရားရှိခိုးခြင်း
## သရဏဂုံနှင့် သီလတောင်းခံခြင်း
## မေတ္တာပို့ခြင်းနှင့် အမျှဝေခြင်း

# အခန်း (၄)

## ဘုရားရှိခိုးခြင်း

**ရှိခိုးဦးချပုံ ဦးချနည်း**

ဘုရားနှင့် သံဃာတော်တို့ထံ ဆည်းကပ်ရှိခိုးသောအခါ ရိုသေစွာ လက်အုပ်ချီပြီးနောက် "နီး, ဝေး, ရှေ့, နောက်၊ မြင့်မောက်, လေညာ" ဟူသော အပြစ်ခြောက်မျိုးလွတ်သော နေရာ၌နေ၍ ရှိခိုးပြီး လျှောက်ထားဖွယ် စကားတို့ကို လျှောက်ထားရမည်။

လျှောက်ထား နာယူပြီးလျှင် ရှိခိုးဦးချ၍ ပြန်ရမည်။ ပြန်သောအခါ ဘုရားရှင်နှင့် သံဃာတော်တို့ကို ကျောပေး၍မပြန်ဘဲ လက်အုပ်ချီကာ လေးငါးလှမ်းခန့်နောက်ဆုတ်ပြန်ရမည်။

**ရှိခိုးခြင်း သုံးမျိုး**

(၁) ထိခြင်းငါးပါးနှင့်အညီ ကိုယ်ဖြင့်ရှိခိုးခြင်း(ကာယဝန္ဒနာ)၊

(၂) နှုတ်ဖြင့် ရွတ်ဆို ရှိခိုးခြင်း (ဝစီဝန္ဒနာ)၊

(၃) စိတ်ဖြင့် ရည်မှတ် ရှိခိုးခြင်း (မနောဝန္ဒနာ)။

**ထိခြင်းငါးပါး ရှိခိုးခြင်း**

ဒူးနှစ်ဘက်၊ လက်နှစ်ဘက်၊ နဖူးတို့ကို မြေ၌ သို့မဟုတ် ကြမ်းပြင်၌ ထိစေ၍ ရှိခိုးခြင်းသည် ထိခြင်းငါးပါးနှင့်အညီ ရှိခိုးသည် မည်၏။

**ဆောင်ပုဒ်**။ ။ခြေ လက် နဖူး၊ တံတောင် ဒူး၊ ငါးဦး မြေထိစေ။

**ရပ်လျက်ရှိခိုးခြင်း**

လမ်းတွင် ရဟန်းသံဃာတော်တို့ကို တွေ့ဆုံသောအခါ ဦးထုပ် ဖိနပ်ချွတ်၍ ခြေစုံရပ်ကာ လက်အုပ်ကို ဦးထိပ်၌တင်လျက် ကိုယ်ကို ရှေ့သို့ ညွတ်ကာ ရှိခိုးရမည်။

ထိုင်လျက် ရှိခိုးခြင်း

အမျိုးသားဖြစ်လျှင် ဆောင့်ကြောင့်ထိုင်လျက်၊ အမျိုးသမီးဖြစ်လျှင် ကြုံ့ကြုံ့ထိုင်လျက် ထိခြင်းငါးပါးနှင့် အညီ တုပ်ဝပ်လျက် ရှိခိုးရမည်။

ဘုရားရှိခိုးသောအခါ ဦးစွာပထမ ဦးချရမည်။ ဦးချသောအခါ-

| | | |
|---|---|---|
| ဗုဒ္ဓံ ပူဇေမိ | = | ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ပူဇေမိ - ပူဇော်ပါ၏ အရှင်ဘုရား။ |
| ဓမ္မံ ပူဇေမိ | = | ဓမ္မံ-တရားတော်မြတ်ကို၊ ပူဇေမိ-ပူဇော်ပါ၏ အရှင်ဘုရား။ |
| သံဃံ ပူဇေမိ | = | သံဃံ-သံဃာတော်အရှင်မြတ်ကို၊ ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား |

ဟု ဆို၍ ဦးချရမည်။

## (က)ဘုရားရှိခိုး

ဩကာသ ဩကာသ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ၊ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရား။

**(ခ)ဩကာသအဓိပ္ပါယ်**

| | | |
|---|---|---|
| ဩကာသ | = | ကန်တော့ပါရစေ၊ ခွင့်ပြုတော်မူပါ- ဟု ခွင့်တောင်းခြင်း။ |

**(ဂ) ကံသုံးပါး**

| | | |
|---|---|---|
| ကာယကံ | = | ကိုယ်ဖြင့် ပြစ်မှားမှု၊ |
| ဝစီကံ | = | နှုတ်ဖြင့် ပြစ်မှားမှု၊ |
| မနောကံ | = | စိတ်ဖြင့် ပြစ်မှားမှု၊ |
| သဗ္ဗဒေါသ | = | ကာယကံ ဝစီကံ မနောကံအပြစ်များ၊ |
| ကန်တော့ | = | ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ဝန်ချခြင်း၊ |

## (ဃ) ရတနာသုံးပါး

**ရတနာမည်ပုံ**

စိတ်နှလုံး မွေ့လျော် ရွှင်ပျော် နှစ်သက်ခြင်းကို ဖြစ်စေတတ်သော သက်ရှိ-သက်မဲ့ အရာဝတ္ထုဟူသမျှသည် ရတနာမည်၏။

စိန် ရွှေ ငွေ ကျောက်သံ ပတ္တမြား ရတနာတို့သည် လောကရှိ လူအပေါင်းတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မွေ့လျော် ပျော်ရွှင်စေတတ်သောကြောင့် လောကီရတနာ ဟု ခေါ်ဆိုရသည်။

ထို့အတူ ဘုရား, တရား, သံဃာ တို့သည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မြတ်နိုးစေတတ်သောကြောင့် လောကုတ္တရာ ရတနာ ဟု ခေါ်ဆိုရပါသည်။

**ရတနာ၏ လက္ခဏာ သဘောထား-**

- အလေးအမြတ်ပြု ခံရခြင်း၊
- အဖိုးများစွာ ထိုက်တန်ခြင်း၊
- အတုမရှိ အသာဆုံးဖြစ်ခြင်း၊
- တွေ့ခဲ၊ ကြုံခဲ၊ ရခဲခြင်း၊
- ဘုန်းကံရှိသူတို့၏ အသုံးအဆောင်၊ သို့မဟုတ် ကိုးကွယ်ရာ ဖြစ်ခြင်း။

ဆောင်ပုဒ်။ ။ အလေးပြုအပ်၊ ဖိုးမပြတ်တည့်၊ နှိုင်းအပ်ပြိုင်ဖွယ်၊
မရှိကွယ်သား၊ မလွယ်တွေ့ဖို့၊ ရှေးကံချို့သည့်၊
လူတို့သုံးစရာ၊ မဟုတ်ပါသည်၊ ရတနာပစ္စည်း၊ ခေါ်သတည်း။

ဗုဒ္ဓရတနာ

- ဗုဒ္ဓသည် အရဟံ စသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံပြီး ဗုဒ္ဓတရားကို နာကြားရသူတို့မှာ စိတ်၏ အေးချမ်းသာယာမှု၊ အသိဉာဏ် တိုးတက်မှုကို ရသောကြောင့် ဆည်းကပ်ကိုးကွယ်သူတို့ အလေးအမြတ်ပြုအပ်သော ရတနာဖြစ်သည်။
- စိန်ရွှေ ငွေ ရတနာတို့သည် အဖိုးထိုက်တန်၏။ ထိုရတနာအတွက် ဥစ္စာရှင်မှာ စိတ်ချမ်းသာမှုအကျိုး ခံစားရသကဲ့သို့ ဘုရားရှင်ကို ဖူးတွေ့ရ ကိုးကွယ်ရ ဆည်းကပ်ရသော ပုဂ္ဂိုလ်တို့သည် လောက, သံသရာ နှစ်ဖြာသော အကျိုးကို ရကြသည်။ ထိုပုဂ္ဂိုလ်များအတွက် ဗုဒ္ဓရတနာသည် တန်ဖိုး မဖြတ်နိုင်သော ရတနာဖြစ်သည်။
- ပြည်တန်ပတ္တမြားသည် အခြားတန်းတူ ရတနာမရှိနိုင်သကဲ့သို့ ဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်နှင့်တူသော ပုဂ္ဂိုလ်သည် လောကတွင်မရှိ၊ သို့အတွက် ဗုဒ္ဓသည် အတုမရှိသော ရတနာဖြစ်သည်။
- ပြည်တန်ပတ္တမြားကို တွေ့ဖို့ကြုံဖို့ ခဲယဉ်းသကဲ့သို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီဖြည့်ပြီးမှ ဘုရားဖြစ်လာရသော ဗုဒ္ဓမည်သော ပုဂ္ဂိုလ်ထူးနှင့် တွေ့ဖို့၊ ကြုံဖို့၊ ဖူးတွေ့ဖို့ အလွန်ခဲယဉ်းလှ၍ ဗုဒ္ဓသည် ရတနာဖြစ်သည်။
- လောကဦ ကျောက်သံပတ္တမြား စိန် ရွှေ ငွေ ရတနာတို့သည် လူသာမန်တို့ မသုံးနိုင်၊ ချမ်းသာကြွယ်ဝသူတို့သာ သုံးဆောင်နိုင်သကဲ့သို့ ဗုဒ္ဓရတနာကိုလည်း ဘုန်းကံရှိသူတို့သာ ဆည်းကပ်ကိုးကွယ် နိုင်သောကြောင့် ရတနာမည်ပေသည်။ လောကတွင် လူနေအားဖြင့် အထက်တန်းကျကျ နေထိုင် စားသောက်နိုင်သည် မှန်သော်လည်း ဗုဒ္ဓရတနာကို မယုံကြည်၍ ကိုးကွယ် ဆည်းကပ်ခွင့် မရကြပေ။

**ဓမ္မရတနာ**

မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ္တိ ဤဆယ်မျိုးကို ဓမ္မ ဟုခေါ်သည်။

- ထိုဆယ်မျိုးသောဓမ္မကို ရိုသေလေးမြတ်စွာ နာယူမှတ်သားအပ်ကျင့်ကြံ ပွားများအပ်၏။
- တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးထိုက်တန်၏။
- မဂ်ဖိုလ်နိဗ္ဗာန်တရားတော်များကို မဆိုထားဘိ ပရိယတ္တိတရားတော်များသည်ပင် အတုမရှိ အသာဆုံး တရားတော်ဖြစ်၏။
- ထိုတရားတော်သည် ဘုရားပွင့်တော်မူမှ ကြားသိရသောတရားတော်များဖြစ်ရကား ဘုရားရှင်ကို ဖူးတွေ့ရဖို့ မလွယ်သလိုတရားတော်ကိုလည်း ကြားနာရဖို့ မလွယ်ကူချေ။
- ထိုတရားတော်ကို ဘုန်းကံနည်းသူများ မသိနိုင် မသုံးစွဲနိုင်၊ ဘုန်းကံရှိသောသူတို့၏ အသုံးအဆောင်ဖြစ်၏၊ ဤသို့လျှင်တရားတော်သည် ရတနာ၏ဂုဏ်အင်္ဂါပါးပါးနှင့် ပြည့်စုံသောကြောင့် "ဓမ္မရတနာ"မည်ပါသည်။

**သံဃရတနာ**

သမ္မုတိနှင့် အရိယာ နှစ်ဖြာသော သံဃာတော်အရှင်မြတ်အပေါင်းသည် သံဃရတနာ မည်၏။

- ထိုသံဃရတနာသည် ရိုသေလေးစားထိုက်၏။ မရိုမသေလုပ်လျှင်ထိုမရိုမသေလုပ်သူမှာ လောကကြီး၌ ကြီးပွားခြင်း အန္တရာယ်ဖြစ်၏၊ နောင်သံသရာ၌လည်း မကောင်းကျိုးကို ခံရမည်။
- သံဃာတော်ကို ရိုသေ လေးမြတ် ဆည်းကပ်ကိုးကွယ်သူမှာလောက သံသရာ နှစ်ဖြာသောအကျိုးကို ရရှိနိုင်၏။
- သံဃရတနာသည် ဗုဒ္ဓရတနာ ပေါ်ထွန်းချိန်၌သာ တွေ့ရကြုံရဖူးမြင်ရသောကြောင့် အလွန်တွေ့ကြုံခဲသော ရတနာဖြစ်သည်။
- ထို သံဃရတနာကို ဘုန်းကံကြီးသူ လူတို့သာ ဖူးတွေ့နိုင်ဆည်းကပ် ကိုးကွယ်နိုင်သောကြောင့် သံဃရတနာသည် ဘုန်းကံရှိသူတို့၏သာ ကိုးကွယ်ရာဖြစ်သည်။

## ရတနာသုံးပါး၏ ဂုဏ်တော်များ

**ဘုရားဂုဏ်တော် (၉)ပါး ပါဠိ**

ဣတိပိ သော ဘဂဝါ –

– အရဟံ
– သမ္မာသမ္ဗုဒ္ဓေါ
– ဝိဇ္ဇာစရဏသမ္ပန္နော
– သုဂတော
– လောကဝိဒူ
– အနုတ္တရော ပုရိသဒမ္မသာရထိ
– သတ္ထာ ဒေဝမနုဿာနံ
– ဗုဒ္ဓေါ
– ဘဂဝါ။

**အနက်အကျဉ်းချုပ်**

(၁) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဗြဟ္မာ နတ် လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော ကြောင့်။ အရဟံ၊ အရဟ မည်တော်မူ၏။

(၂) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ သိစရာမှန်သမျှကို အကြွင်းအကျန်မရှိ ဆရာမလို ကိုယ်တော်တိုင် သိတော်မူသောကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

(၃) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏတို့နှင့် ပြည့်စုံတော်မူသောကြောင့်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

(၄) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ ကောင်းသော စကားကို ဆိုတော်မူတတ်သောကြောင့်။ သုဂတော၊ သုဂတ မည်တော်မူ၏။

(၅) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ သတ္တလောက, သင်္ခါရလောက, ဩကာသလောက ဟူသော လောကသုံးပါးကို ကောင်းစွာ သိမြင်တော်မူသောကြောင့်။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။

(၆) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ အလုံးစုံသော သတ္တဝါတို့ကို အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့်။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

(၇) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ရှေ့သွားလမ်းပြ ဆရာတစ်ဆူ ဖြစ်တော်မူသောကြောင့်။ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာ ဒေဝ မနုဿာန မည်တော်မူ၏။

(၈) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

(၉) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

**ဗုဒ္ဓဂုဏ်တော် ကဗျာ**

ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ၊
ဗုဒ္ဓကိုလည်း ကြည်ညိုမည်။
ကြည်ညိုသူတွေ ဟောညွှန်ပြမှ၊
စိတ်ကနစ်ခြိုက် လိုက်ကြသည်။
ဂုဏ်တော် တန်တန် မှန်မှန်ရလို့၊
ခဏ ခဏ ရွတ်သင့်သည်။
ရွတ်သော်ရန်စွယ် အန္တရာယ်ကင်းလို့၊
ကောင်းခြင်းသုခ ရလိမ့်မည်။

**ဘုရားဂုဏ် အာရုံပြုရကျိုး**

ဘုရားမြတ်ဂုဏ် အာရုံညွတ်လို့၊
မပြတ်မလပ် အောက်မေ့လျှင်။
အမြတ်တမ်းသာ ကောင်းစွာနိုးလို့၊
ကြီးမားဖွံ့ဖြိုး အကျိုးထင်။

**တရားဂုဏ်တော် (၆)ပါး ပါဠိ**

- သွာက္ခာတော ဘဂဝတာ ဓမ္မော
- သန္ဒိဋ္ဌိကော
- အကာလိကော
- ဧဟိပဿိကော
- ဩပနေယျိကော
- ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

**အနက်အကျဉ်းချုပ်**

(၁) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ပရိယတ်, ဆယ်ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏။

(၂) သန္ဒိဋ္ဌိကော၊ ကျင့်ဆဲခဏ ယခုဘဝ၌ပင်လျှင် သိမြင်ခံစားရသော တရားတော်ဖြစ်ပါပေ၏။

(၃) အကာလိကော၊ အခါမလင့် ကောင်းကျိုး ချမ်းသာကို ပေးတတ်ပါပေ၏။

(၄) ဧဟိပဿိကော၊ လာပါ၊ ရှုပါ၊ ကျင့်ကြံပါ ဟု ဖိတ်ခေါ်ထိုက်သောတရား ဖြစ်တော်မူပါပေ၏။

(၅)ဩပနေယျိကော၊ ကိုယ်၌မကွာ ကပ်၍ဆောင်ထားအပ်သော တရားတော်ဖြစ်ပါပေ၏။

(၆) ဝိညူဟိ၊ ပညာရှိတို့သည်သာလျှင်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ ကိုယ်စီကိုယ်င ခံစား သိမြင်ရသော တရားတော်ဖြစ်ပါပေ၏။

**တရားဂုဏ်တော် ကဗျာ**

တရားစစ်မှန် ကျင့်ကြံကြမှ၊
ချမ်းသာသုခ ရနိုင်မည်။
တရားတုတွေ ကျင့်နေကြလို့၊
ဗုဒ္ဓဝါဒ ပြယ်ရသည်။
ယခုမြန်မြန် အမှန်လမ်းသို့၊
တဖန်လှမ်းဖို့ ချိန်တော်ပြီ။
သို့မှတိုင်းပြည် ဘာသာရေးကြောင့်၊
သာယာအေးဆေး ရှိလိမ့်မည်။

**တရားဂုဏ် အာရုံပြုရကျိုး**

တရားမြတ်ဂုဏ် အာရုံညွတ်လို့၊
မပြတ်မလပ် အောက်မေ့လျှင်။
အမြဲတမ်းသာ ကောင်းစွာနိုးလို့၊
ကြီးမားဖွံ့ဖြိုး အကျိုးထင်။

**သံဃာဂုဏ်တော် (၉)ပါး ပါဠိ**

- သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
- ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
- ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
- သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
  ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
  ဧသ ဘဂဝတော သာဝကသံဃော -
- အာဟုနေယျော
- ပါဟုနေယျော
- ဒက္ခိဏေယျော
- အဉ္ဇလိကရဏီယော
- အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

အနက်အကျဉ်းချုပ်

(၁) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သမ္မုတိ, အရိယာ နှစ်ဖြာသော တပည့်သား သံဃာတော် အပေါင်းသည်။ သုပ္ပဋိပန္နော၊ သီလ-သမာဓိ-ပညာ သိက္ခာ သုံးရပ်ကို ကောင်းစွာ ကျင့်ကြံတော်မူတတ်ပါ၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သမ္မုတိ, အရိယာ နှစ်ဖြာသော တပည့်သား သံဃာတော် အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊ ရိုးသား ဖြောင့်မတ်စွာ ကျင့်တော်မူတတ်ပါ၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သမ္မုတိ, အရိယာ, နှစ်ဖြာသော တပည့်သား သံဃာတော် အပေါင်းသည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အလို့ငှာ ကျင့်ကြံ တော်မူတတ်ပါ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သမ္မုတိ, အရိယာ, နှစ်ဖြာသော တပည့်သား သံဃာတော် အပေါင်းသည်။ သာမီစိပ္ပဋိပန္နော၊ အရိအသေခံထိုက်အောင် ကျင့်တော်မူတတ်ပါ၏။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ မင်္ဂဖိုလ်အားဖြင့် ဤလေးပါးသော အစုံတို့သည်။ အဋ္ဌပုရိသပုဂ္ဂလာ၊ အရိယာ ပုဂ္ဂိုလ်ရှစ်ယောက်တို့ မည်ပါပေကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ- သော သာဝကသံဃော၊ ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်း သည်-

(၅) အာဟုနေယျော၊ အမြဲမပြတ် လှူဒါန်းရန် ရည်စူးထားအပ်သော ပစ္စည်းတို့ကို အလှူခံထိုက်၏။

(၆) ပါဟုနေယျော၊ ဧည့်သည်အတွက် အထူးစီမံထားသော ပစ္စည်းတို့ကို အလှူခံထိုက်၏။

(၇) ဒက္ခိဏေယျော၊ ကံ-ကံ၏အကျိုးကို ယုံကြည်၍လှူအပ်သော အလှူကိုလည်း ခံယူတော်မူထိုက်ပါပေ၏။

(၈) အဋ္ဌလိကရဏီယော၊ လူနတ်ဗြဟ္မာတို့၏ လက်အုပ်ချီခြင်းကို ခံယူတော်မူထိုက်ပါပေ၏။

(၉) လောကဿ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း၏။ အနုတ္တရံ၊ အတုမရှိမြတ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။

**သံဃာဂုဏ်တော် ကဗျာ**

– ဘုရားရှင်တော် သားတော်များဟု၊
မှတ်သားခေါ်ရ သံဃာမည်။
တရားမှုမှန် မပျက်စီးဖို့၊
သီးသီးဆောင်ရ ကျင့်ရသည်။
– သံဃာဆိုတာ နှစ်မျိုးရသည့်၊
ပရမတ္ထ သမ္မုတိ၊
တရားသိကာ ရိယာမြတ်မှ၊
ပရမတ္ထ ခေါ်ရသည်။
– သမ္မုတိဆို ထိုသံဃာ၌၊
ဆိုးကောင်းနှစ်ဝ ရှိကြသည်။
အကောင်းကိုသာ ကိုးကွယ်ကြဖို့၊
စိတ်က နိစ္စ ထားရမည်။
– အကောင်းတွေကို အသက်ပေးလို့၊
သာသနာရေး ဆောင်သင့်ပြီ။
မဆောင်နိုင်သော် ဘာသာပျက်၍၊
သာသနာသက် ဆုံးတော့မည်။

**သံဃာ့ဂုဏ် အာရုံပွားရကျိုး**

သံဃာမြတ်ဂုဏ် အာရုံညွတ်လို့၊
မပြတ်မလပ် အောက်မေ့လျှင်။
အမြဲတမ်းသာ ကောင်းစွာနိုးလို့၊
ကြီးမားဖွံ့ဖြိုး အကျိုးထင်။

## (င) ကံ ကံ၏အကျိုး ယုံကြည်ခြင်း

ကံ - ကံဆိုသည်မှာ ပါဠိဘာသာ ကမ္မ မှ ဖြစ်လာသော မြန်မာဝေါဟာရ ဖြစ်သည်။ ပြုလုပ်ခြင်းဟု အဓိပ္ပါယ်ရသည်။

ထိုပြုလုပ်ခြင်းဟူသော ကံသည် -

(က) ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ (ကာယကံ)

(ခ) နှုတ်ဖြင့်ပြောဆိုခြင်း၊ (ဝစီကံ)

(ဂ) စိတ်ဖြင့်ကြံစည်ခြင်း၊ (မနောကံ)

ဟူ၍ (၃) မျိုးရှိသည်။ ထိုသုံးမျိုးသည် စေတနာအရင်းခံ၍ ဖြစ်ပေါ်လာရသောကြောင့် စေတနာကို ကံ-ဟု ခေါ်သည်၊

### ကမ္မဿကတာဉာဏ်

လောက၌ လူများသာမက အလုံးစုံသော သတ္တဝါဟူသမျှတို့သည် -

- ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။
- ကံသာလျှင် အမွေအနှစ်ရှိကုန်၏။
- ကံသာလျှင် အဆွေအမျိုးရှိကုန်၏။
- ကံသာလျှင် အဆွေခင်ပွန်းရှိကုန်၏။
- ကံသာလျှင် ကိုးကွယ် အားထားရာရှိကြကုန်၏။
- ကံသည်ပင်လျှင် သတ္တဝါဟူသမျှတို့ကို အယုတ် အလတ် အမြတ် စသည် ထူးခြား ကွဲပြားအောင် စီမံဖန်တီး ပေးတတ်၏။

ဤသို့"ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၊ မိမိပြုလုပ်သော ကံမှတပါး လောကကြီးအား စီမံဖန်တီးသူမရှိ"ဟု သိသောဉာဏ်သည် ကမ္မဿကတာ ဉာဏ် ဖြစ်သည်။ ထိုသို့ သိမှတ်ယုံကြည်ခြင်းကို ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဟုလည်းခေါ်သည်။

## ကံ၏အစွမ်းသတ္တိ

ကံသည် ဤကမ္ဘာလောကကြီး၌ ရှိရှိသမျှသော သတ္တဝါအပေါင်းတို့တွင်-

- အချို့သောသူတို့အား မင်းမှူးမတ်ဖြစ်စေ၏။
- အချို့သောသူတို့အား သူဌေးသူကြွယ်ဖြစ်စေ၏။
- အချို့သောသူတို့အား လူမွဲလူဆင်းရဲဖြစ်စေ၏။
- အချို့သောသူတို့အား အနာရောဂါနည်းစေ၏။
- အချို့သောသူတို့အား အနာရောဂါများစေ၏။
- အချို့သောသူတို့အား နား, နှာ, ခြေ, မျက်စိ စသော အင်္ဂါကြီးငယ် ပြည့်စုံစေ၏။
- အချို့သောသူတို့အား နား, နှာ, ခြေ, မျက်စိ စသော အင်္ဂါကြီးငယ် ချို့တဲ့စေ၏။
- အချို့သောသူတို့အား အလွန်လှပတင့်တယ်ခြင်း၊ တန်ခိုးအာဏာကြီးမားခြင်း၊ အသိ အလိမ္မာ ဉာဏ်ပညာကြီးခြင်း၊ အသက်ရှည်ခြင်း၊ အမျိုးမြတ်ခြင်း စသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံစေ၏။
- အချို့သောသူတို့အား အဆင်း အရောင် မလှ မပ မတင့်တယ်ခြင်း၊ တန်ခိုးအာဏာ နည်းပါးခြင်း၊ အသက်တိုခြင်း စသော အယုတ်တရားတို့နှင့် ပြည့်စုံစေရန် ဖန်တီးခြင်းငှါ စွမ်းနိုင်သည်။

## ကုသိုလ်ကံ

ကုသိုလ်ကံဆိုသည်မှာ အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်း သဘောရှိ၏။(ကုသိုလ်ကောင်းမှု တစုံတခုပြုလုပ်နေချိန်၌ လောဘ၊ ဒေါသ၊ မာန၊ ဣဿာမစ္ဆေရ စသော စိတ်၏ အညစ်အကြေး အပြစ်အနာအဆာများ မရှိသဖြင့်"အပြစ်မရှိ"ဟု ဆိုလိုသည်။) ကုသိုလ်ကောင်းမှု ပြုနေသောသူသည် ကောင်းသောအမှုကို ပြုနေရသည့်အတွက် ဤဘဝ၌လည်း ဝမ်းသာရွှင်ပျ ချမ်းသာရ၏။ တမလွန်ဘဝ၌လည်း ကောင်းသောအကျိုးကို ခံစားရသောကြောင့် ဝမ်းသာရွှင်ပျ ချမ်းသာရ၏။

ထိုကုသိုလ်ကံသည် ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ် ဟူ၍ သုံးမျိုးရှိသည်။

## အကုသိုလ်ကံ

အကုသိုလ်ကံ ဆိုသည်မှာ အပြစ်ရှိခြင်း၊ မကောင်းသောအကျိုးကိုပေးခြင်း သဘောရှိသည်။ မကောင်းမှု ပြုသောသူသည် မကောင်းမှုပြုသည့်အတွက် ဤဘဝ၌လည်း ဆင်းရဲဒုက္ခအမျိုးမျိုး ရရှိခံစားရသည်။ တမလွန်ဘဝ၌လည်း ငရဲကျခြင်း စသော မကောင်းကျိုးများ ခံစားရသည်။

ထိုအကုသိုလ်ကံလည်း ကာယကံ အကုသိုလ်၊ ဝစီကံ အကုသိုလ်၊ မနောကံ အကုသိုလ် ဟူ၍ သုံးမျိုးရှိသည်။

သတ္တဝါတို့သည် ထိုမိမိတို့ပြုလုပ်သော ထိုကောင်းကံ ဆိုးကံအရသာ စံကြရ ခံကြရသည်။ ထိုကံအကျိုးပေးမှုကို တမျိုးတမည်ဖြစ်အောင် မည်သည့် တန်ခိုးရှင်ကမှ ပြုပြင်ပြောင်းလွှဲ ဖယ်ရှား ခုခံနိုင်ခြင်းမရှိ။ မလွဲမသွေ ဧကန်မုချ ဖြစ်တတ်သော သဘောရှိ၍ "နိယာမတရား" ဟု ခေါ်သည်။

### ကံအကျိုးပြ လင်္ကာသံပေါက်များ

(၁) သူများအသက်၊ သတ်သည့်တွက်၊ အသက်ကိုယ့်မှာတို။
(၂) မသတ်ရှောင်ရှား၊ ထိုသူများ၊ ရှည်လျားအသက်ကို။
(၃) နှိပ်စက်ကလူ၊ ညှဉ်းဆဲသူ၊ ပြောထူရောဂါဆို။
(၄) သနားစိတ်သွင်း၊ မနှိမ်နင်း၊ ကင်းရှင်းရောဂါကို။
(၅) ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှပျက်မည်ဆို။
(၆) ဒေါသကင်းစင်၊ မေတ္တာယှဉ်၊ ကြည်လင်လှသကို။
(၇) မနာလိုပြန်၊ ဣဿာထန်၊ ခြံရံကင်းမည်ဆို။
(၈) ဣဿာမထား၊ ဝမ်းမြောက်ကြား၊ ပေါများခြွေရံကို။
(၉) မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခန်းဥစ္စာဆို။
(၁၀) စွန့်ကြဲလေ့တုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝလို။
(၁၁) မာန်မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ်ညံ့မည်ဆို။

(၁၂) ထိုက်သူရိုကျိုး၊ မာန်ကိုချိုး၊ အမျိုးမြတ်သကို
(၁၃) သိဖွယ်ဟူသမျှ၊ မမေးက၊ ဖျင်းအ-ပညာဆို။
(၁၄) ကြားမြင်များအောင်၊ မေးလေ့ဆောင်၊ ခနောင်ပာတ်သိလို။

## ဒုစရိုက်၊ သုစရိုက်နှင့် ပုညကြိယာဝတ္ထု

**ဒုစရိုက် (၁၀) ပါး**

မကောင်းသောကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ဒုစရိုက် ဟုခေါ်သည်။
[ဒု=မကောင်းသော။ စရိတ=ကျင့်ကြံပြုလုပ်ခြင်း]

**ဒုစရိုက် ကာယကံသုံးပါး**

| | | | |
|---|---|---|---|
| (၁) | ပါဏာတိပါတ | = | သူ့အသက်သတ်ခြင်း။ |
| (၂) | အဒိန္နာဒါန | = | ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်း။ |
| (၃) | ကာမေသုမိစ္ဆာစာရ | = | ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း။ |

**ဒုစရိုက် ဝစီကံလေးပါး**

| | | | |
|---|---|---|---|
| (၁) | မုသာဝါဒ | = | မဟုတ်မမှန် ပြောဆိုခြင်း။ |
| (၂) | ပိသုဏာဝါစာ | = | ကုန်းတိုက်စကားပြောဆိုခြင်း၊ ချစ်သူနှစ်ဦး ကွဲသွားအောင် ရန်တိုက်ပေးခြင်း။ |
| (၃) | ဖရုသဝါစာ | = | ဆဲရေး တိုင်းထွာခြင်း စသော ကြမ်းတမ်းသော စကားပြောဆိုခြင်း။ |
| (၄) | သမ္ဖပ္ပလာပ | = | အကျိုးမရှိ အနှစ်မဲ့သော စကားကို ပြောဆိုခြင်း။ |

ဒုစရိုက် မနောကံသုံးပါး

(၁) အဘိဇ္ဈာ = သူတပါးပစ္စည်းကို "ငါ့ဟာဖြစ်လျှင် ကောင်းလေစွ" ဟု မတရားကြံစည်ခြင်း။
(၂) ဗျာပါဒ = သူတပါးကို သေကြေပျက်စီး စေလိုခြင်း။
(၃) မိစ္ဆာဒိဋ္ဌိ = အယူမှားခြင်း(ကံ-ကံ၏အကျိုး မယုံကြည်ခြင်း)။

ဤဆယ်ပါးကို အပါယ်သို့ ရောက်စေတတ်သော လမ်းခရီးဖြစ်သော ကြောင့် "အကုသလကမ္မပထ" ဟူ၍ ခေါ်သည်။

ဤဒုစရိုက် ၁၀-မျိုး အကုသိုလ်အမျိုးမျိုးတို့တွင် မိစ္ဆာဒိဋ္ဌိ(ကံ, ကံ၏ အကျိုးကို မယုံကြည်မှု)သည် အပြစ်အကြီးလေးဆုံးဖြစ်ကြောင်း ဟောတော် မူသည်။ မိစ္ဆာအယူအစွဲသန်လျှင် သန်သလောက်၊ အယူသည်းလျှင် သည်းသလောက် သေပြီးနောက် ငရဲသို့ တောက်လျှောက် ကျရောက်ခံရကြောင်း၊ ကမ္ဘာပျက်၍ သတ္တဝါအများ ဗြဟ္မာဘုံသို့ ပြောင်းရွှေ့ကြသော်လည်း မိစ္ဆာဒိဋ္ဌိ ငရဲသားမှာ ပြောင်းခွင့်မရ၊ ဆက်၍ခံနေရကြောင်း ကျမ်းဂန်တို့၌ အတိအလင်း မိန့်ဆိုထားသည်။ ထို့ကြောင့် မခိုင်မာသေးသော အယူမှန်ရှိသူ တို့သည် မိစ္ဆာဒိဋ္ဌိတို့နှင့် အရောတဝင် မနေသင့်ကြောင်း ဟောကြားတော်မူထားသည်။

ဆောင်ပုဒ် -(၁) သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။
(၂) လှည့်ဖျားရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်း လေခြင်း၊ ပြိန်ဖျင်းစကား၊ ပြောဆိုငြား၊ လေးပါး ဝစီကံ။
(၃) သူ့ဥစ္စာမှန်၊ မတရားကြံ၍၊ ဖေါက်ပြန်သေကြေ၊ ပျက်စေ လိုငြား၊ အယူမှား၊ သုံးပါး မနောကံ။
(၄) ဒုစရိုက်ဆယ်ဖြာ၊ ဤကမ္ဘာတွင်၊ မိစ္ဆာအယူ၊ ရှိသော သူကား၊ သေမှုမလွဲ၊ ကျငရဲတည့်၊ ဖေါက်လဲကမ္ဘာ၊

ပျက်သောခါပင်၊ ဗြဟ္မာဘုံထက်၊ အများတက်လည်း၊ တက်ခွင့်မရှိ၊ အဝီစိဝယ်၊ ကံ၏စေရာ၊ ခံရမှာ၊ မိစ္ဆာအပြစ် ကြီးဆုံးတည်း။

**သုစရိုက် (၁၀) ပါး**

ကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို သုစရိုက် ဟုခေါ်သည်။
[သု=ကောင်းသော၊ စရိတ=ကျင့်ကြံပြုလုပ်ခြင်း]

**သုစရိုက် ကာယကံသုံးပါး**

(၁) ပါဏာတိပါတ ဝိရတိ =သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း။

(၂) အဒိန္နာဒါန ဝိရတိ =ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်း၊ မတရားယူခြင်းမှ ရှောင်ကြဉ်ခြင်း။

(၃) ကာမေသုမိစ္ဆာစာရ ဝိရတိ =ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။

**သုစရိုက် ဝစီကံလေးပါး**

(၁) မုသာဝါဒ ဝိရတိ =မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

(၂) ပိသုဏဝါစာ ဝိရတိ =ကုန်းတိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

(၃) ဖရုသဝါစာ ဝိရတိ =ဆဲရေးတိုင်းထွာခြင်း စသော ကြမ်းတမ်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

(၄) သမ္ဖပ္ပလာပ ဝိရတိ =အကျိုးမရှိ အနှစ်မဲ့သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

သုစရိုက် မနောကံသုံးပါး

(၁) အနဘိဇ္ဈာ =အဘိဇ္ဈာကို မပြုခြင်း။
(၂) အဗျာပါဒ =ဗျာပါဒကို မပြုခြင်း။
(၃) သမ္မာဒိဋ္ဌိ =ကောင်းသောအယူကို ယူခြင်း။

ဤဆယ်ပါးကို လူ့ပြည် နတ်ပြည်သို့ ရောက်စေတတ်သော လမ်းခရီးကောင်းဖြစ်သောကြောင့်“ ကုသလကမ္မပထ”ဟုခေါ်သည်။

ဆောင်ပုဒ်။ ။ကာ, ၃ သုံးပါး၊ ကြဉ်ရှောင်ငြား၊သုံးပါးကာယကံ။
နှုတ်, ၃လေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါးဝစီကံ။
အနဘိဇ္ဈာ၊ အဗျာပါဒနှင့်၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သိ၊
တို့မနောကံ။

ပုညကြိယာဝတ္ထုဆယ်ပါး

လောက၌ ပြုထိုက်သောကောင်းမှုများကို ပုညကြိယာဝတ္ထုဟုခေါ်သည်။ ထိုပုညကြိယာဝတ္ထုကား ဆယ်မျိုးရှိသည် -

(၁) ဒါန =စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။
(၂) သီလ =ကိုယ်ကျင့်သီလများ စောင့်ထိန်းခြင်း။
(၃) ဘာဝနာ =ဘုရားဂုဏ်စသည်ကို အာရုံပြုနေခြင်း။
(၄) အပစာယန =ရိုသေထိုက်သူကို ရိုသေခြင်း။
(၅) ဝေယျာဝစ္စ =သူတပါးကိစ္စကြီးငယ်ကို ပြုစုဆောင်ရွက်ခြင်း။
(၆) ပတ္တိဒါန =မိမိပြုလုပ်သော ကုသိုလ်အဖို့ကို အမျှပေးဝေခြင်း။
(၇) ပတ္တာနုမောဒန=သူတပါးတို့ ကုသိုလ်ကောင်းမှု ပြုသည်ကို မြင်လျှင် ကြားလျှင် အမျှပေးဝေလျှင် ဝမ်းမြောက်စွာ သာဓုခေါ်ခြင်း။
(၈) ဓမ္မဿဝန =တရားကို ကောင်းစွာနာယူခြင်း။
(၉) ဓမ္မဒေသနာ =တရားဟောပြောပြသခြင်း။
(၁၀) ဒိဋ္ဌိဇုကမ္မ =ဖြောင့်မှန်သော အယူဝါဒရှိခြင်း။
(ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း)။

## ဂုဏ်တော်အကျိုးပြဝတ္ထု ကာဋိအမျိုးသမီး

ရာဇဂြိုဟ်မြို့၌ ကိုယ်ဝန်အရင့်အမာနှင့် ကာဠီမည်သော သူဌေးသမီးသည် ရာဇဂြိုဟ်တစ်မြို့လုံး ဝါဆိုလပြည့်နေ့ အာသဠှီနက္ခတ်ပွဲသဘင် ဆင်ယင်နေသည်ကို ကြည့်လို၍ ပြာသာဒ်အထက်ထပ်သို့ တက်ပြီးလျှင် လေသာတံခါး၌ လေညင်းခံလျက် ရပ်နေ၏။ ထိုအချိန် သာတာဂိရိ၊ ဟေမဝတ မည်သော နတ်စစ်သူကြီးနှစ်ယောက်လည်း နောက်ပါအခြွေအရံ ငါးရာစီနှင့်တကွ ထိုပြာသာဒ်၏ အထက်ကောင်းကင်ယံ၌ နှစ်ဦးသား ဆုံမိကြလေသည်။

ထိုနတ်စစ်သူကြီးနှစ်ယောက်ကား ကဿပဘုရားလက်ထက် ဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက်မှ ရဟန်းပြုကြသော စာတတ် ပေတတ် ရဟန်းသူတော်ကောင်းများ ဖြစ်ခဲ့ကြသည်။ ဝိနည်းဆုံးဖြတ်ရာ၌ အလွန်ကျွမ်းကျင်ကြသည်။ တစ်နေ့တွင် မိမိ၏ တပည့်တစ်ဦး မတရားမှု၌ တပည့်အလိုလိုက်ပြီး မှားယွင်းစွာ အမှုဆုံးဖြတ်ခဲ့မိသော အကုသိုလ်ကံကြောင့် ပျံလွန်တော်မူသောအခါ နတ်ဘီလူးစစ်သူကြီးများဖြစ်နေကြသည်။ တစ်ယောက်က ဟိမဝန္တာတောင်၌ နေ၍ တစ်ယောက်က မဇ္ဈိမဒေသတောင်ပိုင်း သာတမည်သောတောင်၌ နေသည်။

သူတို့နှစ်ဦးသည် ဟိမဝန္တာနတ်သဘင်အစည်းအဝေး၌ တွေ့ဆုံကြစဉ် အတိတ်ဘဝအကြောင်းကိုလည်း သိမြင်ကြကာ မိတ်ဖွဲ့နေရာ၌ အထူးအဆန်း တွေ့က ပြောကြစတမ်းဟု ကတိထားကြသည်။

ဂေါတမမြတ်စွာဘုရား ဘုရားဖြစ်ပြီး ဝါဆိုလပြည့်နေ့ မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူသည်။ တရားဦးဟောတော်မူသော နေ့ထူးနေ့မြတ် ဖြစ်၍ စကြဝဠာတစ်ခွင်လုံး ထူးခြားသာယာ ကြည်နူးဖွယ်ရာများ ဖြစ်လေရာ ဟိမဝန္တာ၌ နေသော ဟေမဝတနတ်မင်းသည် ဟိမဝန္တာ၏ ထူးခြားသာယာ လှပပုံကို သူငယ်ချင်း သာတာဂိရိအား ပြောကြားရန် နောက်ပါအခြံအရံ ငါးရာနှင့်တကွ ထွက်လာသည်။

သာတာဂိရိနတ်မင်းလည်း ဓမ္မစကြာတရားကို ကိုယ်တိုင်နာကြားရ၍ ဟေမဝတ နတ်မင်းအား ပြောကြားရန် တပည့်ငါးရာနှင့်အတူ ထွက်လာသည်။

သူတို့နှစ်ဦးသည် ကာဠီအမျိုးသမီး၏ ပြာသာဒ်ထက် ကောင်းကင်ယံ၌ ဆုံမိကြ၏။ သာတာဂိရိ နတ်မင်းက ဟေမဝတနတ်မင်းအား လောက၌ ဘုရားပွင့်နေပြီဖြစ်ကြောင်း ပြောပြ၍ ဘုရားဖူးလိုက်ခဲ့ရန်ခေါ်သည်။ ဟေမဝတက ချက်ချင်းမလိုက်သေးဘဲ ဘုရားစစ် ဘုရားမှန် ဟုတ်- မဟုတ် စုံစမ်းမေးမြန်း၍ သာတာဂိရိက ဘုရားရှင်၏ ကျေးဇူး ဂုဏ်တော်များကို အကျယ်တဝင့် ပြောပြလေသည်။

ကာဠီအမျိုးသမီးသည် ထိုနတ်စစ်သူကြီးနှစ်ယောက်တို့ မေးမြန်းဖြေဆိုကြသော ဘုရားဂုဏ်တော်များကို အစအဆုံး နားစိုက်နေလေရာ နားထောင်ရင်း နားထောင်ရင်းပင် "သြော်-- ဘုရားဆိုသည်မှာ- ဤမျှလောက် ထူးခြားသော ဂုဏ်တော်များနှင့် ပြည့်စုံတော် မူပါပေသည်တကား" ဟု အားရနှစ်သက်နေမိ၏။ တစ်ဆင့်ကြားရသော ဘုရားဂုဏ်တော်များကို စိတ်ထဲက အာရုံပြုရင်းပြုရင်း ကြက်သီးတဖြန်းဖြန်း ထကာ လက္ခဏာရေးသုံးပါး ဆင်ခြင်လျက် ထိုနေရာ၌ပင် ကာဠီအမျိုးသမီး သောတာပန်တည်လေသည်။

(စ) အပါယ်လေးပါး

အပါယ်(အပါယ) = ချမ်းသာကင်းသောဘုံ၊ ဘဝ။

(၁)ငရဲ = ချမ်းသာကင်းပြီး ဆင်းရဲခြင်း အတိပြီးသော ဘုံ၊ ဘဝ။

(၂)တိရစ္ဆာန် = မဂ် ဖိုလ်မှ ဖီလာကန့်လန့် ဖြစ်သော သတ္တဝါများ (ကျွဲ၊ နွား၊ ငါး၊ လိပ်၊ ကြက်၊ ငှက် စသော ကုန်းနေ၊ ရေနေ သတ္တဝါများ)။

(၃)ပြိတ္တာ = ချမ်းသာအပေါင်းမှ ကင်းကွာသူများ (တစ္ဆေ၊ မှင်စာ၊ သရဲ၊ သဘက်၊ ဖုတ်ကောင်၊ ကျတ်ကောင်များ)။

(၄)အသူရကာယ်=နတ်များကဲ့သို့ မရဲမရင့် မတောက်ပြောင်သော သူများ (တော၊ တောင်၊ သမုဒ္ဒရာ ကမ်း၌နေသော ပြိတ္တာ အသူရာများ)။

## (ဆ) ကပ်သုံးပါး

ကပ်သုံးပါး = ပျက်စီးခြင်းကို ကပ်ဟု ခေါ်သည်။

(၁) ဝေတ်မွတ်ဘေးကြောင့် ပျက်စီးခြင်း(ဒုဗ္ဘိက္ခန္တရကပ်)၊

(၂) လက်နက်ဘေးကြောင့် ပျက်စီးခြင်း (သတ္ထန္တရကပ်)၊

(၃) ရောဂါဘေးကြောင့် ပျက်စီးခြင်း (ရောဂန္တရကပ်)။

### ကပ်ဆိုက်ပုံ

(၁) သတ္တဝါတို့ လောဘတရား ကြီးမား လွှမ်းမိုးလာသောအခါ ငတ်မွတ်ဘေး ကပ် ဆိုက်ရောက်သည်။

(၂) သတ္တဝါတို့ ဒေါသတရား ကြီးမား လွှမ်းမိုးလာသောအခါ လက်နက်ဘေး ကပ် ဆိုက်ရောက်သည်။

(၃) သတ္တဝါတို့ မောဟတရား ကြီးမား လွှမ်းမိုးလာသောအခါ ရောဂါဘေး ကပ် ဆိုက်ရောက်သည်။

## (ဇ) ရပ်ပြစ်ရှစ်ပါး

ရပ်ပြစ်ရှစ်ပါး=မဂ် ဖိုလ် တရားရအောင် အားထုတ်ခွင့် မရသော အရပ်ဖြစ်၍ " ရပ်ပြစ် "ဟု ခေါ်သည်။

**ဆောင်ပုဒ်။** ။ ဘုရားပွင့်ခါ၊ ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်၊ ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊ ဉာဏ်ရှိငြားလည်း၊ ဘုရားမဖြစ်၊ ကျမ်းဂန်လစ်သည်၊ ရပ်ပြစ်ရှစ်ပါး သရုပ်တည်း။

(၁၊ ၂၊ ၃) **ဘုရားပွင့်ခါ ပါယ်သုံးရွာ**= ဘုရားပွင့်နေဆဲ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အပါယ်သုံးဘုံ၌ ဖြစ်ရသူများ (အသူရကာယ်ကို ပြိတ္တာဘုံ၌ သွင်းယူရသည်)။

(၄) ဒီဃာယုနတ် = အသက်ရှည်သော နတ် ဗြဟ္မာများ(ဘုရားပွင့်ဆဲ အခါ လွန်စွာ အသက်ရှည်ကြ၍ ဘုရားရှင်ကို မဖူးတွေ့နိုင်သော အသညသတ်ဗြဟ္မာနှင့် အရူပ ဗြဟ္မာတို့ဖြစ်သည်)။
အသညသတ်ဗြဟ္မာသည်- ရုပ်ခန္ဓာသာရှိ၍ နာမ်ခန္ဓာ မရှိ။ အရူပဗြဟ္မာသည်-နာမ်ခန္ဓာသာရှိ၍ ရုပ်ခန္ဓာမရှိ၊ ထို့ကြောင့် ဘုရားပွင့်သော်လည်း တရား မနာနိုင်ကြပေ။

(၅) ပြစ်လတ်ပစ္စန် = ဘုရားရှင်နှင့် ရဟန်းသံဃာတော်များ မရောက် နိုင်သော အစွန်အဖျား တောကြို တောင်ကြားအရပ် (ပစ္စန္တ ရစ်သား)။

(၆) မိစ္ဆာဉာဏ်ရှိ = ဘုရားပွင့်ဆဲ သာသနာတော်တည်ဆဲ အခါ မိစ္ဆာဒိဋ္ဌိ အယူရှိသူများ။

(၇) ဉာဏ်မရှိသား= တရားတော်ကို နားလည်လောက်သော ဉာဏ် မရှိသူများ။

(၈) ဉာဏ်ရှိငြားလည်း-
ဘုရားမဖြစ် = တရားတော်ကို တတ်သိ နားလည်သော ဉာဏ်ရှိသော်လည်း ဘုရားသာသနာ မရှိသောအခါ လူဖြစ်ရသူများ။

(ဈ) ရန်သူမျိုးငါးပါး

ရန်သူမျိုးငါးပါး= (၁) ရေ၊
(၂) မီး၊
(၃) မင်းဆိုး၊
(၄) ခိုးသူ၊
(၅) အမွေခံသားသမီးဆိုး။

ဆောင်ပုဒ်။ ။ရေ, မီး, သူခိုး၊ အမွေဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါး၊ မှတ်သားကြပါလေ။

**(ည) ဝိပတ္တိတရားလေးပါး**

ဝိပတ္တိတရားလေးပါး = ဖောက်ပြန်ချွတ်ယွင်းခြင်းကို ဝိပတ္တိ ဟု ခေါ်သည်။

(၁) မင်းဆိုး မင်းယုတ် အုပ်စိုးသည့် ကာလ၌ ဖြစ်ရခြင်း(ကာလဝိပတ္တိ)။

(၂) အပါယ်လေးဘုံ၌ ဖြစ်ရခြင်း(ဂတိဝိပတ္တိ)၊

(၃) ရုပ်ဆင်းအင်္ဂါ(ဉပဓိရုပ်)ချို့တဲ့ရခြင်း (ဉပဓိဝိပတ္တိ)။

(၄) မှန်ကန်သော ကြိုးစားအားထုတ်မှု မရှိခြင်း (ပယောဂဝိပတ္တိ)။

**ဆောင်ပုဒ်။** ။ ဖောက်ပြန်ချွတ်ယွင်း၊ ပျက်စီးခြင်း၊ ခေါ်လျှဉ်း ဝိပတ္တိ။
– မင်းဆိုး အုပ်ခါ၊ ပါယ်လေးရွာနှင့်၊ အင်္ဂါချွတ်ယွင်း၊ အားထုတ်ကင်း၊ လေးသင်းမှတ်လေဘိ။

**(ဋ) ဗျသနတရားငါးပါး**

ဗျသနတရားငါးပါး =ပျက်စီးဆုံးပါးခြင်းကို ဗျသန ဟု ခေါ်သည်။

(၁) ဆွေမျိုးများ ပျက်စီးခြင်း (ဉာတိဗျသန)၊

(၂) စီးပွားဉစ္စာ ပျက်စီးခြင်း (ဘောဂဗျသန)၊

(၃) အနာရောဂါဖြစ်၍ ပျက်စီးခြင်း (ရောဂဗျသန)၊

(၄) မှားသောအယူ ယူမိသဖြင့် အယူမှန် ပျက်စီးခြင်း (ဒိဋ္ဌိဗျသန)၊

(၅) ကိုယ်ကျင့်သီလ ပျက်စီးခြင်း (သီလဗျသန)။

**ဆောင်ပုဒ်။** ။ ဆုံးရှုံးပျက်ပြား၊ ပြစ်မှုများ၊ ခေါ်ကြား ဗျသန။
ဉာတိ, ဘောဂ, ရောဂ, ဒိဋ္ဌိ၊ သီလထည့်၊ ငါးရှိသရုပ်ပြ။
ဆွေမျိုး, စီးပွား၊ အနာများ၊ ယူမှား ပျက်သီလ။

**(ဌ) မဂ်တရား** = သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်အားဖြင့် မဂ်တရား လေးပါးရှိသည်၊ ထိုမဂ်လေးပါး၌ ရှိသောဉာဏ်။

(၃) ဖိုလ်တရား = သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အားဖြင့် ဖိုလ်တရားလေးပါးရှိသည်၊ ထိုဖိုလ်လေးပါး၌ ရှိသော ဉာဏ်။

(၄) နိဗ္ဗာန်တရား= တဏှာ စသော ကိလေသာအားလုံး၊ ဒုက္ခအားလုံးတို့၏ ကင်းငြိမ်းရာ နိဗ္ဗာန်။

## (ဏ)အာယုဝဏ္ဏ သတို့သားဝတ္ထု

မြတ်စွာဘုရားရှင် လက်ထက်တော် အခါက အာယုဝဏ္ဏ သတို့သားငယ်သည် ၇-ရက်မျှသာ အသက်ရှင်ရန်ရှိသော်လည်း ဘုရားအမှူးရှိသော သံဃာတော်များအား လက်အုပ်ချီမိုး ရှိခိုးကန်တော့ရခြင်းကြောင့် သေဘေးမှ လွတ်ကာ -

-အသက် ၁၂၀-နေရခြင်း၊ အသက်ရှည်ခြင်း (အာယု)၊
-အဆင်းလှခြင်း (ဝဏ္ဏ)၊
-ကိုယ်စိတ်ချမ်းသာရခြင်း (သုခ)နှင့်
-ကိုယ်အား ဉာဏ်အား ကြီးမား ကြွနိုင်ခြင်း (ဗလ) စသော အကျိုးများ ရရှိခဲ့ဖူးလေသည်။

## (တ) အရိယာပြစ်မှားမိသော ရဟန်းတစ်ပါး

ရှေးအခါက ရွာတစ်ရွာ၌ မထေရ်ကြီး တစ်ပါးသည် ရဟန်းငယ် တစ်ပါးနှင့် ဆွမ်းခံလှည့်လည်တော်မူသည်။ ပထမအိမ်မှာပင် ပူနွေးသော ယာဂုတစ်မှုတ်စီမျှ ရကြသည်။

မထေရ်ကြီးသည် ထိုခဏမှာပင် လေနာရောဂါထ၍ "ငါ၏ရောဂါနှင့် ဤရာဂုသည် သင့်၏၊ မအေးသေးမီသောက်လျှင် ကောင်းမည်" ဟု စိတ်ကူးပြီး သစ်တုံးတစ်ခုပေါ်၌ ထိုင်လျက် သောက်လေသည်။

ရဟန်းငယ်သည် မထေရ်ကြီး ဤသို့သောက်သည်ကို မနှစ်သက်၊ ကိုယ်တော်ကြီးသည် ဆာလောင်မှု အားကြီးလှသည်၊ ငါတို့အား အရှက်ကွဲအောင် လုပ်သည်ဟု ပြစ်တင် ပြောဆိုလိုက်သည်။

မထေရ်ကြီးသည် ဆွမ်းခံပြီးနောက် ကျောင်းသို့ ရောက်သောအခါ ရဟန်းငယ်ထံ သွားပြီး -

"ငါ့ရှင်- ဤသာသနာ၌ သင့်မှာ ထောက်တည်ရာ(တရားထူး) ရှိပါပြီလား"ဟု မေး၏။

"မှန်ပါ အရှင်ဘုရား-တပည့်တော် သောတာပန်ပါ"ဟု လျှောက်သည်။

"ငါ့ရှင်-သို့ဖြစ်လျှင် အထက်မဂ်ဖိုလ်အတွက် ဆက်၍ အားမထုတ်နှင့်တော့၊ သင်သည် ရဟန္တာကို စွပ်စွဲမိပြီ"ဟု မိန့်သည်။

ထိုအခါ ရဟန်းငယ်သည် ရှိခိုးလျက် မထေရ်ကြီးအား သည်းခံရန် ကန်တော့၍ တောင်းပန်သည်။ ထိုကန်တော့ တောင်းပန်မှုကြောင့် ရဟန်းငယ်၏ အရိယာအား စွပ်စွဲမှု(အရိယူပဝါဒ)ကံ ပြေပျောက်ကာ အထက်မဂ်ဖိုလ်ရရန် လမ်းပွင့်သွားလေသည်။

ဤလောကကြီးအတွင်း၌ နေထိုင်ကြရသော သူတိုင်း အတုမရှိ မြင့်မြတ်သော ဘုရား တရား သံဃာ အရိယာသူတော်ကောင်းများ၊ ဆရာသမား မိဘများ၊ မိမိထက် အသက်, ဂုဏ် သိက္ခာ ကြီးသူများနှင့် အတူတကွ နေထိုင်ကြရသည်။ ထိုရတနာသုံးပါးနှင့် ဆရာသမား မိဘ စသူတို့အား ကိုယ်၊ နှုတ်၊ စိတ် တစ်မျိုးမျိုးဖြင့် ပြစ်မှားမိတတ်သည်။ တမင် သက်သက်ဖြစ်စေ၊ အမှုမဲ့ အမှတ်မဲ့ဖြစ်စေ ပြစ်မှားမိလျှင် ယခုဘဝ၌ပင်လျှင် စီးပွားချမ်းသာ ဆုတ်ယုတ်ပျက်စီးခြင်း ဘေးအန္တရာယ်၊ အနာရောဂါ ကျရောက်ခြင်းစသော မကောင်းကျိုးများ ဖြစ်ပွားစေတတ်၏၊ တမလွန်၌လည်း နတ်ရွာနိဗ္ဗာန်လမ်းများပင် ပိတ်၍ ငရဲ တိရစ္ဆာန်စသော အပါယ်တံခါးများ ပွင့်သွားတတ်သည်။ အမှုမဲ့အမှတ်မဲ့ပြုမိစေကာမူ သံသရာနှင့်ချီ၍ အပြစ်ကြီးလေး သွားတတ်သည်။ အကျိုးမရလျှင် နေပစေ၊ အပြစ်မဖြစ်ရန် အရေးကြီးလေသည်။

ထို့ကြောင့် ရှေးက ဆရာသမား သူတော်ကောင်းကြီးများက အလွန်အရေးပါလှသော ဩကာသ ကန်တော့ချိုးဖြင့် ရှေးဦးပြုလုပ်ဖွယ်အဖြစ် ညွှန်ပြပေးတော်မူခဲ့ကြသည်။ ထိုသို့ နှုတ်က ရွတ်ဆို၍ လက်အုပ်ချီမိုး

ရှိခိုးကန်တော့ခြင်းဖြင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ မိဘတို့အပေါ်၌ ကျရောက်နေသော အပြစ်များ ပြေပျောက်ကာ ပစ္စုပ္ပန်, သံသရာ နှစ်ဖြာသော ကောင်းကျိုးများ ဖြစ်ပွားလာကြကုန်၏။ တစုံတရာ အပြစ်မ သော်လည်း ရှိခိုးကန်တော့ရသဖြင့် ကုသိုလ်မင်္ဂလာအသစ် ဖြစ်ပွားကာ ကောင်းကျိုးချမ်းသာများ တိုးပွားစေနိုင်ကုန်၏။

## သရဏဂုံနှင့် သီလတောင်းခံခြင်း
## ငါးပါးသီလ

### (က) သရဏဂုံနှင့် ငါးပါးသီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ - အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ - အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

သံဃာ- ယ-မဟံ ဝဒါမိ၊ တံ ဝဒေထ။

လူ - အာမ ဘန္တေ။

မှတ်ချက်။ ။ဘုရားရှေ့တွင် မိမိဘာသာ သီလတောင်းပါက "အာမ ဘန္တေ"ဟု ဆိုရန်မလိုပါ။

အနက်- ဘန္တေ- အရှင်ဘုရား၊ အဟံ- တပည့်တော်သည် တိသရဏေန- သရဏဂုံသုံးပါးနှင့်၊ သဟ- တကွ၊ ပဉ္စသီလံ- အင်္ဂါငါးပါး ရှိသော၊ ဓမ္မံ-တရားတော်မြတ်ကို၊ ယာစာမိ-တောင်းပါ၏၊ ဘန္တေ-အရှင်ဘုရား၊ မေ-

တပည့်တော်အား၊ အနုဂ္ဂဟံ ကတွာ–ချီးမြှောက်ခြင်းကို ပြု၍၊ သီလံ–ငါးပါးသီလကို၊ ဒေထ– ပေးသနားတော်မူပါ ဘုရား။

**သံဃာ–** ယံ–အကြင်စကားကို၊ အဟံ–ငါသည်၊ ဝဒါမိ–ဆို၏၊ တံ–ထိုငါဆိုသော စကားကို၊ ဝဒေထ–လိုက်၍ ဆိုကြလော့။

**လူ –** ဘန္တေ–အရှင်ဘုရား၊ အာမ–မှန်ပါအရှင်ဘုရား။

◆◆◆◆◆◆◆

## (ခ) နမော တဿ ဘုရားရှိခိုး ပါဠိ အနက်

**ပါဠိ ။** ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃–ကြိမ်ဆို)

**အနက် ။** ။ ဘဂဝတော၊ ဘုန်းတော်ကြီးတော်မူသော။ အရဟတော၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူသော။ တဿ၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။

## (ဂ) သရဏဂုံ ဆောက်တည်ခြင်း

**သရဏဂုံသုံးပါး ပါဠိ အနက်**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သံဃာ - တိသရဏဂမန် ပရိပုဏ္ဏံ။
လှူ - အာမ ဘန္တေ။

အနက်။ ။ဗုဒ္ဓံ -မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဓမ္မံ -တရားတော်ကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

သံဃံ -သံဃာတော်ကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း-

ဗုဒ္ဓံ -မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း-

ဓမ္မံ - တရားတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း-

သံဃံ - သံဃာတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

တတိယမ္ပိ–သုံးကြိမ်မြောက်လည်း –

ဗုဒ္ဓံ – မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊
ဂစ္ဆာမိ–ဆည်းကပ်ပါ၏။

တတိယမ္ပိ–သုံးကြိမ်မြောက်လည်း –

ဓမ္မံ – တရားတော်ကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊
ဂစ္ဆာမိ–ဆည်းကပ်ပါ၏။

ဘတိယမ္ပိ–သုံးကြိမ်မြောက်လည်း –

သံဃံ – သံဃာတော်ကို၊ သရဏံ – ကိုးကွယ်ရာဟူ၍၊
ဂစ္ဆာမိ ဆည်းကပ်ပါ၏။

**သံဃာ**–တိသရဏဂမနံ – သရဏဂုံ ခံယူခြင်းသည်၊ ပရိပုဏ္ဏံ ပြည့်စုံပြီ။

**လူ**– ဘန္တေ –အရှင်ဘုရား၊ အာမ– မှန်ပါအရှင်ဘုရား။

**မှတ်ချက်**။ ။ဘုရားရှေ့တွင် မိမိဘာသာ ခံယူ ဆောက်တည် ပါက "အာမ ဘန္တေ"ဟု ဆိုရန်မလိုပါ။

**(ဃ) သရဏဂုံအဓိပ္ပါယ်**

ဘေးရန်ဖယ်ရှား ကောင်းကျိုးများအောင်၊ ဆင်းရဲပယ်ဖျောက် ချမ်းသာ ရောက်အောင် စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးသော ကိုးကွယ်အားထားရာဟူ၍ အလေးအနက် အသိအမှတ်ပြု ယုံကြည်ခြင်း၊ ကိုးကွယ်အားထားခြင်းသည် သရဏဂုံ မည်၏။

**(င) သရဏဂုံတည်ခြင်း၊ ပျက်ခြင်း**

" ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ "စသည်ဖြင့် ရွတ်ဆို၍ ခံယူကိုးကွယ်သူသည် သရဏဂုံတည်သူမည်၏၊ စေတီ ရုပ်ပွား ဘုရားထံ၌ဖြစ်စေ၊ ရဟန်း သံဃာတော်များ ထံ၌ဖြစ်စေ မည်သူမဆို "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စသည် ရွတ်ဆိုရုံမျှဖြင့် သရဏဂုံတည်သူ၊ အမြင်မှန်ရှိသူ တစ်ဦး ဖြစ်လာတော့၏။ အသက် မသေသေးသမျှ၊ အခြားအယူဝါဒသို့ မကူးပြောင်းသေးသမျှ ယိုသရဏဂုံသုံးပါးသည် သရဏဂုံတည်သူအား

ဘေးရန်ဖယ်ရှား ကောင်းကျိုးများအောင်၊ ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် အမြဲ အစောင့်အရှောက် အကာအကွယ် ပေးနေမည်သာဖြစ်၏။

## (စ) သရဏဂုံအကျိုးပြဝတ္ထုများ

သရဏဂုံ တကယ်မြဲရင်၊
အပါယ်ငရဲ ကြောက်ဖို့မလို။
နတ်ဖြစ်သော်ပင် တူနိုင်ရိုးလား၊
ဆယ်မျိုးဂုဏ်စု သူ့ထက်ပို။
ငါးဖြာအာရုံ လာမတုနှင့်၊
အာယု၊ ဝဏ္ဏ၊ သုခဆို။
အာဏာပိုင်စိုး၊ ခြွေရံတိုး၊ ဆယ်မျိုးဂုဏ်ကဲပို။
အဲဒါကြောင့် သရဏဂုံပန်း အစဉ်လန်း ဆင်မြန်းပန်စေလို။

### သရဏဂုံတည်သောအမျိုးသား

အနောမဒဿီမြတ်စွာဘုရား ပွင့်တော်မူရာအခါ မျက်မမြင်မိဘတို့ကို ပြုစုလုပ်ကျွေးနေသော လုလင်တစ်ယောက်သည် အပါယ်လေးပါးမှ ကင်းလွတ်ရန် အခြားအမျိုးသားကောင်းများနည်းတူ ရဟန်းပြုချင်၏။ သို့သော် အခွင့်မရသဖြင့် သရဏဂုံသုံးပါးကိုသာ တစ်သက်လုံး မပျက်အောင် ဆောက်တည်ခဲ့လေသည်။ ထိုလုလင်သည် ထိုဘဝမှ သေလွန်လျှင် သရဏဂုံ ဆောက်တည်ထားသော ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်ရသည်။ ထိုနတ်သားသည် ထိုဘဝမှစ၍ အပါယ်လေးပါးသို့ မလားရဘဲ နတ်မင်းစည်းစိမ် လူမင်းစည်းစိမ်တို့ကို အကြိမ်များစွာ ခံစား၍ ဤဘုရားရှင်လက်ထက်တွင် သာဝတ္ထိပြည် သူဌေးမျိုး၌ ဖြစ်လာလေသည်။

ထိုသူငယ်သည် အသက်ခုနစ်နှစ်အရွယ်သို့ရောက်လျှင် ကစားဖော် သူငယ်ချင်းများကို ဦးဆောင်၍ ရဟန်းတော်များ သီတင်းသုံးရာကျောင်းတိုက် တစ်တိုက်သို့ ရောက်သွားလေရာ ရဟန္တာမထေရ်တစ်ပါးကို ဖူးတွေ့ရသည်။ ထိုမထေရ်က သူငယ်များအား ဖော်ရွေစွာ နှုတ်ဆက်ပြီး ကလေးများနှင့် တန်ရုံ ဟောပြော၍ သရဏဂုံသုံးပါးကို နှုတ်တိုက်ချပေးလိုက်သည်။

ထိုသူငယ်သည် ရှေးက သရဏဂုံ အထုံဝါသနာပါလာသူဖြစ်၍ သရဏဂုံ သုံးပါးကို ရွတ်ဆိုလိုက်သည်နှင့် ရှေးဘဝကို ပြန်လည်သတိရပြီး တရား နှလုံးသွင်းလိုက်ရာ ထိုနေရာ၌ပင် အသက်အရွယ် ငယ်ငယ်နှင့် ရဟန္တာ ဖြစ်တော်မူသွားသည်။

**ထင်းခွေ သားအဖ**

ရာဇဂြိုဟ်၌ ဗိမ္ဗိသာရမင်းကြီး အုပ်ချုပ်နေချိန်ဖြစ်သည်။ ထိုမြို့တွင် ဘုရားကို ကိုးကွယ်သော သမ္မာအယူရှိသူ၏ သားငယ်နှင့် မကိုးကွယ်သော မိစ္ဆာအယူရှိသူ၏ သားငယ်တို့သည် သူငယ်ချင်းဖြစ်ကြသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နှင့် အတူတကွ ကစားလေ့ရှိကြသည်။

သူငယ်ချင်းနှစ်ယောက်တို့ ခုံညင်းထိုးကစားလေ့ရှိကြရာ ဘုရား ကိုးကွယ်သော သမ္မာအယူရှိသူ သူငယ်သည် ကစားတိုင်း ကစားတိုင်း " **နမော ဗုဒ္ဓဿ** "ဟုဆို၍ ခုံညင်းပစ်ကစားလေ့ရှိသည်။ မိစ္ဆာအယူရှိသော သူငယ်ကလည်း သူတို့မျိုးရိုးကိုးကွယ်သော ဘုရားကို နှုတ်က ရွတ်ဆို တ,သပြီး ခုံညင်းကို ထိုးသည်။ သို့ရာတွင် ကစားတိုင်းပင် သမ္မာအယူရှိသော သူငယ်ကချည်း အနိုင်ရလေသည်။

ကြာလာသောအခါ မိစ္ဆာအယူရှိသောသူငယ်က 'နမော ဗုဒ္ဓဿ' ဆို၍ ကစားလျှင် အမြဲအနိုင်ရသည့်ကို မှတ်သား၍ သူလည်း 'နမော ဗုဒ္ဓဿ'ရအောင် လေ့ကျင့်ထားသည်။

တစ်နေ့သောအခါ ထိုဘုရား မကိုးကွယ်သော သူငယ်သည် တောသို့ ထင်းခုတ် သွားသော ဖခင်နှင့်အတူ လိုက်သွားသည်။ ထင်းခုတ်ပြီးပြန်အလာ မြို့ပြင် သုသာန်အနီးတွင် လှည်းဖြုတ်ပြီး စားသောက် အပန်းဖြေ နားနေကြသည်။ နွားနှစ်ကောင်ကိုလည်း ကြိုးဖြေပြီး စားကျက်တွင် လွှတ်ထားရာ ညနေတွင် မြို့တွင်းသို့ဝင်သော နွားများနှင့်အတူ ရောဝင်လိုက်ပါသွားကြသည်။

ဖခင်သည် နွားပျောက်ရာရင်း သူ့နွားများ မြို့တွင်းသို့ ရောပါသွားကြောင်း သိရ၍ မြို့တွင်းသို့ သွားရောက်ရှာဖွေသည်။ နွားနှစ်ကောင်ဆွဲ၍ ပြန်လာရာ မြို့တံခါးပိတ်ထားပြီးဖြစ်၍ မြို့ပြင်သို့ ထွက်ခွင့်မရတော့ပေ။

သားငယ်သည် ဖခင်ကို မျှော်ရင်းမျှော်ရင်း ထမင်းကလည်းဆာဆာ မိုးချုပ်သည်ထက် မိုးချုပ်လာသဖြင့် သုသာန်အနီး ချွတ်ထားသော လှည်းအောက်မှာပင် ခွေခွေကလေး အိပ်ပျော်သွားတော့သည်။

ညဉ့်နက်လျှင် အစာရှာထွက်လာသော ဘီလူးကြီးနှစ်ကောင်သည် အိပ်ပျော်နေသော သူငယ်ကိုတွေ့၍ ဝမ်းသာအားရ စားရန်ဟန်ပြင်နေကြ၏။

ဘီလူးနှစ်ကောင်တွင် တစ်ကောင်က သမ္မာဒိဋ္ဌိဖြစ်၍ တစ်ကောင်က မိစ္ဆာဒိဋ္ဌိဖြစ်သည်။ သမ္မာဒိဋ္ဌိအယူရှိသော ဘီလူးက ကလေးကို မစားရန် တားမြစ်သော်လည်း မိစ္ဆာဒိဋ္ဌိအယူရှိသော ဘီလူးက တားနေသည့်ကြားကပင် ကလေးခြေထောက်ကို လှမ်းဆွဲလိုက်သည်။ ကလေးမှာ ကယောင်ကတမ်းနှင့် "နမော ဗုဒ္ဓဿ"ဟု လန့်ပြီး အော်လိုက်ရာ ဘုရားဟူသော အသံကြောင့် ဘီလူးကြီးနှစ်ကောင်စလုံး အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်သွားကြသည်။

ထိုအခါ သမ္မာဒိဋ္ဌိဘီလူးက- "ငါတားပါလျက် သင်သည် မလုပ်ထိုက်သော အလုပ်ကို ပြုလုပ်၏။ ငါတို့သည် သူငယ်အတွက် ဒဏ်ထမ်းဆောင်ကြရမည်"ဟု ဆိုသည်။ ဘီလူးနှစ်ကောင်သည် တစ်ညလုံး မိဘသဖွယ် သူငယ်ကလေးကို စောင့်ရှောက်ကြသည်။

ကလေး ထမင်းမစားရသေးမှန်း သိ၍ မိစ္ဆာဒိဋ္ဌိဘီလူးသည် မြို့တွင်းဝင်ကာ ရှင်ဘုရင်စားသော ရွှေခွက်ကို ထမင်းအပြည့်ထည့်ယူလာခဲ့ပြီး မိဘနှစ်ပါး ယောင်ဆောင်၍ သူငယ်ကို ကျွေးကြသည်။

နောက်တစ်နေ့ မိုးလင်းသောအခါ အမိန့်တော်အရ ဗိမ္ဗိသာရမင်း၏ မင်းချင်းတို့သည် ရွှေခွက်ပျောက်၍ မြို့တံခါးပိတ်ပြီး ရှာစေသော်လည်း မတွေ့၊ မြို့ပြင်ထွက်၍ ရှာဖွေကြရာ ထင်းလှည်းပေါ်မှ ရွှေခွက်ကို တွေ့ရသဖြင့် ထိုသူငယ်ကို ဖမ်းဆီး၍ မင်းကြီးထံ အပ်ကြလေသည်။

ဗိမ္ဗိသာရမင်းက စစ်မေးသောအခါ "မိဘတို့လာကျွေး၍ စားရသည်၊ မိဘနှစ်ဦးလုံး အနားမှာရှိနေ၍ တစ်ညလုံး စိတ်ချလက်ချ အိပ်ပျော်သွားသည်" ဟုသာ သူငယ်က ဖြေသည်။ မိဘတို့ကို မေးသောအခါ သူတို့ဇနီးမောင်နှံ ညက မြို့ထဲမှာပင်ရှိနေကြောင်း သက်သေပြနိုင်ကြသည်။

ဗိမ္ဗိသာရမင်းကြီးသည် မစဉ်းစားတတ်အောင် ဖြစ်နေစဉ် ရွှေခွက်ကို အမှတ်မထင် ပှမ်းယူ၍ ကြည့်လိုက်ရာ အလွန်အံ့အားသင့်သွားသည်။ ရွှေခွက်ပတ်ပတ်လည်၌ မင်းကြီးသာမြင်စေရန် နတ်တို့တန်ခိုးဖြင့်ရေးထားသော စာများကို တွေ့မြင်ရလေ၏။ ဘီလူးများက သရဏဂုံ ဗုဒ္ဓါနုဿတိ တန်ခိုးကြောင့် သူငယ်အား မစားဝံ့ကြသည့်အပြင် ပြုလုပ်သင့်သည်ကို လုပ်မိ၍ ဒဏ်ထမ်းသည့်အနေဖြင့် သူငယ်အား စောင့်ရှောက်ကာ စားတော်ရွှေခွက်ကို ခိုးယူကြောင်း၊ အစားအစာများ ကျွေးမွေးမိကြောင်း အမှန်အတိုင်း ဝန်ခံရေးသား ထား၏။ မင်းကြီးဖတ်ရသောအခါ လွန်စွာ အံ့ဩ ဝမ်းမြောက်လှသဖြင့် မင်းကြီးသည် သားအမိ သားအဖ သုံးယောက်စလုံးကို ခေါ်၍ ဘုရားထံသွား၏။ မင်းကြီးက အကြောင်းစုံလျှောက်ထားသည်။

အောက်ပါအတိုင်း ဆက်၍ လျှောက်ထားသဖြင့် မြတ်စွာဘုရားက အောက်ပါအတိုင်း ဖြေကြားတော်မူလိုက်သည်။

**ဗိမ္ဗိသာရ** ။ ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား- ဂုဏ်ကျေးဇူးတော်ကို သတိရသော ဗုဒ္ဓါနုဿတိ ဘာဝနာသာလျှင် အကာအကွယ်အစောင့်အရှောက် ပေးနိုင်ပါသလား။ အခြားဓမ္မာနုဿတိ စသော ဘာဝနာတို့လည်း အကာအကွယ် အစောင့်အရှောက် ပေးနိုင်ပါသလား ဘုရား။

**ဘုရား** ။ ။ မင်းကြီး- ဗုဒ္ဓါနုဿတိဘာဝနာသာလျှင် မဟုတ်၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ (၃၂-ကောဋ္ဌာသ-စသည် နှလုံးသွင်းသော) ကာယဂတာသတိ၊ မေတ္တာနှင့် ကရုဏာဘာဝနာများလည်း အခြားအစောင့်အရှောက် အကွယ်အကာ ဂါထာမန္တရား မလို အလိုလိုပင် ကာကွယ် စောင့်ရှောက်မှု ရပေသည် မင်းကြီး။

မြတ်စွာဘုရား တရားဟော ပြီးဆုံးသောအခါ ထင်းခွေသမား သားအဖ သုံးဦးလုံး သောတာပန်တည်၍ သားငယ်ကား နောင်အခါ ရဟန္တာတစ်ပါး ဖြစ်တော်မူလေ၏။

အိပ်ရာဝင်ကဗျာ

– မိုးချုပ်နေဝင် ပြင်မထွက်နှင့်၊ သရဲသဘက် ဆွဲတတ်တယ်။
– မဆွဲနိုင်အောင် ဘုရားပေးတဲ့၊ တရားဆေးနဲ့ ပေါက်လိုက်မယ်။
– တရားဆေးဟာ ဘယ်မှာတုံးကွဲ့၊ ငါ့လဲပေးအုံး (မောင်မောင်) ရယ်။
– ဗုဒ္ဓံ, ဓမ္မံ, သံဃံရွတ်ကွဲ့၊ သရဲလွတ်လို့ ပြေးလိမ့်မယ်။
– ပြေးမယ် ...... ပြေးမယ် ......... ။
– အိပ်ရာဝင်သော် သတိရဖို့၊ ဗုဒ္ဓ ဓမ္မ သံဃာရယ်။
– ကိုးကွယ်ပါတယ် စိတ်မှာညွတ်လို့၊ နှုတ်ပါတွတ်တွတ် ရွတ်ရတယ်။
– အိပ်ရာထပြန် တစ်ဖန်ထပ်၍၊ မှန်မှန်မပြတ် ရွတ်ပါကွယ်။
– ဘေးအန္တရာယ် ရန်စွယ်ကင်းလို့၊ ကောင်းခြင်းသုခရလိမ့်မယ်။
– ရမယ် ......... ရမယ် ........... ။

## (ဆ) ငါးပါးသီလ ဆောက်တည်ခြင်း

ငါးပါးသီလခံယူဆောက်တည်ပုံ ပါဠိနှင့် အနက်

ပါဠိ ။ (၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အနက်။ (၁) ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်

ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ၊ ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ယူငင်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၃) ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ၊ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိ-ယာမိ၊ ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ၊ မဟုတ်မမှန်ပြောဆိုခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ၊ မူးယစ် မေ့လျော့စေတတ်သော သေရည်သေရက် စသည်တို့ကို သောက်စား သုံးစွဲခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

## ပါဠိ

**သံဃာ** – တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

**လူ** – အာမ ဘန္တေ။

## အနက်

သံဃာ – တိသရဏေန၊ သရဏဂုံသုံးပါးနှင့်၊ သဟ၊ တကွ။ ပဉ္စသီလံ၊ အင်္ဂါငါးပါးရှိသော။ ဓမ္မံ၊ တရားတော်မြတ်ကို။ သာဓုကံ ကတွာ၊ ကောင်းစွာပြည့်စုံလုံခြုံအောင်ပြု၍။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပါစေ။

လူ – အာမ ဘန္တေ၊ မှန်လှပါ အရှင်ဘုရား။

### (စ) ပါဏာတိပါတကံ လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး လက်ာနှင့်အဓိပ္ပါယ်

မည်သည့် သက်ရှိသတ္တဝါကိုမဆို ညှဉ်းဆဲသတ်ဖြတ်သောသူသည် သေသောအခါ ငရဲ၌ဖြစ်ရသည်၊ ငရဲမှလွတ်၍ လူဖြစ်လာလျှင်သော်မှ–

(၁) ကိုယ်အင်္ဂါချို့တဲ့တတ်ခြင်း၊
(၂) အရုပ်ဆိုးခြင်း၊
(၃) အားအင်ချည့်နဲ့ခြင်း၊
(၄) လျင်မြန်ဖျတ်လတ်မှုမရှိခြင်း၊
(၅) ဘေးရန်နှင့်တွေ့က ကြောက်ရွံ့လွယ်ခြင်း၊
(၆) သူများသတ်၍ သေရခြင်း၊ မိမိကိုယ်ကို မိမိသတ်၍လည်း သေရခြင်း၊
(၇) အနာရောဂါများခြင်း၊
(၈) ခွေရံပျက်စီးခြင်း၊
(၉) အသက်တိုခြင်း –

ဤသို့စသည်ဖြင့် များစွာသော အပြစ်များကိုလည်း ခံစားရတတ်သည်။

**လင်္ကာ**။ ။ ပါဏာတိပတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျှ၊ ပြစ်များစွာသည်၊ ရှောင်က အပြန်အကျိုးတည်း။

## (ဈ) အဒိန္နာဒါနကံ လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး လင်္ကာနှင့်အဓိပ္ပာယ်

ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သက်ရှိသက်မဲ့ ပစ္စည်းကို ခိုးယူခြင်း၊ ဓားပြတိုက် ယူခြင်း၊ အာဏာဖြင့် ယူခြင်း၊ အလေး တင်းတောင်း ချိန်ခွင်တို့ဖြင့် လိမ်လည်လှည့်စား၍ ယူခြင်း၊ ရောင်းကုန်များ၌ ရေ စသည် ရောနှော၍ ရောင်းချခြင်း၊ ဖျင်း, အ, သူတို့၏ပစ္စည်းကို လိမ်ညာ၍ ယူခြင်း၊ ခြောက်လှန့်၍ ယူခြင်း၊ နှိုက်၍ ယူခြင်းစသော မတရား ရယူမှုအားလုံးသည် ခိုးယူခြင်းဖြစ်သည်။ ထို အဒိန္နာဒါနအမှုကို ပြုသော သူသည် သေသောအခါ ငရဲ၌ဖြစ်ရသည်။ ငရဲမှလွတ်၍ လူပြန်ဖြစ်ခွင့်ရလာလျှင်သော်မှ–

(၁) မွဲတတ်ခြင်း၊
(၂) ကိုယ်စိတ်ဆင်းရဲခြင်း၊
(၃) ငတ်မွတ်ခြင်း၊
(၄) အလိုရှိသောအရာကို မရခြင်း၊
(၅) ဥစ္စာပျက်စီးခြင်း၊
(၆) ရန်သူမျိုးငါးပါး ဖျက်ဆီးခံရခြင်း –

ဤသို့စသော မကောင်းကျိုးများ ခံစားရသည်။

**လင်္ကာ**။ ။ အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်ခါ အပြန်အကျိုးတည်း။

## (ည) ကာမေသုမိစ္ဆာစာရကံ လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး လက်ာနှင့်အဓိပ္ပာယ်

မိမိဇနီး မိမိခင်ပွန်းလင်မှတပါး အခြားမည်သည့်မိန်းမ ယောကျ်ားတို့နှင့်မဆို ဖောက်ပြန်ပေါင်းသင်းကျူးလွန်ခြင်းကို 'ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်သည်'ဟု ခေါ်သည်။ ထိုသို့ မှားယွင်းစွာကျင့်သူကို ကာမေသုမိစ္ဆာစာရကံ လွန်ကျူးသူဟု ဆိုသည်။ ထိုလွန်ကျူးသူသည် သေသောအခါ ငရဲ၌ ဖြစ်ရသည်။ ငရဲမှလွတ်၍ လူပြန်ဖြစ်ခွင့်ရလျှင် သော်မှ—

(၁) မလိုမုန်းထားသူပေါများခြင်း၊
(၂) ရန်သူလည်းများခြင်း၊
(၃) လာဘ်တိတ်ရှားပါးခြင်း၊
(၄) ချမ်းသာမရှိခြင်း၊
(၅) မိန်းမဖြစ်ရခြင်း၊
(၆) မိန်းမ မဟုတ် ယောကျ်ားမဟုတ် (နပုန်းပဏ္ဍုက်)ဖြစ်ရခြင်း၊
(၇) ယောကျ်ားဖြစ်သော် အမျိုးယုတ်၌ ဖြစ်ရခြင်း၊
(၈) မျက်နှာပျက် အရှက်ကွဲရတတ်ခြင်း၊
(၉) ကိုယ်အင်္ဂါရှို့တဲ့ သေးသိမ်ခြင်း၊
(၁၀) စိုးရိမ်ကြောင့်ကြအားကြီးခြင်း၊
(၁၁) ချစ်သူနှင့်ကွေကွင်းရခြင်း၊ အိမ်ထောင်မမြဲခြင်း —

ဤသို့စသော များစွာသော အပြစ်များကိုလည်း ခံစားရတတ်သည်။

လင်္ကာ။ ။ မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိ ပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ ရှုပဏ္ဍြေ၊ ယွင်းသွေရှို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ခါ အပြစ်အကျိုးတည်း။

## (ဋ) မုသာဝါဒကံကို လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး လက်ာနှင့်အဓိပ္ပာယ်

ကိုယ်အမူအရာဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ၊ သူတပါးအကျိုး ပျက်စီးအောင် မဟုတ်မမှန်လိမ်လည်လျှင် မုသာဝါဒကံ လွန်ကျူးသည်ဟု ခေါ်သည်။

ထိုမဟုတ်မမှန်ပြောဆိုမှုသည် တစ်ဘက်သား အကျိုးပျက်စီးမှု ကြီးလျှင် ကြီးသလောက် အပြစ်ကြီးသည်။ ထိုသူသည် သေသောအခါ ငရဲ၌ဖြစ်ရသည်။ ငရဲမှလွတ်၍ လူပြန်ဖြစ်ခွင့် ရလျှင်သော်မှ–

(၁) စကားမပီသခြင်း၊

(၂) သွားမညီညွတ်ခြင်း၊

(၃) ခံတွင်းပုပ်ညှီခြင်း၊

(၄) အသားအရေမွဲခြောက်ခြင်း၊

(၅) မျက်စိ နား မကြည်လင်ခြင်း၊

(၆) ရုပ်အဆင်း ချို့တဲ့ခြင်း၊

(၇) ဩဇာအာဏာမတည်ခြင်း၊

(၈) နှုတ်လျှာ ပြောဆိုမှု ကြမ်းတမ်းခြင်း၊

(၉) စိတ်မတည် လျှပ်ပေါ်လော်လည်တတ်ခြင်း၊

ဤသို့စသော များစွာသော အပြစ်များကိုလည်း ခံစားရတတ်သည်။

လင်္ကာ။ ။ မုသားစကား ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေယွင်းနောက်၊ ရုပ်ဆင်းဖောက်၏၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရှောင်ကြဉ်အပြစ် အကျိုးတည်း။

## (၄) သုရာမေရယကံကို လွန်ကျူးပြစ်နှင့် ရှောင်ကြဉ်ရကျိုး လင်္ကာနှင့် အစီပွါယ်

သေရည်သေရက်စသော မူးယစ်ဆေးဝါးအားလုံးသည် တစ်ခါ သောက်သုံးမိလျှင် ထပ်ခါထပ်ခါ သောက်ချင် သုံးစွဲချင်၏။ ဤ သောက်သုံးမှုသည် မူးယစ်မှု အားကြီးလာသောအခါ အချင်းချင်းကို ဖြစ်စေ၊ အခြားသူအားဖြစ်စေ၊ ရိုက်မှု၊ သတ်မှု၊ခိုးမှု၊ လိမ်ညာမှု၊ သူ့သား အိမ်ရာ ပြစ်မှားမှု စသည်တို့ကို ဆက်လက် လွန်ကျူးမိတတ်ကြသည်။ ဤ

သေရည်သေရက် မူးယစ်ဆေးဝါး သောက်စားသုံးစွဲမှုသည် ဤဘဝမှာပင် အသက်ဆုံးရှုံးရသည်အထိ ဆိုးကျိုးများကိုသာ ဖြစ်စေတတ်ပြီး သေသောအခါ ငရဲ၌ ကျရတတ်သည်။

ထိုသေရည်သေရက် မူးယစ်ဆေးဝါးကို သောက်စား သုံးစွဲသောသူသည် မျက်မှောက်ဘဝ၊ နောက်ဖြစ်လေရာဘဝတို့၌—

(၁) အရေးအခွင့် သင့် မသင့်ကို မသိတတ်ခြင်း၊

(၂) ပျင်းရိတတ်ခြင်း၊

(၃) မေ့လျော့မူးဝေတတ်ခြင်း၊

(၄) သူ့ကျေးဇူးကို မသိခြင်း၊

(၅) အရုက်အကြောက်ကင်းခြင်း၊

(၆) ရူးသွပ်တတ်ခြင်း၊

(၇) မကောင်းမှု အားလုံး ကျူးလွန်လွယ်ခြင်း —

ဤသို့စသော များစွာသော အပြစ်ကိုလည်း ခံစားရတတ်သည်။

လင်္ကာ။ ။ သေရည်သောက်လင့်၊ သင့်–မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရူး၊
ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊
မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခါ အပြန်အကျိုးတည်း။

## (၃) သီလတစ်ပါးပါးပျက်လျှင် ခံရသည့် အပြစ်ပြဝတ္ထုများ

### ပါဏာတိပါတကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု

ရှေးအခါက အိမ်ရှင်မ တစ်ယောက်သည် ဧည့်သည်အတွက် ကျွေးမွေးရန် ဟင်းလျာမရှိသဖြင့် အိမ်မှာ ရှိသော သိုးကလေးကိုသတ်၍ ချက်ပြုတ်ကျွေးမွေးခဲ့၏။

ထိုမကောင်းမှုကံကြောင့် သေသောအခါ ထိုသိုးကလေး၏ အမွေးအရေအအတွက်နှင့်အမျှ နှစ်ပေါင်းများစွာ ငရဲ၌ ခံရသည်။ ငရဲမှလွတ်သောအခါလည်း ဘဝများစွာ သူတပါးအသတ်ခံရ၍ချည်း သေရသည်။

**ကဗျာ။** ။သူ့အသက်ကို သိလျက်သားနဲ့၊
ဒေါသစိတ်ထား သေစေလို။
လုံ့လပြုကာ သေအောင်သတ်က၊
ပါဏာတိပါတ် အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်လဲ ရောဂါစွဲ ဆင်းရဲအသက်တို။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို။

## အဒိန္နာဒါနကံပျက်လျှင် ခံရမည့် အပြစ်ပြဝတ္ထု

ရှေးအခါက ဈေးသည်မိန်မ လေးယောက်တို့သည် မမှန်သောအလေး ချိန်ခွင်တို့ဖြင့် ရောင်းချပြီး ပစ္စည်းများ စုဆောင်းကြသည်။ အရွယ်ကောင်းတုန်းမှာပင် သေလွန်၍ ပြိတ္တာဖြစ်ကြသည်။ မိမိတို့ ရှေးကပြုခဲ့သော မကောင်းမှုများကို သိမြင်ရရှုံသာမက ကျန်ရစ်သောယောကျ်ားတို့က နောက်မယားများ ယူကြပြီး မိမိတို့ ရှာဖွေ စုဆောင်းထားသော ဥစ္စာပစ္စည်းများဖြင့် သုံးဖြုန်းပျော်ပါးနေကြသည်ကိုပါ တွေ့မြင်ကြရသည်။ "ငါတို့မှာတော့ ဒီပစ္စည်းတွေကို မတရားရှာဖွေခဲ့လို့ ဒုက္ခခံနေကြရပြီ။ သူတို့မှာတော့ နောက်မယားတွေနှင့် ပျော်ပျော် ပါးပါး စားသုံးဖြုန်းတီးရက်ကြပါပေတယ်"ဟု အော်ဟစ် မြည်တမ်း နေကြလေသည်။

**ကဗျာ။** ။သူ့ဥစ္စာကို သိလျက်သားနဲ့၊
လောဘစိတ်ထား ခိုးယူလို။
လုံ့လပြုကာ ခိုးယူမိက၊
အဒိန္နာဒါန အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊

အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်လဲ ဥစ္စာမဲ့ ဆင်းရဲဖြစ်တိုင်းကိုယ်။
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို။

## ကာမေသုမိစ္ဆာစာရကံ ပျက်လျှင်ခံရမည့်အပြစ်ပြဝတ္ထု

ရှင်အာနန္ဒာလောင်းလျာသည် ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့် ပြီးနောက် ကျွတ်တမ်းဝင်တော့မည့် ဤကမ္ဘာမှာပင် တစ်ခုသောဘဝ၌ ရွှေပန်းထိမ်သည် သားဖြစ်၏၊ ထိုဘဝ၌ လူပေ လူတေတို့နှင့် ပေါင်းမိ၍ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိသည်။

ထိုအကုသိုလ်ကံကြောင့် ရောရုဝငရဲ၌ နှစ်ပေါင်းများစွာ ခံရပြီးနောက် လွတ်လာသောအခါ မျောက်ဖြစ်၍ ဝှေးစေ့ကို ကိုက်ဖောက်ခံရ၏။ နောက်တစ်ဘဝ၌ နွားဖြစ်၍ ဝှေးစေ့ထုတ် (သင်းကွပ်)ခံရ၏။ နောက်တစ်ဘဝ၌ လူဖြစ်သော်လည်း မိန်းမ မဟုတ်၊ ယောကျာ်းမဟုတ်၊ နပုန်းပဏ္ဍုက်ဖြစ်ရသည်။ ငါးဘဝမြောက်၌ ကုသိုလ်ကံ အခွင့်ရ၍ နတ်ပြည်၌ ဖြစ်သော်လည်း ထိုကာမေသုမိစ္ဆာစာရ ကံကြောင့် နတ်သားမဖြစ်ဘဲ နတ်သမီးချည်း ငါးဘဝ ဖြစ်ရသည်။ ထို့နောက် လူ့ပြည်၌ ရစာမင်းသမီးဖြစ်လာသည်။ ထို့နောက်မှ ယောကျာ်းဘဝ ပြန်ရသည်။

ကာမေသုမိစ္ဆာစာရကံကြောင့် ပါရမီရှင်ကြီးသော်မှ ငရဲ၌ ခံရ သည်ကို သတိပြုကြပါလေ။

ကဗျာ။ ။ရှောင်ရှားအပ်သူ မိန်းမများ၌၊
ရာဂစိတ်ထား ပေါင်းဖော်လို။
လုံ့လထုတ်ကာ ကျူးလွန်ပြုက၊
ကာမေသုတဲ့ အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို။

လွတ်လာပြန်က နပုန်းပ မိန်းမဖြစ်သကို။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို။

## မုသာဝါဒကံ ပျက်လျှင်ခံရမည့် အပြစ်ပြဝတ္ထု

ရှေးလွန်လေပြီးသောအခါ ကဿပဘုရားလက်ထက်တော်က ကိမိလပြည်သား သောတာပန်ဖြစ်သော ဥပါသကာ တစ်ယောက်သည် ဥပါသကာ ငါးရာတို့နှင့် စိတ်တူ သဘောတူ သစ်ပင်စိုက်ခြင်း၊ တံတားခင်းခြင်း၊ ကျောင်းဆောက်လှူခြင်း စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြလေသည်။ ထိုငါးရာသော ဥပါသကာတို့သည် မကြာမကြာ ကျောင်းသို့သွား၍ တရားနာကြသည်။ ထိုသူတို့၏ မယားငါးရာလည်း လှူဖွယ်ဝတ္ထုများဖြင့် ရံဖန်ရံခါ ကျောင်းသို့ သွားရောက်ပြီး တရားနာကြသည်၊ လှူဒါန်းကြသည်။

တစ်နေ့သောအခါ အရက်သမားတို့သည် ထိုငါးရာသော မိန်းမတို့ကို မြင်လျှင် တပ်မက်ကြသဖြင့် "အဘယ်သူသည် ထိုမိန်းမတို့၏ အကျင့်သီလကို ဖျက်ဆီးနိုင်သနည်း"ဟု အချင်းချင်းပြောဆိုကြ၏။ တစ်ယောက်သောသူက "ငါ ဖျက်ဆီးနိုင်၏"ဟု ဆို၏။ ထိုသူတို့သည် အလောင်းအစားပြုပြီး နည်းမျိုးစုံဖြင့် ထိုမိန်းမတို့ကို ဖြားယောင်း သွေးဆောင် ဖျက်ဆီးကြလေရာ မိန်းမတစ်ဦး သီလပျက်ပြီး အရက်သမား တစ်ယောက်နှင့် ဖောက်ပြန် ကျူးလွန်မိလေတော့သည်။

ထိုအခါ ရှုံးသော အရက်သမားမှတဆင့် ထိုမိန်းမ၏ လင်ယောကျ်ား ကြားလေရာ မိမိမယားအား ခေါ်၍ မေးလေလျှင် မဟုတ်မှန်ကြောင်း လိမ်လည်ပြောဆို၏။ လင်က မယုံလေသဖြင့် အနီးတွင်ရှိသည့် နားရွက်ပြတ်သော ခွေးနက်ကြီးကို ပြလျက် "ကျွန်မသည် တပါးသော ယောကျ်ားနှင့် ဖောက်ပြန်ကျူးလွန်မိပါက နောက်ဘဝတွင် ဤခွေးနက်ကြီး အစား ခံရပါစေ"ဟု ထပ်မံ ကျိန်ဆိုပြန်လေသည်။

ဤသို့ ကျိန်ဆိုသော်လည်း လင်က မယုံသေးသဖြင့် အဖော်ဖြစ်သော မိန်းမတို့အား မေးမြန်းပြန်ရာ ထိုမိန်းမတို့လည်း သိလျက်နှင့် "ကျွန်မတို့ မသိပါ၊ ဤအတိုင်း မမှန်ပါက ထိုမိန်းမ၏ကျွန်ဖြစ်ပါစေ"ဟု ကျိန်ဆို

ကြလေ၏။ ဖောက်ပြန်လွန်ကျူးသော မိန်းမသည် မကြာမီသေလွန်ပြီးလျှင် သီလစောင့်သော လင်ကို လိမ်လည်မိသော မုသာဝါဒကံကြောင့် ဟိမဝန္တာတော ကဏ္ဍမုဏ္ဍာအိုင်အနီး၌ နတ်ပြိတ္တာမ ဖြစ်လေ၏။ ကြွင်းသော မိန်းမလေးရာ ကိုးဆယ့်ကိုးယောက်တို့သည်လည်း မမှန်စကားကျိန်ဆိုမိသောကြောင့် ထိုမိန်းမ၏ကျွန်များ ဖြစ်လာကုန်၏။

ကာမဂုဏ်ဖောက်ပြန်မှုနှင့် မုသားဆိုခဲ့သော ထိုမိန်းမတို့သည် တစ်ချိန်က ရတနာသုံးပါးအား ကြည်ညိုပြီး တရားနာခဲ့ဖူးသော ကောင်းမှုကြောင့် နေ့အခါ လွန်စွာကြီးကျယ်ခမ်းနားသော ရွှေဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရသည်၊ ညဥ့်အခါ ခွေးနက်ကြီး ကိုက်စားခံကြရသည်။ ထို့ပြင် ထိုမိန်းမတို့သည် နတ်စည်းစိမ်ကို ခံစားနေရသော်လည်း ယောကျ်ားမရှိကြ၊ ယောကျ်ားနှင့် ကင်းကွာနေရသဖြင့် ပျော်ရွှင်မှုမရှိ၊ ပျင်းရိငြီးငွေ့နေကြရကုန်၏။

မုသာဝါဒသည် အကုသိုလ်အရာတွင် အပြစ်အကြီးဆုံးဖြစ်၍ သစ္စာစကားသည် ကုသိုလ်အရာတွင် အကျိုးအကြီးဆုံးဖြစ်သည်။

ကဗျာ။ ။မဟုတ်မမှန် တစ်ဘက်သားကို၊
ချွတ်ယွင်းလှည့်စား မုသားဆို။
အဓိပ္ပါယ်ကို ထိုသူသိ၍၊
အကျိုးကိုထိ အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်လဲ ပုပ်ညှီစွဲ သွားကျဲ နှုတ်ခမ်းတို။
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို။

**သုရာမေရယကံ ဖျက်လျှင် ခံရမည့် အပြစ်ပြဝတ္ထု**

ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်သည်။ ဘုရားလောင်းသည် ဒါန သီလ စသော ကောင်းမှုတို့ကို ပြုပြီးနောက် သေလွန်သောအခါ တာဝတိံသာ၌ သိကြားမင်းဖြစ်လေသည်။

ဘုရားလောင်း၏ သားသည် မိဘတို့ကွယ်လွန်သော် ကျန်ရစ်ခဲ့သော ပစ္စည်းဥစ္စာများကို သေအရက်သောက်ကာ သုံးဖြုန်းပစ်ခဲ့သည်။

ထိုငွေကုန်ပြန်သောအခါ မြေ၌မြှုပ်ထားသော ကုဋေလေးဆယ်ကို ဖော်ထုတ်ပြီး သေတင်းကုပ်ဆောက်သည်။ သူငယ်ချင်း အပေါင်းအသင်းများနှင့် ပျော်ပျော်ပါးပါးအရက်သေစာ သောက်စားသည်။ အရက်မူးသောအခါ ကျွမ်းသမား ကချေသည်တို့ကို အသပြာတစ်ထောင် တစ်ထောင်စီပေးပြီး ပျော်ဖြေစေသည်။

ဤသို့ဖြင့် သောက်စား သုံးဖြုန်းလာခဲ့ရာ ကုဋေလေးဆယ်ကုန်ပြီး ဆင်းရဲမွဲတေသည့်ဘဝသို့ ဆိုက်ရောက်ခဲ့သည်။ ပုဆိုးကြမ်းစုတ်ကို ဝတ်လျက် ခွက်လက်ဆွဲကာ တောင်းစားရသည့် သူတောင်းစားဘဝသို့ ဆိုက်ရောက်သွားသည်။ နောက်ဆုံး အသေဆိုးနှင့် သေရသည်။

ကဗျာ။ ။မူးယစ်တတ်စွာ သေရည်များကို၊
မူးယစ်သောက်စား ဘိန်းရှူလို။
ဒုစရိုက်တွေ ဖြစ်ပေါ်ကြောင်းမို့၊
မကောင်းစစ်စစ် အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို။
လွတ်လာစေဦး လူမေ့မူး အရူးဖြစ်တိုင်းကိုယ်။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို။

## (ပ) ငါးပါးသီလစောင့်ထိန်းသဖြင့် ရရှိနိုင်သည့် အကျိုးပြဝတ္ထုများ

### သီလမြဲက–ငယ်ကမသေ ဓမ္မပါလ

ရှေးအခါက ကာသိတိုင်း ရွာတစ်ရွာရှိ လူအားလုံးတို့သည် ငါးပါးသီလ စသော တရားတို့ကို ကျင့်သုံးပြီး နေထိုင်လေ့ရှိကြသဖြင့် အရွယ်ငယ်ငယ်က မသေကြဘဲ ကြီးရင့်မှသာ သေရသည်။ ထိုသို့ ငါးပါးသီလတရား စောင့်သုံးကြသဖြင့် ထိုရွာကို ဓမ္မပါလရွာ၊ ထိုရွာသူ ရွာသားများကို ဓမ္မပါလမျိုး ဟု ခေါ်ကြသည်။

ထိုရွာမှာ ရွာသူကြီး၏သားသည် တက္ကသိုလ်ပြည်သို့ ပညာသင် သွားသည်။ ထိုအမျိုးသား ပညာသင်ချိန်၌ ဆရာကြီး၏ သားငယ်

ကွယ်လွန်ခဲ့ရာ ဓမ္မပါလအမျိုးသားက–

"အဘယ့်ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် သေရသလဲ"ဟု တအံ့တဩ ပြောဆိုမိရာ–

"ကြီး ငယ်မဟူ သေမင်းခေါ်လျှင် သေရသည်ချည်းပင်၊ အသင်တို့ အရပ်မှာ ကော မသေကြဘူးလား"ဟု လူအများက မေးကြသည်။

"သေတော့ သေကြရပါတယ်၊သို့သော် ယခုလို ငယ်ငယ်ရွယ်ရွယ်နှင့် သေရရိုး ထုံးစံ မရှိပါ"ဟု အနိုင်အမာပြောဆိုသည်။

ထိုစကားဆန်းကို ကြားရသော တက္ကသိုလ်ဆရာကြီးသည် ဓမ္မပါလ သူငယ်၏ ပြောစကား ဟုတ်–မဟုတ် စုံစမ်းရန် ဓမ္မပါလကို ဆရာ့ကိုယ်စား ထားခဲ့ပြီးလျှင် ဆိတ်ရိုးတို့ကို ယူဆောင်ကာ ဓမ္မပါလရွာသို့ သွားလေသည်။ ရွာရောက်၍ ဓမ္မပါလ သတို့သားဖခင် ရွာသူကြီးထံသို့ သွားကာ–

"သင့်သား ဓမ္မပါလ ကွယ်လွန်၍ မီးသင်္ဂြိုဟ်ပြီး အရိုးများ ယူလာ ခဲ့ပါသည်"ဟု ပြောဆိုကာ အရိုးများကို ထုတ်ပြသည်။

ဓမ္မပါလ ဖခင်ကြီးနှင့် ဆွေမျိုးများက ဝိုင်း၍ ရယ်မောကြပြီး "ဤအရိုးသည် သူတို့၏သား ဓမ္မပါလအရိုး မဖြစ်နိုင်ပါ၊ အခြားအရိုးသာ ဖြစ်ပါလိမ့်မည်"ဟု ပြောပြကြသည်။

"အရွယ်မရွေး သေမျိုးဖြစ်လျက် သင်တို့အမျိုးမှာ အဘယ့်ကြောင့် ငယ်ငယ် ရွယ်ရွယ်နှင့် မသေကြသနည်း"ဟု ဆရာကြီးက မေးသည်။

"ကျွန်ုပ်တို့ ဓမ္မပါလရွာ ဓမ္မပါလအမျိုးသားတို့သည် အမြဲမပြတ် အလှူပေးကြပါသည်၊ သီလကို စောင့်ထိန်းကြပါသည်။ မကောင်းမှု ဒုစရိုက်ဟူသမျှ မပြုကြပါ။ လူကြီးသူမစကားကို လူငယ်များက အမြဲနားထောင်ပြီး ရပ်ရေးရွာမှု၊ အများကောင်းစား ချမ်းသာမှုတို့ကို ပြုလုပ်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဓမ္မပါလအမျိုးမှာ ငယ်ငယ် ရွယ်ရွယ်နှင့် မသေကြရပါ"ဟု ဓမ္မပါလ ဖခင်ကြီးက ရှင်းပြသည်။

ထိုအခါ တက္ကသိုလ်ဆရာကြီးက ဓမ္မပါလ၏ဖခင်ကြီးကို ကန်တော့ပြီး–

"သင့်သား ဓမ္မပါလ မသေပါ၊ ငယ်သူများ မသေ ဟူသော

သင့်သား၏စကားကို မယုံ၍ စုံစမ်းရန် လာခြင်းဖြစ်ပါသည်"ဟု ပြောကာ ဓမ္မပါလအမျိုးသို့ စောင့်သုံးသော ကျင့်ဝတ်သီလတို့ကို မေးမြန်း မှတ်သားပြီး တက္ကသိုလ်ပြည်သို့ ပြန်ခဲ့လေတော့သည်။

## ရှစ်ပါးသီလ

### (က) သရဏဂုံနှင့် ရှစ်ပါးသီလတောင်း ပါဠိနှင့်အနက်

ပါဠိ - အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ- အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ- အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**သံယာ**- ယ-မဟံ ဝဒါမိ၊ တံ ဝဒေထ။

**လူ** - အာမ ဘန္တေ။

**မှတ်ချက်။** ။ဘုရားရှေ့တွင် မိမိဘာသာ သီလတောင်းပါက "အာမ ဘန္တေ" ဟု ဆိုရန်မလိုပါ။

အနက်- ဘန္တေ- အရှင်ဘုရား၊ အဟံ- တပည့်တော်သည်၊ တိသရဏေန- သရဏဂုံသုံးပါးနှင့်၊ သဟ- တကွ၊ အဋ္ဌင်္ဂသမန္နာဂတံ- အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ ဥပေါသထသီလံ- ဥပုသ်သီလ ဟု ဆိုအပ်သော၊ ဓမ္မံ- တရားတော်မြတ်ကို၊ ယာစာမိ-တောင်းပါ၏၊ ဘန္တေ-

အရှင်ဘုရား၊ မေ- တပည့်တော်အား၊ အနုဂ္ဂဟံ ကတွာ-ချီးမြှောက်ခြင်းကိုပြု၍၊ သီလံ-ရှစ်ပါး သီလကို၊ ဒေထ- ပေးသနားတော်မူပါ အရှင်ဘုရား။

**သံဃာ-** ယံ-အကြင်စကားကို၊ အဟံ-ငါသည်၊ ဝဒါမိ-ဆို၏၊ တံ-ထိုငါဆိုသော စကားကို၊ ဝဒေထ-လိုက်၍ ဆိုကြလော့။

**လူ -** ဘန္တေ-အရှင်ဘုရား၊ အာမ-မှန်ပါအရှင်ဘုရား။

## (ခ) နမော တဿ ဘုရားရှိခိုး ပါဠိ အနက်

**ပါဠိ ။** ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃-ကြိမ်ဆို)

**အနက် ။** ။ ဘဂဝတော၊ ဘုန်းတော်ကြီးတော်မူသော။ အရဟတော၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူသော။ တဿ၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။

## (ဂ) သရဏဂုံ ဆောက်တည်ခြင်း

**သရဏဂုံသုံးပါး ပါဠိ အနက်**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

**သံဃာ** - တိသရဏဂမနံ ပရိပုဏ္ဏံ။

**လူ** - အာမ ဘန္တေ။

**အနက်။** ။ဗုဒ္ဓံ -မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဓမ္မံ -တရားတော်ကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

သံဃံ -သံဃာတော်ကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း-

ဗုဒ္ဓံ -မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း-

ဓမ္မံ - တရားတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း-

သံဃံ - သံဃာတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

တတိယမ္ပိ-သုံးကြိမ်မြောက်လည်း -

ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

တတိယမ္ပိ-သုံးကြိမ်မြောက်လည်း -

ဓမ္မံ - တရားတော်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

တတိယမ္ပိ-သုံးကြိမ်မြောက်လည်း -

သံဃံ - သံဃာတော်ကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

သံဃာ-တိသရဏဂမနံ - သရဏဂုံ ခံယူခြင်းသည်၊ ပရိပုဏ္ဏံ ပြည့်စုံပြီ။

လူ- ဘန္တေ-အရှင်ဘုရား၊ အာမ- မှန်ပါအရှင်ဘုရား။

မှတ်ချက်။ ။ဘုရားရှေ့တွင် မိမိဘာသာ ခံယူ ဆောက်တည် ပါက "အာမ ဘန္တေ"ဟု ဆိုရန်မလိုပါ။

## (ဃ) ရှစ်ပါးသီလ ခံယူဆောက်တည်ပုံ ပါဠိနှင့် အနက်

ပါဠိ

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

**သံယာ** – တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

**လူ** – အာမ ဘန္တေ။

**အနက်** (၁) ပါဏာတိပါတာ – သူ့အသက်ကို သတ်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ– ရှောင်ကြဉ်ရာရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– ကောင်းစွာ ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ– သူ့ဥစ္စာကို ခိုးယူခြင်းမှ၊ဝေရမဏီသိက္ခာပဒံ– ရှောင်ကြဉ်ရာရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– ကောင်းစွာ ဆောက်တည်ပါ၏။

(၃) အဗြဟ္မစရိယာ– မမြတ်သော မေထုန်အကျင့်ကို ပြုကျင့်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ–ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– ကောင်းစွာ ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ – မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ–ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ–ကောင်းစွာ ဆောက်တည်ပါ၏။

(၅) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ–မူးယစ်စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ၊ဝေရမဏီသိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– ကောင်းစွာ ဆောက်တည်ပါ၏။

(၆) ဝိကာလဘောဇနာ – နေလွဲညစာ စားခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင် ဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– ကောင်းစွာ ဆောက်တည် ပါ၏။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ – ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပြစ်တို့ဖြင့် အပြေအပြစ် ပြုလုပ်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– ကောင်းစွာ ဆောက်တည်ပါ၏။

(၈) ဉစ္စာသယန မဟာသယနာ– မြင့်သောနေရာ မြတ်သော နေရာတို့၌ နေထိုင်အိပ်စက်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– ကောင်းစွာ ဆောက်တည်ပါ၏။

## (င) အဗြဟ္မစရိယသိက္ခာပုဒ်အဓိပ္ပာယ်

ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို ဆောက်တည်ရသည်။ ရှစ်ပါးသီလတွင် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အစား အဗြဟ္မစရိယ သိက္ခာပုဒ်ကို ဆောက်တည်ရသည်။

အဗြဟ္မစရိယသိက္ခာပုဒ်၏ အနက်အဓိပ္ပာယ်မှာ– 'မမြတ်သော– ယုတ်ညံ့သော မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏'ဟူ၍ ဖြစ်ပါသည်။

'မမြတ်သော ယုတ်ညံ့သော မေထုန်အကျင့်' ဟူရာ၌ မေထုန ဟူသော ပါဠိကို မြန်မာလို မေထုန်ဟုခေါ်သည်။ အချင်းချင်းကိစ္စဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် မိန်းမယောကျ်ားနှစ်ဦးတို့၏ ပျော်မြူး ပေါင်းဖက် ဆက်ဆံခြင်းကို မမြတ်သော ယုတ်ညံ့သော မေထုန်အကျင့်ဟု မှတ်ရမည်။

ကာမေသု မိစ္ဆာစာရသိက္ခာပုဒ်အရ မိမိတို့ဇနီး ခင်ပွန်း အချင်းချင်း ပေါင်းသင်း ဆက်ဆံခွင့် ရသေး၏။ ဤအဗြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းသူကား ဇနီး ခင်ပွန်း အချင်းချင်း ဆက်ဆံမှုကိုသာမက မေထုနကိစ္စမှန်သမျှ လုံးဝရှောင်ကြဉ်ရသည်။

## (စ) ဝိကာလဘောဇနသိက္ခာပုဒ်အဓိပ္ပာယ်

'နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ပါ၏'ဆိုရာ၌ နေ့လယ် မွန်းတည့်(၁၂)နာရီမှ နောက်ပိုင်းအချိန်ကို နေလွဲ၊ မွန်းလွဲဟု ဆိုပါသည်။

ထိုနေ့လွဲအချိန်မှစ၍ နောက်တစ်နေ့ အရုဏ်တက်သည့် တိုင်အောင် ထမင်း၊ ဟင်းလျာ၊ လက်ဖက်၊ သစ်သီး စသော ခဲဖွယ်ဘောဇဉ်ဟူသမျှ မစားရ။ ဆာလောင် မွတ်သိပ်လျှင် မန်ကျည်းဖျော်ရည်များကို သောက်ကောင်း၍ မကျန်းမာလျှင် ဆေးအမျိုးမျိုးနှင့် စတုမဓု စသည်တို့ကို စားသောက်ကောင်း၏။

## (ဆ) နစ္စ, ဂီတ စသော သိက္ခာပုဒ်အဓိပ္ပာယ်

| | | |
|---|---|---|
| နစ္စ | = | ကိုယ်တိုင် ကခြင်း၊ သူတပါးကို အကခိုင်းခြင်း။ |
| ဂီတ | = | ကိုယ်တိုင် သီဆိုခြင်း၊ သူတပါးကို အဆိုခိုင်းခြင်း။ |
| ဝါဒိတ | = | ကိုယ်တိုင် တီးမှုတ်ခြင်း၊ သူတပါးကို တီးမှုတ်ခိုင်းခြင်း။ |
| ဝိသူက ဒဿန | = | ဝိသူက = ဘုရားအဆုံးအမ၏ ဆန့်ကျင်ဘက်ဖြစ်သော၊ ဒဿန = ကြည့်ရှု နားထောင်ခြင်း၊ မိမိအလိုအလျောက်သော်လည်းကောင်း၊ အခြားသူက ခိုင်း၍သော်လည်းကောင်း က ဆို တီးမှုတ်နေသည်ကို တမင်တကာ သွား၍ ကြည့်ခြင်း။ |

မိမိဘာသာနေစဉ် မြင်လောက် ကြားလောက်သော အရပ်သို့လာ၍ က ပြ, သီဆို, တီးမှုတ်သံကို ကြည့်ရှုမိသော်လည်းကောင်း၊ ကိစ္စဖြင့် သွားရင်းလာရင်း တွေ့မြင်သော်လည်းကောင်း သီလမပျက်ပါ။

| | | |
|---|---|---|
| မာလာ | = | ပန်းအမျိုးမျိုး။ |
| ဓာရဏ | = | ပန်ဆင်ခြင်း။ |
| ဂန္ဓ | = | သနပ်ခါးမှုန့် စသော နံ့သာမှုန့်။ |
| မဏ္ဍန | = | ဖို့သိပ်ခြင်း။ |
| ဝိလေပန | = | လိမ်းကျံခြယ်လှယ်၍ ရကောင်းသော ရေမွှေးနံ့သာရေ။ |
| ဝိဘူသန | = | လိမ်းကျံခြင်း။ |
| ဌာန | = | ကိလေသာ အကုသိုလ် တိုးပွားခြင်း၏ အကြောင်း။ |

(ဓ) ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အဓိပ္ပာယ်

ဥစ္စာသယန= မြင့်သောနေရာ၌ အိပ်ခြင်း, နေထိုင်ခြင်းဆိုသည်မှာ- အခြေတစ်တောင်ထက် ရှည်သော အိပ်ရာ၊ ခုတင်၊ ကုလားထိုင်ကြီးများ စသည်၌ အိပ်ခြင်း၊ နေထိုင်ခြင်းကို ဆိုသည်။

မဟာသယန =မြတ်သော နေရာ၌ အိပ်စက်နေထိုင်ခြင်းဆိုသည်မှာ- စည်းစိမ်အားလျော်စွာ ခံစား စံစားလေ့ ရှိကြသော ဥစ္စာရှိသူများအိမ်၌ ရှိတတ်သော လက်လေးသစ်မက အမွေးရှည်သော သားမွေးခင်း၊ ခြင်္သေ့၊ သစ်၊ ကျား အရုပ်များဖြင့် ခမ်းနား ဆန်းကြယ်သော သားမွေးအခင်း၊ ရွှေချည်ငွေချည်တို့ဖြင့် ချုပ်လုပ်အပ်သော ပိုးအခင်း၊ လဲ, ဝါဂွမ်း, မှို့ သွပ်ထားသော မွေ့ရာများ ဖြစ်သည်။

## ကိုးပါးသီလ

(က) ကိုးပါးသီလ ခံယူဆောက်တည်ပုံ ပါဠိနှင့် အနက်

ပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**သံဃာ** – ယ- မဟံ ဝဒါမိ၊ တံ ဝဒေထ။

**လူ** – အာမ ဘန္တေ။

**အနက်**

ဘန္တေ -အရှင်ဘုရား၊ အဟံ- တပည့်တော်သည်၊ တိသရဏေန- သရဏဂုံသုံးပါးနှင့်၊ သဟ- တကွ၊ နဝင်္ဂသမန္နာဂတံ- အင်္ဂါကိုးပါးနှင့် ပြည့်စုံသော၊ ဥပေါသထသီလံ- ဥပုသ်သီလဟု ဆိုအပ်သော။ ဓမ္မံ- တရားတော်မြတ်ကို၊ ယာစာမိ- တောင်းပါ၏၊ ဘန္တေ - အရှင်ဘုရား၊ မေ၊ တပည့်တော်အား၊ အနုဂ္ဂဟံ ကတွာ- ချီးမြှောက်ခြင်းကိုပြု၍၊ သီလံ-ကိုးပါးသီလကို။ ဒေထ-ပေးသနားတော်မူပါအရှင်ဘုရား။

**သံဃာ** – ယံ-အကြင်စကားကို၊ အဟံ-ငါသည်။ ဝဒါမိ-ဆို၏။ တံ-ထို ငါဆိုသောစကားကို၊ဝဒေထ-လိုက်၍ဆိုကြလော့။

**လူ** – ဘန္တေ- အရှင်ဘုရား၊ အာမ- မှန်ပါအရှင်ဘုရား။

**ဘုရားရှိခိုး**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃-ကြိမ်ဆို)

| | | | |
|---|---|---|---|
| | ဗုဒ္ဓံ | သရဏံ | ဂစ္ဆာမိ။ |
| | ဓမ္မံ | သရဏံ | ဂစ္ဆာမိ။ |
| | သံဃံ | သရဏံ | ဂစ္ဆာမိ။ |
| ဒုတိယမ္ပိ | ဗုဒ္ဓံ | သရဏံ | ဂစ္ဆာမိ။ |
| ဒုတိယမ္ပိ | ဓမ္မံ | သရဏံ | ဂစ္ဆာမိ။ |
| ဒုတိယမ္ပိ | သံဃံ | သရဏံ | ဂစ္ဆာမိ။ |

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သံယာ – တိသရဏဂမန် ပရိပုဏ္ဏံ။

လှူ – အာမ ဘန္တေ။

ပါဠိ – (၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၉) မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။

အနက်

(၁) ပါဏာတိပါတာ– သူ့အသက်ကို သတ်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– ကောင်းစွာ ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ–သူ့ဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ–ရှောင်ကြဉ်ရာရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ–ကောင်းစွာ ဆောက်တည်ပါ၏။

(၃) အဗြဟ္မစရိယာ–မမြတ်သော မေထုန်အကျင့်ကို ပြုကျင့်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ–ရှောင်ကြဉ်ရာရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ–ကောင်းစွာ ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ– မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ–ရှောင်ကြဉ်ရာရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ–ကောင်းစွာ ဆောက်တည်ပါ၏။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ–မူးယစ်စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ၊ဝေရမဏီသိက္ခာပဒံ–ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ–ကောင်းစွာ ဆောက်တည်ပါ၏။

(၆) ဝိကာလဘောဇနာ– နေလွဲညစာ စားခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ– ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ– ကောင်းစွာ ဆောက်တည်ပါ၏။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ–ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှု နားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပြစ်တို့ဖြင့် အပြေအပြစ် ပြုလုပ်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ–ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ–ကောင်းစွာ ဆောက်တည်ပါ၏။

(၈) ဥစ္စာသယန မဟာသယနာ– မြင့်သောနေရာ မြတ်သော နေရာတို့၌ နေထိုင်အိပ်စက်ခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ–

ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ- ကောင်းစွာဆောက်တည်ပါ၏။

(၉) မေတ္တာသဟဂတေန- မေတ္တာနှင့် တကွဖြစ်သော၊ စေတသာ- စိတ်ဖြင့်၊ သဗ္ဗ ပါဏ ဘူတေသု-အလုံးစုံသော သတ္တဝါတို့အပေါ်၌၊ ဖရိတွာ- ပျံ့နှံ့၍၊ ဝိဟရဏာ- နေထိုင်ခြင်းကို၊ သမာဒိယာမိ-ကောင်းစွာဆောက်တည် ပါ၏။

## (ခ) မေတ္တာသဟဂတေန စေတသာ သိက္ခာပုဒ်အဓိပ္ပာယ်

ရှစ်ပါးသီလ၏ ကျင့်ဝတ်သိက္ခာ (၈)ပါးတွင် "**မေတ္တာသဟဂတေန စေတသာ**" ကျင့်ဝတ်သီလကို ထည့်သွင်း ဆောက်တည်က (၉)ပါးသီလ ဖြစ်ကြောင်း နဝက အင်္ဂုတ္တိုရ်ပါဠိတော်၌ တိုက်ရိုက်လာ၏။ သို့သော် မေတ္တာကား "ပါဏာတိပါတ"စသော သိက္ခာပုဒ်များကဲ့သို့ သိက္ခာပုဒ်တစ်ပါး မဟုတ်ချေ။ သူတပါးအသက်သတ်ခြင်း (ပါဏာတိပါတ) မှ တစ်နေ့လုံး ရှောင်ကြဉ်နေနိုင်သလို မေတ္တာစိတ်ဖြင့် တစ်နေ့လုံး မနေနိုင်သောကြောင့် ဖြစ်သည်။

သို့သော် မေတ္တာကား အကျိုးများလှသဖြင့် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် အချို့ပုဂ္ဂိုလ်များ ဆောက်တည် ကျင့်သုံးကြလေသည်။ မည်သို့ပင်ဖြစ်စေ မေတ္တာဟူသည် ပွားများရသော ဘာဝနာတရားဖြစ်၍ (၈)ပါးသီလ ဆောက်တည်ပြီးနောက် "**မေတ္တာသဟ ဂတေန စေတသာ**"ဟု မဆို မဆောက်တည်ဘဲ စွမ်းနိုင်သမျှ မေတ္တာပွားနေက (၉)ပါးသီလ မည်တော့သည်သာဟု အာစရိယဝါဒတစ်ရပ်ကို မိန့်ဆိုကြ လေသည်။

ဤစကားမှန်၏ "**မေတ္တာသဟဂတေန စေတသာ**" ဟု သီလဆောက်တည်ပြီးမှ မေတ္တာပွားများသည်ဖြစ်စေ၊ မဆောက်တည်ဘဲ ပွားများသည်ဖြစ်စေ မိမိပွားများမှုနှင့် ထိုက်တန်သလောက် မေတ္တာ ပွားများခြင်း၏ အကျိုးရရှိမည်သာ ဖြစ်သည်။ ထိုသို့ဆိုသဖြင့် "မေတ္တာသဟ

ဂုတေန စေတသာ" ဟုဆို၍ သီလဆောက်တည်ခြင်းသည် မလို၊ အပို-ဟုကား အပြစ်မမြင်သင့်။ ကုသိုလ်ဆိုင်ရာ ကြံစည်ခြင်း၊ ရွတ်ဆိုခြင်းဖြစ်၍ မနောကံကုသိုလ်၊ ဝစီကံကုသိုလ်များ ရရှိသည်သာ ဖြစ်သည်။

ခြုံ၍ဆိုရလျှင် ၉-ပါးသီလ ဆောက်တည်ကျင့်သုံး လိုသူသည် (၈)ပါးသီလ ဆောက်တည်ပြီးနောက် "မေတ္တာသဟဂတေန စေတသာ" စသည်ဖြင့် ရွတ်ဆို ဆောက်တည်၍ မေတ္တာပွားနည်း တစ်မျိုးမျိုးကို ပွားများနေပါက (၉)ပါးသီလ ကျင့်ဝတ်သိက္ခာပုဒ်ကို ဆောက်တည် ကျင့်သုံးခြင်းပင်ဖြစ်ကြောင်း မှတ်ယူသင့်ပါသည်။

## ဥပုသ်သီလ

### (က) ရှစ်ပါးသီလ၊ ကိုးပါးသီလကို ဥပုသ်သီလခေါ်ပုံနှင့် ဥပုသ်စောင့်ပုံ

ဥပုသ် ဟူသော စကားသည် 'ဥပေါသထ'ဟူသော ပါဠိစကားမှ ဆင်းသက်လာသော စကားဖြစ်သည်။

ဥပ = သူ့အသက်မသတ်ခြင်း စသော အကျင့်ကောင်းနှင့် ပြည့်စုံ၍

ဝသထ = နေခြင်း ဖြစ်သည်။

ရှစ်ပါးသီလသည် သူ့အသက်မသတ်ခြင်းစသော အကျင့် ကောင်းများနှင့် ပြည့်စုံစေရန် စောင့်ထိန်းနေထိုင်ရခြင်းကြောင့် ' ဥပုသ်သီလ 'မည်ပါသည်။

'သူတပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏'စသော ရှစ်ပါးသီလကို ခံယူဆောက်တည်၍ ဘုရားဂုဏ်တော်ကိုဖြစ်စေ၊ တရားဂုဏ်တော်ကို ဖြစ်စေ၊ သံဃာ့ဂုဏ်တော်ကိုဖြစ်စေ၊ မိမိ၏ဥပုသ် သီလ စင်ကြယ်ပုံကိုဖြစ်စေ၊ နတ်ဗြဟ္မာတို့ ရှေးက ဥပုသ်သီလစောင့်ခဲ့ကြပုံကိုဖြစ်စေတစ်ခုခုကို အာရုံပြု ပွားများ၍ စိတ်စင်ကြယ်အောင် စောင့်ထိန်း နေထိုင်ခြင်းကို ' ဥပုသ်စောင့် 'ဟုခေါ်သည်။

ဆောင်ပုဒ် ။ ။ မိမိစိတ်မှာ၊ စင်ကြယ်လာအောင်၊ အင်္ဂါရှစ်တန်၊ သီလခံ၍၊ ငြိုးခြံအောင့်အည်း၊ တဖြောင့်တည်းဖြင့်၊ စောင့်စည်းအားထုတ်၊ တရားကုတ်၊ ဥပုသ်စောင့်ဟုခေါ်။

## (ခ) ဥပုသ်စောင့်ပုံ အစီအစဉ်

(၁) ဥပုသ်စောင့်မည့်နေ့တွင် အရုဏ်တက်ချိန်ကပင် ကိုယ်လက်များကို စင်ကြယ်အောင်ပြု၍ စိတ်ကြည်လင်ရုံမျှ သန့်ရှင်းသော အဝတ်များကို ဝတ်ဆင်သင့်သည်။

(၂) ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းနှင့် အထူးတလည်ပြင်ဆင်ခြင်းများကို ကြိုတင်၍လည်း မပြုလုပ်သင့်။ ဥပုသ်သီလနှင့်ဆန့်ကျင်သော ဖြီးလိမ်းချယ်လှယ်မှု မှန်သမျှ ရှောင်ကြဉ်ရသည်။

(၃) စောနိုင်သမျှ စောစွာ သီလဆောက်တည်သင့်သည်။

(၄) သင့်လျော်သော ဆိတ်ငြိမ်ရာအရပ်၌ အထက်ဖော်ပြပါ ဂုဏ်တော်တစ်ပါးပါးကို ဖြစ်စေ၊ ဘာဝနာတစ်ခုခုကိုဖြစ်စေ ဆင်ခြင်ပွားများနေသင့်သည်။

(၅) ကြာရှည်စွာ တရားကို ဆင်ခြင်မနေနိုင်လျှင် တရားစာများကို ကြည့်ရှု ရွတ်ဖတ်နေသင့်သည်။

(၆) တရားဟောမည့်သူရှိလျှင် တရားနာနေသင့်သည်။ အချင်းချင်းလည်း တရားစကား ဆွေးနွေးပြောဆိုနေသင့်သည်။

(၇) ညဉ့်အချိန်ရောက်သောအခါ မိမိသီလ စသည်ကို ဆင်ခြင်ပြီးလျှင် မိမိသည် ယနေ့အဖို့ မြတ်သော သီလ သမာဓိ ပညာတို့ဖြင့် အချိန်ကုန်လွန်ရပုံကို အောက်မေ့ကာ ဝမ်းသာကြည်နူးနေသင့်သည်။

## (ဂ) ဥပုသ်ကာလအပိုင်းအခြား

ဥပုသ်နေ့၌ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဥပုသ်စောင့်ကြရာ၌ ဥပုသ်ခံယူပြီးချိန်မှ နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်အထိ ကာလသည် ဥပုသ်စောင့်ရသော ကာလဖြစ်သည်။

သို့ရာတွင် ထိုဥပုသ်သည် ကာလပိုင်းဖြတ်၍စောင့်သော ဥပုသ်၊ အသက်ထက်ဆုံးစောင့်သော ဥပုသ်ဟု နှစ်မျိုးရှိ၏။ထိုတွင်ကာလပိုင်းဖြတ်၍ စောင့်သော ဥပုသ်သည် ရက်ရှည်ဖြစ်စေ၊ တစ်နေ့ တစ်ညဥ့်ဖြစ်စေ၊ နေ့ဝက်ဖြစ်စေ၊ တရားနာယူခိုက် တစ်ခဏမျှဖြစ်စေ စောင့်သော ဥပုသ်မျိုး ဖြစ်သည်။ မိမိတို့ တတ်နိုင်သလောက် အချိန်ကာလ ပိုင်းဖြတ်၍လည်း စောင့်ထိန်းနိုင်သည်။

## (ဃ) ဥပုသ်သီလ စောင့်ထိန်းရခြင်း အကျိုးပြဝတ္ထုများ

ဥပုသ်စောင့်ရာ၌ ရှစ်ပါးသီလစောင့်ရုံမျှဖြင့် အကျိုးများသင့်သလောက် မများသေး၊ သီလကို စောင့်ထိန်းပြီးနောက် မိမိစိတ်ကို စင်ကြယ် သန့်ရှင်းအောင် အားထုတ်နိုင်မှသာ အကျိုးများသည်။

ဥပမာ– ဦးခေါင်းကို တန်ဆာဆင်လိုသော အမျိုးသမီးသည် ဆံပင်ကို စင်ကြယ်အောင် ခေါင်းလျှော်ရ၏၊ ခေါင်းမလျှော်ဘဲ ဖြီးလိမ်း ပြင်ဆင်လျှင် အနံ့အသက်မကောင်း။

ထို့အတူ သီလတန်ဆာဖြင့် ဆင်ထားသူသည် မိမိ၏ စိတ်ကို လောဘ (တဏှာ ရာဂ)၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ စသော ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်အောင် စောင့်သုံးနိုင်မှသာ ရသင့်သမျှအကျိုးကို အပြည့်အစုံရပါသည်။

ဤသို့ ကျနစွာ စောင့်သုံးအပ်သော ဥပုသ်၏အကျိုးမှာ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို အုပ်စိုးရသော မင်းမိဖုရား အဖြစ်ချိုးထက်ပင် ကြီးကျယ် ခမ်းနားသော အကျိုးကို ရသည်ဟု ဘုရားရှင်ဟောကြားတော်မူခဲ့သည်။

## ဂင်္ဂါမာလဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုအခါ သုစိပရိဝါရအမည်ရှိသော သူဌေးသည် ကုဋေရှစ်ဆယ်ကြွယ်ဝသည်။ သူဌေးနှင့် သူဌေးကတော်တို့သည် တစ်လတွင် ခြောက်ရက် ဥပုသ်သီတင်း ဆောက်တည် ကြသည်။ အိမ်ရှိ အလုပ်သမားတို့လည်း သူတို့နှင့် အတူပင် ဥပုသ်စောင့်ကြ၏။ ထိုအခါ ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ ဖြစ်၍၊ သူဌေးထံ၌ ခစား၍ အသက်မွေးရသည်။ ဥပုသ်နေ့ တစ်နေ့၌ အခြားသူများ ဥပုသ်စောင့်သည်ကို နေ့ဝက်ကျန်မှ ဘုရားလောင်းသိရသည်။ သို့ဖြစ်၍ သူဌေးထံ ခွင့်ပန်ပြီး ကျန်သော နေ့ဝက်အတွက် ဥပုသ်ဆောက်တည်လိုက်၏။ နံနက်အချိန်က မည်သည့်အစာမျှ မစားရသေးမိ ဥပုသ်စောင့်သဖြင့် ညဦးအချိန် ဝမ်းဗိုက်တွင်း၌ လေထသည်။ သို့သော် ဥပုသ်သီလပျက်မည်စိုး၍ မည်သည့် အာဟာရကိုမျှ မစားသုံးပေ။

အရုဏ်တက်ချိန်၌ ပို၍ ဝေဒနာပြင်းထန်လာသဖြင့် သတိလစ်လေသည်။ ထိုအချိန်ကား ဗာရာဏသီမင်းကြီးသည် မြို့ကိုလှည့်လည်၍ ကြည့်ရှုနိုက်ဖြစ်၏။ ဘုရားလောင်းသည် မင်းစည်းစိမ်ကို ရော်ရမ်း တပ်မက်သောစိတ်ဖြင့် သေသွားရာ နေ့ဝက်မျှသော ဥပုသ်၏အကျိုးကြောင့် ဗာရာဏသီမင်း၏ မိဖုရားဝမ်း၌ ပဋိသန္ဓေတည်လေ၏။ မွေးဖွားလာသည့်အခါ သူ့အား ဥဒယကုမာရ ဟု အမည်မှည့်ကြသည်။ အရွယ်ရောက်သည့်အခါ ဗာရာဏသီ ထီးနန်းကို စိုးစံ မင်းပြုရသော ဘုရင်ကြီးတစ်ပါးအဖြစ် ထင်ရှားကျော်ကြားလာသည်။

## ဥပေါသထာနတ်သမီးဝတ္ထု

သာကေတပြည်၌ ဥပေါသထာ အမည်ရှိသော ဥပါသိကာမသည် သဒ္ဓါတရားနှင့် ပြည့်စုံပြီး ရဟန်းတို့အား ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး၏။ သီလအလွန်စင်ကြယ်သူလည်းဖြစ်သည်၊ လပြည့်၊ လကွယ်၊ လဆန်း၊ လဆုတ် ဥပုသ်နေ့များတွင် အမြဲမပြတ် ဥပုသ်သီလ စောင့်သုံးလေ့ရှိ၏။ ဥပေါသထာ ဥပါသိကာမသည် သင့်တင့်သော တရားတော်ကို နာရ၍ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ရာ မကြာမီ သောတာပန်တည်လေ၏။

ထို့ပြင် ဥပေါသထာ ဥပါသိကာမသည် 'တာဝတိံသာနတ်ပြည်၌ နတ်သမီး နတ်သားအပေါင်းတို့ ပျော်စံရာ နန္ဒဝန်ခေါ် ဥယျာဉ်တော်သည် အလွန်မွေ့လျော်ဖွယ်ရှိကြောင်း' ရဟန်းတော်တို့၏တရားစကားကို ကြားနာရ၍ တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်၌ ပျော်မွေ့လိုသော စိတ်ဆန္ဒဖြစ်လျက် ရှိခဲ့သည်။ ထိုစိတ်ဆန္ဒအရ ဘဝပြောင်းသော် တာဝတိံသာနတ်ပြည်သို့ရောက်၍ နန္ဒဝန်ဥယျာဉ်တော်အတွင်း ဥပေါသထာနတ်သမီးအမည်ဖြင့် ထင်ရှားလေသည်။

"သီလရှိသူသည် စိတ်ဓာတ် စင်ကြယ်နေသူဖြစ်၍ ဘာမဆို လိုတိုင်းရ၊ တ-တိုင်း ပြည့်စုံရသည်"ဟူသော မြတ်စွာဘုရား၏ တရားတော်အရ သတ္တဝါတို့၏ သီလကုသိုလ်စေတနာ အရင်းခံနှင့် ဖြစ်လိုသော ဆန္ဒဓာတ်အရ ဖြစ်လိုရာ ဖြစ်ကြမြဲပင်တည်း။

## (င) သီလပြည့်စုံခြင်း အကျိုးငါးပါး

ကိုယ်ကျင့်သီလနှင့်ပြည့်စုံသောသူသည် ရှေ့ပိုင်း၌ ပြဆိုခဲ့သော ငါးပါးသီလအကျိုး၊ ဥပုသ်သီလ အကျိုးများအပြင် အောက်ပါအကျိုး (၅)ပါးတို့ကိုလည်း ရရှိနိုင်သည်ဟု ပါဋလိရွာသူ ရွာသားများအား ဘုရားရှင် အထူးဟောကြားခဲ့ဖူးသည်။

(၁) စီးပွားဥစ္စာ ရတနာတို့ကို အစုလိုက် အပုံလိုက် ရနိုင်ခြင်း၊
(၂) နာမည်ကောင်းသတင်း ကျော်ကြားခြင်း၊
(၃) ပရိသတ်မိုလ်ပုံအလယ်၌ တင့်တယ်ရဲရင့်ခြင်း၊
(၄) တွေဝေမေ့မောမှုမရှိ သတိကောင်းစွာနှင့် သေလွန်ရခြင်း၊
(၅) သေလွန်ပြီးနောက် ကောင်းမြတ်သော လူချမ်းသာ နတ်ချမ်းသာ ဘဝသို့ ရောက်ရခြင်း၊

ကဗျာ။ ။သီလခေါ်ဆို ကိုယ်ကျင့်ကောင်းမှ၊
တောင်းတိုင်း တ,တိုင်း ရနိုင်တယ်။
ပဒေသာပင် အိမ်မှာပေါက်သလို၊

ကောက်ယူသုံးလို့ မကုန်နိုင်တယ်။
ဥစ္စာစုပုံ ကုန်မယွင်း ဂုဏ်သတင်းလဲ သင်းပျံ့မယ်။
ရောက်လေရာရာ ပွဲလယ်တင့်လို့၊
ရဲရင့်ရွှင်ပျ ခင်ကြမယ်။
သေရသော်ပင် သတိကောင်းလို့၊
ဂတိပြောင်းတော့ နတ်ပြည်ဝယ်။
သီလကောင်းကျိုး ချက်ချင်းတိုး အားကိုးလောက်ပေတယ်။
အဲဒါကြောင့် ကိုယ်ကျင့်သီလ ဒီဘဝ တည်ကြ မြဲကြမယ်။

## မေတ္တာပို့ခြင်းနှင့် အမျှဝေခြင်း

### (က) အရပ်(၁၀)မျက်နှာ မေတ္တာပို့နည်း

(၁) ကျွန်ုပ်ကိုယ်မှာ၊ ဘေးကင်းကွာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၂) မိဘနှစ်ဖြာ၊ မြတ်ဆရာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၃) တို့အိမ်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၄) တို့အိမ်တွင်းမှာ၊ နတ်များစွာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၅) တို့ရွာတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၆) တို့မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၇) တို့ပြည်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၈) အရှေ့အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၉) တောင်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၁၀) အနောက်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၁၁) မြောက်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၁၂) အရှေ့တောင်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၁၃) အနောက်တောင်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၁၄) အနောက်မြောက်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

(၁၅) အရှေ့မြောက်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၁၆) အထက်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(၁၇) အောက်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

[ 'မိဘနှစ်ဖြာ'-----ဟုဆိုလျှင် မိဘနှစ်ပါးကို အာရုံပြုလျက်ရွတ်ဆိုပါ။
'အရှေ့အရပ်မှာ' ----- ဟုဆိုလျှင် အရှေ့အရပ်လောကဓာတ်တစ်ခွင်လုံးသို့ လှမ်းမျှော် အာရုံပြုလျက် ရွတ်ဆိုပါ။]

## (ခ) မေတ္တသုတ်တော်လာ မေတ္တာပွားနည်း(၁၁)နည်း

### သဗ္ဗသင်္ဂါဟကမေတ္တာ (၁)နည်း

(၁) လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

### ဒုကမေတ္တာဘာဝနာ (၄)နည်း

(၂) ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၃) မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၄) ဝေးနေ, နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၅) ဘဝဇာတ်ဆုံး, မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

**တိကမေတ္တာဘာဝနာ (၃)နည်း**

(၆) ရှည်, တို, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၇) ကြီး, ငယ်, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၈) ဆူ, ကြုံ , အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

**အပဟိတာပနယန မေတ္တာဘာဝနာ (၃)နည်း**

(၉) လူ့အချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

(၁၀) အထင်သေခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

(၁၁) ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

**အဓိပ္ပာယ်**

(၁) သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။ ဘေးဥပဒ် ရန်စွယ် အန္တရာယ်များမှ ကင်းဝေးကြပါစေ၊ ငြိမ်းအေးသာယာ ရှိကြပါစေ။

(၂) (က) ဒေါသ ကိလေသာများ မကင်းသေးသဖြင့် ကြောက်တတ်သည့် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ သတ္တဝါများနှင့်
(ခ) ဒေါသ ကိလေသာများ ကင်းသဖြင့် မကြောက် တတ်သည့် အနာဂါမ်နှင့် ရဟန္တာများ၊ ထိုနှစ်ရပ်သော သတ္တဝါများ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။

(၃) မိမိမျက်စိနှင့်မြင်ရသော သတ္တဝါများနှင့် မိမိမျက်စိနှင့် မမြင်ရသော သတ္တဝါများ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။

(၄) မိမိနှင့် ဝေးကွာသောအရပ်မှာ နေသည့် သတ္တဝါများနှင့် အနီးအနား ပတ်ဝန်းကျင်မှာနေသည့် သတ္တဝါများ၊ ထိုနှစ်ရပ်သော သတ္တဝါများ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။

(၅) ယခုမျက်မှောက်ဘဝ ကုန်ဆုံးသည့်အခါ နောက်ထပ်ဖြစ်စရာ ဘဝမရှိတော့၍ ဘဝဇာတ်ဆုံးသည့် ရဟန္တာများနှင့် နောက်ထပ်ဖြစ်စရာဘဝ ရှိသေး၍ ဘဝဇာတ် မဆုံးသေးသည့် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်များ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။

(၆) ကိုယ်ခန္ဓာ ရှည်လျားသည့် သတ္တဝါများ၊ ကိုယ်ခန္ဓာ တိုသည့် သတ္တဝါများ၊ မရှည် မတို အလယ် အလတ် ကိုယ်ခန္ဓာရှိသည့် သတ္တဝါများ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။

(၇) ကိုယ်ခန္ဓာ ကြီးမားသည့် သတ္တဝါများ၊ ကိုယ်ခန္ဓာ သေးငယ်သည့် သတ္တဝါများ၊ မကြီး မငယ် အလယ် အလတ် သတ္တဝါများ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။

(၈) ကိုယ်ခန္ဓာ ဆူဖြိုးသည့် သတ္တဝါများ၊ ကြုံလှီပိန်သေးသည့် သတ္တဝါများ၊ မဆူ မကြုံ အလယ် အလတ် ကိုယ်ခန္ဓာရှိသည့် သတ္တဝါများ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ။

(၉) ဆင်းရဲဒုက္ခ ရောက်ကြောင်းဖြစ်သည့် လှည့်ပတ် လိမ်လည်ခြင်းတရား အချင်းချင်း ကင်းကြပါစေ။

(၁၀) ဆင်းရဲဒုက္ခ ရောက်ကြောင်းဖြစ်သည့် အထင်သေးမှုလည်း အချင်းချင်း ကင်းကြပါစေ။

(၁၁) သူတပါး ဆင်းရဲဒုက္ခ ရောက်သည်ကို အလိုရှိမှုလည်း အချင်းချင်း ကင်းကြပါစေ။

## (ဂ) မေတ္တာဘာဝနာအကျိုး

### ဗုဒ္ဓါနုဿတိဘာဝနာ

" အရဟံ " စသော ဂုဏ်တော်ကိုးပါးတို့တွင် မိမိနှစ်သက်ရာ ဂုဏ်တော်တစ်ပါး၏ အနက်အဓိပ္ပာယ်တို့ကို နှုတ်က မရွတ်ဆိုဘဲ စိတ်ဖြင့်သာလျှင် အဖန်ဖန် အထပ်ထပ် အောက်မေ့ခြင်း၊ အာရုံပြုခြင်း၊ နှလုံးသွင်းခြင်းသည် ဗုဒ္ဓါနုဿတိဘာဝနာဖြစ်သည်။

### ဗုဒ္ဓါနုဿတိဘာဝနာအကျိုး

ဗုဒ္ဓါနုဿတိဘာဝနာကို အားထုတ် ပွားများသော ပုဂ္ဂိုလ်သည် အောက်ပါအကျိုးများကို ရရှိနိုင်သည်–

(၁) မြတ်စွာဘုရားကို အလွန်ရိုသေ၍ မြတ်စွာဘုရား၏ တရားတော်ကို အလွန်လိုက်နာခြင်း၊

(၂) မြတ်စွာဘုရားကို မကြာခဏ သတိရနေသောကြောင့် သတိကောင်း၍ အသက်ကြီးသော်လည်း သတိမမေ့ခြင်း၊

(၃) အသိဉာဏ်များ တိုးပွားလာခြင်း၊

(၄) မြတ်စွာဘုရားအပေါ်၌ ဉာဏ်ဖြင့် သက်ဝင်၍ နက်နက်နဲနဲ ကြည်ညိုခြင်း၊

(၅) ဘုန်းကံကြီးမားခြင်း

(၆) စိတ်ချမ်းသာ ကြည်လင်ခြင်း၊ အေးမြခြင်း၊ ရံခါကြက်သီး ထလောက်အောင် နှစ်သက်မှု ပီတိဖြစ်ခြင်း၊

(၇) ကြောက်စရာ ဘေးအန္တရာယ်နှင့် ကြုံရသည့်အခါ ထိတ်လန့်ကြောက်ရွံ့မှု မရှိခြင်း၊

(၈) မြတ်စွာဘုရားနှင့်အတူ နေရသကဲ့သို့ဖြစ်၍ ကျူးလွန်ရမည့် အပြစ်ကို မကျူးလွန်ဖြစ်ခြင်း၊

(၉) ဗုဒ္ဓါနုဿတိ ဘာဝနာပွားသူ၏ ကိုယ်ခန္ဓာသည် စေတီအိမ်နှင့် တူ၍ လူ၊နတ်၊ဗြဟ္မာတို့၏ အပူဇော်ကို ခံထိုက်ခြင်း၊

(၁၀) အကုသိုလ်မှုများကို ပြုရန် ရှက်ရွံ့ ကြောက်လန့်လာခြင်း၊

(၁၁) ဘုရားဖြစ်လိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာခြင်း၊

(၁၂) ဤဘဝ၌ မဂ် ဖိုလ်ကို မရသေးလျှင် နောက်ဘဝ၌ သုဂတိ ဘဝသို့ လားရောက်ရခြင်း -

စသည်တို့ဖြစ်သည်။

**မေတ္တာဘာဝနာ**

သူတပါး ကောင်းစားစေလိုသောစိတ်ကို အဖန်ဖန် အထပ်ထပ် ဖြစ်ပွားအောင် ပြုလုပ်ပေးခြင်း၊ အာရုံပြုခြင်း၊ ပို့လွှတ်ပေးခြင်းသည် မေတ္တာဘာဝနာ မေတ္တာပို့သည်မည်၏။

သတ္တဝါတို့အပေါ်၌ မေတ္တာပွားများ၍ဖြစ်စေ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့တွင် တစ်ပါးပါး ပွားများ၍ဖြစ်စေ နေခြင်းသည် မြင့်မြတ်သော နေခြင်းဖြစ်၍ **ဗြဟ္မဝိဟာရ** ဟု ခေါ်သည်။ ထိုကဲ့သို့ ပွားများခြင်းသည် မြင့်မြတ်သောအကျင့်ဖြစ်သောကြောင့် **ဗြဟ္မစိုရ်**ဟုခေါ်သည်။

မေတ္တာပွားလျှင် ဦးစွာ မိမိကိုယ်ကို အလျှင်ပွားရသည်။ "ငါ ချမ်းသာ ချင်သကဲ့သို့ အသက်ရှိသောသတ္တဝါတိုင်း ချမ်းသာချင်ကြမည် "ဟု ကိုယ်ချင်းစာတရား ဖြစ်ပွားအောင် လုပ်ခြင်းဖြစ်သည်။ မိမိပို့လွှတ်သော မေတ္တာဓာတ်ကို မခံယူနိုင်တော့သဖြင့် သေလွန်ပြီးသူများကို မေတ္တာမပွားရ။

**ဗြဟ္မစိုရ်တရား (၄) ပါး**

(၁) မေတ္တာ - သတ္တဝါအများ ကြီးပွားချမ်းသာသည်ကို လိုလား ချစ်မြတ်နိုးခြင်း။

(၂) ကရုဏာ - ဆင်းရဲသော သတ္တဝါများကို မြင်၍ သနားခြင်း၊ ဆင်းရဲမှ ကင်းလွတ်စေလိုခြင်း။

(၃) မုဒိတာ - ပြည့်စုံချမ်းသာသော သူတို့ကို မြင်ရလျှင် ဝမ်းမြောက်ခြင်း။

(၄) ဥပေက္ခာ- သတ္တဝါတို့အပေါ်၌ ချစ်ခြင်း မုန်းခြင်းမရှိ မျှမျှတတ ရှုမြင်ခြင်း။

**မေတ္တာ**

မေတ္တာဆိုသည်မှာ ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ပုဂ္ဂိုလ် သတ္တဝါ ပညတ်ကို အာရုံပြုကာ "ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ" စသည်ဖြင့် သတ္တဝါတို့၏ ကြီးပွားချမ်းသာမှုကို လိုလား တောင့်တသော အဒေါသ စေတသိက်ကိုပင် " **မေတ္တာ** "ဟု ခေါ်သည်။

မေတ္တာကို ချစ်ခြင်းဟု မြန်မာမှု ပြုကြပါသည်၊ ထိုချစ်ခြင်းဟူသော ဝေါဟာရသည်-

(၁) လင်ချစ် မယားချစ်ဟူသော တဏှာပေမချစ်ခြင်း၊

(၂) မိဘ ညီအကိုမောင်နှမချစ် ဟူသော ဂေဟာဿိတပေမချစ်ခြင်း၊

(၃) သူတပါး ကြီးပွားချမ်းသာစေလိုမှု ဟူသော မေတ္တာချစ်ခြင်း- ဟူ၍ (၃)မျိုး ရှိသည်။

တဏှာပေမနှင့် ဂေဟာဿိတပေမသည် ချစ်ခင် တွယ်တာခြင်း ဟူသော လောဘသဘော၊ တဏှာသဘောပါ၍ စင်ကြယ်သော သဘောတရားဟု မဆိုရ။

မေတ္တာသည်သာလျှင် သူတပါး၏ ကြီးပွားမှု၊ ချမ်းသာမှုကို လိုလားသော မေတ္တာစစ်ဖြစ်၍ စင်ကြယ်မွန်မြတ်သော သဘောတရားဖြစ်သည်။

**မေတ္တာပို့သနည်း**

မိမိမေတ္တာပို့မည့်သူကို ဓာတ်ပုံရိုက်သကဲ့သို့ ခြေဆုံး ခေါင်းဆုံး တစ်ကိုယ်လုံး ထင်မြင်အောင် အာရုံယူလျက်၊ စိတ်ကိုညွတ်လျက် " ချမ်းသာ

**ပါစေ၊ ဘေးရန်ကင်းပါစေ** ”ဟူသော မေတ္တာဘာဝနာစိတ်ကို ထိုသူ့ထံသို့ ရောက်အောင် ပို့လွှတ်ခြင်း၊ ဖြန့်ကြက်ခြင်းကို မေတ္တာပို့သည်ဟု ခေါ်သည်။

မိမိပို့သသည့် မေတ္တာအစွမ်း ထက်မြက်လိုပါလျှင် အောက်ပါအတိုင်း မေတ္တာဘာဝနာ စီးဖြန်းရမည် –

(၁) ဦးစွာ သီလခံယူပါ။

(၂) တင်ပျဉ်ခွေထိုင်၊ ခါးအလယ်ပိုင်းကိုယ်ကို မတ်မတ်ထားပါ၊ လက်ဝါးနှစ်ဘက်ကို ပက်လက်ထား၍ ထပ်၍ လက်မထိပ်ချင်း ထိထားရမည်၊ ဦးခေါင်းကို မငိုက်စေဘဲ မေတ္တာဘာဝနာ အာရုံသို့ ဦးတည်သော သတိဖြင့် ငြိမ်သက်စွာ ထိုင်ရမည်။

(၃) မိမိမေတ္တာပို့လိုသော ပုဂ္ဂိုလ်သတ္တဝါကို မိမိမျက်စိထဲတွင် ထင်မြင်လာအောင် အာရုံယူလျက်၊ စိတ်ညွတ်လျက် ထိုပုဂ္ဂိုလ်အား ‘ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ’ စသည်ဖြင့် မေတ္တာစာတ်ကို ထပ်တလဲလဲ ခွဲသန်သန်ဖြင့် တစ်ကြိမ်လျှင် အနည်းဆုံး ၁၅–မိနစ်၊ နာရီဝက်ခန့် ပို့သပွားများရမည်။

(၄) ပုဂ္ဂိုလ် တစ်ဦးဦးကို ပိုင်ပိုင်နိုင်နိုင် မေတ္တာများ ပို့နိုင်လျှင် လူအများစု၊ တစ်ရွာလုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး ခြုံပြီး အာရုံဖြန့်ကာ မေတ္တာဓာတ်ကို ပို့လွှတ်နိုင်အောင် လေ့ကျင့်ယူရသည်။

အလေ့အကျင့်ရလာသောအခါ အရှေ့အနောက် တောင်မြောက် ထက်အောက်စသည်ဖြန့်၍ ပို့ရန်လည်း မခက်တော့ပြီ။

## မေတ္တာပို့သမှုအကျိုး

မေတ္တာပို့သခြင်းသည် ဒါနမှု၊ သီလမှုတို့ထက် အကျိုးကြီးသည်။ (သမထလုပ်ငန်းဖြစ်၍ သမာဓိအားကောင်းမှ မိမိ ဖြန့်ဖြူးပို့သသည့် မေတ္တာဓာတ်သည် အစွမ်းထက်မည်၊ ထိနိုက်မည်ကို သတိပြုပါ။ လက်နှိပ်ဓာတ်မီး ပမာ ဓာတ်ခဲအား မီးသီးအား ကောင်းသလောက် လင်းသည်။ မှန်ဘီလူးကဲ့သို့ အားကောင်းသလောက် ဆွဲယူနိုင်သည်ဟုလည်း မှတ်ပါ။)

**မေတ္တာပို့သမှု အကျိုး(၁၁)ပါး**

(၁) ချမ်းသာစွာ အိပ်ရခြင်း၊
(၂) ချမ်းသာစွာ နိုးရခြင်း၊
(၃) မကောင်းအိပ်မက် မမြင်မက်ရခြင်း၊
(၄) လူတို့ ချစ်နှစ်သက်ခြင်း၊
(၅) နတ်တို့ ချစ်ခင်မြတ်နိုးခြင်း၊
(၆) နတ်တို့ စောင့်ရှောက်ခြင်း၊
(၇) မီး, အဆိပ်, လက်နက် မသင့်နိုင်ခြင်း၊
(၈) စိတ်လျှင်မြန်စွာ တည်ကြည်ခြင်း၊
(၉) မျက်နှာရုပ်ဆင်း ကြည်လင်ရွှင်ပြခြင်း၊
(၁၀) မတွေဝေဘဲ သေရခြင်း၊
(၁၁) သေသောအခါ ဗြဟ္မာပြည်သို့ လားရခြင်း။

**ဆောင်ပုဒ်။** ။ အိပ်,နိုး, ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူနတ်၊ စောင့်လတ်နတ်များ၊ မီး, ဆိပ်, ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျှင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း။

## (ဃ) မိမိကုသိုလ်အဖို့ကို အမျှဝေခြင်း

မေတ္တာပို့ပြီးသောအခါ အာနာပါန (ထွက်သက် ဝင်သက်ရှုမှတ်မှု) စသော သမထ၊ ဝိပဿနာ ကျင့်စဉ်တို့ကို စွမ်းအားရှိသမျှ ရှုမှတ်ပွားများရမည်။

ကုသိုလ်ကောင်းမှု အားလုံး ပြုပြီးနောက် မိမိတို့ ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုနှင့်စပ်၍ အောက်ပါအတိုင်း ဆုတောင်းပြီး အမျှဝေရမည်။ အခြား မိမိတို့ဆန္ဒရှိရာ ဆုတောင်း, အမျှဝေများကိုလည်း အသုံးပြုနိုင်သည်။

**ဆုတောင်း**

ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ချမ်းမြအေးကြည်၊ ဘေးမဲ့မည်သည့်၊ ရွှေပြည်ထုတ်ချောက်၊ လမ်းမကောက်ဘဲ၊ ရောက်ရပါလို၊ တောင်းဆုဆို၏၊ ထိုထိုဘဝ၊ ကျင်လည်ရလည်း၊ ဒုက္ခဘေးဒဏ်၊ ရန်မာန်အပေါင်း၊ မကောင်းဟူသမျှ၊ မတွေ့ရဘဲ၊ သဗ္ဗဏ္ဏုတ္တာ၊ မင်္ဂလာကို၊ ရွယ်ကာ တ—တိုင်း ရစေသောဝ်။

**အမျှဝေ**

ယနေ့ယခု၊ ပြုပြုသမျှ၊ မြတ်ဘာဂကို၊ မိဘဆရာ၊ မျိုးသဟာနှင့်၊ ကိုယ်မှာ စောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊ အရင်းစ၍၊ ရှိသမျှလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျတို့၊ ရကြပါစေ၊ ပေးငှဝေသည့်၊ များထွေသာဓု ခေါ်စေသော်။

**ဆုတောင်းအမျှဝေ(တစ်နည်း)**

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရကြေးပါစေ၊ အမျှဝေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဉာနွဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော်၊ ဝသုန္ဓြေ၊ ဤမြေပ်သု၊ သီလာထုလည်း၊ သက်သေအမှု တည်စေသော်။

အားလုံးကြား ကြားသမျှ၊ အမျှ -အမျှ-အမျှ ယူတော်မူကြပါကုန်လော့။

သာဓု - သာဓု - သာဓု

## ဆုံတောင်းအမျှဝေ

**ဆုတောင်း**

(၁) ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

(၂) ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

(၃) အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိဇရာ ဗျာဓိမရဏမှာ ပရိမုစ္စိဿာမိ။

**အနက်**

(၁) မေ-အကျွန်ုပ်၏၊ ဣဒံ ပုညံ-ဤကောင်းမှုသည်၊ အာသဝက္ခယံ-အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သို့၊ အာဝဟံ-ရွက်ဆောင်နိုင်သည်၊ ဟောတု- ဖြစ်ပါစေ' သတည်း။

(၂) မေ-အကျွန်ုပ်၏၊ ဣဒံ ပုညံ-ဤကောင်းမှုသည်၊ နိဗ္ဗာနဿ-နိဗ္ဗာန်၏၊ ပစ္စယော- အထောက်အပံ့သည်၊ ဟောတု- ဖြစ်ပါစေ သတည်း။

(၃) ဣမာယ ပဋိပတ္တိယာ- ဤကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဇာတိဇရာ ဗျာဓိမရဏမှာ- ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့မှ၊ အဒ္ဓါ- မချွတ်ကေန်၊ ပရိမုစ္စိဿာမိ- ကင်းလွတ်ရပါလို၏အရှင်ဘုရား။

**အမျှဝေ**

ဣမံ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။

**အနက်**

ဣမံ ပုညဘာဂံ- ဤကောင်းမှုကုသိုလ်အဖို့ကို၊ သဗ္ဗသတ္တာနံ- အလုံးစုံသော သတ္တဝါတို့အား၊ ဒေမ ဘာဇေမ- အမျှပေးဝေပါကုန်၏။

## သာဓု-သာဓု-သာဓု

**နောက်ဆုံး ဘုရားရှိနိုးပူဇော်၍ ဦးချရန်**

(၁) ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
(၂) ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
(၃) ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

**အနက်**

(၁) ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ - မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤသီလ သမာဓိ ပညာ အကျင့်မြတ်ဖြင့်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ပူဇေမိ- ပူဇော်ပါ၏အရှင်ဘုရား။

(၂) ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ - မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤသီလ သမာဓိ ပညာ အကျင့်မြတ်ဖြင့်၊ ဓမ္မံ-တရားတော်မြတ်ကို၊ ပူဇေမိ- ပူဇော်ပါ၏အရှင်ဘုရား။

(၃) ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ - မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤသီလ သမာဓိ ပညာ အကျင့်မြတ်ဖြင့်၊ သံဃံ- သံဃာတော်မြတ်အပေါင်းကို၊ ပူဇေမိ- ပူဇော်ပါ၏အရှင်ဘုရား။

## နေ့စဉ်ကျင့်ရန် အစီအစဉ်

(၁) နေထွက်နေဝင်၊ ကိုးဂုဏ်ရှင်၊ နေ့စဉ်ရှိခိုးမယ်။
(၂) အနန္တငါး၊ ဂုဏ်တော်များ၊ ညွတ်တွားကန်တော့မယ်။
(၃) မျက်နှာသစ်လျှင်၊ ရေကိုမြင်၊ မြင်စဉ် မေတ္တာပွားပါ့မယ်။
(၄) သစ်ရင်း သစ်ရင်း၊ လျော့ယိုယွင်း၊ ရုပ်ဆင်းသတိထားပါ့မယ်။
(၅) တန်းတူတွေ့လျှင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။
(၆) ပြိုင်မယ့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။
(၇) ကိုယ့်အောက်တွေ့လျှင်၊ ကရုဏာဝင်၊ မဝင်နိုင်က နိုင်တတ်တယ်။
(၈) နိုင်မယ့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။
(၉) ကိုယ့်ထက်သာလျှင်၊ မုဒိတာဝင်၊ မဝင်လျှသာ ယှိုင်တတ်တယ်။
(၁၀) ယှိုင်မယ့်အစား၊ မုဒိတာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။
(၁၁) ရုပ်ကိုလဲပြင်၊ စိတ်လဲပြင် ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ၊ သုခနိဗ္ဗာန် တိုင်လိမ့်မယ်။

## (င) သူတပါးကုသိုလ်ကို ဝမ်းမြောက်ခြင်း (သာဓုခေါ်ခြင်း)

ဗုဒ္ဓဘာသာဝင်တို့သည် ဒါန သီလ ဘာဝနာ ကုသိုလ်တရားများကို ပြုလုပ်ပြီးသောအခါတိုင်း၌ မိမိတို့ ကုသိုလ်၏အဖို့ဘာဂကို အမျှအတန်း ပေးဝေလေ့ရှိကြသည်။ အမျှဝေခြင်းကို ပတ္တိဒါနကုသိုလ်ဟု ခေါ်ဆိုကြပြီး အလှူရှင်တို့ ပေးဝေသော ကုသိုလ်အမျှကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခြင်း ကို ပတ္တာနုမောဒနကုသိုလ်ဟု ခေါ်ဆိုကြသည်။ တိရောကုဍ္ဍသုတ်တော်တွင် ကွယ်လွန်သွားသော သူတို့သည် သာဓုခေါ်နိုင်သော ပြိတ္တာမျိုးတို့၌ ဖြစ်နေကြလျှင် ထိုသူတို့အတွက် ရည်စူး၍ ကုသိုလ်ပြုလုပ်ကာ အမျှပေးဝေ ရသည်။ ထိုအခါ ပြိတ္တာတို့က သာဓုခေါ်ကြလျှင် ပြိတ္တာဘဝ ဆင်းရဲမှ လွတ်မြောက်ကာ နတ်၌ဖြစ်သော ဝတ်စားတန်ဆာ ဥယျာဉ် ဗိမာန် အသုံးအဆောင်တို့ကို စားသုံးရသည်ဟု မြတ်စွာဘုရား ဟောတော်မူသည်။ ပေတဝတ္ထုတွင်လည်း သာဓုခေါ်ရုံမျှနှင့် ကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်နိုင်ကြောင်း ဖော်ပြ ပါရှိသည်။ တရားဟောသော ပုဂ္ဂိုလ်သည်

အသချေ်အပါယ်မလားနိုင်၊ တရားနာသောပုဂ္ဂိုလ်သည် ကိုးကမ္ဘာ အပါယ် မလားနိုင်၊ တရားဟောရန် တောင်းပန်သော ပုဂ္ဂိုလ်သည် ရှစ်ကမ္ဘာ အပါယ်မလားနိုင်၊ သာဓုခေါ်ရသောပုဂ္ဂိုလ်သည် တစ်ကမ္ဘာ အပါယ်မလားနိုင် ဟု ကျမ်းဂန်စာပေတို့တွင် ဖော်ပြထားသဖြင့်သူတပါး ကုသိုလ်ကို ဝမ်းမြောက်ခြင်း သာဓုခေါ်ခြင်းသည် လွန်စွာ အကျိုးများသော အလုပ်တခုဖြစ်ပါသည်။ လွယ်လင့်တကူ မှတ်မိစေရန်အတွက် –

**"နာ ကိုး၊ တောင်း ရှစ်၊ သာဓု တစ်၊ ဟောလစ် အသချေ်"** ဟု ဆောင်ပုဒ်ပြုလုပ်ထားခဲ့လေသည်။

သို့ဖြစ်၍ မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှု ပြုပြီးသောအခါ၌လည်း သူတပါးတို့အား မိမိကုသိုလ်၏ အဖို့ဘာဂကို အမျှဝေရမည်၊ သုံးဆယ့် တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျ သုခိတ– ဒုက္ခိတ သတ္တဝါတို့အား ရည်မှန်း၍ အမျှဝေရမည်။ အထူးသဖြင့် မိမိအတွက် ကျေးဇူး ကြီးမားလှသည့် မိဘဆွေမျိုးဉာတကာ မိတ်သဟာနှင့် ကြွလာပရိသတ် အရပ်ရပ်တို့အား လည်းကောင်း၊ ကိုယ်စောင့်နတ် အိမ်စောင့်နတ် စသော နတ်များစွာတို့အား လည်းကောင်း၊ အထူးသဖြင့် ငရဲသနင်းယမမင်း၊ နိုင်ငံသနင်း ပြည့်ရှင်မင်း စသူတို့အားလည်းကောင်း အမျှပေးဝေရသည်။

ထို့အတူပင် သူတော်ကောင်းတို့ ပေးဝေသော ကုသိုလ်အမျှကိုလည်း မိမိက ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ရသည်။ သာဓုခေါ်ဆိုခြင်းဖြင့် ပတ္တာနုမောဒန ကုသိုလ်ပွားကာ အကျိုးများစွာ ရရှိနိုင်သည်။ ကုသိုလ်ပြုပြီးတိုင်း အမျှဝေခြင်း သာဓုခေါ်ခြင်းကို အလေးအနက် ပြုလုပ် အားထုတ်ရပေသည်။

# အခန်း (၅)

## အလှူဒါန ပြုလုပ်ခြင်း

# အခန်း (၅)

## အလှူဒါနပြုလုပ်ခြင်း

### ဒါနအကြောင်း သိကောင်းစရာ

စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်းကို **ဒါန** ဟု ခေါ်သည်။ ဤဒါနသည် စေတနာဒါန၊ ဝတ္ထုဒါန ဟု နှစ်မျိုးရှိ၏။ အဝတ်အစားစသည့် လှူဖွယ်ဝတ္ထုပစ္စည်းသည် "**ဝတ္ထုဒါန**" ဖြစ်၏။ ထိုအလှူဒါနနှင့်စပ်၍ အလှူရှင်သန္တာန်မှာ ဖြစ်ပေါ်သည့် စေတနာကို **စေတနာဒါန** ဟုခေါ်၏။

ထို စေတနာဒါနမှာ–

(၁)မလှူမီ ရှေ့ပိုင်းကာလ၌ ထိုအလှူနှင့်စပ်၍ ဖြစ်ပေါ်သော ပုဗ္ဗစေတနာ၊

(၂)ပေးလှူနေဆဲကာလ၌ ဖြစ်ပေါ်သော မုဥ္စစေတနာ။

(၃)လှူပြီးနောက်ပိုင်းကာလ၌ ဖြစ်ပေါ်သော အပရစေတနာ–

ဟူ၍ သုံးမျိုးရှိသည်။

အကျိုးပေးရာ၌ စေတနာဒါန ကသာ အကျိုးပေးသည်။ သို့ရာတွင် လှူဖွယ်ဝတ္ထုပစ္စည်းများသည် စေတနာ ထက်သန်အောင် အထောက်အပံ့ပြုနိုင်ကြသည်။ လှူဖွယ်ပစ္စည်းက ညောင်စေ့လောက် နည်းနေသော်လည်း စေတနာ ထက်သန်လျှင် ညောင်ပင်ကြီးလောက် အကျိုးကို ရနိုင်သည်။ ထို့ကြောင့် အလှူဒါန ပြုကြသည့်အခါ စေတနာသုံးတန် ဖြူစင်ထက်သန်အောင် ကြိုးစားကြရမည်။

**အလှူသဘော**

အလှူဟူသည် –

– နတ်ပြည်၏ စောင်းတန်းလှေကားဖြစ်သည်။
– မြတ်သော ရိက္ခာထုပ် ဖြစ်သည်။
– ခရီးဖြောင့်လည်း ဖြစ်သည်။
– မြတ်သော မဂ် ဖိုလ် နိဗ္ဗာန်၏ အကြောင်း ဖြစ်သည်။
– အစိုးရခြင်းကို ဖြစ်စေတတ်၏။
– စည်းစိမ် ချမ်းသာကို ပေးတတ်၏။
– ချမ်းသာကို ပွားစေတတ်၏။
– မိမိကိုယ်ကို စောင်မတတ်၏။
–မယဉ်ကျေးသူတို့ကို ယဉ်ကျေးစေတတ်၏။
–အလုံးစုံသော အကျိုးကို ပြီးစေတတ်၏။
–အမွန်မြတ်ဆုံး မင်္ဂလာတစ်ပါးလည်း ဖြစ်၏။

## (က) ဆွမ်းတော်ကပ်လှူခြင်း

ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ နှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား ဤမွန်မြတ်သော ဆွမ်း, ခဲဖွယ်, ဘောဇဉ်တို့ကို လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား။ ဤဆွမ်း ခဲဖွယ် ဘောဇဉ်တို့ကို လှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

**ကလေးများဆုတောင်း**

ရသာမွေးကြူ၊ ဆွမ်းဖွေးဖြူကို၊ ပေးလှူပါရ၊ ဤပုညကြောင့်၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ မြနယ်ရွှေနှင့်၊ အနေတင့်၊ ဆင့်ဆင့် မြင့်ရပါလို၏ အရှင်ဘုရား။

**ဆွမ်းလှူရကျိုး**

ထမင်းမစားရလျှင် အသက်မရှည်၊ ခန္ဓာကိုယ်ညှိုး၍ အဆင်းမလှ၊ ကိုယ်စိတ်မချမ်းမသာ၊ ခွန်အားလည်းမရှိ၊ ဉာဏ်လည်းမထွက်၊ ထမင်းစားရမှ သက်ရှည်ဆင်းလှ ချမ်းသာရ၍ ခွန်အားဗလတိုးလျက် ဉာဏ်လည်း ထွက်၏။ ထို့ကြောင့် ဆွမ်းပေးလှူသူတိုင်းမှာ တူသောအကျိုး ၅–မျိုးကို ရမြဲဖြစ်သည်။

**ဆောင်ပုဒ်**။ ။သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊
ဆွမ်းလှူအကျိုး၊ ဤငါးမျိုး၊ တန်ခိုးကြီးလှစွာ။

## (ခ) ရေချမ်းကပ်လှူခြင်း

ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ နှင့် ပြည့်စုံတော်မူသော မဟာကရုဏာတော်သခင် ရှင်တော်မြတ်ဘုရားအား ဤကြည်လင်သန့်ရှင်း အေးမြသော ရေချမ်းတော်ကို လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား၊ ဤရေလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

**ကလေးများဆုတောင်း**

ကြည်လင်အေးမြ၊ ရေလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ ကိုယ်ဝယ်တွင်းပြင်၊ ညစ်ကြေးစင်၊ ကြည်လင်အေးမြရပါလို၏ အရှင်ဘုရား။

**ရေလှူရကျိုး**

ရေမသောက်ရလျှင် အသက်မရှည်၊ အဆင်းမလှ၊ ချမ်းသာမရ၊ ခွန်အားဗလမရှိ၊ ဉာဏ်လည်းမရှိ၊ ရေမချိုးရလျှင်၊ မစင်ကြယ် မသန့်ရှင်း၊ ထို့ကြောင့် ရေလှူသူ ရေပေးသူတို့သည် အသက်ရှည်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း စသော အကျိုးများ ရနိုင်ပါသည်။

ဆောင်ပုဒ်။ ။ သက်ရှည် ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ။
စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊ ခပင်းခြွေရံကာ။
ရေမငတ်ငြား၊ လျှင်မြန်သွား၊ ဆယ်ပါးရေကျိုးလာ။

## (ဂ) ပန်းနံ့သာကပ်လှူခြင်း

ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား ဤတင့်တယ် လှပ မွှေးကြိုင်သော ပန်းတော်ကို (မွှေးကြိုင်သင်းပျံ့သော နံ့သာကို) လှူဒါန်း ဆက်ကပ်ပါ၏ အရှင်ဘုရား၊ ဤသို့ ပန်း (နံ့သာ) လှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

### ကလေးများဆုတောင်း

အနံ့လည်းသင်း၊ အဆင်းလည်းလှ၊ ပန်းလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ သွယ်သွယ်ဂုဏ်နှင့်၊ အစုံတင့်၊ ထုံသင့်ကြိုင်ရပါလို၏ အရှင်ဘုရား။

### ပန်းနံ့သာလှူရကျိုး

တစ်ပွင့်ပန်းကို လှူဒါန်းရသော အကျိုးကြောင့် ကမ္ဘာတစ်သိန်းတိုင်အောင် နတ်ပြည်၊ လူ့ပြည်၌ မွေ့လျော်ရ၍ နောက်ဆုံးဘဝဝယ် မဂ် ဖိုလ် နိဗ္ဗာန် ရောက်ရသည့် ဖြစ်ရပ်ဝတ္ထုများ များစွာပင် ရှိသည်။

## (ဃ) ဆီမီးကပ်လှူခြင်း

ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား အမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းတောက်ပသော ဤဆီမီး (ဤလျှပ်စစ်မီး)ကို လှူဒါန်း ပူဇော်ပါ၏ အရှင်ဘုရား၊ ဤမီးလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

**ကလေးများဆုတောင်း**

ထွန်းလင်းတောက်ပ၊ မီးလှူရ၍၊ ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ လနယ်နေနှင့်၊ အသရေတင့်၊ ဆင့်ဆင့်ထွန်းလင်း၊ ဉာဏ်မြင်ရှင်း၍၊ အဆင်းလှပ ရပါလို၏ အရှင်ဘုရား။

**ဆီမီးကပ်လှူရကျိုး**

- လူ့ပြည် နတ်ပြည်တို့၌ အကြိမ်ကြိမ် ဖြစ်ရသည်။
- ထွန်းလင်းတောက်ပသော ကိုယ်ရောင်ကိုယ်ဝါ ရှိသည်။
- နံရံ တောင် ကျောက်တို့ကို ဖောက်၍ ယူဇနာတစ်ရာ မြင်နိုင်သော ဉာဏ်မျက်စိအလင်းကို ရရှိနိုင်သည်။
- နောက်ဆုံးဘဝ၌ လွယ်ကူစွာ တရားထူးရနိုင်သည်။

အထူးသတိပြုရန်မှာ - မည်သည့်ပစ္စည်းကို လှူလှူ၊ ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို အလေးအနက် အောက်မေ့ဆင်ခြင်၍ လှူရမည်။

## အကျိုးပြဝတ္ထုများ

### (၁) ဆွမ်းလှူကျိုးပြဝတ္ထု

ဤကမ္ဘာမှ ပြန်ရေတွက်သော် (၉၄)ကမ္ဘာထက်၌ 'သိဒ္ဓတ္ထ' ဘုရားပွင့်တော်မူခဲ့သည်။ အခါတပါး၌ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းတော်ဖြင့် တင့်တယ်စွာ ဆွမ်းခံကြွတော်မူလာသော ဘုရားရှင်ကို အမျိုးသားတစ်ယောက်သည် အလွန်ကြည်ညိုသည်ဖြစ်၍ အိမ်သို့ ပင့်ပြီးလျှင် ဆွမ်းဆက်ကပ်လှူလေသည်။

ထိုအမျိုးသားသည် ထိုဘဝမှ စုတေလတ်သော် ထိုဆွမ်းလှူရသော ကောင်းမှုကြောင့် လူ့ပြည် နတ်ပြည်တို့၌ အကြိမ်ကြိမ်ဖြစ်ရလေသည်။ နတ်စည်းစိမ်၊ လူစည်းစိမ်ကို အကြိမ်ကြိမ်ခံစား၍ တစ်ကြိမ်ကစ်ခါမျှ

အပါယ်လေးပါး၌ မဖြစ်ရဘဲ ဤဘုရားရှင် လက်ထက်တော်၌ ချမ်းသာကြွယ်ဝလှသော အမျိုးကောင်းသား တစ်ဦးဖြစ်ပြီး အရွယ် ရောက်သော် ရဟန်းပြု၍ အာသဝေါကုန်ခန်းကာ ရဟန္တာဖြစ်ရသည်။

## (၂) ရေလှူကျိုးပြဝတ္ထု

ပဒုမုတ္တရဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးသော အခါ ဗုဒ္ဓဘာသာဝင်သူတော်စင် အပေါင်းတို့သည် ဗောဓိပင်ကို ရေစင် ရေကောင်းတို့ဖြင့် သွန်းလောင်း ပူဇော်ကြသည်။

ထိုအခါ အမျိုးသားတစ်ယောက်သည် လှပသော ရေအိုး၌ နံ့သာ ရောထားသော ရေတို့ကို ထည့်၍ ဗောဓိပင်အား သွန်းလောင်းပူဇော်၏။

ထိုအမျိုးသားသည် ထိုဘဝမှ စုတေသော် တုသိတာနတ်ပြည်၌ ဖြစ်၍ နတ်မင်း လူမင်းစည်းစိမ်ကို အကြိမ်ကြိမ်ခံစားကာ ဤဘုရားရှင် လက်ထက်တော်၌ '**ဂန္ဓောဒကိယ**' မထေရ်မည်သော ရဟန္တာ ဖြစ်လာလေသည်။

## (၃) ပန်းလှူကျိုးပြဝတ္ထု

အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်ကြီးသည် နတ်ပြည်သို့ တစ်နေ့သော အခါ ဒေသစာရီ လှည့်လည်ရာ ရေ၌ပွင့်သော ကြာပန်းအမျိုးမျိုးနှင့် ကုန်း၌ပွင့်သော ပန်းမျိုးစုံတို့အလယ်၌ ကြီးကျယ် ခမ်းနားသော ဗိမာန်ကို မြင်တော်မူလေ၏။

ထိုဗိမာန်အလယ်၌ နတ်သမီးများ ခြံရံလျက် ပျော်စံနေသော နတ်သမီးကို မြင်ရလျှင် ရှေးဘဝက ကုသိုလ်ကို မေးမြန်းတော်မူလေသည်။

ထိုအခါ နတ်သမီးက ရှေးဖြစ်ဟောင်းကို လျှောက်သည်မှာ "ဘုရားတပည့်တော်မသည် ရာဇဂြိုဟ်မြို့တော်၏ အရှေ့ နာဠကရွာ၌ နေသော '**သေသဝတီ**' အမည်ရှိ အမျိုးသမီးဖြစ်ခဲ့ပါသည်။

တစ်နေ့တွင် အရှင်သာရိပုတ္တရာ ရဟန္တာအရှင်မြတ်ကြီးကို မြင်၍ ကြည်လင် ဝမ်းမြောက်သောစိတ်ဖြင့် ပန်းများစွာကို လှူဒါန်းပူဇော်ခဲ့ပါသည်။ ဤကောင်းမှုကြောင့် ဤဗိမာန်ကိုရ၍ ချမ်းသာအေးမြစွာ စံစားနေရပါသည် ”ဟု လျှောက်ထားလေသည်။

## (၄) ဆီမီးတော်လှူကျိုးပြဝတ္ထု

ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်တွင် အမျိုးသား တစ်ယောက်သည် ဗောဓိပင်ကိုဝိုင်း၍ ဆီမီးငါးပွင့်ဖြင့် ပူဇော်ခဲ့၏၊ ထိုအမျိုးသားသည် သိုဘဝမှ စုတေသော် ဆီမီးလှူသောကောင်းမှုကြောင့် လူ့ပြည်, နတ်ပြည်၌ အဆက်ဆက်ဖြစ်ရ၍ ဖြစ်လေရာရာဘဝတိုင်း အကာအကွယ်ရှိသော နေရာတို့ကို ထွင်းဖောက်လျက် ယူဇနာတစ်ရာကို မြင်နိုင်သော မျက်စိအမြင်ကို ရရှိလေသည်။

ထိုအမျိုးသားသည် ဤဘုရားရှင် လက်ထက်တော်၌ **‘ပဥ္စဒီပကမထေရ်’** ဟူသော အမည်ဖြင့် ထင်ရှားသော ရဟန္တာတစ်ပါးဖြစ်လာသည်။

သုမင်္ဂလ ဘုရားရှင်လည်း ဒါနပါရမီကို ဖြည့်ကျင့်ရာတွင် ဆီမီးအလှူကြောင့် နေ့ညမဟူ နေ လ တာရာ နက္ခတ်များပင် မှေးမှိန်ကွယ်ပျောက်၍ အမြဲတမ်း ရောင်ခြည်တော်များ တောက်ပြောင် ထွန်းလင်းနေလေသည်။

## (င) ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်း

ဗုဒ္ဓဘာသာဝင်တို့သည် အလှူဒါနပြုလုပ်ခြင်း များစွာပြုလုပ်ကြရာတွင် ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်းသည်လည်း ~~တစ်ခု~~အပါအဝင်ဖြစ်သည်။ ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်းဟူသည်မှာ မိမိရပ်ရွာ ရပ်ကွက် မြို့နယ်အတွင်း သီတင်းသုံးကြသော သံဃာတော်တို့သည် ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်မျိုးကို မငြိုမငြင် မပင်မပန်း အားထုတ်နိုင်စေရန် ရည်သန်၍ လူငယ် လူလတ် လူကြီးတို့ စုပေါင်း ပါဝင်ကြပြီး ပိဏ္ဍပါတ်ဆွမ်းလောင်းအသင်းများ ဖွဲ့စည်းကြသည်။ တချို့အဖွဲ့များမှာ နေ့စဉ်နေ့တိုင်း ရက်မပျက် ဆွမ်းလောင်းလှူကြသည်။ တချို့အသင်းများမှာ တနင်္ဂနွေ၊ တနင်္လာ

မိမိတို့ တတ်နိုင်ရာရက်ကို ရွေး၍ တနင်္ဂနွေဆွမ်းလောင်းအသင်းစသည် အမည်တပ်ကာ လောင်းလှူကြသည်။ တချို့အသင်းများမှာ ဝါတွင်းကာလ ဥပုသ်နေ့တိုင်းဖြစ်စေ၊ တစ်ပတ်လျှင် တစ်ရက်ရက် ဖြစ်စေ၊ ဝါတွင်း တဝါတွင်းလုံးဖြစ်စေ တတ်အားရှိသမျှ လောင်းလှူကြသည်။

ထို ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်းမှာ ပုဂ္ဂိုလ်စွဲ ဂိုဏ်းစွဲ ကျောင်းတိုက်စွဲ မထားဘဲ ကြွရောက်လာသမျှ စတုဒိသာ သံဃာများကို လောင်းလှူလေ့ရှိကြသည်။ တတ်နိုင်လျှင် ဆွမ်းသာမက ဆွမ်းဟင်းများပါ လောင်းလှူကြသည်။ ဤ ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်းကြောင့် သံဃာတော်များ ဆွမ်းကွမ်းကိစ္စ လွယ်လွယ်နှင့် အဆင်ပြေကာ မိမိနှစ်သက်ရာ ပိဋကစာများကို အချိန်မီ သင်ယူနိုင်ကြသည်။ ဤသို့ဖြင့် ပခုက္ကူ၊ မန္တလေးစသော မြို့ကြီးများတွင် သံဃာတော်အရှင်မြတ်တို့ စာပေပရိယတ် မပြတ်သင်ယူနိုင်ခဲ့ကြသည်။ ရပ်ကွက် မြို့ရွာအတွင်းရှိ ဒါယကာများအဖို့လည်း အာစိဏ္ဏကံကုသိုလ် ပြုလုပ်ရသဖြင့် လွန်စွာ အကျိုးရှိကြသည်။ ညနေဘက်ကပင် ဆွမ်း, ဆွမ်းဟင်းလျာ လှူဖွယ်ဝတ္ထု အစုစုတို့ကို စုဆောင်းရ၊ ချက်ပြုတ်ကြော်လှော်ရ၊ ဘာသာရေး ဆိုင်ရာ ဝေယျာဝစ္စများကို ပြုလုပ်ကြရသဖြင့် ကုသိုလ်စိတ်တို့ တဖွားဖွား တိုးပွားလျက်ရှိကြသည်။

အရဏ်တက်ချိန်တွင် ကြွလာသော သံဃာတော်တို့အား ဆွမ်းလောင်းလှူရ သဖြင့် ကြည်နူးဝမ်းသာရှိကြရသည်။ သို့ဖြစ်၍ ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်းသည် ဗုဒ္ဓဘာသာ မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ မြင့်မားသော ဘာသာရေး စိတ်ကို ဖော်ပြနေသည်။ စုပေါင်းလုပ်ကိုင်တတ်မှု၊ ကုသိုလ်ရေးကို အလေးပေးမှုတို့ကို ဖော်ပြနေသည်။ ဆွမ်းသိမ်းပွဲများတွင် အလှူဒါနပြုလုပ်ကြပြီး မိမိတို့ တတ်စွမ်းသမျှ ပဒေသာပင်များသီးကာ ဝမ်းမြောက်ပျော်ရွှင်စွာ လှူဒါန်းကြသည်။

ထိုကဲ့သို့သော ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်းမှ တဆင့်တက်၍ အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်လာနိုင်ကြသည်၊ မိမိတို့အချင်းချင်း ရင်းနှီးချစ်ခင် အကျွမ်းဝင်လာကြသည်။ ပိဏ္ဍပါတ်ဆွမ်းလောင်းခြင်းသည်ကား အလှူခံ ဖြစ်သော သံဃာတော်များအတွက် အရေးပါလှသကဲ့သို့ပင် အလှူရှင် ဒကာများ

အတွက်လည်း အာစိဏ္ဏကံကုသိုလ်ထူးကို ထာဝရ ရရှိနေခြင်းဖြစ်၍ ဗုဒ္ဓဘာသာ ဝင်တိုင်း ပါဝင်ဆင်နွှဲ ထိန်းသိမ်းထားရမည့် လုပ်ငန်းကြီးတစ်ရပ် ဖြစ်ပေသည်။

## (စ) အလှူဒါနအမျိုးမျိုး

သူတော်ကောင်းအလှူသည် (၅)မျိုးရှိသည်။ ထိုအလှူ(၅)မျိုးမှာ–

(၁) သဒ္ဓါဒါန
(၂) သက္ကစ္စဒါန
(၃) ကာလဒါန
(၄) အနုဂ္ဂဟိတဒါန
(၅) အနုပဟစ္စဒါန

တို့ဖြစ်သည်။

### (၁) သဒ္ဓါဒါန

ကံ–ကံ၏အကျိုးကို ယုံကြည်၍ အလှူခံ ပုဂ္ဂိုလ်တို့အား ပေးလှူခြင်းကို သဒ္ဓါဒါနဟု ခေါ်သည်။

ထိုသူသည် ဖြစ်လေရာဘုံဘဝတို့၌–
- ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာ၏။
- များသော အသုံးအဆောင်ရှိ၏။
- ရှုချင်စဖွယ်ရှိ၏။
- စိတ်ကြည်လင်ဖွယ်ရှိ၏။
- လွန်ကဲသော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏။

### (၂) သက္ကစ္စဒါန

လှူဖွယ်ဝတ္ထုကို ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ် သန့်သန့် ရှင်းရှင်း ပြုပြင်၍ အလှူခံပုဂ္ဂိုလ်တို့အား ရိုသေစွာ လှူခြင်းကို သက္ကစ္စဒါနဟု ခေါ်သည်။

ထိုသူသည် ဖြစ်လေရာဘုံဘဝတို့၌–

- ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသည်။
- များသော အသုံးအဆောင်ရှိသည်။
- သား၊ မယား၊ ကျေးကျွန်၊ အခြွေအရံတို့ မိမိစကားကို နားထောင်တတ်သည် ။
- တတ်သိနားလည်လွယ်သော ဉာဏ်ရှိသည်။

လှူဖွယ်ဝတ္ထုကို ကောင်းမွန်စွာ မစီမံဘဲ ဖြစ်ကတတ်ဆန်း လှူသောသူသည် ဖြစ်လေရာ ဘုံဘဝ၌ ဥစ္စာစည်းစိမ် ရှိသော်လည်း သား, မယား, ကျေးကျွန်တို့အပေါ်၌ မိမိဩဇာ မညောင်းဖြစ်တတ်သည်။

(၃) ကာလဒါန

လှူဖွယ်ပစ္စည်းတို့ကို အချိန်ကာလနှင့် လျော်ညီစွာ လှူဒါန်းခြင်းကို ကာလဒါန ဟုခေါ်သည်။

ထိုသူသည် ဖြစ်လေရာဘုံဘဝတို့၌–

- ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသည်။
- များသော အသုံးအဆောင်ရှိသည်။
- အချိန်ကာလနှင့် လျော်စွာ အကျိုးဟရား များစွာရနိုင်သည်။
- လိုအပ်သောအချိန်၌ လိုအပ်သောပစ္စည်းများကို ရတတ်သည်။

အချိန်အခါ မဟုတ်ဘဲ လှူဒါန်းသောသူသည် ဥစ္စာစည်းစိမ် ရှိသော်လည်း လိုအပ်သော အချိန်၌ လိုအပ်သော ပစ္စည်းများကို မရတတ်။

(၄) အနုဂ္ဂဟိတဒါန

အလှူခံပုဂ္ဂိုလ်အား ချီးမြှောက်လို၍ လှူခြင်းကို အနုဂ္ဂဟိတဒါန ဟုခေါ်သည်။

ထိုသူသည် ဖြစ်လေရာဘုံဘဝတို့၌-

- ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသည်။
- များသော အသုံးအဆောင်ရှိသည်။
- ရရှိသော စည်းစိမ်ဥစ္စာအပေါ်၌ သုံးဆောင်လိုစိတ်ရှိသည်။ သုံးလည်း သုံးဆောင်သည်။

အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုသော စိတ်မရှိဘဲ လှူသောသူသည် ဥစ္စာစည်းစိမ်ရှိသော်လည်း မွန်မြတ်သော အသုံးအဆောင်တို့ကို သုံးဆောင်လိုစိတ် မရှိ။ မသုံးဆောင်ရဘဲလည်း ရှိတတ်သည်။ အညံ့စားတို့ကိုသာ သုံးဆောင်ရတတ်သည်။

## (၅) အနုပဟစ္စဒါန

မိမိကိုလည်းကောင်း၊ သူတပါးကိုလည်းကောင်း မငြိစွန်း မထိခိုက်စေဘဲ လှူခြင်းကို အနုပဟစ္စဒါန ဟု ခေါ်သည်။

ထိုသူသည် ဖြစ်လေရာဘုံဘဝတို့၌-

- ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသည်။
- များသော အသုံးအဆောင်ရှိသည်။
- မိမိဥစ္စာကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်။
- အမွေခံ သားဆိုး၊ သမီးဆိုးတို့ မဖျက်ဆီးနိုင်။

မိမိနှင့် သူတပါးကို ငြိစွန်းထိခိုက်၍ လှူဒါန်းသူသည် စည်းစိမ်ဥစ္စာ ရှိသော်လည်း ရန်သူမျိုးငါးပါးတို့၏ နှိပ်စက်ဖျက်ဆီးခြင်းကို ခံရတတ်သည်။

**ဆောင်ပုဒ်။** ။ သဒ္ဓါကြည်ညို၊ ရိုသေလှစွာ၊ အခါကိုသိ၊ ချီးမြှောက်ဘိလျက်၊ မထိမပါး၊ ပေးလှူငြား၊ ငါးပါး သပ္ပုရိသ မြတ်ဒါန။

**အကျိုးပြု နန္ဒိယဥပါသကာဝတ္ထု**

ဗာရာဏသီမြို့၌ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်၍ သဒ္ဓါတရား ကောင်းသော မိဘနှစ်ဦးတို့မှာ နန္ဒိယမည်သော သတို့သား တစ်ယောက် ထွန်းကားလေသည်။ ထိုနန္ဒိယသည် မိဘများကဲ့သို့ သဒ္ဓါတရား ပြည့်စုံ၍ ရဟန်းသံဃာများကို ဆွမ်းစသော လှူဖွယ်ဝတ္ထုဖြင့် ပြုစုလုပ်ကျွေးလေ့ရှိ၏။ မိဘနှစ်ပါးကွယ်လွန်သောအခါ၌ကား အကြီးအကျယ်ဒါနရှင်ဖြစ်၍ ရဟန်းသံဃာများကိုသာမက တောင်းရမ်းစားသောသူများနှင့် ခရီးသွား ဧည့်သည်များအတွက်ပါ အိမ်ရှေ့၌ အသင့်ချက်ပြီးသော ထမင်းအိုးများကို အမြဲတည်ထားလေသည်။

နောင်အခါ၌ ဣသိပတန မိဂဒါဝုန်ကျောင်းတိုက်၌ တံခါးမုခ်လေးခုပါသော လေးခန်းတန်းလျားရှည်ကျောင်းကို ဆောက်၏။ အခန်းတိုင်း၌ အိပ်ရာ၊ ခုတင်၊ ထိုင်ခုံ စသည်တို့ကို အပြည့်အစုံထား၍ ဘုရားအမှူးရှိသော သံဃာတော်အား ရေစက်ချ၍ လှူဒါန်းလေသည်။ ထိုအခါ အလှူရေသည် ဘုရားရှင်၏လက်တော်၌ တည်သည်နှင့်တပြိုင်နက် တာဝတိံသာ နတ်ပြည် ၌လည်း နန္ဒိယဥပါသကာအတွက် အသုံးအဆောင်များနှင့်တကွ ကြီးကျယ်သော ဘုံဗိမာန်ကြီး ပေါက်နှင့်လေသည်။

အရှင်မောဂ္ဂလ္လာန်သည် နတ်ပြည်သို့ ကြွတော်မူသောအခါ ရှေးက မတွေ့ဖူးသော ဗိမာန်အသစ်ကို မြင်ရ၍ နတ်များကို မေးတော်မူလေသည်။ ထိုအခါ လူ့ပြည်မှာ ရှိနေသေးသော နန္ဒိယဥပါသကာ၏ ဗိမာန်ဖြစ်ကြောင်း လျှောက်ကြလေသည်။ ထိုဗိမာန်၌ ရောက်နှင့်နေသော နတ်သမီးများကလည်း အရှင်မောဂ္ဂလ္လာန်ကိုမြင်၍ ဗိမာန်မှဆင်းလာကြပြီးလျှင် "တပည့်တော်မတို့သည် နန္ဒိယဥပါသကာ၏ အလုပ်အကျွေးများဖြစ်ကြပါသည်၊ ဥပါသကာ မလာနိုင် သေး၍ အလွန်ပျင်းရိနေကြရပါသည်။ မြန်မြန်လာရန် အမိန့်ပေးတော် မူပါ"ဟု လျှောက်လိုက်ကြလေသည်။

အရှင်မောဂ္ဂလ္လာန်သည် လူ့ပြည်သို့ ပြန်ရောက်သောအခါ ဘုရားအထံတော်ကြွ၍ "မြတ်စွာဘုရား .... ကောင်းမှုရှင်က လူ့ပြည်၌ရှိနေစဉ် နတ်ပြည်၌ နတ်စည်းစိမ် ဖြစ်နှင့်နိုင်ပါသလော"ဟု မေးလျှောက်လေသည်။ ဘုရားရှင်ကလည်း "မောဂ္ဂလ္လာန် .... ဘာကြောင့် ငါ့ကို မေးနေရသလဲ၊ နန္ဒိယ၏ နတ်စည်းစိမ်ကို သင်ကိုယ်တိုင် တွေ့ခဲ့ရပြီ မဟုတ်လော"ဟု မိန့်တော်မူသည်။

# အခန်း (၆)

## သာသနာတော် တည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ခြင်း

# အခန်း (၆)

## သာသနာတော် တည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခြင်း

### (က) သံဂါယနာတင် သမိုင်းအကျဉ်း

ခရစ်မပေါ်မီ ၅၈၉–ခုနှစ်တွင် မြတ်စွာဘုရား ပွင့်တော်မူခဲ့၏။ ထိုသို့ ပွင့်တော်မူစဉ်က မြတ်စွာဘုရားသည် သက်တော်(၃၅)နှစ်အရွယ် ဖြစ်သည်။ ထိုကာလမှစ၍ အေးသည်၊ ပူသည်၊ ပင်ပန်းသည်၊ နွမ်းနယ်သည်၊ မမာမကျန်း ဖြစ်သည်မဟူ (၄၅)ဝါပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားအတွက် လုံ့လဝီရိယ ကြီးစွာဖြင့် သုတ်,ဝိနည်း,အဘိဓမ္မာ တရားတို့ကို မနေမနား ဟောကြားတော် မူခဲ့သည်။ မြတ်စွာဘုရားက–

> "ချစ်သား အာနန္ဒာ––– ငါဘုရား ဟောကြားထားသော ဓမ္မဝိနယခေါ် သုတ္တ, ဝိနည်း, အဘိဓမ္မာ တရားကော်သည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ သင်တို့၏ ဆရာ ဖြစ်သည်"ဟု

မှာကြားတော်မူခဲ့သည်။

ထိုမှာကြားချက်အရ "ဓမ္မဝိနယ"ခေါ်သော သုတ် ဝိနည်း အဘိဓမ္မာ တရားတော်များ ထင်ရှားစွာ ရှိနေသမျှ ကာလပတ်လုံး မြတ်စွာဘုရား သက်တော်ထင်ရှားရှိနေသည်မည်၏။ "သာသနာ"ဟူသည်မှာလည်း ဤ သုတ် ဝိနည်း အဘိဓမ္မာ တရားတော်ပင်ဖြစ်သည်။ သုတ် ဝိနည်း အဘိဓမ္မာ တရားတော်များ တည်ရှိနေသမျှ မြတ်စွာဘုရားလည်း တည်ရှိ နေသည်မည်၍ သာသနာတော်လည်း တည်ရှိနေမည်ပင်ဖြစ်သည်။ သုတ် ဝိနည်း အဘိဓမ္မာ တရားတော်များ ကွယ်ပျောက်ပါက မြတ်စွာဘုရား ကွယ်ပျောက်ပြီး သာသနာလည်း ကွယ်ပျောက်မည် ဖြစ်သည်။ သာသနာ ကွယ်ပျောက်ခြင်းသည် ကမ္ဘာလောကဓာတ်ကြီးထုစ်ခုလုံး မှောင်အတိ ဖုံးလွှမ်းခြင်းပင် ဖြစ်တော့သည်။

သို့ဖြစ်၍ မြတ်စွာဘုရား၏ တပည့်သားကောင်း ရဟန်း သံဃာတော် အဆက်ဆက်သည် ဓမ္မဝိနယ ခေါ်သော သုတ် ဝိနည်း အဘိဓမ္မာတရားတော်များ မညစ်နွမ်း မကွယ်ပျောက်ရန် ကြိုးစားစောင့်ရှောက်တော်မူခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် ခေတ်အဆက်ဆက်မှာပင် သာသနာတော်အတွက် ဆန့်ကျင်ဘက် အန္တရာယ်များ ပေါ်လာတတ်၏။ ထိုသို့ ပေါ်လာသည့်အခါ မြတ်စွာဘုရား၏ တပည့် သားကောင်း ရဟန်း သံဃာတော်များသည် ကြောင့်ကြမဲ့ မနေကြဘဲ သာသနာ့အန္တရာယ် ကွယ်ပျောက်ပြီး သာသနာတော် သန့်ရှင်းတည်တံ့ထွန်းကား ပြန့်ပွားရေးအတွက် သံဂါယနာ အသီးသီးကို တင်တော်မူခဲ့ကြပေသည်။ ထိုသို့ တင်သည့်အခါ ခေတ်အဆက်ဆက် ဆိုင်ရာ မင်းများ၊ အစိုးရများနှင့် ပြည်သူတို့ကလည်း ကြောင့်ကြမဲ့ မနေကြဘဲ သံဂါယနာတင်ပွဲကြီး ဖြစ်မြောက် အောင်မြင်ရေးအတွက် အဘက်ဘက်မှ ထောက်ပံ့ ကူညီခဲ့ကြသည်။

မြတ်စွာဘုရားသည် ခရစ်တော်မပေါ်မီ ၅၄၄–ခုနှစ်တွင် ပရိနိဗ္ဗာန် စံတော်မူခဲ့၏။ ထိုနှစ်မှ စ၍ သာသနာတော်နှစ် (၁) အဖြစ် စတင် ရေတွက်ခဲ့ကြသည်။ ယခုအခါ သာသနာတော်နှစ်သည် (၂၅၀၀) ကျော်လွန် ခဲ့ပြီဖြစ်သည်။ ထိုနှစ်များအတွင်းမှာ ထေရဝါဒ သံဂါယနာ (၆)ကြိမ် ကင်ခဲ့ပြီးဖြစ်၏။ သုတ် ဝိနည်း အဘိဓမ္မာ တရားတော်များ အမှားအယွင်း မရှိရအောင် စုပေါင်းရွတ်ဆို၍ အတည်ပြုခြင်းကို သံဂါယနာ တင်သည်ဟု ခေါ်သည်။ ထိုသို့ သံဂါယနာတင်ရာတွင် မြတ်စွာဘုရား ဟောထားတော်မူသော သုတ် ဝိနည်း အဘိဓမ္မာ တရားဒေသနာများကို ဟောတော်မူခဲ့သည့်အတိုင်း သံဂါယနာတင်ခြင်းဖြစ်သည်။ တစုံတရာ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း အလျှင်းမရှိချေ။

**ပထမသံဂါယနာ**

သာသနာတော်နှစ် (၁) (ခရစ်တော် မပေါ်မီ ၅၄၄–ဘီစီ) မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် (၃)လ အချိန်တွင် ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၊ သတ္တပဏ္ဏိလိုဏ်ဂူမဏ္ဍပ်တော်၌ ပထမသံဂါယနာ တင်ခဲ့၏။ သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးက သာသနာတော်အား ထိပါးပုတ်ခတ်သော စကားများကို ပြောဆိုသည့် သာသနာ့အန္တရာယ် ပေါ်ပေါက်သဖြင့်

အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ အမှူးပြုသော ရဟန္တာ မဟာထေရ်ကြီး အပါး(၅၀၀)တို့က သံဂါယနာ တင်တော်မူခဲ့ကြသည်။ ထိုသို့ တင်ရာတွင် ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းနှင့် ပြည်သူပြည်သားတို့ကလည်း အဘက်ဘက်မှ ပံ့ပိုးကူညီခဲ့ကြသည်။ သာသနာတော်နှစ် (၁)၊ ဝါခေါင်လပြည့်နေ့မှ စ၍ သံဂါယနာတင်ကြရာ ပြီးဆုံးသည်အထိ (၇)လ ကြာလေသည်။ ထိုသံဂါယနာသည် နှုတ်တက်ရွတ်ဆိုသော သံဂါယနာဖြစ်၏။

## ဒုတိယသံဂါယနာ

သာသနာတော်နှစ် (၁၀၀) (ခရစ်တော် မပေါ်မီ ၄၄၃-ဘီစီ)တွင် ဝေသာလီပြည် ဝါဠုကာရာမကျောင်းတိုက်၌ ဒုတိယ သံဂါယနာ တင်ခဲ့သည်။ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများက ရဟန်းကောင်းတို့၏ ဝိနည်းကျင့်ဝတ်နှင့် မညီသော အကျင့် (အဓမ္မဝတ္ထု) (၁၀)ပါးကို ဟောပြောပြုကျင့်ကြသော သာသနာ့အန္တရာယ် ပေါ်လာသောကြောင့် သံဂါယနာတင်ခြင်း ဖြစ်သည်။ အရှင်ယသ၊ အရှင်သဗ္ဗကာမိ၊ အရှင်ရေဝတ အမှူးပြုသော ရဟန္တာ မဟာထေရ်ကြီး အပါး(၇၀၀)တို့က ဒုတိယအကြိမ်မြောက် သံဂါယနာ တင်တော်မူခဲ့ကြသည်။ ထိုသို့တင်ရာတွင် ဝေသာလီပြည် ကာလာသောကမင်းနှင့် ပြည်သူပြည်သားတို့ကလည်း အဘက်ဘက်မှ ပံ့ပိုး ကူညီခဲ့ကြသည်။ နှုတ်ဖြင့်ရွတ်ဆိုပြုလုပ်သော သံဂါယနာဖြစ်သည်။ အချိန်ကာလ (၈)လ ကြာမြင့်လေသည်။

## တတိယသံဂါယနာ

သာသနာတော်နှစ် (၂၃၅) (ခရစ်တော် မပေါ်မီ ၂၇၃-ဘီစီ) တွင် ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတိုက်၌ တတိယသံဂါယနာတင်ခဲ့သည်။ ရဟန်းတု၊ ရဟန်းယောင်(တိတ္ထိ) ခြောက်သောင်းတို့က ရဟန်းကောင်းအသွင်ဖြင့် သာသနာတွင်း ဝင်ရောက်ပြီး မိစ္ဆာဝါဒများကို သွတ်သွင်းလာကြသော သာသနာ့အန္တရာယ်ကြောင့် တတိယသံဂါယနာ တင်ခြင်းဖြစ်သည်။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၊ အရှင်မဇ္ဈန္တိက၊ အရှင်မဟာဒေဝ အမှူးပြုသော ရဟန္တာမဟာထေရ်ကြီး အပါး(၁၀၀၀)တို့က တတိယအကြိမ်မြောက် သံဂါယနာတင်ခဲ့ကြသည်။ ထိုသို့ တင်ရာတွင် ပါဋလိပုတ်ပြည်

သီရိဓမ္မာသောကမင်းကြီးနှင့် ပြည်သူပြည်သားတို့ကလည်း အဘက်ဘက်မှ ပံ့ပိုး ကူညီခဲ့ကြသည်။ နှုတ်ဖြင့် ရွတ်ဆိုပြုလုပ်သော သံဂါယနာဖြစ်သည်။ အချိန်ကာလအားဖြင့် (၉)လ ကြာမြင့်လေသည်။

ထိုတတိယသံဂါယနာ တင်သည့်အချိန်က ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်တော်မူခဲ့ကြသည်။ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ အမှူးပြုသော ရဟန္တာ အရှင်မြတ်ကြီး ငါးပါး ကြွရောက် သာသနာပြုခဲ့ကြသည်။

**စတုတ္ထသံဂါယနာ**

သာသနာတော်နှစ် (၄၅၀) (ခရစ်တော် မပေါ်မီ ၉၀-ဘီစီ)ကွင် သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံ မလယဇနပုဒ်၊ အာလောကလိုဏ်ဂူ၌ စတုတ္ထသံဂါယနာ တင်ခဲ့သည်။

သီရိလင်္ကာ (သီဟိုဠ်)နိုင်ငံတွင် သူပုန်ဘေး၊ ငတ်မွတ်ခေါင်းပါး ဘေးကြီးကို (၁၂)နှစ်ကြာ ခံစားကြရသောကြောင့် ပိဋကတ်တော်များ မပျောက်ပျက်ရအောင် ရဟန်းသံဃာတော်များက အလွန်ပင်ပန်း ခက်ခဲစွာ ဆောင်ထားကြရလေသည်။ နောက်ကာလတွင် ဤသို့ ဘေးအန္တရာယ် ပေါ်ပေါက်ပါက သတိ, သမာဓိ, ပညာ ဆုတ်ယုတ်ပြီး နှုတ်တက်မဆောင် နိုင်မည်ကို မြင်တော်မူကြသဖြင့် စတုတ္ထအကြိမ်မြောက် သံဂါယနာ တင်ခြင်းဖြစ်သည်။

အရှင်မဟာဓမ္မရက္ခိတ အမှူးပြုသော ရဟန္တာမထေရ်ကြီး အပါး ငါးရာတို့က သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံ ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် ပေရွက်၌ အက္ခရာတင်ကာ စတုတ္ထအကြိမ်မြောက် သံဂါယနာ တင်တော်မူခဲ့ကြသည်။ မလယဇနပုဒ်နေ အကြီးအကဲများနှင့် ဇနပုဒ်သူ ဇနပုဒ်သားတို့က အဘက်ဘက်မှ ပံ့ပိုး ကူညီခဲ့ကြသည်။ အချိန်ကာလ (၁)နှစ်ကြာလေသည်။

**ပဉ္စမသံဂါယနာ**

သာသနာတော်နှစ်-၂၄၁၅ (ခရစ်နှစ်-၁၈၇၁)၊ မြန်မာသက္ကရာဇ် ၁၂၃၂- ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့တွင် မြန်မာနိုင်ငံ၊ မန္တလေးမြို့

(ရတနာပုံနေပြည်တော်)၌ ပဉ္စမသံဂါယနာ ဟင်ခဲ့သည်။ ပိဋကတ်တော်များကို ပေပုရပိုက်များပေါ်တွင် ရေးသားထားခြင်းဖြင့် ကြာရှည်စွာ မခိုင်မြဲနိုင်ခြင်း၊ မူအမျိုးမျိုး ကွဲပြားနေခြင်း စသော အန္တရာယ်များ ကင်းပျောက်စေရန် ကျောက်ထက် အက္ခရာတင်ကာ ပဉ္စမအကြိမ်မြောက် သံဂါယနာ တင်ခြင်း ဖြစ်သည်။

မန္တလေးမြို့၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော် တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဇာဂရာဘိဝံသမဟာထေရ်၏ အမှူးပြုသော သံဃာတော်အပါး(၂၄၀၀)တို့က သံဂါယနာ တင်တော်မူခဲ့ ကြသည်။

ထိုသို့ သံဂါယနာ တင်ရာတွင် မန္တလေးတောင်ခြေရှိ လောကမာရဇိန် (ကုသိုလ်တော်) ဘုရားဝင်းအတွင်း၌ စကျင်ကျောက်ဖြူ (၇၂၉)ချပ်ပေါ်တွင် အက္ခရာ ရေးထွင်း၍ သံဂါယနာတင်ရာ (၇-နှစ်၊ ၆-လ၊ ၁၄-ရက်) ကြာလေသည်။ ယင်းနောက် နှုတ်ဖြင့် ရွတ်ဆို၍ သံဂါယနာ တင်ရာ (၅-လနှင့် ၃-ရက်)အကြာတွင် ပြီးစီးအောင်မြင်ခဲ့လေသည်။

ပဉ္စမသံဂါယနာတင်အပြီးတွင် ပိဋကတ်တော်များကို နိဿယ မြန်မာပြန်ရန် တာဝန်ခွဲဝေဆောင်ရွက်ခြင်း၊ ဓမ္မဝိနယအမိန့်တော်ပြန်တမ်းကို တစ်နိုင်ငံလုံးသို့ ထုတ်ပြန် ဆင့်ဆို၍ သာသနာတော် သန့်ရှင်းပြန့်ပွားအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်၊

**ဆဋ္ဌသံဂါယနာ**

သာသနာတော်နှစ်-၂၄၉၈ (ခရစ်နှစ် ၁၉၅၄၊ မြန်မာသက္ကရာဇ် ၁၃၁၆) ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသံဂါယနာ တင်ခဲ့သည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ၌ နှစ်(၁၀၀)ခန့် နေခဲ့ရ၍ ဗုဒ္ဓသာသနာတော် ညှိုးနွမ်းလျက်ရှိရာ သာသနာတော် သန့်ရှင်းစင်ကြယ်ရေး၊ ပိဋကတ်တော် သန့်ရှင်းစင်ကြယ်ရေးတို့ကို ရှေးရှု၍ ဆဋ္ဌမအကြိမ်မြောက် သံဂါယနာတင်ခြင်းဖြစ်သည်။ ညောင်ရမ်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရေဝတ၊ မဟာစည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘဏ

(ပုဗ္ဗက)၊ မင်းကွန်းဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ(ဝိသဋ္ဌက)စသော ထေရဝါဒ(၅)နိုင်ငံမှ ရဟန်းသံဃာတော် (၂၅၀၀)တို့က သံဂါယနာ တင်တော်မူခဲ့ကြသည်။ မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူပြည်သားများ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားဟူသော ထေရဝါဒနိုင်ငံများနှင့် အခြားနိုင်ငံပေါင်း (၂၅)နိုင်ငံတို့ကလည်း အဘက်ဘက်မှ လှူဒါန်း ကူညီခဲ့ကြသည်။

ဤသို့ ဆဋ္ဌသံဂါယနာ တင်ရာတွင် ပါဠိတော်များကိုသာမက အဋ္ဌကထာကျမ်းများ၊ ဋီကာကျမ်းများကိုပါ သံဂါယနာတင်ခဲ့ခြင်း ဖြစ်သည်။

ဤသို့လျှင် ခေတ်အဆက်ဆက်မှာပင် အရှင်မဟာကဿပ စသော သာသနာတော်စောင့် မထေရ်ကြီးတို့သည် ပိဋကတ်(၃)ပုံဟူသော နှုတ်ခပါဠ်တော်များကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း အပို အလို အပြည့်အစွက်မရှိ (၆)ကြိမ် တိုင်တိုင် သံဂါယနာတင်၍ အတည်ပြုတော်မူခဲ့ကြသည်။ ယင်းသို့ မထေရ်ကြီးအဆက်ဆက်တို့ သံဂါယနာတင်ခဲ့သော ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ကို "ထေရဝါဒ ဗုဒ္ဓသာသနာ"ဟု ခေါ်သည်။

ယခုအခါတွင်လည်း ထိုထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားစေရန်အလို့ငှာ ၁၃၄၂- (၁၉၈၀)ခုနှစ်၊ နယုန်လပြည့်နေ့တွင် ဂိုဏ်းပေါင်းစုံ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကို ဖွဲ့စည်း၍ သာသနာပြုလုပ်ငန်း အရပ်ရပ်ကို ဆရာ-ဒကာ လက်တွဲလျက် ဆက်လက် လုပ်ဆောင်တော်မူခဲ့ကြသည်။

အထူးသဖြင့် ပိဋကတ်တော်များကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဦးဆောင် လမ်းညွှန်မှု အရ ပြည်သူပြည်သားတို့၏ လှူဒါန်းငွေဖြင့် ရန်ကုန်၊ မန္တလေးရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို တည်ထောင် ဖွင့်လှစ်ခြင်း၊ ဓမ္မ အဓမ္မဝါဒများကို စိစစ်၍ သာသနာတော် သန့်ရှင်းအောင် ဆောင်ရွက်ခြင်း၊ ပြည်တွင်း ပြည်ပ ပြည်နယ် ပြည်မ သာသနာပြုလုပ်ငန်းများကို အရှိန်အဟုန် မြင့်၍ ဆက်လက် ဆောင်ရွက်ခြင်းတို့ဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်း တည်တံ့ ပြန့်ပွား၍ အမျိုးဘာသာ သာသနာစာရိတ္တ တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြသည်။

ဤကား သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထမ်းဆောင်ရမည့် ပဓာန သာသနာပြုလုပ်ငန်း သမိုင်းအကျဉ်းဖြစ်သည်။ ထိုမှတပါး အချိန်အခါ အခြေအနေပေးလျှင် ပေးသလို ဗုဒ္ဓဘာသာဝင်တိုင်း မလွဲမသွေ လုပ်ဆောင်ရမည့် သာသနာပြု လုပ်ငန်းစဉ်များလည်း ရှိသေးသည်။

## (ခ) သာသနာပြုလုပ်ငန်း အကြီးဆုံးကုသိုလ် (သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ)

"သာသနာပြုလုပ်ငန်း"ဟူသည် မြတ်စွာဘုရား တရားတော်များကို ဟောပြောခြင်း၊ ရေးသားခြင်း၊ သင်ပြပို့ချပေးခြင်းတို့ ဖြစ်သည်၊ အချုပ်အားဖြင့် ဆိုသော် အကုသိုလ်မှန်သမျှကို မပြုလုပ်ခြင်း၊ ကုသိုလ်ဟူသမျှကို ပြုလုပ်ခြင်း၊ မိမိစိတ်ကို ဖြူစင်အောင်ထားခြင်း ဟူသော မြတ်စွာဘုရား အဆုံးအမတို့ကို လူအများ လိုက်နာ ကျင့်ကြံလာအောင် ဆောင်ရွက်ခြင်းသည် သာသနာ ပြုခြင်းပင်ဖြစ်သည်။

သာသနာပြုသူသည် သတ္တဝါများအပေါ် မေတ္တာစိတ် ကြီးကြီးထား၍ သတ္တဝါများအား ပထမဆုံး မိစ္ဆာဒိဋ္ဌိအယူမှ ကင်းဝေးအောင် ဆောင်ရွက် ပေးရမည်၊ မိစ္ဆာဒိဋ္ဌိအယူကား အပြစ်ကြီးလေးလှ၏၊ အကုသိုလ်အားလုံးတွင် ပဉ္စာနန္တရိယကံ ခေါ် အမိသတ်ခြင်း၊ အဘသတ်ခြင်း၊ ရဟန္တာကို သတ်ခြင်း၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကို သင်းခွဲခြင်းတို့သည် အလွန်အပြစ်ကြီးလေးလှသည်၊ ထိုကံကြီး ငါးမျိုးကို ကျူးလွန်ထားသူသည် မည်သည့်ကုသိုလ်ကို မည်မျှပြုပြု၊ ထိုကုသိုလ်တို့၏ အကျိုးကို အပါယ်ငရဲက လွတ်မှသာ ခံစားခွင့်ရမည်၊ လောလောဆယ်ကား သေလွန်လျှင် ငရဲသို့ မုချရောက်ရမည်ဖြစ်သည်။

မိစ္ဆာဒိဋ္ဌိအယူကို ယူမိသူကား ပဉ္စာနန္တရိယကံ ကျူးလွန်သူထက်ပင် ပိုမို အပြစ်ကြီးလေးသေးသည်။ ပဉ္စာနန္တရိယကံ ကျူးလွန်သူသည် ကမ္ဘာ ပျက်ခါနီးတွင်မှ ငရဲသို့ ကျရောက်သည်ဖြစ်အံ့ ကမ္ဘာပျက်လျှင် ငရဲမှ လွတ်ခွင့် ရှိသေး၏၊ တစုံတခုသော မိစ္ဆာဒိဋ္ဌိအယူကို စွဲစွဲမြဲမြဲ ယူမိသူကား ကမ္ဘာ ပျက်သော်လည်း ငရဲသက်မစေ့သေးလျှင် မပျက်သောကမ္ဘာသို့ ပြောင်းရွှေ့၍ ငရဲခံရ၏။

ထိုမျှကြီးလေးလှသော ဒုက္ခမှ လွတ်မြောက်အောင် ထုတ်ဆောင် ကယ်တင်ပေးသော အလုပ်သည် အဘယ်မျှ မြင့်မြတ်၍ အကျိုးကြီးသော အလုပ်ဖြစ်ကြောင်း စဉ်းစားကြည့်ရာ၏။

ထိုသို့ အလွန်အပြစ်ကြီးသော မိစ္ဆာဒိဋ္ဌိအယူကို ယူမိသူတို့ ခံစားကြရမည့် အလွန်ပြင်းထန်သော ဆင်းရဲဒုက္ခများကို မခံစားကြရစေရန် မေတ္တာစိတ်ကြီးကြီး ထားပြီး အမှန်တရား ပြန့်ပွားအောင် သာသနာပြုကြရမည် ဖြစ်သည်။ သာသနာပြုလုပ်ရပ် အမျိုးမျိုးတို့တွင် မြတ်စွာဘုရား၏ တရားတော်ကို ပြောကြားဝေငှသော ဓမ္မဒါနအလုပ်လည်း ပါဝင်၏။ မြတ်စွာဘုရားက (သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ) တရားအလှူ သာသနာပြုကုသိုလ်ထက် ကြီးမြတ်သောကုသိုလ် မရှိဟု ဟောတော်မူ၏။

ထိုမျှ အကျိုးအာနိသင် ကြီးမားသော ဓမ္မဒါန သာသနာပြုကုသိုလ်ကြီးကို လူတိုင်း ပြုလုပ်ခွင့် ရနိုင်ကြပါ၏။ ဗုဒ္ဓသာသနာကို မယုံကြည်သေးသူများ ယုံကြည်လာအောင်၊ ယုံကြည်ပြီးသူများကို ပို၍ ယုံကြည်လာအောင် စွမ်းနိုင်သမျှ ဟောပြော၍ သာသနာပြုကြရမည်ဖြစ်သည်။ ထိုသို့ သာသနာပြုရာတွင် စွမ်းနိုင်ပါက ဗုဒ္ဓသာသနာ အရောက်အပေါက်နည်းပါးသော နယ်စပ်ဒေသများ အထိ သွားရောက်၍ သာသနာပြုလုပ်ငန်းများကို ပြုလုပ်သင့်ကြပါသည်။ ကိုယ်တိုင် သာသနာ မပြုနိုင်သေးပါက တစ်နည်းနည်းဖြင့် သာသနာပြုနေသော ပုဂ္ဂိုလ်များအား အားပေး ထောက်ပံ့သင့်ကြပါသည်။

## (ဂ) သရဏဂုံတည်အောင် ဆောင်ရွက်ပေးခြင်း

## သရဏဂုံတည်လျှင် (ဗုဒ္ဓဘာသာ ဖြစ်လျှင်) အပါယ်မကျတော့

ဘုရား တရား သံဃာ ရတနာသုံးပါးတို့အား ကိုးကွယ်ရာအဖြစ် ယုံကြည် ဆည်းကပ်မှုကို 'သရဏဂုံ' ဟု ခေါ်သည်။ ဗုဒ္ဓဘာသာဝင် မှန်လျှင် သရဏဂုံတည်ရမည်ဖြစ်၏။ သရဏဂုံမတည်လျှင် ဗုဒ္ဓဘာသာဝင် မမည်ပေ။ သရဏဂုံတည်ရန်အတွက်လည်း ဘုရား တရား သံဃာ ရတနာသုံးပါး အပေါ် ယုံကြည် အားထားမှု(သဒ္ဓါ)ရှိရမည် ဖြစ်သည်။

သို့ဖြစ်လျှင် မည်သို့ ယုံကြည်အားထားရမည်နည်း ?-

မြတ်စွာဘုရားကို ကိုးကွယ်ခြင်းအားဖြင့် မိမိတို့မှာ ဖြစ်ပေါ်မည့် အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတို့မှ လွတ်မြောက်နိုင်ကြသည်ဟု ယုံကြည်ရမည် ဖြစ်သည်။ တရားတော်ကို ယုံကြည်ရာ၌လည်း သတ္တဝါတို့၏ ကောင်းကျိုးများကို ဖြစ်ပွားစေနိုင်သောတရား၊ အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲများကို ပယ်ဖျောက်ပေးနိုင်သောတရားဖြစ်၏ ဟု ယုံကြည် ရမည်ဖြစ်သည်။ သံဃာကို ယုံကြည်ရာ၌လည်း သံဃာတော်သည် သတ္တဝါတို့၏ အကျိုးစီးပွားကို ဖြစ်စေနိုင်သော တရား၊ အပါယ်ဆင်းရဲနှင့် သံသရာဆင်းရဲကို ပယ်ဖျောက် ပေးနိုင်သောတရားကို ဟောကြားတော်မူတတ်သည်ဟု ယုံကြည်ကြရမည် ဖြစ်သည်။ ထိုသို့ယုံကြည်ခြင်း (သဒ္ဓါ) ရှိမှ ကိုးကွယ်ထိုက် ပူဇော်ထိုက်၏ဟူသော အသိ(ပညာ)လည်း ပေါ်လာမည်ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း ယုံကြည်မှု (သဒ္ဓါ) သိမြင်မှု (ပညာ)လည်းရှိ၊ ဘုရား တရား သံဃာကလည်း စစ်မှန်ပါမှ သရဏဂုံမြောက်နိုင်မည်ဖြစ်သည်။

ဘုရား တရား သံဃာ ရတနာသုံးပါး၏ ဂုဏ်ကို ယုံကြည် သိမြင်၍ သရဏဂုံတည်ရှိပါလျှင် ထိုသူသည် အပါယ်သို့ မကျရောက်နိုင်တော့ချေ။ မြတ်စွာဘုရားလက်ထက်က သရဏာနိ သာကီဝင်သည် သရဏဂုံ တည်သူဖြစ်၏။ သရဏာနိ သာကီဝင်နှင့် ပတ်သက်၍ မြတ်စွာဘုရားက—

"သရဏာနိ သာကီဝင်သည် ဘုရားတရားသံဃာကို ရှည်ကြာစွာ ကိုးကွယ် ဆည်းကပ်၏။ ထိုသရဏာနိသာကီဝင်သည် အဘယ်မှာ ပျက်စီးကျရောက်ခြင်းသို့ ရောက်နိုင်ပါအံ့နည်း။ထိုသို့ ဘုရား တရား သံဃာ ရတနာသုံးပါးတို့၌ မတုန်မလှုပ်ယုံကြည်ခြင်းရှိသူ၊ လျင်သော ပညာ၊ ရွှင်သောပညာ၊ ကိလေသာမှ လွတ်မြောက်မှု (ဝိမုတ္တိ)နှင့် ပြည့်စုံသူသည် ဤဘဝမှာပင် ရဟန္တာဖြစ်နိုင်သည်။ ဤပုဂ္ဂိုလ်မျိုးသည် ငရဲမှ လွတ်၏။ တိရစ္ဆာန်မှ လွတ်၏။ ပြိတ္တာမှ လွတ်၏။ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ဒုဂ္ဂတိဘဝမှလည်း လွတ်၏။ ထိုသို့ သရဏဂုံသုံးပါးကို မတုန်မလှုပ် ယုံကြည်ခြင်းနှင့် ပြည့်စုံသူသည် လျင်သောပညာ၊ ရွှင်သောပညာရှိပြီး ကိလေသာမှ လွတ်မြောက်မှု (ဝိမုတ္တိ)နှင့် မပြည့်စုံသော်လည်း အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ ကုန်ပါလျှင် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍

ထိုဘုံမှ ပြန်လာခြင်းမရှိဘဲ ဗြဟ္မာ့ဘုံမှာပင် ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ဖြစ်နိုင်၏။

ထို့ပြင် ရတနာသုံးပါးကို မတုန်မလှုပ် ယုံကြည်သူသည် လျင်သော ပညာ၊ ရွှင်သော်ပညာမရှိ၊ ကိလေသာမှ လွတ်မြောက်မှု (ဝိမုတ္တိ)နှင့် မပြည့်စုံသော်လည်း သကဒါဂါမ်လည်း ဖြစ်နိုင်၏။ သောတာပန်လည်း ဖြစ်နိုင်၏။ အောက်ထစ်ဆုံးအားဖြင့် ရတနာသုံးပါး၌ မတုန်မလှုပ် ယုံကြည်ခြင်းမရှိ၊ လျင်သောပညာ၊ ရွှင်သောပညာ၊ ကိလေသာမှ လွတ်မြောက်မှု(ဝိမုတ္တိ)လည်း မရှိ၊ သို့ရာတွင် သဒ္ဓိန္ဒြေစသော တရားဓမ္မတို့ ဖြစ်ပွားပြီး မြတ်စွာဘုရားကို ယုံကြည်ခြင်း ချစ်ခြင်းမျှသာ ဖြစ်လျှင်ပင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံဘဝသို့ မရောက်၊ မကောင်းသောသူတို့၏ လားရောက်ရာ၊ ပျက်စီးကျရောက်ရာ ဒုဂ္ဂတိဘုံဘဝသို့ မရောက်နိုင်" ဟူ၍ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သောတာပတ္တိသံယုတ်၊ သရဏာနိဝဂ်၊ ပထမသရဏာနိ သက္ကသုတ်တွင်) ဟောတော်မူခဲ့ပေသည်။

ဘုရားရှင်အား ယုံကြည်ကာမျှ၊ ချစ်မြတ်နိုးကာမျှဖြင့်ပင် အပါယ် မကျနိုင်ဟူသော စကားမှာ အလွန် အားရဖွယ် ကောင်းလှ၏။

တနည်းအားဖြင့် သရဏဂုံတည်လျှင် (ဗုဒ္ဓဘာသာဝင်ဖြစ်လျှင်)ပင် အပါယ်မကျသော ကောင်းကျိုးကို ရရှိနိုင်သည်ဟု ဆိုလို၏။ ထို့ပြင် သရဏဂုံ မတည်သေးသူများကို သရဏဂုံတည်အောင် (ဗုဒ္ဓဘာသာဝင် ဖြစ်အောင်) ဟောကြား သင်ပြပေးသော ဆရာသည်လည်း ကျေးဇူးအကြီးမားဆုံး ဆရာဖြစ်၍ ထိုသရဏဂုံတည်အောင် လုပ်ပေးသောဆရာ၏ ကျေးဇူးမှာ ဆပ်၍ မကုန်နိုင်ကြောင်း (တိက၊ အင်္ဂုတ္တရ၊ ဗဟုကာရသုတ်၌) ဟောတော်မူ၏။ ထို့ကြောင့် သရဏဂုံတည်အောင် လုပ်ပေးခြင်းသည် အလွန်အရေးပါ ထိရောက်သော သာသနာပြုလုပ်ငန်းကြီး ဖြစ်သည်။

## (ဃ) ဘာသာရေးအသင်းအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခြင်း

အသင်းအဖွဲ့၏ အင်အားကား တစ်ဦးတစ်ယောက်၏ အင်အားထက် ပိုမိုသာလွန်၏။ စည်းလုံးညီညွတ်၍ စည်းကမ်းကျနသော အသင်းအဖွဲ့ဖြင့်

ဆောင်ရွက်ပါက အမျိုး ဘာသာ သာသနာရေးကိစ္စများသည် တစ်ဦး တစ်ယောက်တည်း ဆောင်ရွက်ခြင်းထက် ပိုမို တွင်ကျယ် အောင်မြင်နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့်ပင် "တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်း အားဖြင့် ယူသော် ရ၏"ဟု ဆိုထုံးပြုကြခြင်း ဖြစ်သည်။

အသင်းအဖွဲ့ အမျိုးမျိုးရှိရာတွင် ဘာသာရေးအသင်းအဖွဲ့သည် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်သော အသင်းအဖွဲ့ဖြစ်သည်။ သို့ဖြစ်၍ ဘာသာရေး အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်သူများသည် လူအများ လေးစား ရှိသေလောက်သော ကိုယ် နှုတ် စိတ် အမူအကျင့် ရှိသင့်၏။ သူတပါးတို့အား အလွယ်တကူ အပြစ်မြင်တတ်ခြင်း၊ အပြစ်တင် စကား ပြောလေ့ရှိခြင်း၊ သဘောထား သေးသိမ်ခြင်း၊ စိတ်ရှည်မှု သည်းခံမှု မရှိခြင်းတို့သည် သာသနာပြုနေသော သူတော်ကောင်းတို့၏ အမူအကျင့်မဟုတ်၊ ဘာသာရေးအသင်းအဖွဲ့များ၌ ဆောင်ရွက်သူသည် သူတပါးတို့အား မေတ္တာစေတနာ ထား၍ သူတော်ကောင်းစိတ် မွေးမြူရမည် ဖြစ်သည်၊ သူတပါးတို့က ဖောက်ဖောက်ပြန်ပြန် အကောက်ကြံကာ ပြောဆို ပြုမူ လာသော်လည်း မိမိက မဖောက်မပြန် အဖြောင့်အမှန်ကို ပြုမူ ကျင့်ကြံသင့် ပေသည်။ သို့မှသာ သာသနာပြုဆိုင်ရာ ကိစ္စများကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

မြတ်စွာဘုရားလက်ထက်က အမျိုးသားတစ်ဦးသည် မြတ်စွာဘုရား ဟောကြားသော တရားကို နာယူရသဖြင့် သဒ္ဓါတရား ဖြစ်ပွားပြီး လူအများ စုပေါင်း၍ ဆွမ်းလှူဒါန်းလိုသဖြင့် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဘုဉ်းပေးကြွရန် ပင့်ဖိတ်ခဲ့လေသည်။ ထို့နောက် ရွာတွင်းသို့ ဝင်ရောက်ပြီး ဆွမ်း ယာဂု မုန့်တို့ကို တစ်နေရာ၌ စုပေါင်းချက်ပြုတ်ပြီး လှူဒါန်းရန်အတွက် ဆန် ဆီ ပဲ စွမ်းနိုင်သမျှ လှူဒါန်းကြစေလိုကြောင်း နှိုးဆော် အလှူခံလေသည်။ သူဌေးတစ်ဦး၏ အိမ်သို့ သွားရောက် အလှူခံသော အခါ ထိုသူဌေးက မိမိ လှူဒါန်းနိုင်သလောက်ကို မလှူဒါန်းဘဲ တစ်ရွာလုံးကို လှည့်လည် အလှူခံရကောင်းလားဟု အမျက်ထွက်၍ အလှူခံလာသော အမျိုးသားအား ထည့်စရာကို ယူစေပြီး လက်သုံးချောင်းဖြင့် ဆန်ကို ယူကာ လှူသည်။ ပဲနောက်စေ့ ပဲကြီးစေ့တို့ကိုလည်း ထို့အတူ နည်းနည်းစီယူ၍ လှူ၏။ ထောပတ်တင်လဲတို့ကိုလည်း အစက်အပေါက်ကလေးမျှသာ ကျစေပြီး လှူ၏။

အလှူခံအမျိုးသားသည် အခြားအလှူရှင်များ၏ပစ္စည်းများနှင့် မရောစေဘဲ သီးခြားထား၍ ယူဆောင်၏။ ထိုအမူအရာကို မြင်လျှင် သူဌေးသည် အလုပ်အကျွေးငယ်တစ်ဦးကို လိုက်ပါစုံစမ်းရန် စေလွှတ်သည်။ ချက်ပြုတ်သော နေရာရောက်လျှင် အလှူခံ အမျိုးသားသည် 'သူဌေးကြီး အကျိုးများပါစေ'ဟု စေတနာထားပြီး သူဌေးကြီးလှူဒါန်းသော ဆန်အနည်းငယ်ကို ခွဲခြမ်း၍ ယာဂုကျိုရာ၊ ဆွမ်းချက်ရာ၊ မုန့်လုပ်ရာတို့တွင် ဝေမျှထည့်သည်။ ပဲနောက် ပဲကြီးစေ့တို့ကိုလည်း ထို့အတူ အနည်းငယ်စီ ခွဲခြမ်း ထည့်၏၊ ဆီ တင်လဲ အစက်အပေါက်တို့ကိုလည်း ဘောဇဉ်အားလုံးတွင် ပါဝင်အောင် အနည်းငယ်စီ ထည့်သည်။ အလုပ်အကျွေးငယ်သည် ထိုအပြုအမူတို့ကိုမြင်လျှင် သူဌေးအား ပြန်လည်ပြောပြ၏။

သို့သော်လည်း သူဌေးကြီးသည် ပရိသတ်အလယ်မှာ ငါ့ကိုထိခိုက်သော စကား ပြောဆိုက သတ်မည်ဟု ကြံစည်၍ ဓားငယ်ကို ဝှက်ယူကာ ဆွမ်းအလှူပွဲ ရှိရာသို့သွားသည်၊ ဆွမ်းများချက်ပြုတ် လှူဒါန်းပြီးသောအခါ အလှူပွဲစီစဉ်သော အမျိုးသားက မြတ်စွာဘုရားအား "မြတ်စွာဘုရား – ဤ စုပေါင်းအလှူပွဲတွင် အချို့ များများ၊ အချို့ လက်သုံးချောင်းမျှဖြင့် ယူ၍ နည်းနည်းသာ လှူကြပါသည်။ ထိုသူအားလုံး အကျိုးကြီးမြတ်ကြပါစေ"ဟု လျှောက်တင်၏။

သူဌေးကြီး ကြားသိလျှင် အထင်နှင့် အမြင် အကြား ကွဲပြားနေလေရာ အကယ်၍ ငါမတောင်းပန်က နတ်တို့၏ လက်နက် မိုးကြိုးစက်သည် ငါ၏ ဦးခေါင်းထိပ်သို့ ကျရောက်လိမ့်မည်ဟု ကြံစည်ပြီး အမျိုးသား၏ ခြေရင်း၌ ရှိသေစွာ ထိုင်ကာ တောင်းပန်၏။ မြတ်စွာဘုရားမြင်တော်မူလျှင် မေးမြန်းသဖြင့် အလှူပွဲ စီစဉ်သော အမျိုးသားက အကြောင်းစုံကို လျှောက်ထားသည်။ မြတ်စွာဘုရားက သူဌေးအား ကုသိုလ်ကောင်းမှုကို အနည်းငယ်မျှသာဟု အထင်မသေးသင့်ကြောင်း ဟောတော်မူရာ သူဌေး သောတာပန်ဖြစ်လေသည်။

အလှူပွဲစီစဉ်သော အမျိုးသား၏ မေတ္တာ စေတနာ ထားမှု၊ စိတ်သဘောထား ကြီးမှုကြောင့် ရန်ငြိုးဒေါသလည်း မပွားဘဲ အလှူပွဲလည်း အောင်မြင်၏။ သူဌေးကြီးလည်း သောတာပန်ဖြစ်၏။ ဤကား ဘာသာရေး အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်သူများ နည်းယူပြုမူဖွယ်ဖြစ်သည်။

## (င) ပရိယတ္တိစာသင်သားများအား ထောက်ပံ့ခြင်း

ကြီးကျယ်ခမ်းနားသည့် အဆောက်အအုံတစ်ခုကို တည်ဆောက်ရာ၌ ရေရှည် တည်တံ့ ခိုင်မြဲရန်မှာ အခြေခံ အုတ်မြစ်ဖြစ်၏။ အခြေခံ အုတ်မြစ်ကောင်းမှသာ အဆောက်အအုံသည် ကာလကြာရှည် တည်တံ့ခိုင်မြဲ၏။ ကြီးကျယ်ခမ်းနားသည့် သာသနာ့အဆောက်အအုံတွင် ပရိယတ္တိစာပေသည် အခြေခံ အုတ်မြစ်ဖြစ်၏။

ယခုအခါ မြန်မာနိုင်ငံတွင် ဘုရားရှင် ဟောကြားတော်မူခဲ့သည့် စစ်မှန်သော ပရိယတ္တိစာပေများ ရှိပြီးဖြစ်၏။ သို့ရာတွင် ပရိယတ္တိစာပေများကို ပို့ချသူများနှင့် သင်ယူသူများ ရှိပါမှ ပရိယတ္တိစာပေသည် အရှည်တည်တံ့နိုင်ပေလိမ့်မည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များ ပရိယတ္တိစာပေကို မပူ မပင် ကြောင့်ကြမဲ့ အားထုတ်နိုင်ရန် သင်္ကန်း၊ ဆွမ်း စသော ပစ္စည်းလေးပါး အထောက်အပံ့များကို ပြည့်စုံ လုံလောက်စွာ ရရှိရန် လိုအပ်၏။ ထို့ကြောင့် ပရိယတ္တိစာပေကို မပူ မပင် ကြောင့်ကြမဲ့ အချိန်ပြည့် အားထုတ်နိုင်ရန် လိုအပ်သည့် ပစ္စည်းလေးပါး အထောက်အပံ့ကို ဥပါသကာ၊ ဥပါသိကာများက စေတနာ သဒ္ဓါတရားကို လက်ကိုင်ထား၍ ကြိုးစား ဆောင်ရွက်သင့်လှ၏။

ဥပါသကာ၊ ဥပါသိကာများမှာ လူ့ဝတ်ကြောင်များ ဖြစ်သည့်အလျောက် စားဝတ်နေထိုင်ရေးစသော လူမှုဒုက္ခ အဝဝကို နေ့စဉ် ရင်ဆိုင်နေရသဖြင့် ပရိယတ္တိစာပေကို ကိုယ်တိုင် လေ့လာသင်ကြားမှုပြုရန် ခဲယဉ်းလှ၏။ ရဟန်းတော်များက သွန်သင် ဆုံးမ ဟောပြသည့်အတိုင်း မှတ်သားနာယူရ၍ လိုက်နာ ကျင့်သုံးရ၏။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုသည့်အတိုင်း မိမိတို့က ပရိယတ္တိစာသင်သားများအား ပစ္စယာနုဂ္ဂဟဖြင့် ပူဇော်မှုပြုပါက ၎င်းတို့က မိမိတို့အား တစ်ဖန်ပြန်၍ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်မှု ပြုပေလိမ့်မည်။ ဘုရားရှင်၏ သာသနာတည်ရှိခြင်းကား ပရိယတ်သည်သာ ပင်ရင်းမူလ ပဓာနဖြစ်၏။ ပရိယတ္တိကို ကြားနာ မှတ်သားရသော် ပဋိပတ္တိ၊ ပဋိဝေဓ ၂-ပါးကို ပြည့်အောင် ဖြည့်စွမ်းနိုင်၏။

တိုင်းပြည်တစ်ပြည်(သို့) လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများကို ကြည့်ရှုအကဲခတ်ပါက သက်ဆိုင်ရာ ဘာသာတရားများက ယင်းတိုင်းပြည်နှင့် လူမျိုးကို လွှမ်းခြုံ ထိန်းသိမ်းထားသည်ကို တွေ့ရ၏။

မြန်မာတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးတမ်းများသည် ပရိယတ္တိဓမ္မကို အခြေခံ၍၊ ပရိယတ္တိဓမ္မ ပျောက်ခဲ့သော် မြန်မာတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးတမ်းများလည်း ပျောက်ပျက်မည်ဖြစ်၏။ ထိုအချက်ကို နိုင်ငံခေါင်းဆောင်များက သိရှိသဖြင့် အစိုးရ ဓမ္မာစရိယ စာမေးပွဲနှင့် ပထမပြန် စာမေးပွဲများကို အစိုးရ အဆက်ဆက်က ကျင်းပပေး၍ စာအောင် ရဟန်းတော်များနှင့် သီလရှင်များအား အတန်းအလိုက် ဆုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ယခု နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရ လက်ထက်တွင် ဆုတော်ငွေကို ခြောက်ဆတိုး၍ ဆက်ကပ်လှူဒါန်းလေသည်။ တိပိဋကဓရ စာမေးပွဲနှင့် နိကာယ် စာမေးပွဲများ၊ လူဝတ်ကြောင်များအတွက် ဝိသုဒ္ဓိမဂ်နှင့် အဘိဓမ္မာ စာမေးပွဲများ၊ ကလေးများအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများကိုလည်း ကျင်းပပေးသည်။

အမြို့မြို့ အနယ်နယ်တွင်လည်း အမြော်အမြင်ကြီးမားသည့် လူပုဂ္ဂိုလ် ပညာရှိများကလည်း စေတိယင်္ဂဏ၊ သကျသီဟ၊ ဝိနယာဓိက စသည့် ရဟန်းတော်များအတွက် ပရိယတ်ဆိုင်ရာ စာမေးပွဲများကို ကျင်းပပေးလေသည်။

ယခုအခါ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က စာချပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်နှင့် ဆွမ်းဆန်တော်စရိတ်များကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ မင်္ဂလာဗျူဟာ စသော အသင်းများကလည်း ကျောင်းသား လူငယ်များအတွက် မင်္ဂလာနှင့် ဗုဒ္ဓဝင် စာမေးပွဲများကို တစ်နိုင်ငံလုံး နှစ်စဉ် ကျင်းပပေးကာ ထူးချွန်သည့် ကလေးများအား ဆုတံဆိပ်များနှင့် ပညာသင်စရိတ် ထောက်ပံ့ငွေများဖြင့် ချီးမြှောက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က လည်းကောင်း၊ ဆိုင်ရာ ဘာသာရေး အသင်းအဖွဲ့များက လည်းကောင်း၊ ထောက်ပံ့ရှုမှုနှင့် မတင်းတိမ်သင့်ကြဘဲ နိုင်ငံသားအသီးသီးကပါ မြန်မာ့ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးတမ်းများ၏ အရင်းခံမူလဖြစ်သည့် ပရိယတ္တိစာပေ ရှင်သန်နေရေးအတွက် ပရိယတ္တိစာပေကို

လေ့လာ အားထုတ်ကြသူများအား ပစ္စယာနုဂ္ဂဟဖြင့် ထောက်ပံ့သင့်လှပေသည်။ ထိုသို့ ထောက်ပံ့ရာတွင် အမျိုးသားရေး ဦးတည်ချက်ကို မဏ္ဍိုင်ပြုခြင်းအားဖြင့် သာသနာပြုလုပ်ငန်းကို လုပ်အပ်၏။

အထူးအားဖြင့် လူမျိုးတစ်မျိုး၏ ဘာသာ သာသနာ ယဉ်ကျေးမှု ဟူသမျှသည် အမျိုးသားရေး၌ အခြေခံ၏။ အမျိုးသားရေးကိစ္စတွင်လည်း အမျိုးသမီးတို့၏ ကဏ္ဍသည် ပဓာနအကျဆုံး ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများက ဝံသာနုရက္ခိတ အသင်းအဖွဲ့ ဖွဲ့၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အမျိုးသားယဉ်ကျေးမှုကို ပညာပေး ထိန်းသိမ်းကာကွယ်ကြရန် အထူး လိုအပ်နေ၏။ ထိုသို့ ကာကွယ်မှသာ သာသနာပြုခြင်း၏ တန်ဖိုးကို အပြည့်အဝ ရနိုင်ပေလိမ့်မည်။

## (စ) ပဋိပတ္တိကျင့်သုံးနေသူများအား ထောက်ပံ့ခြင်း

လူဖြစ်စေ၊ ရှင် ရဟန်းဖြစ်စေ အစဉ်ထာဝရ အားထား ကိုးစားရမည့် အရာကား မှန်ကန်တိကျသော အကျင့်ပဋိပတ်ဖြစ်၏။ ယင်းပဋိပတ်ကား သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာသုံးရပ် ဖြစ်၏။ ပဋိပတ်၏ အခြေခံအကြောင်းရင်းသည် ပရိယတ်ဖြစ်၍ အကျိုးတရားကား မဂ် ဖိုလ်နိဗ္ဗာန် ဖြစ်၏။ ထိုအကျိုးတရားကို အကျင့်ပဋိပတ်ဖြင့်သာ ရရှိနိုင်ပေသည်။ ပဋိပတ်၏ အရသာကို ခံစားလိုသူသည် ပဋိပတ်ကျင့်စဉ်ကို နောက်မဆုတ်တမ်း ကြိုးပမ်း အားထုတ်သင့်၏။ ပဋိပတ်ကျင့်စဉ်ကို ကြိုးပမ်း အားထုတ်ပြီးသူ များသည် မိမိတို့ ပြုလုပ်အားထုတ်ခဲ့သည့် ပဋိပတ်လမ်းစဉ်ကို လူအများ လိုက်နာ ကျင့်ကြံလာအောင် ဆက်လက် ဟောပြော ပြသနေသမျှ ပဋိပတ် ကျင့်စဉ်သည် မကွယ်ပျောက်ဘဲ ဤကမ္ဘာလောကကြီးသည် အရိယာ သူတော်ကောင်းတို့ဖြင့် တင့်တယ်လှပ၍ နေမည်သာဖြစ်၏။ သာသနာတော် သည်လည်း သန့်ရှင်း စင်ကြယ်စွာ တည်တံ့ပြန့်ပွား၍ ရှင်သန်နေမည် သာဖြစ်၏။

လူတိုင်း လူတိုင်း ပဋိပတ်ကျင့်စဉ်ကို လိုက်နာ ကျင့်ကြံလာပါက အချို့သူများ မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်ဆိုက်ရောက်ကြသကဲ့သို့ နေ့စဉ် လူမှုရေးရာကိစ္စများတွင်လည်း လောဘ၊ ဒေါသ၊ မောဟ စသော

ကိလေသာဝဋ်တရားများ နည်းပါးလာ၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားများ ထွန်းကားလာမည်မှာ အမှန်ဖြစ်၏။ ဗြဟ္မစိုရ်တရား ထွန်းကားရာ ဒေသရှိ လူပုဂ္ဂိုလ်များကား ကိုယ်အမူအရာရော၊ စိတ်အမူအရာပါ ယဉ်ကျေး သိမ်မွေ့ နူးညံ့ ပြောင်းပြောင်း၏၊ လောဘ ဒေါသတရားများ နည်းပါး ကင်းရှင်းကြသဖြင့် ခိုးဆိုး လုယက် ညှဉ်းပန်း နှိပ်စက်မှု ကိစ္စများလည်း ကင်းရှင်းကြ၏။ ငြိမ်းချမ်းသာယာမှု များလည်း လွှမ်းခြုံထား၏။ ထိုကဲ့သို့သော ငြိမ်းချမ်းသာယာသည့် နိုင်ငံမျိုးကို လူသားတိုင်းက တောင့်တ မျှော်မှန်းလျက်ရှိ၏။

မြန်မာပြည်သည်ကား ထိုနိုင်ငံမျိုးဖြစ်ရန် ပဋိပတ်လမ်းစဉ်ဖြင့် မြှင့်တင်ပေးလျက်ရှိ၏။ ထို့ကြောင့် ပဋိပတ်လမ်းစဉ်ကို လူတိုင်း လက်ခံ ကျင့်သုံးလာအောင် ပဋိပတ်ကျင့်သုံးသူများအား လိုအပ်သည့် အထောက်အပံ့များကို ထောက်ပံ့သင့်၏။

## (ဆ) ဗုဒ္ဓဘာသာစာပေ ပြန့်ပွားရေး

လောကအားလုံးကို သိတော်မူသော ဘုရားရှင်သည် ၄၅-ဝါ ကာလကြာအောင် တရားဟောတော်မူရာတွင် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်သော တရားတော်များကို ဟောကြားတော်မူခဲ့သည်။

ထိုဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များ မပျောက် ပျက်သွားစေရန်နှင့် ဘုရားရှင်၏ သာသနာတော် နှစ်ပေါင်းငါးထောင်မက ကြာအောင် တည်တံ့ပြန့်ပွားစေရန် အရှင်မဟာကဿပ စသော ရဟန္တာ မထေရ်ကြီးများသည် သင်္ဂါယနာအဆင့်ဆင့် တင်တော်မူခဲ့ကြသည်။

ဤသို့ သင်္ဂါယနာအဆင့်ဆင့် တင်ခြင်းအားဖြင့် ဘုရားရှင် ပရိနိဗ္ဗာန် စံယူသည်မှနောက်၌ ရှင်မဟာကဿပအမှူးပြုသော သံဃာတော် အဆက်ဆက်၊ ဘုရင်မင်းအဆက်ဆက်တို့သည် ဘုရားရှင်ထားတော်မူခဲ့သော သာသနာတော် နှစ်ပေါင်း ငါးထောင်မက ကြာအောင် အစဉ်တည်တံ့ သန့်ရှင်းပြန့်ပွားရေး အတွက် သဒ္ဓါတရား, ဝီရိယတရား ကြီးမားစွာဖြင့် အစဉ်အဆက် ထမ်းရွက် စောင့်ရှောက်တော်မူခဲ့ကြသည်။

ထို့ပြင်လည်း သံဃမထေရ်ကြီးများနှင့် လူပညာရှိပုဂ္ဂိုလ်ကြီးများ သည်လည်း ဘုရားရှင် ဟောကြားတော်မူခဲ့သော ပါဠိတော်တို့၏ အနက်အဓိပ္ပာယ်ကို သိလွယ်စေရန် အဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာ ဂဏ္ဌိ စသော ကျမ်းဂန်၊ စာပေများ ပြုစုရေးသားခဲ့ကြသည်။ ထို့ကြောင့် ကျင့်စဉ်များကို ရှင်းလင်း လွယ်ကူစွာ သိရှိရပြီး မဂ် ဖိုလ် နိဗ္ဗာန်တိုင်အောင်သော အကျိုးများကို ရရှိခံစားကြရသည်။

နက်နဲ များပြားလှသော ဘုရားရှင်၏ တရားတော်များတွင် မိမိတို့နှစ်သက်ရာ တရားဓမ္မကို ရွေးချယ်ဖတ်ရှုလေ့လာ ကျင့်ကြံနိုင်ရန် ခေတ် အဆက်ဆက် ပညာရှင်ပုဂ္ဂိုလ်ကြီးများသည် ဘုရားဟော ပိဋကတ်တော် များမှ ထုတ်နုတ်၍ ကျမ်းစာအမျိုးမျိုးကို ရေးသား ထုတ်ဝေခဲ့ကြသည်။

ဗုဒ္ဓဘာသာစာပေ ပြန့်ပွားရေး၏ အဓိကအကြောင်းရင်းမှာ ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များကို အမှန်တကယ် ဝတ်သိ ကျွမ်းကျင်ပြီး၊ တစ်ဆင့် ဟောပြောသူ၊ သင်ကြား ပြသပေးသူ၊ ကျမ်းစာ ပြုစုသူ ပုဂ္ဂိုလ် များစွာပေါ်ပေါက်လာရေးပင် ဖြစ်သည်။ ထိုပုဂ္ဂိုလ်များ တည်ရှိနေသမျှ ဗုဒ္ဓဘာသာစာပေလည်း ပြန့်ပွား၍ သာသနာတော်လည်း ထွန်းကားစည်ပင်နေမည်သာ ဖြစ်သည်။

## (၉) အိမ်တွင်း သာသနာပြုလုပ်ငန်း

သာသနာတော် တည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခြင်းအတွက် နည်းလမ်းပေါင်းများစွာ ရှိသည့်အနက် အိမ်တွင်းသာသနာပြု လုပ်ငန်း သည်လည်း အရေးပါလှသော လုပ်ငန်းတာဝန်ကြီး တစ်ရပ်ဖြစ်သည်။ အိမ်ထောင်စု တစ်ခုတွင် အမိအဘ၊ သားသမီးများ ရှိကြသည်။ အိမ်ထောင်စု၏ ဦးစီးမှာ မိဘများပင်ဖြစ်၍ ထိုအိမ်ထောင်စု တစ်ခု၏ သာယာ တိုးတက်ရေးအတွက် အိမ်ထောင်ဦးစီးအပေါ် တည်ရှိသည်၊ အိမ်တွင်း သာသနာပြုလုပ်ငန်း အောင်မြင်ရေးအတွက်လည်း အိမ်ထောင်ဦးစီး မိဘများအပေါ် မူတည်သည်။ ထို့ကြောင့် “**သားသမီးမကောင်း မိဘခေါင်း**”ဟူ၍လည်းကောင်း၊ “လက်ဦးဆရာ၊ ဗြဟ္မာမိဘ”ဟူ၍လည်းကောင်း ပြောစမှတ်ပြုကြသည်။ မြတ်စွာဘုရားရှင်ကလည်း သိင်္ဂါလောဝါဒသုတ်တော်၌

အိမ်ထောင်ဦးစီးများအတွက်–

"မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေ နှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ"ဟူ၍–

မိဘတို့ ဝတ္တရားငါးပါးကို ဟောကြား လမ်းညွှန်တော်မူခဲ့သည်။

မိဘတို့သည် မိမိတို့ဝမ်းဝယ် သားသမီးငယ် သန္ဓေတည်လာချိန်မှစ၍ သားသမီး ကောင်းကျိုးအတွက် ကြိုတင်ပြင်ဆင်ကြသည်။ မိမိတို့မှာ ဗုဒ္ဓဘာသာ ဥပါသကာများ ဖြစ်ကြသဖြင့် မွေးဖွားလာမည့် မိမိတို့၏ သားသမီးလေးများ ဘေးမသီ ရန်မခစေရန် ဗုဒ္ဓဘာသာ ဒေသနာတော်များကို နေ့စဉ်ရွတ်ပွားလေ့ ရှိကြသည်၊ မိမိတို့ သားသမီးလေးများအတွက် ရည်စူး၍ မြတ်စွာဘုရား ထံတော်ပါးတွင် သရဏဂုံဆောက်တည်လေ့ရှိကြသည်။ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါကပင် ဤဓလေ့သည် ထွန်းကားခဲ့ပါသည်၊ ဇောဓိမင်းသား၏မယ်တော်သည် မြတ်စွာဘုရားထံ သရဏဂုံသီလ ဆောက် တည်သောအခါ မိမိအတွက်မျှသာမက မိမိဝမ်း၌ လွယ်ထားရသော ဇောဓိမင်းသားအတွက်ပါ ရည်ရွယ်၍ သရဏဂုံ ဆောက်တည်ခဲ့သည်၊ ဇောဓိမင်းသားလေးမှာ မိခင်ကျေးဇူးကြောင့် ဝမ်း၌ ရှိနေစဉ်ကပင် ဗုဒ္ဓဘာသာ ဥပါသကာဖြစ်ခဲ့၏။

ဤသည်မှာ ကောင်းသော အစဉ်အလာတစ်ခု ဖြစ်သည်။ မိမိတို့၏ သားသမီးများကို မမွေးဖွားမီကပင် ဗုဒ္ဓဘာသာဝင်အဖြစ် သွတ်သွင်းချီးမြှင့် ခြင်းသည် အိမ်တွင်းသာသနာပြုလုပ်ငန်း၏ အစပင်ဖြစ်ပါသည်။

သားသမီးလေးများ မွေးဖွားသောအခါ၌လည်း အခက်အခဲမရှိ ပင်ပန်းဆင်းရဲမှု မရှိစေရန် အင်္ဂုလိမာလသုတ်တော်ကို ရွတ်ဖတ်လေ့ရှိသည်၊ ဘုရား တရား သံဃာ့ဂုဏ် အာရုံပြု ရွတ်ဖတ်နာကြားရသဖြင့် မိခင်ကိုယ်တိုင် ဝေဒနာမှ သက်သာသကဲ့သို့ပင် မွေးဖွားမည့် သားငယ် သမီးငယ်အတွက်လည်း ဗုဒ္ဓဒေသနာတော်တန်ခိုးကြောင့် ကောင်းကျိုးခံစားရပေသည်။

မီးရှူးသန့်စင် ဖွားမြင်ပြီးနောက် နာမည်မှည့်သောအခါ သံဃာတော်တို့ကို ပင့်ဖိတ် ဆွမ်းကျွေး အလှူဒါန ပြုလုပ်သည်။ အန္တရာယ်ကင်းစေရန် ပရိတ်ဒေသနာတော်များ ကြားနာပြီး ကလေးငယ်ကို ရည်ရွယ်၍ သရဏဂုံ

ဆောက်တည်ပေးကြသည်။ မွေးစအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြသည်၊ ရက်သားမှ လသား၊ လသားမှ စကားပြောတတ်စ အရွယ်တွင် **“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”** စသော သရဏဂုံများကို သင်ကြားပေးကြသည်၊ ကလေးငယ်များ မပီကလာ ပီကလာနှင့် လိုက်ဆိုသည်ကို ကြည်နူးဝမ်းသာကြရသည်။ ဗုဒ္ဓဘာသာအမွေကို ခံယူစေကြသည်။

ကလေးငယ်သည် အတော်အတန် သိနားလည်သောအခါ မိမိရင်ခွင်၌ထား၍ ဘုရား တရား သံဃာတော်များအား ရှိခိုးဦးချ ကန်တော့သည့် အလေ့အထကို စတင် သင်ပေးသည်။ **“ဦးတော်ပါ ဘုရား”** ဟု ကလေးငယ်၏ လက်နှစ်ဘက်ကို ယှက်ပေးကာ ကန်တော့စေခဲ့ကြသည်၊ ဝစီကံ ဗုဒ္ဓဘာသာဘဝမှ ကာယကံမြောက် ဗုဒ္ဓဘာသာဝင် ဖြစ်စေခဲ့ကြသည်၊ မိဘတို့ကား လက်ဦးဆရာများ ဖြစ်ကြသည်။ မိဘတို့၏ သင်ပြမှုသည် သားသမီးတို့အတွက် တစ်သက်တာလုံး ခိုင်မြဲလှသည့် ခံယူချက်ဖြစ်သည်၊ မိကောင်း ဖခင်တို့၏ သင်ပြမှုကြောင့် ယဉ်ကျေးလိမ္မာသည့် သားကောင်း သမီးကောင်းများ ပေါ်ထွန်းလာကြသည်၊ မိရိုးဖလာဟူသော စကားအတိုင်းပင် မိခင် ဖခင်တို့၏ မျိုးရိုး အကျင့်စရိုက်ကောင်းများနှင့် ဘာသာယဉ်ကျေးမှု အစဉ်အလာတို့သည် ကလေးငယ်အတွက် လေးနက်လှသည့် အမွေကောင်းများ ဖြစ်လာသည်။

ဒုဋ္ဌဂါမဏိမင်း၏ ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီးသည် သားတော်နှစ်ဦး (ဂါမဏိနှင့် တိဿ)အား ပထမဆုံး ထမင်းခွံ့မင်္ဂလာ ပြုလုပ်ပေးသည့် အရွယ်မှ စ၍ ထမင်းကို သစ္စာဆို၍ စားစေခဲ့သည်။ ဘုရားတရားသံဃာ ရတနာသုံးပါးတို့အား အဦးအဖျား မလှူဒါန်းဘဲ မည်သည့်အခါမှ မစားသောက်ရန် သင်ကြားပေးခဲ့သည်။ ဤသို့ဖြင့် ကလေးငယ်တို့၏ သန္တာန်ဝယ် ဗုဒ္ဓသာသနာတော် အမြစ်တွယ်စေခဲ့သည်။ ကလေးငယ်တို့ နှလုံးသားဝယ် မြတ်စွာဘုရား ကိန်းဝပ်စေတော်မူခဲ့သည်။ မိကောင်းဖခင်တို့သည် နုနယ်ငယ်သွေး ကလေးဘဝကပင် သားသမီးတို့အား ဘာသာသွေးကို ထိုးသွင်းပေးခဲ့ကြသည်။

သားသမီးများ အသက်အရွယ် အတော်အတန် ကြီးလာသောအခါ နံနက်အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် အနည်းဆုံး နှစ်ကြိမ် ဘုရားရှိခိုးခိုင်းကြသည်။ ဘုရားရှိခိုးများကိုလည်း သင်ကြားပေးကြသည်။ အိပ်ရာဝင် အိပ်ရာထ **‘အနန္တော အနန္တ ငါးပါး’** ရှိခိုးဝပ်ချသင်ပေးကြသည်။

ညအိပ်ရာဝင်ချိန်ဝယ် ကလေးအရွယ်နှင့် သင့်လျော်သော ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အစဉ်အလာ ဇာတ်နိပါတ် ဗုဒ္ဓဝင်များကို ပြောပြပေးကြသည်။ ကလေးတို့ သိလိုသဖြင့် မေးလာသော အမေးစကားများကို နှလုံးထဲ စွဲသွားအောင် ဖြေဆိုပြကြသည်။

နံနက်ချိန်ခါ ဆွမ်းခံကြွလာသော သံဃာတော်များကို ဆွမ်းလောင်းလှူပုံ သင်ပြကြသည်။ မြတ်စွာဘုရားအား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး လှူဒါန်းပုံ နည်းများကို သင်ကြားပေးကြသည်။ ဤသို့ဖြင့် အိမ်တွင်း သာသနာပြု လုပ်ငန်းသည် အခြေခံကောင်းတို့ဖြင့် တိုးတက်လာခဲ့သည်။ အသက်အရွယ် အတော်အတန် ကြီးပြင်းလာသောအခါ မကောင်းမှုများ မပြုလုပ်ရန် သင်ကြားပေးကြသည်။ မကောင်းမှုများ၏ အကျိုး အပြစ်များကို ပြောပြကြသည်။ ကောင်းရာများကို ညွှန်ကြားကြသည်။ ကောင်းသော အမှုကိစ္စများ၏ အကျိုးများကို ပြောပြကြသည်။

အရွယ်ရောက်လာသောအခါ မိမိတို့ ရွာဦးရွာထိပ်ဝယ် ကိုးကွယ် ထားသော ဆရာတော်ထံမှ အခြေခံ စာပေများ ဖြစ်သော သင်ပုန်းကြီး မင်္ဂလသုတ် သိင်္ဂါလောဝါဒသုတ် လောကနီတိ ဆုံးမစာများကို သင်ကြားကြရ သည်။ ဤသို့ဖြင့် မိကောင်းဖခင်တို့၏ ဗုဒ္ဓဘာသာ ပီသမှု၊ ဗုဒ္ဓဘာသာအပေါ် သက်ဝင် ယုံကြည်မှု နည်းလမ်းပြသ ဆုံးမမှုတို့ကြောင့် အိမ်တွင်း သာသနာပြု လုပ်ငန်းသည် အောင်မြင်မှုရလာသည်။

မြန်မာတို့၏ ဘိုးဘေးဖြစ်သော၊ ရှေးက ပျူလူမျိုးတို့သည် သားသမီးများ ခုနစ်နှစ်သားအရွယ်ရောက်လျှင် ယောကျ်ားကလေးရော၊ မိန်းကလေးများပါ ခေါင်းရိတ်၍ ဘုန်းတော်ကြီးကျောင်းသို့ ပို့ရသည်။ အသက်နှစ်ဆယ်ထိ ဘုန်းတော်ကြီးကျောင်းပညာရေးကို သင်ယူကြရ၏။ ပျူခေတ်မှ စတင်၍ ပုဂံခေတ်တွင် အချောကိုင်ပေးခဲ့သော ထို ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အစဉ်အလာသည် ယနေ့ထက်တိုင် ခိုင်မြဲ စည်ပင်၍ အမျိုးသားယဉ်ကျေးမှု အဆင့်သို့ ရောက်ရှိလာခဲ့သည်။

ဗုဒ္ဓဘာသာနှင့် မြန်မာသည် ခွဲခြားမရ၊ ထာဝရ ယှဉ်တွဲနေခဲ့သည်။ ဗုဒ္ဓဘာသာ အဆုံးအမများသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများ ဖြစ်လာခဲ့ကြပြီး နှစ်ပေါင်းထောင်နှင့်ချီ၍ အမျိုးသားယဉ်ကျေးမှု ခိုင်မြဲသော

နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့ကြသည်။ အမျိုး ဘာသာ သာသနာကို ကာကွယ်နိုင်ခဲ့ကြသည်။

အိမ်တွင်းသာသနာပြုလုပ်ငန်း အောင်မြင်မှု အရှိန်အဟုန် ကောင်းလေလေ သာသနာတော် တည်တံ့ ပြန့်ပွား ထွန်းကားလေလေ ဖြစ်သဖြင့် အခြေခံကျလှသည့် အိမ်တွင်းသာသနာပြုလုပ်ငန်း အောင်မြင်စေရန် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း ကြိုးပမ်းကြရပေမည်။

## (၅) ရပ်ရွာအတွင်း သာသနာပြုလုပ်ငန်း

သာသနာတော် တည်တံ့ ပြန့်ပွားရေးလုပ်ငန်းကြီး အောင်မြင် တိုးတက်ရေးအတွက် အရေးပါလှသော လုပ်ငန်းများအနက် ရပ်ရွာအတွင်း သာသနာပြုလုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။ အိမ်ထောင်စုများ စုပေါင်း နေထိုင်ကြသဖြင့် ရပ်ရွာရပ်ကွက်တို့ ပေါ်ပေါက်လာသည်။ ရပ်ရွာ ရပ်ကွက်တို့ကို စုပေါင်းဖွဲ့စည်းလိုက်လျှင် မြို့, ခရိုင်, တိုင်း, ပြည်နယ်, နိုင်ငံတော်ကို ပေါ်ပေါက်လာရသည်။

မြတ်စွာဘုရား၏ တရားတော်တို့ကြောင့် ယခုဘဝ ပစ္စက္ခမှာလည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာမှုကို ရရှိနိုင်ပြီး တမလွန်ဘဝ သံသရာမှာလည်း အထက်တန်းကျ ဘဝသမ္ပတ္တိသုခကို ရရှိပေမည်။ နောက်ဆုံး သန္တိသုခ အမတနိဗ္ဗာန်ကို ခံစားရပေမည်။ ဗုဒ္ဓဘာသာ ဘဝကား အဖိုးတန်လှပေသည်။ ထိုကဲ့သို့ အဖိုးတန်လှသော ဗုဒ္ဓဘာသာဘဝကို လူတိုင်း ခံစားစံစားနိုင်စေရေး အတွက် မသိနားမလည်သူ၊ အယူလွဲ အသိလွဲသူများကို အသိမှန် အယူမှန် သမ္မာဒိဋ္ဌိများ ဖြစ်လာစေရန် မိမိတို့ ရပ်ရွာ မြို့နယ်အတွင်း၌ အသင်းအပင်းဖွဲ့၍ ဟောပြောပြသ စည်းရုံးလှုံ့ဆော်ပေးခြင်းသည် လွန်စွာ ကျေးဇူးများလှသည့် လုပ်ငန်းကြီးပင်ဖြစ်ပေသည်။ မြတ်စွာဘုရားသခင်က ပုဂ္ဂိုလ်လေးမျိုးကို ဟောပြတော်မူထားသည်။

၁။ ပုဂ္ဂိုလ်တစ်မျိုးမှာ မိမိကိုယ်တိုင်သာ ဒါန, သီလ, ဘာဝနာ ကောင်းမှုများကို ပြုလုပ်လေ့ရှိပြီး သူတပါးကိုမူ ဟောပြော ပြသ စည်းရုံးမှု မပြုသူ၊

၂။ ပုဂ္ဂိုလ်တစ်မျိုးမှာ မိမိကိုယ်တိုင်ကမူ ကောင်းမှု မပြုလုပ်ဘဲ သူတပါးကိုသာ တိုက်တွန်းနှိုးဆော်တတ်သူ၊

၃။ ပုဂ္ဂိုလ်တစ်မျိုးမှာ မိမိကိုယ်တိုင်လည်း ကောင်းမှု မပြု၊ သူတပါးကိုလည်း မတိုက်တွန်းသူနှင့်

၄။ ပုဂ္ဂိုလ်တစ်မျိုးမှာ မိမိကိုယ်တိုင် ကောင်းမှုများကို စေတနာပါပါ ပြုလုပ်ပြီး ၊ အခြားသူများကိုလည်း မိမိကဲ့သို့ပင် ကုသိုလ်ကောင်းမှု တို့ကို ပြုလုပ်ရန် တိုက်တွန်း နှိုးဆော်တတ်သူတို့ ဖြစ်ကြသည်။

ထိုပုဂ္ဂိုလ်လေးဦးတို့၏ စိတ်နေ သဘောထားနှင့် ဆောင်ရွက်ချက် ကွဲပြားမှုကြောင့် အကျိုးပေးသောအခါ မိမိကိုယ်တိုင် ချမ်းသာကြွယ်ဝသော်လည်း အခြွေအရံ ကင်းမဲ့သူ၊ အခြွေအရံ ပေါများသော်လည်း လွန်စွာ ဆင်းရဲနွမ်းပါးသူ၊ အခြွေအရံလည်းမရှိ ချမ်းသာလည်းကင်း ဆင်းရဲသူ၊ အခြွေအရံလည်း ပေါများ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝမှုလည်း ပြည့်စုံသူဟူ၍ လောက အလယ်တွင် လူတန်းစားလေးသွယ်တို့ ပေါ်ပေါက်လာကြလေသည်။

ဤဒေသနာတော်ကို ကြည့်ပါက မိမိကိုယ်တိုင် ကောင်းမှုကုသိုလ် ပြုလုပ်ပြီး၊ သူတပါးကိုလည်း မိမိကဲ့သို့ ပြုလုပ်ရန် တိုက်တွန်း စည်းရုံး ဦးဆောင်သူသည် ဘဝသံသရာဝယ် သားသမီး တပည့်ဒကာ လက်အောက်ခြွေရံ အပေါင်းအသင်း ပရိသတ်တို့ဖြင့် ပြည့်စုံကာ ပစ္စည်းဥစ္စာ ပေါများ ကြွယ်ဝ ရတတ်သည်။ ထို့ကြောင့် မိမိတို့ ရပ်ရွာအတွင်း ဟောပြော စည်းရုံးကာ သာသနာပြု လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အရေးကြီးလှသော လုပ်ငန်းကြီး တစ်ရပ်ဖြစ်ပေသည်။

ရပ်ရွာအတွင်း သာသနာပြုလုပ်ငန်းကြီး ဆောင်ရွက်ရာတွင် အဓိက အားဖြင့် ရည်ရွယ်ချက် နှစ်မျိုးရှိပါသည်။ မိမိရပ်ကွက် ရပ်ရွာရှိ လူများအနေဖြင့် သံသရာတစ်လျှောက် ဘဝသမ္ပတ္တိ ပြည့်စုံစေရန်နှင့် မိမိပတ်ဝန်းကျင်ရှိ လူအပေါင်းတို့ စည်းလုံးချစ်ခင်မှု တိုးတက်ကောင်းမွန်စေရန် ဖြစ်သည်။

အထက်ပါ ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုသားတို့သည် ကုမ္မာရီအသင်း၊ လူငယ်များအသင်း စသည်တို့ကို စည်းရုံး ဖွဲ့စည်းကြကာ အမျိုး, ဘာသာ, သာသနာအတွက် ဆောင်ရွက်ခဲ့ကြသည်။ ရပ်ကွက်အတွက်

အရေးအကြီးဆုံး လိုအပ်ချက်မှာ ရပ်ကွက်တွင်း ဓမ္မာရုံတစ်ခု ပေါ်ပေါက်လာအောင် စုပေါင်းစီမံခြင်းဖြစ်သည်။ ရပ်ကွက်တိုင်း ဓမ္မာရုံဖြစ်ပေါ်အောင် ကြိုးပမ်းရမည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ တာဝန်တစ်ရပ်ပင်ဖြစ်သည်။

ရပ်ကွက်ဓမ္မာရုံတွင် ဥပုသ်နေ့တိုင်း သီတင်းသီလ ဆောက်တည်နိုင်ကြစေရန်အတွက် တိုက်တွန်းနှိုးဆော်ကြရသည်။ လူတိုင်း လူတိုင်း ဝမ်းရေးအတွက် အချိန်ပြည့် ကြိုးစားနေရသည့်ကြားကပင် ဥပုသ်သီလ မှန်မှန် ကန်ကန် စောင့်နိုင်ရေးအတွက် နှိုးဆော်ကြရသည်။ **"ရေဗူးနှင့်ဖိနပ် မပါလျှင် နွေခါမှ သိမယ်၊ ဒါနနှင့်သီလ မပါလျှင် သေခါမှ သိမယ်"**ဟူသော စကားအရ အိမ်တိုင်း ဥပုသ်စောင့်ရန် စည်းရုံးကြရသည်။ ဥပုသ်သည်များ စုဝေးကြသောအခါ ရပ်ကွက်အတွင်း ဆွမ်းလောင်းအသင်းများ ဖွဲ့၍ ဆွမ်းလောင်း လှူကြရန် တိုက်တွန်း ကြရသည်။ လူငယ်လူရွယ်များက ဈေးအတွင်း ဆွမ်းဆန်များ ပစ္စည်းဝတ္ထုများငွေများ အလှူခံ၍ ဘုန်းတော်ကြီးကျောင်း များသို့ သံဃာအနည်းအများအရ ခွဲဝေလှူဒါန်းပို့ဆောင်ကြရသည်။

ဥပုသ်နေ့များတွင် ဥပုသ်သည်တို့ တရားစာပေ ဖတ်ရှုနားထောင်ကြရသည်။ ဆွမ်းတော်ကြီး ကပ်လှူပွဲ၊ ဆွမ်းတော်ကြီးတင်ပွဲများကို စုပေါင်း ပျော်ရွှင်စွာ ဆင်နွှဲကြရသည်။ မဟာဒုက်အလှူပွဲ၊ နှစ်ကျိုပ်ရှစ်ဆူလှည့်ပွဲများကို ပြုလုပ်ကြရသည်။ ရပ်ကွက်စုပေါင်းဘုံကထိန်ပွဲ၊ စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲများကို ပြုလုပ်ကြရသည်။ နှစ်စဉ်နှစ်တိုင်း ရပ်ကွက် စုပေါင်း ရှင်ပြုရဟန်းခံပွဲများကိုလည်း ကျင်းပကြရသည်။

ဗုဒ္ဓဘာသာစာပေ ပြန့်ပွားရေး၊ အသိဉာဏ်ပညာ တိုးတက် မြင့်မားရေးအတွက် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ၊ မင်္ဂလာသင်တန်းများ၊ အဘိဓမ္မာသင်တန်းများကို ဖွင့်လှစ်ပေးကြရသည်။ တက်ရောက်သင်ကြားသူ သင်ယူသူတို့ စိတ်ဝင်စား အသိဉာဏ်ပွား ကုသိုလ်များစေရန် သွားရေးလာရေး၊ သင်တန်းကိစ္စ အောင်မြင်ရေးတို့ကို ကြိုးပမ်းကြရသည်။

တရားဆွေးနွေးပွဲများ၊ တရားဟောပြောပွဲများ၊ပူဇော်ပွဲများ ဖြစ်မြောက်အောင်လည်း ကြိုးပမ်းကြရသည်။ မြန်မာနှစ်သစ်ကူး သင်္ကြန်အခါတော်ရက်များနှင့် နှစ်ဆန်းတစ်ရက်နေ့များတွင် ရပ်ကွက်အတွင်း စုပေါင်း၍ အန္တရာယ်ကင်း ပရိတ်နာကြားခြင်း၊ ငါးလွှတ်ခြင်း၊ ဘေးမဲ့လွှတ်ခြင်း၊ သင်္ကြိုးပူဇော်ခြင်းများ ပြုလုပ်ကြရသည်။

ကဆုန်ညောင်ရေသွန်းပွဲ စသော အခါရာသီပွဲများ၊ လူမှုရေး အားကစားပွဲများအပြင် ရပ်ကွက်အတွင်း သာရေး နာရေး ကိစ္စရပ်များ ပေါ်ပေါက်လာသောအခါ အမှုကိစ္စ အဝဝတို့ကို စုပေါင်းညီညာ ပါဝင် လုပ်ဆောင်ကြရသည်။ အမျိုးဘာသာ သာသနာတော်အတွက် တက်ကြွ ရွှင်လန်းစွာ မမောမပန်း အားထုတ်ကြရသည်။

ဗုဒ္ဓဘာသာ မြန်မာ တိုင်းရင်းသားများပီပီ စေတနာ သဒ္ဓါ ဉာဏ်ပညာ ပြည့်ဝစွာ လုပ်ဆောင်ကြသဖြင့် ရပ်ကွက်တစ်ခုလုံး စည်းလုံးညီညာ သာယာ အေးချမ်းသော လူနေမှုဘဝကို ရကြသည်။

ထိုသို့ လောက, ဓမ္မ နှစ်ဌာနလုံး အကျိုးပြီးစေရန် ရတနာပုံ မန္တလေးခေတ်တွင် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် ငါးပါးသီလ၊ မင်္ဂလာတရား၊ မေတ္တာဗြဟ္မစိုရ်တရားတို့ ထွန်းကားစေရန် ဂရုဓမ္မအမိန့်တော်ပြန်တမ်းကို လဆန်း ၅-ရက်နေ့တိုင်း လေးပြင် လေးရပ် လှည့်လည် ကြေညာစေသည်။ အမိန့်တော် ပုရပိုက်ကို ဆင်ဦးကင်း၌ တင်၍ လူ ၅၀-ထမ်းရသော စည်ကြီးကို တီးခတ် ကြေညာရသည်။ ဝတ်အသင်းများ၊ တရားတင်းကုပ်(ဓမ္မာရုံ)များကိုလည်း ဖွဲ့စည်း၍တည်ထောင်ပေးခဲ့သည်။

အမှန်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံရုံမျှဖြင့် လောက၌ ငြိမ်းချမ်း သာယာမှုကို မရနိုင်၊ ထိုသို့ မရနိုင်ကြောင်းကို ကမ္ဘာ့သိပ္ပံပညာရှင်များက သက်သေခံလျက် ရှိကြ၏။ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံရုံမျှဖြင့်လည်း လောက၌ ငြိမ်းချမ်းသာယာမှုကို မရနိုင်၊ ထိုသို့ မရနိုင်ကြောင်းကို ကမ္ဘာ့ပါမောက္ခများက သက်သေခံလျက် ရှိကြ၏။ သို့ရာတွင် ကိုယ်ကျင့် သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှုဖြင့်ကား လောက၌ ငြိမ်းချမ်း သာယာမှုကို ရနိုင်၏။ ထိုသို့ ရနိုင်ကြောင်းကို 'ဧဟိ ပဿိက' ဂုဏ်တော်က သက်သေခံလျက်ရှိပါ၏။

ထို့ကြောင့် လောက၌ ငြိမ်းချမ်းသာယာမှုကို တာကယ်တမ်း ပေးနိုင်သော မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာ'ကို ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုအရ လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှုအရလည်းကောင်း၊ ကိုယ်ကျင့်သိက္ခာပိုင်း ဆိုင်ရာ ပြည့်စုံမှုအရလည်းကောင်း အသုံးကျအောင် အသုံးချနိုင်ရေးအတွက် ရပ်ရွာအတွင်း လောကဓမ္မ နှစ်ဌာန အကျိုးပြီးသော သာသနာပြုလုပ်ငန်းကို မြန်မာနိုင်ငံသားတို့သည် အားသွန်ခွန်စိုက် ကြိုးပမ်းအပ်၏။

# အခန်း (၇)

## လူမှုရေးကျင့်ဝတ်များ

# အခန်း (၇)

## လူမှုရေးကျင့်ဝတ်များ

### (က) သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ်များ

**သိင်္ဂါလောဝါဒခေါ် လူတို့ကျင့်ဝတ်များ**

တစ်လောကလုံး၊ ညွှတ်ရုံးဦးချ၊ နိုင်းမမျှသား၊ ဘုရားရွှေစက်၊ ရောင်ပြိုးပြက်ကို၊ ဦးထက်တင်ထား၊ ရှိညွှတ်တွား၍၊ သားနှင့်မိဘ၊ တပည့်စသည်၊ ပြုရအံ့ဝတ်၊ ချွတ်မှုပါယ်ရှာ၊ လားမည်တာကြောင့်၊ သုတ်ပါထေယျ၊ ကျမ်းဦ ပြသည့်၊ လောကကျင့်ရာ၊ အကျဉ်းမှာပိမ့်၊ နတ်ရွာသို့လုံးလုံး၊ ကျက်၍သုံး။

**သားသမီးကျင့်ဝတ် ၅–ပါး**

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှမ္ဘုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ။

(၁) မိဘတို့ကို လုပ်ကျွေးခြင်း၊

(၂) မိဘတို့၏ အမှုကိစ္စကို ဆောင်ရွက်ခြင်း၊

(၃) မိဘစကားကို နားထောင်၍ မိဘတို့အမွေကို ခံထိုက်အောင် ပြုလုပ်ခြင်း၊

**(မိဘစကား နားမထောင်က အမွေမခံထိုက်ပါ)**

(၄) မိဘတို့ ကွယ်လွန်သောအခါ မိဘတို့အတွက် ရည်စူး၍ ကုသိုလ်ပြုလုပ် အမျှပေးဝေခြင်း၊
(၅) မိဘတို့၏ မျိုးနွယ် အမျိုး ဘာသာ သာသနာကို စောင့်ရှောက်ရခြင်း။

မိဘ‌ကျင့်ဝတ် ၅-ပါး

မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ။

(၁) မကောင်းမှုများကို တားမြစ်ခြင်း၊
(၂) ကောင်းမှု ကောင်းရာများကို ညွှန်ပြရခြင်း၊
(၃) အတတ်ပညာ သင်ကြား ပေးရခြင်း၊
(၄) ရင်းနှီးလုပ်ကိုင်စားဖို့ရန် ပေးရခြင်း၊
(၅) လက်ထပ်ထိမ်းမြား ပေးရခြင်း။

တပည့်ကျင့်ဝတ် ၅-ပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီး, လုပ်ကျွေး၊ သင်တွေး အံရွတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ။

(၁) ဆရာသင်ကြား ဆုံးမသမျှကို လေးစားစွာ ဂရုတစိုက် နာခံမှတ်သားရခြင်း (ဆုံးမနာယူ)၊
(၂) ဆရာလာသောအခါ ညီညာစွာ မတ်တတ်ရပ်လျက် ခရီးဦး ကြိုဆိုရခြင်း (လာမူကြိုဆီး)၊
(၃) ဆရာ့ထံပါး ဆည်းကပ် ခစားရခြင်း (ထံနီး)၊
(၄) ဆရာ့ထံပါးဝယ် ပြုဖွယ်ကိစ္စများကို ပြုလုပ်ပေးရခြင်း (လုပ်ကျွေး)၊

(၅) ဆရာသင်ပေးပြီးသော သင်ခန်းစာများကို လေးစားစွာ တွေးတော ကြံစည် သင်အံ လေ့ကျက် နှုတ်တက်ရွတ်ဆို ရခြင်း (သင်တွေးအံရွတ်)။

**ဆရာကျင့်ဝတ် ၅-ပါး**

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ။

(၁) သိသင့်သမျှ အတတ်ပညာများကို သင်ကြားပေးရခြင်း၊

(၂) ဆုံးမ ဩဝါဒပေး၍ ပြုပြင်ပေးရခြင်း၊

(၃) မိမိတတ်သမျှ အကုန်သင်ပေးရခြင်း၊

(၄) တပည့်များ ဘေးအန္တရာယ် မဖြစ်စေရန် ကြိုတင် တားဆီး ကာကွယ်ပေးရခြင်း၊

(၅) မိမိထက် ကျေးဇူးပြုနိုင်မည့် ဆရာထံသို့ အပ်နှံပေးရခြင်း။

**လင်ကျင့်ဝတ် ၅-ပါး**

မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

(၁) မိမိ မယားအား မထီလေးစား မပြုလုပ်ရခြင်း၊

(၂) မိမိ ရှာဖွေရသမျှ ဥစ္စာများကို အပ်နှံရခြင်း၊

(၃) အခြားမိန်းမများနှင့် ဖောက်ပြား ကျူးလွန်မှု မရှိရခြင်း၊

(၄) အဝတ်အစားများကို ဆင်ယင်ပေးရခြင်း၊

(၅) မြတ်နိုးကြင်နာစွာ ဆက်ဆံရခြင်း။

**မယားကျင့်ဝတ် ၅-ပါး**

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။

(၁) အိမ်တွင်းမှု လုပ်ငန်းကိစ္စကို အဆင်ပြေစေရန် စီမံပြုလုပ်ရခြင်း၊

(၂) မိမိလင်ယောကျ်ား အပ်နှံလာသော ဥစ္စာများကို စနစ်တကျ သိမ်းဆည်း ထိန်းသိမ်းထားရခြင်း၊

(၃) မိမိယောကျ်ားမှ တပါးသော ယောကျ်ားတို့နှင့် မမှားယွင်း မဖောက်ပြန်ရခြင်း၊

(၄) မိမိဘက်ဆွေမျိုး၊ လင်ဘက်ဆွေမျိုးတို့၌ မျှမျှ တတ ပေးကမ်းရခြင်း၊

(၅) လုပ်ငန်းကိစ္စ အဝဝ၌ ပျင်းရိခြင်းကင်း၍ ကျွမ်းကျင်ရခြင်း။

**မိတ်ဆွေကျင့်ဝတ် ၅-ပါး**

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ။

(၁) မိမိတတ်နိုင်သလောက် ပေးကမ်းချီးမြှင့်ခြင်း၊

(၂) ကိုယ့်အောက်သို့ မနှိမ့်ချမူ၍ ကိုယ်နှင့်တန်းတူထားကာ ဆက်ဆံခြင်း၊

(၃) နှစ်ဦးနှစ်ဝ ကြီးပွားရန်အတွက် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(၄) ပြောဆိုဆက်ဆံရာ၌ စကားအရာ ပြေပြစ် ချိုသာစွာ ပြောရခြင်း၊

(၅) စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် သစ္စာဖောက်ဖျက်မှု မရှိဘဲ မှန်ကန်တိကျခြင်း။

**ကျေးဇူးခံ မိတ်ဆွေကျင့်ဝတ် ၅-ပါး**

မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ဘေးတွယ်မပစ်၊ သားမြစ်စဉ်ဆက်၊ မပျက်ချီးပင့်၊ ဝတ်ငါးဆင့်၊ ပြုကျင့် မိတ်ဆွေများ။

(၁) မေ့လျော့နေသော ဥစ္စာများကို စောင့်ရှောက်ရခြင်း၊

(၂) တစ်ဘက်မိတ်ဆွေ၏ ဥစ္စာများကို စောင့်ရှောက်ပေးရခြင်း၊

(၃) မိမိမိတ်ဆွေ ဘေးဒုက္ခရောက်သောအခါ အားကိုးရာ ဖြစ်ရခြင်း။

(၄) ဘေးဒုက္ခရောက်သောအခါ ပစ်ပယ်စွန့်ခွာ၍ မသွားရခြင်း၊

(၅) သားစဉ်မြေးဆက် အဆက်ဆက် မိတ်ဝတ်မပျက်ဘဲ ပေးကမ်းချီးမြှင့်ရခြင်း။

**အလုပ်ရှင်ကျင့်ဝတ် ၅–ပါး**

ဝစွာ ကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေရသာ၊ အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ် ငါးခုသာ။

(၁) မိမိအလုပ်သမားကို ဝလင်စွာ ကျွေးမွေးရခြင်း၊

(၂) သူတို့လုပ်နိုင်သော အလုပ်ကိုသာ လုပ်စေပြီး သင့်လျော်သော အချိန်၌ ခိုင်းစေရခြင်း။

(၃) မကျန်းမမာသောအခါ၌ ရောဂါပျောက်အောင် ကုသပေးရခြင်း၊

(၄) ထူးဆန်းသော အစားအစာကို ရသောအခါ ဝေ၄ ပေးကမ်းရခြင်း၊

(၅) ဥပုသ်နေ့၊ ပွဲတော်နေ့၊ အလုပ်ပိတ်ရက် စသောအခါတို့၌ အခိုင်းအစေ, စာရင်း၄ား ကျွဲနွားတို့ကို မခိုင်းစေဘဲ အနားပေးရခြင်း၊ အခွင့်လွှတ်ရခြင်း။

**အလုပ်သမားကျင့်ဝတ် ၅–ပါး**

အိပ်သော်နောက်ကျ၊ ထသော်ကားရှေ့၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။

(၁) နောက်ကျမှ အိပ်ရခြင်း၊

(၂) အိပ်ရာမှ စောစောထရခြင်း၊

(၃) မိမိအရှင် ပေးကမ်းမှသာ ယူရခြင်း၊

(၄) မိမိအရှင်၏ လုပ်ငန်းများကို မနိုမကပ်ဘဲ စေတနာ ရှေ့ထား၍ စေ့စေ့စပ်စပ် ဆောင်ရွက်ရခြင်း၊

(၅) မိမိအရှင်၏ ဂုဏ်ကျေးဇူးကိုသာ ပြောဆိုရခြင်း။

ဒါယကာကျင့်ဝတ် ၅-ပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေ ဒါယကာ။

(၁) ရဟန်းသံဃာတို့အပေါ်၌ မေတ္တာစိတ် ရှေ့ထားရခြင်း၊

(၂) ရဟန်း သံဃာတော်တို့အတွက် ဆောင်ရွက်စရာများကို ချစ်ခင်လေးစား စေတနာထား၍ ဆောင်ရွက်ရခြင်း၊

(၃) ခင်ခင်မင်မင် လေးလေးစားစား နှုတ်ချို ကြည်သာစွာ ပြောဆိုရခြင်း၊

(၄) အလိုရှိသောအရာများကို တောင်းပါဟု ဖိတ်ထားရခြင်း၊

(၅) တတ်နိုင်သမျှ လှူဒါန်းရခြင်း။

ရဟန်းကျင့်ဝတ် ၆-ပါး

မကောင်းမြစ်ထား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွန်သေချာ။

(၁) မကောင်းမှု မပြုလုပ်ရန် တားမြစ် ဟောပြရခြင်း၊

(၂) ကောင်းမှုကုသိုလ် ပြုလုပ်ရန်အတွက် ညွှန်ပြဟောပြရခြင်း၊

(၃) ထူးခြားသော တရားအသစ်များကို ဟောကြားရခြင်း၊

(၄) နာဖူးသော တရားများကို ထပ်မံ၍ ဟောကြားရခြင်း၊
(၅) နတ်ပြည်သို့ရောက်ဖို့ နည်းလမ်းကို ညွှန်ကြား ဟောပြရခြင်း၊
(၆) ဒကာ ဒကာမတို့အား စေတနာ မေတ္တာထား၍ ဆုံးမ ဟောကြားရခြင်း။

**နာယကကျင့်ဝတ် ၆-ပါး**

ထကြွ, နိုးကြား၊ သနား, သည်းခံ၊ ဝေဘန်, ကြည့်မှု၊ ဤခြောက်ခု၊ ကြီးသူ့ ကျင့်ရာတရားတည်း။

(၁) သူများထက် လုံ့လရှိရခြင်း၊
(၂) သူများကို မိမိက ရှေ့ဆောင် ပြုလုပ်နိုင်အောင် နိုးကြား တက်ကြွခြင်း၊
(၃) မိမိလက်အောက်ငယ်သားများကို သနားကြင်နာခြင်း၊
(၄) သည်းခံ ခွင့်လွှတ်တတ်ခြင်း၊
(၅) အရာရာကို ချင့်ချိန် ဝေဘန် ထောက်ဆ၍ ပြုလုပ်ရခြင်း၊
(၆) အရာရာမှာ ဉာဏ်ပညာဖြင့် ဆင်ခြင်ကြည့်ရှုခြင်း။

## (ခ) မင်္ဂလသုတ်လာ ကျင့်ဝတ်များ

**မင်္ဂလသုတ် ပါဠိ**

– ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

– ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

(က) ဧဝံ မေ သုတံ။

(ခ) ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

(ဂ) အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ
အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ
အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

(ဃ) ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ
အဇ္ဈဘာသိ။

၁။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

၂။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၃။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၄။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၅။ မာတာပိတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၆။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၇။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၈။ ဂါရဝေါ စ၊ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၉။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၀။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာနဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ . မင်္ဂလမုတ္တမံ။

၁၁။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၂။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

**မင်္ဂလသုတ်အပျိုး**

မြတ်စွာဘုရားသည် မင်္ဂလသုတ္တန်တရားတော်ကို မဟောမီ ၁၂–နှစ် ကာလကပင် ကြီးပွားချမ်းသာရေး(မင်္ဂလာတရား)များ ပေါ်လာလိမ့်မည်ဟု ကောလာဟလ ကြိုတင် ဖြစ်ပေါ်နေနှင့်သည်။

ထိုကောလာဟလအရ ကြီးပွားချမ်းသာရေး (မင်္ဂလာ)တရားကို အမျိုးမျိုး အဓိပ္ပာယ် ဖော်ဆောင်ကြသည်။ အချို့က ကောင်းသောအဆင်းကို မြင်ရလျှင် ကြီးပွားကြောင်း (ဒိဋ္ဌမင်္ဂလာ)ဖြစ်သည်။ အချို့က ကောင်းသောအသံကို ကြားရလျှင် ကြီးပွားကြောင်း (သုတမင်္ဂလာ) ဖြစ်သည်။ အချို့က ကောင်းသောအနံ့အရသာ အတွေ့ ခံစားရလျှင် ကြီးပွားကြောင်း (မုတမင်္ဂလာ) ဖြစ်သည်ဟု အယူရှိကာ ပြောဆိုနေကြသည်။

ဤသို့ မင်္ဂလာနှင့်စပ်၍ လူတို့သုံးအုပ်စုကွဲပြားကာ အငြင်းပွားကြကုန်၏။ လူတို့မှတဆင့် ကိုယ်စောင့်နတ်များမှ စ၍ ဗြဟ္မာ့ပြည်တိုင်အောင် ငြင်းခုံကြသည်။ သို့သော် တိကျသောအဖြေကို မရကြပေ။ နောက်ဆုံးတွင် နတ်သားတစ်ယောက်သည် မြတ်စွာဘုရားသခင်ထံ ရောက်ရှိလာပြီး ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါရန် တောင်းပန်သဖြင့် ဤမင်္ဂလသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားသခင်သည် ၃၈–မျိုးသော ကြီးပွား ချမ်းသာရေး တရားတော်များကို ဟောတော်မူ၏။ ဤကြီးပွားချမ်းသာရေး တရားတော်များ၌ ခြုံ၍ သုံးသပ်ကြည့်လျှင် ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေးစသော အမျိုးဘာသာ သာသနာရေးကိစ္စအားလုံး ပါဝင်လေသည်။

ထို့ကြောင့် ဤ ၃၈–ဖြာသော ကြီးပွားချမ်းသာရေး မင်္ဂလာတရားတို့သည် လူမျိုးဘာသာမရွေး ကြီးပွားချမ်းသာလိုသူတိုင်း လိုက်နာကျင့်သုံးထိုက်သော နည်းလမ်းများ ဖြစ်ပေသည်။

**မင်္ဂလသုတ်အမွှန်း**

- ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
  သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။
- ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
  သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

နတ်နှင့်အတူ လူများစွာတို့သည် ၁၂–နှစ် ကာလပတ်လုံး မင်္ဂလာတရားတော်ကို ကြံစည်ကြကုန်၏။ သို့သော်လည်း (၃၈)ဖြာ မင်္ဂလာတရားတော်ကို မသိနိုင်ကြပေ။

လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ထက် မြင့်မြတ်တော်မူသော မြတ်စွာဘုရားသည် မကောင်းမှုဟူသမျှကို ပယ်ဖျောက်နိုင်သော (၃၈)ဖြာ မင်္ဂလာတရားတော်ကို သတ္တဝါအားလုံး၏ အကျိုးစီးပွား များပြားစေရန်အတွက် ဟောပြတော်မူပါသည်။ အို– သူတော်ကောင်းတို့– ကျွန်ုပ်တို့သည် မင်္ဂလသုတ်တော်မြတ်ကို ရွတ်ဖတ်ကြပါကုန်စို့။

**မင်္ဂလသုတ်နိဒါန်း**

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

အရှင်မဟာကဿပ မထေရ်မြတ်ဘုရား- တပည့်တော် အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအထံတော်မှ မင်္ဂလသုတ်တော်ကို ဤသို့ နာကြားမှတ်သား အရဆောင်ထားခဲ့ပါသည် ဘုရား။

(ပထမသင်္ဂါယနာ တင်စဉ်က ဘုရားဟော တရားတော်များကို စနစ်တကျ စုစည်းခဲ့ပါသည်။ ခေါင်းဆောင်မထေရ်ကြီး ရှင်မဟာကဿပက မေး၍ အရှင်အာနန္ဒာက ဖြေဆိုခြင်းဖြစ်သည်)။

အခါတပါး၌ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းထားသော မွေ့လျော်ဖွယ်ကောင်းသည့် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါသည်။

အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ။

ထိုအခါ ညသန်းခေါင်ကျော်အချိန် အလွန်နှစ်လိုဖွယ် ရုပ်သွင်ရှိသော နတ်သားတစ်ဦးသည် ဇေတဝန်တစ်ကျောင်းလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် တောက်ပ လင်းထိန်စေလျက် မြတ်စွာဘုရားရှိရာ အရပ်သို့ ချဉ်းကပ်လာပါသည်။

ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ထိုသို့ ချဉ်းကပ်လာပြီးနောက် မြတ်စွာဘုရားသခင်ကို ရှိခိုးပါသည်။ ထို့နောက် သင့်လျော်သောနေရာ တစ်နေရာ၌ ရပ်နေပါသည်။ ထိုသို့ ရပ်နေပြီးနောက် နတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်ထားပါသည်။

ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

"မြတ်စွာဘုရား- လူ နတ် ဗြဟ္မာ များစွာသော သူတို့သည် ချမ်းသာတရားကို ရရှိလိုကြပါသဖြင့် မင်္ဂလာနှင့် ပတ်သက်သော အကြောင်းအရာများကို စဉ်းစားကြံစည်ကြပါကုန်၏ ဘုရား။ (ထိုသို့ ကြံစည်ကြပါကုန်သော်လည်း တိတိကျကျ မသိခဲ့ကြပါဘုရား။ သို့ဖြစ်၍) ကောင်းမြတ်မှန်ကန်သော မင်္ဂလာတရားတော်ကို ဟောပြတော်မူပါဘုရား" ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားသည် အောက်ပါ မင်္ဂလာတရား ၃၈–ပါးကို ဟောပြတော်မူပါသည်။

**မင်္ဂလာတစ်ပါးစီ၏ မြန်မာပြန်အကျဉ်း**

| | | |
|---|---|---|
| (၁) အသေဝနာ စ ဗာလာနံ | = | လူမိုက်တို့ကို မဆည်းကပ်ရခြင်း။ |
| (၂) ပဏ္ဍိတာနဉ္စ သေဝနာ | = | ပညာရှိလူလိမ္မာတို့ကို မှီဝဲဆည်းကပ်ရခြင်း။ |
| (၃) ပူဇာ စ ပူဇနေယျာနံ | = | ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း။ |
| (၄) ပတိရူပဒေသဝါသော စ | = | သင့်တင့်လျောက်ပတ်သော အရပ်၌ နေခြင်း။ |
| (၅) ပုဗ္ဗေ စ ကတပုညတာ | = | ရှေးရှေးဘဝ ရှေးရှေးကာလက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း။ |
| (၆) အတ္တသမ္မာပဏိဓိ စ | = | မိမိကိုယ်စိတ်ကို ကောင်းစွာထိန်းသိမ်းခြင်း။ |
| (၇) ဗာဟုသစ္စဉ္စ | = | အကြားအမြင် ဗဟုသုတရှိခြင်း။ |
| (၈) သိပ္ပဉ္စ | = | စက်မှုလက်မှု အတတ်ကိုတတ်ခြင်း။ |
| (၉) ဝိနယော စ သုသိက္ခိတော | = | ကျင့်ဝတ်စည်းကမ်းများကို သင်ယူ လိုက်နာခြင်း။ |
| (၁၀) သုဘာသိတာ စ ယာဝါစာ | = | ကောင်းသော စကားကို ပြောဆိုတတ်ခြင်း။ |
| (၁၁) မာတာပိတု ဥပဋ္ဌာနံ | = | မိဘတို့ကို ပြုစု လုပ်ကျွေးခြင်း။ |
| (၁၂) ပုတ္တဒါရဿ သင်္ဂဟော | = | သားသမီး ဇနီးမယားတို့ကို ချီးမြှင့် ထောက်ပံ့ခြင်း။ |
| (၁၃) အနာကုလာ စ ကမ္မန္တာ | = | သူတပါးကို မထိခိုက်သော အလုပ်ကို ပြုလုပ်ရခြင်း။ |
| (၁၄) ဒါနဉ္စ | = | လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်း။ |

(၁၅) ဓမ္မစရိယာ စ = တရားနှင့်အညီ ကျင့်ဆောင်ခြင်း။

(၁၆) ဉာတကာနဉ္စ သင်္ဂဟော = ဆွေမျိုးတို့ကို ချီးမြှင့်ထောက်ပံ့ခြင်း။

(၁၇) အနဝဇ္ဇာနိ ကမ္မာနိ = အပြစ်ကင်းသော အလုပ်၊ အများ အကျိုးပြု အလုပ်တို့ကို လုပ်ဆောင်ခြင်း။

(၁၈) အာရတီ (ပါပါ) = မကောင်းမှုတို့ကို ကြိုတင်ဆုံးဖြတ်၍ ရှောင်ကြဉ်ခြင်း။

(၁၉) ဝိရတီ ပါပါ = ကျူးလွန်ခွင့်ကြုံပါလျက် မကျူးလွန်ဘဲ ရှောင်ကြဉ်ခြင်း။

(၂၀) မဇ္ဇပါနာ စ သံယမော = အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း။

(၂၁) အပ္ပမာဒေါ စ ဓမ္မေသု = ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း။

(၂၂) ဂါရဝေါ စ = ရိုသေ ထိုက်သူတို့ကို ရိုသေခြင်း။

(၂၃) နိဝါတော စ = မာန်မာန မရှိခြင်း။

(၂၄) သန္တုဋ္ဌီ စ = နှစ်သိမ့် ရောင့်ရဲခြင်း။

(၂၅) ကတညုတာ = သူပြုဖူးသော ကျေးဇူးကို သိခြင်း။

(၂၆) ကာလေန ဓမ္မဿဝနံ = အခါအားလျော်စွာ တရားနာယူရခြင်း။

(၂၇) ခန္တီ စ = သည်းခံ ခွင့်လွှတ်ခြင်း။

(၂၈) သောဝစဿတာ = ဆုံးမစကားနားထောင်လွယ်သူ ဖြစ်ခြင်း။

(၂၉) သမဏာနဉ္စ ဒဿနံ = ရဟန်းသူတော်တို့ကို ဖူးမြော်ရခြင်း။

| | | |
|---|---|---|
| (၃၀) ကာလေန ဓမ္မသာကစ္ဆာ | = | အခါအားလျော်စွာ တရားဆွေးနွေးရခြင်း။ |
| (၃၁) တပေါ စ | = | အကုသိုလ် စိတ်များ ခေါင်းပါး အောင် ခြိုးခြံစွာကျင့်ရခြင်း။ |
| (၃၂) ဗြဟ္မစရိယဉ္စ | = | မဂ်ဖိုလ်ရအောင် မြတ်သော အကျင့်ကို ကျင့်ရခြင်း။ |
| (၃၃) အရိယသစ္စာနဒဿနံ | = | သစ္စာလေးပါး တို့ကို သိခြင်း။ |
| (၃၄) နိဗ္ဗာနသစ္ဆိကိရိယာ စ | = | နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်း။ |
| (၃၅) ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ | = | လောကဓံနှင့် ကြုံသောအခါ စိတ်ဓာတ် မတုန်လှုပ်ခြင်း။ |
| (၃၆) အသောကံ | = | စိုးရိမ်ကြောင့်ကြမှု မရှိခြင်း။ |
| (၃၇) ဝိရဇံ | = | တပ်မက်မှု မရှိခြင်း။ |
| (၃၈) ခေမံ | = | ကိလေသာ ဘေးရန် မရှိခြင်း။ |

**မင်္ဂလာတစ်ပါးစီ၏ အဓိပ္ပာယ်အကျဉ်း**

(၁) **အသေဝနာ စ ဗာလာနံ** = လူမိုက်တို့ကို မဆည်းကပ်ရခြင်း ဆိုရာ၌ မိမိ သူတပါး နှစ်ဦးသားတို့၏ အကျိုးစီးပွား ပျက်စီးအောင် ကြံစည် ပြောဆို ပြုမူတတ်သော သူကို " လူမိုက် "ဟု ခေါ်သည်။ ထိုလူမိုက်နှင့် မပေါင်းသင်းခြင်းသည် မင်္ဂလာမည်၏။

(၂) **ပဏ္ဍိတာနဉ္စ သေဝနာ** = ပညာရှိလူလိမ္မာတို့ကို မှီဝဲဆည်းကပ်ရခြင်း ဆိုရာ၌ မိမိသူတပါး နှစ်ဦးသားတို့ အကျိုးစီးပွား ဖြစ်ထွန်းအောင် ကြံစည် ပြောဆို ပြုမူတတ်သောသူကို ပညာရှိ လူလိမ္မာ ဟု ခေါ်၏။ ထိုသူတို့နှင့် မှီဝဲဆည်းကပ်ခြင်းသည် မင်္ဂလာမည်၏။

(၃) **ပူဇာ စ ပူဇနေယျာနံ** = ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း ဆိုရာ၌ ပူဇော်ထိုက်သော ရတနာသုံးပါး၊ မိဘဆရာနှင့် မိမိထက် အသက် ဂုဏ်သိက္ခာ ကြီးသူများသည် ပူဇော်ထိုက်သောသူများ ဖြစ်ပါသည်။

ပူဇော်ခြင်းသည် အာမိသပူဇာ – ပစ္စည်းဝတ္ထုတို့ဖြင့် ပူဇော်ခြင်း၊ ဓမ္မပူဇာ–ကိုယ်ကျင့်တရားဖြင့် ပူဇော်ခြင်းဟု နှစ်မျိုးရှိသည်။ ဤနှစ်မျိုးဖြင့် ပူဇော်ခြင်းသည် မင်္ဂလာမည်၏။

(၄) **ပတိရူပဒေသဝါသော စ** = သင့်တင့်လျောက်ပတ်သောအရပ်၌ နေခြင်း ဆိုရာ၌ ကုသိုလ် ပညာ ဥစ္စာ ရရာအရပ်သည် သင့်လျော်သော အရပ်၊ နေသင့်သော အရပ်မည်၏။ ထို အရပ်ဒေသမျိုး၌ နေထိုင်ခြင်းသည် မင်္ဂလာမည်၏။

(၅) **ပုဗ္ဗေ စ ကတပုညတာ** = ရှေးရှေးဘဝ ရှေးရှေးကာလက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်းသည် မင်္ဂလာမည်၏။

(၆) **အတ္တသမ္မာပဏိဓိ စ** = မိမိကိုယ်စိတ်ကို ကောင်းစွာ ထိန်းသိမ်းခြင်းဆိုရာ၌ ဆင်ယင်ထုံးဖွဲ့မှု စသော ကိုယ်အမူအရာနှင့် စိတ်နေသဘောထားများကို ယဉ်ကျေးသိမ်မွေ့အောင် ပြုလုပ်နေထိုင်ခြင်းသည် မိမိကိုယ်စိတ်ကို ကောင်းစွာ ထိန်းသိမ်းခြင်းမည်၏။

(၇) **ဗာဟုသစ္စဉ္စ** = ကြီးပွားချမ်းသာကြောင်းဖြစ်သော လောကီလောကုတ္တရာ အကြားအမြင် ဗဟုသုတများခြင်းသည် ဗာဟုသစ္စမင်္ဂလာမည်၏။

(၈) **သိပ္ပဉ္စ** = စက်မှုလက်မှုအတတ်ကို တတ်ရခြင်းဆိုရာ၌ စက်မှုလက်မှု အတတ် ဆိုသည်မှာ လူအများ ကောင်းကျိုးချမ်းသာကို ဖြစ်စေသော စက်မှုအတတ်ပညာရပ်များ၊ လက်မှုအတတ်ပညာရပ်များ ဖြစ်သည်။ ထိုပညာရပ်များကို တတ်မြောက်ခြင်းသည် မင်္ဂလာမည်၏။

(၉) **ဝိနယော စ သုသိက္ခိတော** = ကျင့်ဝတ်စည်းကမ်းများကို သင်ယူ လိုက်နာခြင်းဆိုရာ၌ ကျင့်ဝတ်စည်းကမ်းများဆိုသည်မှာ ကိုယ်နှုတ် နှလုံး သုံးပါးလုံး ယဉ်ကျေးသိမ်မွေ့အောင် သတ်မှတ်ထားသော ရဟန်းကျင့်ဝတ်၊ လူ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ် စသည်တို့ဖြစ်သည်။ ထိုကျင့်ဝတ် စည်းကမ်းများကို သင်ယူခြင်း၊ လိုက်နာ ကျင့်သုံးခြင်းသည် မင်္ဂလာ မည်၏။

(၁၀) **သုဘာသိတာ စ ယာ ဝါစာ** = ကောင်းသောစကားကို ပြောဆို တတ်ခြင်း ဆိုရာ၌ ကောင်းသော့စကား ဆိုသည်မှာ မှန်ကန်သော စကား၊ နူးညံ့သော စကား၊ ချိုသာသော စကား၊ ကုန်းမတိုက်သော စကား၊ သူများအကျိုးရှိသော စကား၊ ထိုစကားများကို ပြောဆိုခြင်းသည် မင်္ဂလာမည်၏။

(၁၁) **မာတာပိတု ဥပဋ္ဌာနံ** = မိဘတို့ကို ပြုစုလုပ်ကျွေးခြင်းဆိုသည်မှာ မိဘတို့အား စား ဝတ် နေရေးတို့၌ ချမ်းသာအောင် ဆောင်ရွက်ပေးခြင်း၊ အခါရာသီအလိုက် ဝတ်ကြီး, ဝတ်ငယ် ပြုလုပ်ပေးခြင်း၊ ခြေဆုပ် လက်နယ် ပြုလုပ်ပေးခြင်းစသည်ဖြင့် မိဘနှစ်ပါး သက်ရှည် ချမ်းသာအောင် ပြုလုပ်ပေးခြင်းတို့ဖြစ်သည်။ ထိုသို့ ပြုစုလုပ်ကျွေး ခြင်းသည် မင်္ဂလာ မည်၏။

(၁၂) **ပုတ္တဒါရဿ သင်္ဂဟော** = သားသမီး ဇနီးမယားတို့ကို ချီးမြှင့် ထောက်ပံ့ခြင်းဆိုသည်မှာ သားသမီးတို့ကို မိဘဝတ်တရားငါးပါးနှင့် အညီ ဆောင်ရွက်ပေးခြင်း၊ ဇနီးမယားတို့ကို လင့်ကျင့်ဝတ်တရား ငါးပါးနှင့်အညီ ထောက်ပံ့ချီးမြှင့်ခြင်း ဖြစ်သည်။ ထိုသို့ ထောက်ပံ့ ချီးမြှင့်ခြင်းသည် မင်္ဂလာမည်၏။

(၁၃) **အနာကုလာ စ ကမ္မန္တာ** = သူတပါးကို မထိခိုက်သော အလုပ် ဆိုသည်မှာ သူတပါး အကျိုးစီးပွားကို မထိခိုက်သော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းတို့ ဖြစ်သည်။ ထိုလုပ်ငန်းတို့ကို အချိန်အခါ အခြေအနေအားလျော်စွာ တရားသဖြင့် ပြုလုပ် ဆောင်ရွက်ခြင်းသည် မင်္ဂလာမည်၏။

(၁၄) **ဒါနဉ္စ** = လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်းသည် မင်္ဂလာမည်၏။

(၁၅) **ဓမ္မစရိယာ စ** = သုစရိုက်တရားဆယ်ပါးကို လိုက်နာပြုကျင့်ခြင်းသည် မင်္ဂလာမည်၏။

(၁၆) **ဉာတကာနဉ္စ သင်္ဂဟော** = ဆွေမျိုးတို့ကို ချီးမြှင့်ထောက်ပံ့ခြင်းဆိုရာ၌ ချီးမြှင့်ထောက်ပံ့ခြင်း ဟူသည် ပေးကမ်းခြင်း၊ ချစ်ဖွယ်စကားကို ဆိုခြင်း၊ အကျိုးရှိအောင် လုပ်ပေးခြင်း၊ ကိုယ်နှင့်ထပ်တူ ပြုစု ဆောင်ရွက် ပေးခြင်းတို့ဖြစ်သည်။ ဤသင်္ဂဟတရား လေးပါးနှင့်အညီ အမိဘက် အဖဘက်မှ ဆွေမျိုးသားချင်းများကို ထောက်ပံ့ခြင်းသည် မင်္ဂလာမည်၏။

(၁၇) **အနဝဇ္ဇာနိ ကမ္မာနိ** = အပြစ်ကင်းသောအလုပ်၊ အများအကျိုးပြု အလုပ်တို့ကို လုပ်ဆောင်ခြင်း ဆိုသည်မှာ ဥပုသ်သီလ စောင့်ခြင်း စသော မိမိအကျိုးနှင့် ရပ်ကျိုး ရွာကျိုး တိုင်းကျိုး ပြည်ကျိုး၊ အမျိုးဘာသာ သာသနာကျိုး စသော သူတပါးအကျိုးတို့ကို ပြုလုပ်ဆောင်ရွက်ခြင်း ဖြစ်သည်။ ထိုသို့ ပြုလုပ် ဆောင်ရွက်ခြင်းသည် မင်္ဂလာမည်၏။

(၁၈) **အာရတီ (ပါပါ)** = မကောင်းမှုတို့ကို ကြိုတင်ဆုံးဖြတ်၍ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။

(၁၉) **ဝိရတီ ပါပါ** = ကျူးလွန်ခွင့် ကြုံပါလျက် မကျူးလွန်ဘဲ ရှောင်ကြဉ်ခြင်းဆိုရာ၌ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ လိမ်ညာပြောဆိုခြင်းဟူသော ဤလေးမျိုးကို ပါပဟု ခေါ်သည်။ ထိုကဲ့သို့သော မကောင်းမှု "ပါပ"မှ ကြိုတင် သီလဆောက်တည် ထားခြင်း အားဖြင့် ရှောင်ကြဉ်ခြင်းသည် အာရတီ(ပါပါ)မည်၏။ ကျူးလွန်ခွင့် ကြုံပါလျက် မကျူးလွန်ဘဲ ကိုယ်နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်းသည်- ဝိရတီ (ပါပါ) မည်၏။ ထိုရှောင်ကြဉ်ခြင်းနှစ်မျိုးဖြင့် ရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။

(၂၀) **မဇ္ဇပါနာ စ သံယမော** = အရက်သေစာ၊ မူးယစ်ဆေးဝါး၊ သောက်စား သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း ဆိုရာ၌ မူးယစ်ဆေးဝါး ဟူသည်မှာ ဘိန်း ဘင်း ကစော် လှော်စာ အရက် ဘိန်းဖြူ ဖင်စီဒိုင်း စသော မူးယစ်မေ့လျော့စေတတ်သည့် ဆေးဝါးပစ္စည်းမျိုးတို့ ဖြစ်သည်။ ထိုမူးယစ်ဆေးဝါးများကို သောက်စားခြင်း၊ နည်းမျိုးစုံဖြင့် သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။

(၂၁) **အပ္ပမာဒေါ စ ဓမ္မေသု** = ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်းဆိုရာ၌ ကုသိုလ်တရား ဆိုသည်မှာ ဒါန သီလ ဘာဝနာ အလုပ်များနှင့်, လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းမှုလုပ်ငန်းတို့ဖြစ်သည်။ ထိုလုပ်ငန်းတို့ကို ပြုလုပ်ဆောင်ရွက်ရန် အစဉ် သတိရှိနေခြင်းသည် မင်္ဂလာမည်၏။

(၂၂) **ဂါရဝေါ စ** = ရိုသေထိုက်သူတို့ကို ရိုသေခြင်းဆိုရာ၌ ရိုသေခြင်းဟူသည်မှာ လေးလေးစားစား အမြတ်တနိုး ပြုမူ ဆောင်ရွက်ခြင်း၊ ဂရုစိုက်ခြင်းတည်း။

လေးစားထိုက် ရိုသေထိုက်သူများမှာ ရဟန်းသံဃာများ၊ ဆရာ, မိဘ, ဘိုးဘွား, ဘကြီး, ဘထွေး, အဒေါ်, အရီး, အစ်ကို, အစ်မတို့နှင့် မိမိထက် အသက် ဂုဏ် သိက္ခာကြီးသူများတည်း။ ထိုသူများကို လမ်းရှောင်ပေးခြင်း၊ ကား ရထားစသည်တို့၌ မိမိနေရာကို ဖယ်ပေးခြင်း၊ ထိုသူတို့အနီးမှ ဖြတ်သွားလျှင် ခပ်ယို့ယို့ ကုန်း၍ သွားခြင်း၊ လက်နှစ်ဘက်ဖြင့် လေးလေးစားစား ပေးခြင်း၊ ယူခြင်း၊ ထိုသူတို့၏ အထက် အမြင့်နေရာ၌ မထိုင်ခြင်းသည် ရိုသေလေးစားထိုက်သူကို ရိုသေ လေးစားခြင်း ဖြစ်သည်။ ထိုသို့ ရိုသေ လေးစားခြင်းသည် မင်္ဂလာမည်၏။

(၂၃) **နိဝါတော စ** = မာန်မာနမရှိရခြင်း ဆိုသည်မှာ ရိုသေလေးစားသော အမူအရာ ရှိရုံမျှသာ မဟုတ်သေးဘဲ မိမိ ကိုယ် နှုတ် စိတ် သုံးပါးလုံးကို နှိမ့်ချထားခြင်းဖြစ်သည်။ ထိုသို့ နှိမ့်ချထားခြင်းသည် မင်္ဂလာမည်၏။

(၂၄) **သန္တုဋ္ဌီ စ** = နှစ်သိမ့်ရောင့်ရဲခြင်း ဆိုသည်မှာ တိုးတက်ကြီးပွားရေးအတွက် အစွမ်းကုန် တရားသဖြင့် ရှာဖွေကြိုးပမ်း လုပ်ကိုင်ရမည်ပင် ဖြစ်သော်လည်း ရသမျှ၊ အခြေအနေပေးသမျှနှင့် ရောင့်ရဲ ကျေနပ် နိုင်ခြင်းဖြစ်သည်။ ထိုသို့ ရောင့်ရဲ ကျေနပ်နိုင်ခြင်းသည် မင်္ဂလာမည်၏။

(၂၅) **ကတညုတာ စ** = သူပြုဖူးသော ကျေးဇူးကို သိခြင်း ဆိုသည်မှာ သူပြုဖူးသော ကျေးဇူးကို အသိအမှတ် ပြုရုံသာမဟုတ်ဘဲ မိမိအပေါ်၌ သူတပါးပြုဖူးသော ကျေးဇူးကိုသိ၍ ပြန်လည် ပေးဆပ်ခြင်းဖြစ်သည်။ ထိုသို့ ပြန်လည် ကျေးဇူးဆပ်ခြင်းသည် မင်္ဂလာမည်၏။

(၂၆) **ကာလေန ဓမ္မဿဝနံ** = အခါအားလျော်စွာ တရားနာယူရခြင်း ဆိုသည်မှာ လောကီ လောကုတ္တရာ ကြီးပွားကြောင်း လမ်းညွှန်တရား များကို နားထောင်ခြင်း၊ နာယူခြင်း ဖြစ်သည်။ ထိုသို့ နားထောင် နာယူခြင်းသည် မင်္ဂလာမည်၏။

(၂၇) **ခန္တီ စ** = သည်းခံ ခွင့်လွှတ်ခြင်းဆိုသည်မှာ သူတပါးတို့၏ ဆဲဆို ရိုင်းပြစွာ ဆက်ဆံမှုကို စိတ်ထဲတွင် အခဲမကျေ လက်စားချေ ရန်ဖြစ်မနေဘဲ သည်းခံ ခွင့်လွှတ်ခြင်းဖြစ်သည်။ ထိုသို့ သည်းခံ ခွင့်လွှတ်ခြင်းသည် မင်္ဂလာမည်၏။

(၂၈) **သောဝစဿုတာ** = ဆုံးမစကား နားထောင်လွယ်သူဖြစ်ခြင်း ဆိုသည်မှာ ဆရာ မိဘ တတ်သိ နားလည်သူတို့က မိမိအကျိုးရှိအောင် ပြောဆို ဆုံးမလျှင် မငြင်းဆန်ဘဲ နာယူလွယ်ခြင်း ဖြစ်သည်။ ထိုသို့ နာယူလွယ်ခြင်းသည် မင်္ဂလာမည်၏။

(၂၉) **သမဏာနဉ္စ ဒဿနံ** = ရဟန်းသံဃာတော်များကို ဖူးမြော်ရခြင်း ဆိုရာ၌ ရဟန်းသံဃာတော်တို့ကို ရှိခိုး ပူဇော် လှူဒါန်းခွင့် မရသည့်တိုင်အောင် ဖူးမြင်ရရုံကလေးမျှနှင့်ပင် စိတ်ချမ်းသာမှု၊ စိတ်ကြည်နူးမှု၊ ရောဂါဝေဒနာများ ပျောက်ကင်းမှု၊ ဘေးအန္တရာယ်များ ကင်းပျောက်မှု၊ ကုသိုလ်တရား ပွားများမှု စသော အကျိုးများကို ဖြစ်စေနိုင်ပေသည်။ ထို့ကြောင့် ရဟန်း သံဃာတော်တို့ကို ဖူးမြော်ရခြင်းသည် မင်္ဂလာမည်၏။

(၃၀) **ကာလေန ဓမ္မသာကစ္ဆာ** = အခါအားလျော်စွာ တရားဆွေးနွေးရခြင်း ဆိုရာ၌ လောကီ လောကုတ္တရာ နှစ်ဖြာသော လမ်းညွှန်တရားများကို အချင်းချင်း ပြောဆိုဆွေးနွေးခြင်းဖြင့် မိမိမသိသေးသည်ကို သိရခြင်း၊ သိပြီးသဘောတရားများ ခိုင်မြဲခြင်း၊ အယူအမြင် ဖြောင့်မှန်ခြင်း၊ ယုံမှားသံသယ ပျောက်ကင်းခြင်း၊ စိတ်ကြည်လင်ခြင်း အကျိုးများကို ရရှိနိုင်သောကြောင့် အခါအားလျော်စွာ တရားဆွေးနွေးခြင်းသည် မင်္ဂလာမည်၏။

(၃၁) **တပေါ စ** = အကုသိုလ်စိတ်များ မဝင်အောင် ခြိုးခြံ ဟက်သန်စွာ ကျင့်ရခြင်းသည် မင်္ဂလာမည်၏။

(၃၂) **ဗြဟ္မစရိယဉ္စ** = မဂ် ဖိုလ်ရအောင် မြတ်သောအကျင့်ကို ကျင့်ရခြင်း ဆိုသည်မှာ မဂ်ဖိုလ်ရအောင် သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနဗြဟ္မစရိယ အကျင့်ကို ကျင့်ခြင်း၊ မဂ်ဖိုလ်ရဖို့ရန် သမထ ဝိပဿနာအကျင့်ကို ကျင့်ခြင်းဖြစ်သည်။ ထိုသို့ ကျင့်ခြင်းသည် မင်္ဂလာမည်၏။

(၃၃) **အရိယသစ္စာနဒဿနံ** = သစ္စာလေးပါးတို့ကို သိခြင်းဆိုရာ၌ သစ္စာလေးပါး ဟူသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ ဖြစ်သည်။ ထိုအမှန်တရား အရိယသစ္စာများကို သိခြင်းသည် မင်္ဂလာမည်၏။

(၃၄) **နိဗ္ဗာန သစ္ဆိကိရိယာ စ** = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဆိုရာ၌ ရဟန္တာဖြစ်ရခြင်းသည် နိဗ္ဗာန်ကို အထွတ်အထိပ် မျက်မှောက်ပြုသည် မည်၏။ ထိုသို့ မျက်မှောက်ပြုရခြင်းသည်ပင်လျှင် ယခုလက်ရှိဘဝ၌ နိဗ္ဗာန်ချမ်းသာကို ရရှိခံစားရသဖြင့် မင်္ဂလာမည်၏။

(၃၅) **ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ** = လောကဓံနှင့် ကြုံသောအခါ စိတ်ဓာတ် မတုန်လှုပ်ခြင်းဆိုရာ၌ လောကဓံ ဟူသည် လာဘော– ဥစ္စာပစ္စည်းရခြင်း၊ အလာဘော– ဥစ္စာပစ္စည်းမရခြင်း၊ ယသော– အခြွေအရံ ပေါခြင်း၊ အယသော– အခြွေအရံ မရှိခြင်း၊ နိန္ဒာ– ကဲ့ရဲ့ခံရခြင်း၊ ပသံသာ–ချီးမွမ်းခံရခြင်း၊ သုခံ–ချမ်းသာခြင်း၊ ဒုက္ခံ–ဆင်းရဲခြင်းတို့ဖြစ်သည်။ ဤတရားရှစ်ပါးကို လောက၌ နေသူမှန်လျှင် မကင်းနိုင်သောကြောင့် လောကဓံ ဟု ခေါ်သည်။

ရဟန္တာပုဂ္ဂိုလ်၏စိတ်သည် လောကဓံရှစ်ပါးနှင့် တွေ့ကြုံဆုံစည်းသောအခါ၌ တုန်လှုပ်မှု မရှိပေ၊ လောကသဘာဝကို ကြံ့ကြံ့ခံနိုင်၏။ ထိုသို့ လောကဓံနှင့် ကြုံလျှင် မတုန်လှုပ်ခြင်းသည် မင်္ဂလာမည်၏။

(၃၆) **အသောကံ** = ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် စိုးရိမ်မှု၊ ကြောင့်ကြမှု မရှိသောကြောင့် မင်္ဂလာမည်၏။

(၃၇) **ဝိရဇံ** = ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် တပ်မက် တွယ်တာမှု ရာဂ ဒေါသ မောဟ မြူမှုန်ကင်းသဖြင့် မင်္ဂလာမည်၏။

(၃၈) **ခေမံ** = ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ကိလေသာရန် ဟူသမျှ ကင်းဝေးသည်ဖြစ်၍ မင်္ဂလာမည်၏။

တောဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

ဤဆိုခဲ့ပြီးသော (၃၈)ဖြာ မင်္ဂလာတရားတို့ကို ပြုကျင့် လိုက်နာသူတို့သည် အရာရာ ရန်ဟူသမျှတို့ကို အရှုံးမရှိ အနိုင်ရ၍ မည်သည့်အရပ်မှာမဆို ချမ်းသာအမျိုးမျိုးကို ရရှိနိုင်ကုန်၏။ ထိုတရား(၃၈)ပါးသည် လိုက်နာကျင့်ကြံသူတို့အတွက် ကြီးပွား ချမ်းသာကြောင်း ဖြစ်သောကြောင့် မင်္ဂလာတရား ဖြစ်ပါပေ၏။

## မင်္ဂလာကဗျာများ

(က) သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို၊
နတ်လူအများ ကြံစည်ပေ။
ဘယ်သင်း ဘယ်ဟာ မင်္ဂလာစစ်ဟု၊
သေချာဇာစ်မြစ် မသိပေ။
ဆယ့်နှစ်နှစ်တိုင် နှုတ်ပြိုင်ငြင်းလို့၊
မင်္ဂလာအခင်း မပြီးပေ။
မင်္ဂလာတရား၊ ဝါဒများ၊ ကွဲပြား နတ်လူတွေ။
အဲဒါကြောင့် ကြံကြံ စည်ကြ ကမ္ဘာ့မင်္ဂလာတွေ။

(ခ) သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းဝယ်၊
ကိန်းအောင်းပျော်မွေ့ မြတ်စိန္တေ။
သန်းခေါင်ယံခါ မထင်ရှားသည့်၊
နတ်သားတစ်ယောက် ချဉ်းကပ်လေ။
ချဉ်းကပ်ပြီးသော် မင်္ဂလာသဘောကို၊
ထင်ရှားဟောဖို့ လျှောက်ပန်ချွေ။
အသေဝနာ တရား၊ အစထား၊ ဟောကြား မိန့်ခဲ့ပေ။
အဲဒါကြောင့် နာရ ကြားရ ကမ္ဘာ့မင်္ဂလာတွေ။

## အသေဝနာ စ ဂါထာ

(၁) လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊
မမှီဝဲနဲ့ ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့၊
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး၊ ဆက်ဆံရေး၊ မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ပတိရူပ ဂါထာ

(၂) ကုသိုလ်ပညာ ဥစ္စာရဖို့၊
သင့်ရာဒေသ အမြဲနေ။
ရှေးက တင်ကြို ပြုခဲ့ဖူးသည့်၊
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး၊ နေထိုင်ရေး၊ မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ဗာဟုသစ္စဥ ဂါထာ

(၃) တတ်ကောင်း ဟတ်ရာ ဟုသမျှကို၊
ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ပမ်းစာရေးနဲ့၊
အသက်မွေးဖို့ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး၊ ချိုသာအေး၊ ဆိုရေး တတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ မင်္ဂလာတွေ။

## မာတာပိတု ဂါထာ

(၄) မြင်းမိုရ်ရွှေတောင် မိဘကြေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကြွေးသစ်ချကာ သားနှင့်မယား၊
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ။
ညည်းစိမ်ကိုပေး၊ ပြုစုရေး၊ မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ မင်္ဂလာတွေ။

## ဒါနဥ္စ ဂါထာ

(၅) သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြဲ မမိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊
သင်္ဂဟတရားနှင့် ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး၊ လူထုကျိုး၊ သယ်ပိုး ဆောင်ရွက်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

## အာရတိ ဝိရတိ ဂါထာ

(၆) မကောင်းမှုတွေ ဟူသမျှကို၊
မတွေ့ခင်က ရှောင်ကြဉ်လေ့။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့ အရာပေ။
လုပ်ကိုင်ပြောကြား၊ သတိထား၊ တရား မမေ့စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

## ဂါရဝေါ စ ဂါထာ

(၇) အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
ဆည်းကပ် ခစား ရိုသေလေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊
ကိုယ့်ကိုယ်နှိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး၊ အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား၊ မြတ်တရား၊ နာကြား မပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

### ခန္တီစ ဂါထာ

(၈) ဝတ်စား နေထိုင် ရန်ခပ်သိမ်း၊
စိတ်ကို ချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်ဝန် ဆုံးမစကား၊
ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊
မကြာခဏ တွေ့ဆုံလေ၊
သဘာဝတွေး၊ မှန်ကန်ရေး၊ ဆွေးနွေး မပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

### တပေါ စ ဂါထာ

(၉) လောကီအာရုံ ဇိမ်ယစ်မှုးလို့၊
အပျော်မကြူးနဲ့ ခြိုးခြံလေ။
မေတ္တာစြပ္ပဟွစိုရ် လက်ကိုင်သုံးလို့၊
သူမြတ်ကျင့်ထုံး ယွင်းမသွေ။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း၊ နိဗ္ဗာန်ချဉ်း၊ အလင်း ပေါက်နိုင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

### ဖုဋ္ဌဿ ဂါထာ

(၁၀) ဆင်းရဲ ချမ်းသာ သဘာဝ၊
တွေ့ကြုံနေကြ လူ့ဘိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊
တလဲစီလှည့် အမြဲနေ။
လောကဓံကြုံ မဖြုံတမ်းပေါ့၊
မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း၊ ရမ္မက်သိမ်း၊ အေးငြိမ်း ချမ်းသာနေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

**မင်္ဂလာ၏အကျိုး**

(၁၁) သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊
လိုက်နာကျင့်သုံး ပန်သူတွေ။
စီးပွားချမ်းသာ ကျက်သရေတိုးလို့၊
ကောင်းကျိုးစည်ပွင့် တဝေဝေ။
ဘေးကင်းရန်ကွာ ချစ်သူပေါလို့၊
စိတ်ရော ကိုယ်ရော ချမ်းသာမလေ။
ပြောဆိုကြဲဆ၊ ဆောင်သမျှ၊ အောင်ရမည် ကိန်းသေ။
အဲဒါကြောင့် ပန်ကြ ဆင်ကြ မင်္ဂလာ့ပန်းခိုင်တွေ။

◆◆◆◆◆◆◆◆◆◆

## (ဂ) ပရာဘဝသုတ်လာ ကျင့်ဝတ်များ

**နိဒါန်း**

အခါကပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နတ်အပေါင်းတို့သည် မြတ်စွာဘုရား ထံတော်မှ မင်္ဂလသုတ်တော်ကို ကြားနာရ၍ မိမိတို့ သိလိုလှသော သတ္တဝါတို့၏ ကြီးပွားချမ်းသာကြောင်းများကို သိရှိသွားကြသည်။ ထို့ပြင် သတ္တဝါတို့၏ ပျက်စီးဆုတ်ယုတ်ကြောင်းကိုလည်း သိလိုကြပြန်သေးသည်။ ထိုအခါ မြတ်စွာဘုရားထံ ထပ်မံလျှောက်ထားရန် အကြံဖြစ်ပေါ်လာသည်။ မင်္ဂလသုတ်တော်ကို ကြားနာရပြီး နောက်တစ်နေ့၌ သိကြားမင်း၏ ခိုင်းစေချက်အရ နတ်သားတစ်ပါးက လျှောက်ထားမေးမြန်း၍ ဤပရာဘဝ သုတ်တော်ကို အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်–

**ဆုတ်ယုတ်ပျက်စီးကြောင်းတရား ၁၂-ပါး**

(၁) ဒုစရိုက်တရား ဆယ်ပါးကို ပြုကျင့်ခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၂) မိစ္ဆာဒိဋ္ဌိအယူရှိသူများနှင့် သူယုတ်မာတို့ကို ပေါင်းသင်း ဆက်ဆံခြင်း၊ သူတော်ကောင်းတို့နှင့် မပေါင်းသင်း မဆက်ဆံခြင်း၊

မိစ္ဆာဒိဋ္ဌိများနှင့် သူယုတ်မာတို့၏ တရားနှင့်အယူဝါဒများကို နှစ်သက်ခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၃) အလွန်အကျွံအိပ်ခြင်း၊ အပေါင်းအဖော်၌ မွေ့လျော်ပြီး အချိန်ဖြုန်းတီးနေခြင်း၊ ထကြွလုံ့လမရှိခြင်း၊ အလွန်ပျင်းရိခြင်းနှင့် အမျက်ဒေါသကြီးခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်း ဖြစ်၏။

(၄) ရဟန်း စသော သူတော်စင် အလှူခံများနှင့် သူတောင်းစားတို့ကို ပေးလှူမည်ဟု ဖိတ်ကြားဝန်ခံထားပြီး မလှူဒါန်း မပေးကမ်းခြင်း သည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၅) မိဘတို့ကို ကျွေးမွေးပြုစုနိုင်ပါလျက် မကျွေးမွေး မပြုစုခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၆) ပစ္စည်းဥစ္စာ ပေါများသူဖြစ်ပါလျက် အခြားသူများကို မလှူဒါန်း၊ မဝေငှဘဲ မိမိတစ်ဦးတည်း သုံးဆောင်ခံစားခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၇) မာန်မာန တက်ကြွမောက်မာခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၈) ကာမဂုဏ် အပျော်အပါးလိုက်စားခြင်း၊ အရက်သေစာ မူးယစ် ဆေးဝါး သောက်စားမှီဝဲခြင်းနှင့် လောင်းကစားခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၉) ပြည့်တန်ဆာမနှင့် သူတပါးမယားတို့၌ ပြစ်မှားလွန်ကျူးခြင်း သည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၁၀) အသက်ကြီး အရွယ်လွန်သူဖြစ်ပါလျက် ငယ်ရွယ်သူ အမျိုးသမီး နှင့် အိမ်ထောင်ပြုခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၁၁) အဝတ်အစား မက်မောလွန်းသူ။ အသုံးအစွဲ မတတ်သူကို အကြီးအကဲအရာ၌ ခန့်ထားခြင်းသည် ဆုတ်ယုတ် ပျက်စီး ခြင်း၏ အကြောင်းဖြစ်၏။

(၁၂) မိမိနှင့် မတန်သောအရာကို အလိုရှိခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

**နိဂုံး**

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူသော ဆုတ်ယုတ် ပျက်စီးကြောင်း တရားတို့ကို ရှူဆင်ခြင်၍ ရှောင်ကြဉ်လိုက်နာသူသည် ယခုဘဝတွင် ကြီးပွားချမ်းသာရသည့်အပြင် နောက်ဘဝတွင်လည်း နတ်ပြည်လောကမှာ ဖြစ်ရပါသည်။

*******

## (ဃ) ဝသလသုတ်လာ ကျင့်ဝတ်များ

**နိဒါန်း**

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံလှည့်လည်ရင်း အဂ္ဂိကဘာရဒွါဇ ပုဏ္ဏားကြီး အိမ်သို့ ရောက်လာတော်မူသည်။

မီးပူဇော်ရန် ပြင်ဆင်နေသူ ပုဏ္ဏားကြီးက မြတ်စွာဘုရားကို တွေ့မြင်သောအခါ စိတ်ဆိုးပြီး "ရဟန်းယုတ် – အဲဒီနေရာမှာ ရပ်ပါ၊ သူယုတ်မာ– အဲဒီနေရာမှာ ရပ်ပါ" ဟု ကြမ်းကြမ်းတမ်းတမ်း ပြောဆို တားမြစ်၏။

ထိုအခါ မြတ်စွာဘုရားက "ပုဏ္ဏားကြီး– သူယုတ်မာကို သိသလား၊ သူယုတ်မာဖြစ်ကြောင်း တရားကိုရော သိသလား"ဟု ချိုချို သာသာ မေးတော်မူ၏။

ပုဏ္ဏားကြီးက မသိပါကြောင်း ဖြေကြားပြီး သူယုတ်မာနှင့် သုယုတ်မာ ဖြစ်ကြောင်း တရားအပေါင်းကို ဟောကြားတော်မူပါရန် တောင်းပန် လျှောက်ထားသဖြင့် မြတ်စွာဘုရားက ဤဝသလသုတ်တော်ကို အောက်ပါ အတိုင်း ဟောကြားတော်မူသည်။

**သူယုတ်မာဖြစ်ကြောင်း တရားများ**

(၁) အမျက်ကြီးသူ၊ ရန်ငြိုးဖွဲ့သူ၊ သူတပါးဂုဏ်ကျေးဇူးကို ချေဖျက်သူ၊ မိစ္ဆာဒိဋ္ဌိအယူရှိသူ၊ မိစ္ဆာဒိဋ္ဌိအယူသို့ ကူးပြောင်းသူနှင့် မိမိ အပြစ်ဖုံးလွှမ်း၍ လှည့်စားတတ်သူတို့သည် သူယုတ်မာဖြစ်၏။

(၂) သတ္တဝါတို့အား သနားကြင်နာမှု မရှိဘဲ သတ်ဖြတ်သူသည် သူယုတ်မာဖြစ်၏။

(၃) မြို့ရွာတို့ကို တိုက်ခိုက် ဖျက်ဆီးသူသည် သူယုတ်မာဖြစ်၏။

(၄) သူတပါးအကြွေးကို ပြန်မပေးသူသည် သူယုတ်မာဖြစ်၏။

(၅) သူတပါးပစ္စည်း ခိုးသူသည် သူယုတ်မာဖြစ်၏။

(၆) လူသတ်၍ ပစ္စည်းယူသူသည် သူယုတ်မာဖြစ်၏။

(၇) မတရားသက်သေ ထွက်ဆိုသူသည် သူယုတ်မာဖြစ်၏။

(၈) သူတပါးသားမယားကို ပြစ်မှားလွန်ကျူးသူသည် သူယုတ်မာ ဖြစ်၏။

(၉) အမိအဘကို မကျွေးမွေး မပြုစုသူသည် သူယုတ်မာဖြစ်၏။

(၁၀) မိဘ ညီအစ်ကို မောင်နှမ ယောက္ခမတို့ကို ကိုယ်နှုတ်တို့ဖြင့် နှိပ်စက်ညှဉ်းဆဲနေသူသည် သူယုတ်မာဖြစ်၏။

(၁၁) သူတပါးက အကျိုးစီးပွား ရှိရာရှိကြောင်းကို မေးပါလျက် အကျိုးမဲ့ကို ပြောသူနှင့် အကျိုးစီးပွားရှိကြောင်း နည်းလမ်းကို မေးပါသော်လည်း မေးသူမသိနိုင်အောင် ပြောသူသည် သူယုတ်မာ ဖြစ်၏။

(၁၂) မိမိပြုလုပ်ထားသော မကောင်းသော အမှုများကို တပါးသူ မသိအောင် ဖုံးကွယ်ထားသူသည် သူယုတ်မာဖြစ်၏။

(၁၃) သူတပါးအိမ်သို့ သွားသောအခါ ဧည့်ဝတ်ပြုစုသည်ကို စားသောက်ပြီး မိမိအိမ်သို့ လာသည့်အခါမှ ဧည့်ဝတ် မပြုစုသူသည် သူယုတ်မာဖြစ်၏။

(၁၄) ဖိတ်ကြားဝန်ခံထားသူ အလှူခံပုဂ္ဂိုလ်များနှင့် သူတောင်းစားတို့ကို မလှူဒါန်း မပေးကမ်းဘဲ လှည့်ပတ်နေသူသည် သူယုတ်မာဖြစ်၏။

(၁၅) ဆွမ်းခံလာသောရဟန်းကို ဆွမ်းမလောင်းဘဲ ကြမ်းတမ်းစွာ ပြောဆိုသူသည် သူယုတ်မာဖြစ်၏။

(၁၆) သူတပါး၏ပစ္စည်းကို ရယူလိုသဖြင့် မဟုတ်မမှန် လှည့်ပတ် ပြောဆိုသူသည် သူယုတ်မာဖြစ်၏။

(၁၇) မိမိကိုယ်ကို ဂုဏ်တင်မြှောက်စားပြီး သူတပါးကို နှိမ့်ချပြောဆို သူသည် သူယုတ်မာဖြစ်၏။

(၁၈) သူတပါးကို ရန်ရှာသူ၊ မိမိကိုယ်တိုင် မလှူဒါန်း မပေးကမ်းရုံမျှ မက သူတပါးတို့ လှူဒါန်းပေးကမ်းသည်ကိုပင် နှမြောတွန့်တိုသူ၊ မိမိမှာ မရှိသော ဂုဏ်သိက္ခာဖြင့် ချီးမွမ်းခံလိုသူ၊ နှမြောဝန်တိုသူ၊ မိမိမှာ မရှိသော ဂုဏ်ကို ရှိလေဟန်ဆောင်သူနှင့် မကောင်းမှုကို ပြုရန် မရှက်မကြောက်သူသည် သူယုတ်မာဖြစ်၏။

(၁၉) ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူများကို ရှုတ်ချပြောဆိုသူသည် သူယုတ်မာ ဖြစ်၏။

(၂၀) ရဟန္တာမဟုတ်ပါဘဲလျက် ရဟန္တာဟု ဝန်ခံသူသည် လောက၌ အယုတ်မာဆုံးဖြစ်၏။

## (င) သင်္ဂဟတရား လေးပါး

တပါးသူတို့အား ချီးမြှင့်ခြင်းကို "**သင်္ဂဟ**"ဟုခေါ်၏။ ဤသင်္ဂဟတရား ထွန်းကားမှ လောကကြီး သာယာငြိမ်းချမ်း၏။ အခြေအနေအားလျော်စွာ သင်္ဂဟတရားတို့ကို ကျင့်သုံးသော ပုဂ္ဂိုလ်တို့သည် ကြီးပွားချမ်းသာကြ၏။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရာတွင် ဤသင်္ဂဟတရားများသည် အလွန် အရေးကြီးသော တရားများ ဖြစ်ကြ၏။ ချီးမြှင့်ခြင်း သင်္ဂဟတရားသည် လေးမျိုးရှိသည်၊ ယင်းတို့မှာ –

(၁) ဒါန = ပေးကမ်းထောက်ပံ့ခြင်းဖြင့် ချီးမြှင့်ခြင်း၊

(၂) ပေယျဝဇ္ဇ = ချစ်ဖွယ်စကား ပြောဆိုခြင်းဖြင့် ချီးမြှင့်ခြင်း၊

(၃) အတ္ထစရိယာ = သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှင့်ခြင်း၊

(၄) သမာနတ္တတာ = ကိုယ်နှင့် ထပ်တူ ပြုမှု ဆက်ဆံခြင်းအားဖြင့် ချီးမြှင့်ခြင်း –

တို့ဖြစ်သည်။

ဒါန = ပေးကမ်းထောက်ပံ့ခြင်းဖြင့် ချီးမြှင့်ခြင်းဆိုသည်မှာ ပစ္စည်းလက်ဆောင်ပေး၍ ချီးမြှင့်ခြင်းဖြစ်သည်။

ပေယျဝဇ္ဇ = ချစ်ဖွယ်စကားပြောဆိုခြင်းဖြင့် ချီးမြှင့်ခြင်းဆိုသည်မှာ လူအများနှင့် ဆက်ဆံပြောဆိုရာတွင် နားဝင်ချိုသာသည့် အခေါ်အဝေါ် အပြောမျိုးဖြစ်သော အဖေ၊ အမေ၊ အစ်ကို၊ အစ်မ၊ အဒေါ်၊ ဦးကြီး၊ ဦးလေး၊ ညီမလေး၊ ညီလေး၊ မောင်လေး စသည်ဖြင့် ခေါ်၍ ခင်ခင်မင်မင် ပြောဆိုခြင်းဖြင့် မိမိနှင့် ရင်းနှီးအောင် ဆက်ဆံခြင်းဖြစ်သည်။

အတ္ထစရိယာ = သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှင့်ခြင်း ဆိုသည်မှာ တပါးသူမှာ သာမှု နာမှု ပြစ်မှု စသော ကိစ္စရပ်များ ကြုံလာလျှင် လက်ဆောင်ပေးဖို့လည်းမလို၊ ချစ်ဖွယ်စကားပြောနေ၍လည်း မပြီးသေး၊ ထိုကိစ္စပြီးစီးအောင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ကူညီချီးမြှင့်ရခြင်းဖြစ်သည်။

သမာနတ္တတာ = ကိုယ်နှင့် ထပ်တူ ပြုမှုဆက်ဆံခြင်းအားဖြင့် ချီးမြှင့်ခြင်းဆိုသည်မှာ အချို့သောသူတို့သည် အမျိုး, ဥစ္စာ, ရာထူး, ဂုဏ်သိန်အားဖြင့် မိမိနှင့်မညီမမျှ ဖြစ်နေကြသည်။ ထိုသူတို့အား အတူစား အတူသွား၊ အတူနေ အတူထိုင်ခြင်းအားဖြင့် တန်းတူထား၍

ဆက်ဆံလိုက်လျှင် အလွန်ဝမ်းမြောက်ကြ၏။
ထိုကဲ့သို့ ဆက်ဆံမှုမျိုး၊၊ လိုလားသောသူတို့အား
တန်းတူထား၍ ပေါင်းသင်း ဆက်ဆံခြင်းဖြစ်သည်။

လင်္ကာ ။ ။ ပေးကမ်းချစ်ဖွယ်၊ စကားကြွယ်၍၊ သူ့ဝယ်ကိစ္စ၊ ကြုံတွေ့ကမူ၊
ကြောင့်ကြကြီးစွာ၊ ကူညီကာဖြင့်၊ သွားလာနေမှု၊
တန်းတူပြုသည်၊ ဝတ္ထုသင်္ဂဟ လေးမျိုးတည်း။

## (စ) သမ္ပဒါတရားလေးပါး

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ် အခါတပါး၌ ကောဠိယ၏သား ဒီဃဇာဏုမည်သော အမျိုးသားတစ်ယောက်သည် ကောဠိယနိဂုံးဝယ် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအား ဤသို့ လျှောက်ထားသည်။ "အရှင်ဘုရား – လောကီစည်းစိမ် ခံစားလျက် လူဝတ်ကြောင်ဖြစ်ကြသော တပည့်တော်တို့သည် သားမယားများဖြင့် နေကြရပါကုန်၏။ စန္ဒကူးနံ့သာတို့ကိုလည်း သုံးစွဲကြပါကုန်၏။ ရွှေငွေများကိုလည်း နှစ်သက်ကြပါကုန်၏။ လောကီလူ့ဘောင်တွင် နေကြရကုန်သော တပည့်တော်တို့အား ဤဘဝ၌ စီးပွားချမ်းသာ ပြည့်စုံ ကြွယ်ဝနိုင်၊ နောက်ဘဝ၌လည်း စီးပွားချမ်းသာ ဖြစ်နိုင်သော တရားတော်ကို ဟောတော်မူပါ"ဟု တောင်းပန်လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "**သမ္ပဒါ**" တရားတော်ကို ဟောတော်မူ၏။

လူတိုင်းလူတိုင်း ပြည့်စုံကြွယ်ဝအောင် လိုက်နာ ဆောင်ရွက်ရမည့် အရည်အချင်းကောင်းများကို "**သမ္ပဒါ**" ဟုခေါ်သည်။ ထိုသမ္ပဒါတရားတော်သည် လေးမျိုးရှိသည်။

ယင်းလေးမျိုးမှာ–

(၁) **ဥဋ္ဌာနသမ္ပဒါ** = ထကြွ လုံ့လ ဝီရိယရှိခြင်း၊

(၂) **အာရက္ခသမ္ပဒါ** = လုံခြုံစွာ သိမ်းဆည်းစောင့်ရှောက် [illegible] ဘတ်ခြင်း၊

(၃) ကလျာဏမိတ္တသမ္ပဒါ = မိတ်ဆွေကောင်းရှိခြင်း၊
(၄) သမဇီဝိတာသမ္ပဒါ = အကုန်နှင့်အရ မျှတသော အသက်မွေးမှု ရှိခြင်းတို့ဖြစ်သည်။

ဥဋ္ဌာနသမ္ပဒါ = ထကြွလုံ့လ ဝီရိယရှိခြင်းဆိုရာ၌ ဤလောကတွင် လူတစ်ဦးသည် အသက်မွေးဝမ်းကျောင်း တစ်မျိုးမျိုးဖြင့် အသက်မွေးရသည်။ အသက်မွေး ဝမ်းကျောင်းအလုပ်မရှိဘဲ လူပေါ်ကြော့ လူတေလေ လုပ်နေ၍ မရပေ၊ မည်သည့် အလုပ်မျိုးကို လုပ်သည်ဖြစ်စေ ထိုအလုပ်၌ ကျွမ်းကျင်မှု ရှိရမည်။ မပျင်းမရိ လုံ့လရှိရမည်။ စူးစမ်းနှိုင်းချိန်တတ်သော ဉာဏ်စွမ်းလည်း ရှိရမည်။ စီမံခန့်ခွဲတတ်ရမည်၊ ဤသို့ ဆိုင်ရာအလုပ်၌ ကျွမ်းကျင်မှု အခြေခံ ပညာ၊ မပျင်းမရိ ဇွဲရှိမှု ဝီရိယ၊ စူးစမ်း နှိုင်းချိန်တတ်သောဉာဏ်၊ ဤသုံးတန် နှင့် ပြည့်စုံခြင်းကို ဥဋ္ဌာနသမ္ပဒါ ဟု ခေါ်သည်။

လင်္ကာ။ ။ အလုပ်ဆိုင်ရာ၊ ကျွမ်းကျင်စွာဘိ၊ ပညာရှိ၍၊ ဝီရိယဇွဲ၊ သတ္တိခဲနှင့်၊ ကိုယ်လဲလုပ်တတ်၊ စီမံတတ်မှ၊ ဥဋ္ဌာန၊ မည်ရ သမ္ပဒါ။

အာရက္ခသမ္ပဒါ = လုံခြုံစွာ သိမ်းဆည်း စောင့်ရှောက်တတ်ခြင်းဆိုရာ၌ ဥဋ္ဌာနသမ္ပဒါနှင့် ပြည့်စုံ၍ ထကြွ လုံ့လ ဝီရိယကြောင့် တရားသဖြင့် ရရှိလာသော စီးပွားဥစ္စာ တို့ကို မင်း၊ မီး၊ ရေ၊ အမွေခံသားသမီးဆိုး၊ သူခိုးစားပြတို့ မဖျက်ဆီးနိုင်အောင် လုံခြုံစွာ သိမ်းဆည်းစောင့်ရှောက်တတ်မှုကို အာရက္ခသမ္ပဒါ ဟု ခေါ်သည်။

**လင်္ကာ**။ ။ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ မပျက်ပြားလတ်၊ စောင့်ရှောက်တတ်မှု၊ အာရက္ခ၊ မည်ရ သမ္ပဒါ။

ကလျာဏမိတ္တသမ္ပဒါ = မိတ်ဆွေကောင်းနှင့် ပေါင်းသင်း ဆက်ဆံခြင်း ဆိုရာ၌ မိမိနေရာ မြို့ရွာ နိဂုံး၌ သဒ္ဓါ သီလ စသော မိတ်ဆွေကောင်း အရည်အချင်းနှင့် ပြည့်စုံသူများ၊ ကြီးပွားရေး စီးပွားရေး စသည်တို့၌ အောင်မြင်နေကြကုန်သောသူများနှင့် ပေါင်းသင်းဆက်ဆံရမည်။ မိတ်ဆွေကောင်းနှင့် ပေါင်းသောသူသည် ထိုမိတ်ဆွေကောင်း၏ အရည်အချင်းကောင်းပုံကို အတုလိုက်၍ မိမိလည်း သဒ္ဓါတရား ကောင်းသူ၊ သီလရှိသူ၊ ကြီးပွားအောင် လုပ်နိုင်သူ ဖြစ်လာမည်။ အသိ အလိမ္မာ တိုးပွားလာတတ်သည်။ ထိုသို့ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းခြင်း၊ ကောင်းသောအတုကို ယူခြင်းကို **ကလျာဏမိတ္တသမ္ပဒါ** ဟု ခေါ်သည်။

**လင်္ကာ**။ ။ သဒ္ဓါ သီလ၊ စာဂ ပညာ၊ လေးဖြာစုံတောင်း၊ မိတ်ဆွေကောင်းနှင့်၊ ပေါင်း၍အတု၊ ကိုယ်လည်းပြုမှု၊ ကလျာဏ၊ မိတ္တ ပြည့်စုံသည်။

သမဇီဝိတသမ္ပဒါ = အကုန်နှင့်အရ မျှတသောအသက်မွေးမှု ရှိခြင်းဆိုရာ၌ မိမိရှာဖွေ ရရှိသော ပစ္စည်း, ဥစ္စာတို့၏ အရ အကုန်၊ ဝင်ငွေ, ထွက်ငွေကို စနစ်တကျ စာရင်းဇယား ထားပြီး အကုန်နှင့်အရ မျှတအောင် အသက်မွေးမှုကို **သမဇီဝိတသမ္ပဒါ** ဟု ခေါ်သည်။

မိမိရှာဖွေရရှိသော ပစ္စည်းကို လေးပုံ ပုံ၍ တစ်ပုံကို စား၊ တစ်ပုံကို စု၊ နှစ်ပုံကို အရင်းအနှီးပြု၍ အသက်မွေးမှု ပြုနိုင်မှသာ အရာဘက်က သာပေမည်။

လင်္ကာ။ ။ စားဝတ်နေပုံ၊ နေ့စဉ်ခြွေလျက်၊ အကုန်အရ၊ နှိုင်းချိန်ဆသော်၊ အရာဘက်က၊ သာစေမှ၊ သမ ဇီဝိတခေါ်။

# အခန်း (၈)

# အခြေခံအဘိဓမ္မာ

# အခန်း (၈)

## အခြေခံအဘိဓမ္မာ

### (က) အဘိဓမ္မာ အဓိပ္ပာယ်အကျဉ်း

ပုဂ္ဂိုလ်သတ္တဝါမဖက်၊ ရုပ်နာမ်ဓမ္မသက်သက်ဖြစ်သော တရားသည် အဘိဓမ္မာမည်၏။ ရုပ်နာမ်ဓမ္မဟူသည် အမှန်တကယ်ရှိနေသော သဘာဝ တရားများဖြစ်ကြသည့် စိတ် စေတသိက် ရုပ် နိဗ္ဗာန် တို့ဖြစ်ကြသည်။

### (ခ) စိတ်အကြောင်း

သိစရာအားလုံးကို သိတတ်သောသဘောသည် စိတ်မည်၏။ အဆင်းကိုမြင်လျှင် သိခြင်း၊ အသံကိုကြားလျှင် သိခြင်း၊ အနံ့ကိုနံလျှင် သိခြင်း၊ အရသာကို စားလျှင် သိခြင်း၊ အတွေ့အထိကို တွေ့ထိလျှင်သိခြင်းနှင့် ထိုငါးမျိုးမှ တပါးသော တရားများကို သိခြင်းဖြစ်သည်။

### စိတ်အရေအတွက်

**၁။ ကာမာဝစရစိတ် ၅၄-ပါး**

ကာမ(၁၁)ဘုံရှိ သတ္တဝါတို့သန္တာန်၌ အဖြစ်များသော စိတ်တို့ကို ကာမာဝစရစိတ်ဟု ခေါ်သည်။ ဤစိတ်တို့ကို အောက်ပါအတိုင်း ခွဲခြားနိုင်သည်။

**(က) အကုသိုလ်စိတ် ၁၂-ပါး**

မကောင်းသော စိတ်များ ဖြစ်ကြသည့် အကုသိုလ်စိတ် ၁၂-ပါးမှာ -

- လောဘမူစိတ် ၈-ပါး
- ဒေါသမူစိတ် ၂-ပါး
- မောဟမူစိတ် ၂-ပါး

တို့ဖြစ်ကြသည်။

**(ခ) အဟိတ်စိတ် ၁၈-ပါး**

လောဘ ဒေါသ မောဟ စသော ဟိတ်များမပါသည့် စိတ်များကို အဟိတ်စိတ်ဟု ခေါ်သည်။ ထိုအဟိတ်စိတ် ၁၈-ပါးမှာ -

- အကုသလဝိပါက်စိတ် ၇-ပါး
- အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး
- အဟိတ်ကြိယာစိတ် ၃-ပါး -

တို့ဖြစ်ကြသည်။

**(ဂ) ကာမသောဘဏစိတ် ၂၄-ပါး**

ကာမဘုံ၌ဖြစ်သော တင့်တယ်ကောင်းမြတ်သည့် စိတ်များကို ကာမသောဘဏစိတ်ဟု ခေါ်သည်။ ထိုစိတ် ၂၄-ပါးမှာ -

- မဟာကုသိုလ်စိတ် ၈-ပါး
- မဟာဝိပါက်စိတ် ၈-ပါး
- မဟာကြိယာစိတ် ၈-ပါး

တို့ဖြစ်ကြသည်။

**ကာမာဝစရစိတ်အပေါင်း**

| | | |
|---|---|---|
| - | အကုသိုလ်စိတ် | ၁၂-ပါး |
| - | အဟိတ်စိတ် | ၁၈-ပါး |
| - | ကာမသောဘဏစိတ် | ၂၄-ပါး |
| | ပေါင်း = | ၅၄-ပါး |

ဤစိတ်တို့ကို ကာမာဝစရစိတ် ၅၄-ပါးဟု ခေါ်သည်။

**၂။ ရူပါဝစရစိတ် ၁၅-ပါး**

ရူပ (၁၅)ဘုံရှိ ရူပဗြဟ္မာတို့သန္တာန်၌ အဖြစ်များသော စိတ်တို့ကို ရူပါဝစရစိတ်ဟု ခေါ်သည်။ ထိုစိတ်တို့မှာ -

- ရူပါဝစရကုသိုလ်စိတ် ၅-ပါး
- ရူပါဝစရဝိပါက်စိတ် ၅-ပါး
- ရူပါဝစရကြိယာစိတ် ၅-ပါး

တို့ဖြစ်ကြသည်။

**၃။ အရူပါဝစရစိတ် ၁၂-ပါး**

အရူပ (၄)ဘုံရှိ ဗြဟ္မာတို့သန္တာန်၌ အဖြစ်များသော စိတ်တို့ကို အရူပါဝစရစိတ် ဟု ခေါ်သည်။ ထိုစိတ်တို့မှာ -

- အရူပါဝစရကုသိုလ်စိတ် ၄-ပါး
- အရူပါဝစရဝိပါက်စိတ် ၄-ပါး
- အရူပါဝစရကြိယာစိတ် ၄-ပါး -

တို့ဖြစ်ကြသည်။

**၄။ လောကုတ္တရာစိတ် အကျဉ်း ၈-ပါး၊ အကျယ်-၄၀**

လောကမှလွန်မြောက်သော စိတ်တို့ကို လောကုတ္တရာစိတ်ဟု ခေါ်သည်။ ထိုစိတ်တို့သည် အရိယာပုဂ္ဂိုလ် ၈-ယောက်တို့၏ သန္တာန်၌သာ ဖြစ်ကြသည်။ ထိုစိတ်တို့မှာ အကျဉ်းအားဖြင့် -

- မဂ်စိတ် ၄-ပါး
- ဖိုလ်စိတ် ၄-ပါး -

တို့ဖြစ်ကြသည်။ အကျယ်အားဖြင့် -

- မဂ်စိတ် ၂၀-ပါး
- ဖိုလ်စိတ် ၂၀-ပါး -

တို့ဖြစ်ကြသည်။

၅။ စိတ်အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၁-ပါး

| | | | |
|---|---|---|---|
| (က) | - | ကာမာဝစရစိတ် | ၅၄-ပါး |
| | - | ရူပါဝစရစိတ် | ၁၅-ပါး |
| | - | အရူပါဝစရစိတ် | ၁၂-ပါး |
| | - | လောကုတ္တရာစိတ်အကျဉ်း | ၈-ပါး |

ပေါင်း ၈၉-ပါး ဖြစ်သည်။

| | | | |
|---|---|---|---|
| (ခ) | - | ကာမာဝစရစိတ် | ၅၄-ပါး |
| | - | ရူပါဝစရစိတ် | ၁၅-ပါး |
| | - | အရူပါဝစရစိတ် | ၁၂-ပါး |
| | - | လောကုတ္တရာစိတ်အကျယ် | ၄၀-ပါး |

ပေါင်း ၁၂၁-ပါး ဖြစ်သည်။

## (ဂ) စေတသိက်အကြောင်း

စေတသိက်ဟူသည် စိတ်ကိုမှီတွယ်၍ စိတ်ကို ခြယ်လှယ်သော သဘောဖြစ်သည်။ စိတ်သည် တရုံတခုကို သိခြင်းမျှသာဖြစ်၍ စိတ်ချည်းသက်သက်ဖြင့် အကောင်းအဆိုး အမျိုးမျိုး မကွဲပြားသေးချေ။ စေတသိက်အမျိုးမျိုးနှင့် ပေါင်းစပ်ခြယ်လှယ်ခြင်းခံရမှသာ စိတ်သည် အကောင်းအဆိုး အမျိုးမျိုး ကွဲပြားလာရခြင်းဖြစ်သည်။ ရေတွင် ဆေးနီ၊ ဆေးဝါ၊ ဆေးပြာ အရောင်များ ပေါင်းစပ်ခြယ်လှယ်လိုက်လျှင် မူလအရောင် ပျောက်၍ ရေနီ ရေဝါ ရေပြာ ပြောင်းလဲသွားသကဲ့သို့ ဖြစ်သည်။

## စေတသိက် ၅၂-ပါး

### ၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး

(၁) ဖဿ = တွေ့ထိခြင်း။
(၂) ဝေဒနာ = ခံစားခြင်း။
(၃) သညာ = မှတ်သားခြင်း။
(၄) စေတနာ = နှိုးဆော်တိုက်တွန်းခြင်း။

(၅) ဇေကဂ္ဂတာ = တည်ကြည်ခြင်း။
(၆) ဇီဝိတိန္ဒြေ = စောင့်ရှောက်ခြင်း၊ အစိုးရခြင်း။
(၇) မနသိကာရ = နှလုံးသွင်းခြင်း။

စိတ်ဖြစ်တိုင်းပါဝင်သောကြောင့် **သဗ္ဗစိတ္တသာဓာရဏစေတသိက်**ဟု ခေါ်သည်။

## ၂။ ပကိဏ်းစေတသိက် ၆–ပါး

(၁) ဝိတက္က = ကြံစည်ခြင်း။
(၂) ဝိစာရ = အထပ်ထပ်သုံးသပ်ခြင်း။
(၃) အဓိမောက္ခ = ဆုံးဖြတ်ခြင်း။
(၄) ဝီရိယ = အားထုတ်ခြင်း။
(၅) ပီတိ = နှစ်သက်သဘောကျခြင်း။
(၆) ဆန္ဒ = ပြုလိုခြင်း၊ ရလိုခြင်း။

ကောင်းသော စိတ်အချို့၊ မကောင်းသော စိတ်အချို့ နှစ်မျိုးလုံး၌ ပါဝင်သောကြောင့် **ပကိဏ်းစေတသိက်** ဟု ခေါ်သည်။

သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ပါး၊ ပကိဏ်းစေတသိက်(၆)ပါး၊ ပေါင်း ၁၃–ပါးသော စေတသိက်တို့ကို ကောင်းမှု၊ မကောင်းမှုပြုရာ၌ ပါဝင်သောကြောင့် **အညသမာန်း စေတသိက်** ဟု ခေါ်သည်။

## ၃။ မကောင်းမှုပြုရာ၌ ပါဝင်သော အကုသိုလ်စေတသိက် ၁၄–ပါး

(၁) မောဟ = မသိတတ်ခြင်း။
(၂) အဟိရိက = မရှက်ခြင်း။
(၃) အနောတ္တပ္ပ = မကြောက်လန့်ခြင်း။
(၄) ဥဒ္ဓစ္စ = စိတ်ပျံ့လွင့်ခြင်း။
(၅) လောဘ = လိုချင်တပ်မက်ခြင်း။
(၆) ဒိဋ္ဌိ = မှားမှားယွင်းယွင်းသိမြင်ခြင်း။
(၇) မာန = ထောင်လွှားခြင်း။

(၈) ဒေါသ = ကြမ်းတမ်းခြင်း။
(၉) ဣဿာ = ငြူစူခြင်း၊ မနာလိုခြင်း။
(၁၀) မစ္ဆရိယ = သူတပါးအား မရစေလို ဝန်တိုခြင်း။
(၁၁) ကုက္ကုစ္စ = နောင်တတတဖန် ပူပန်ခြင်း။
(၁၂) ထိန = ထုံထိုင်းခြင်း။
(၁၃) မိဒ္ဓ = မှိုင်မှိုင်းခြင်း။
(၁၄) ဝိစိကိစ္ဆာ = ယုံမှားခြင်း။

## ၄။ ကောင်းမှုပြုရာ၌ ပါဝင်သော သောဘဏစေတသိက် ၂၅-ပါး

### (က) ကောင်းမှုပြုတိုင်းပါဝင်သော သောဘဏသာဓာရဏစေတသိက် ၁၉-ပါး

(၁) သဒ္ဓါ = ယုံကြည်ခြင်း။
(၂) သတိ = အောက်မေ့အမှတ်ရခြင်း။
(၃) ဟိရီ = ရှက်ခြင်း။
(၄) ဩတ္တပ္ပ = ကြောက်လန့်ခြင်း။
(၅) အလောဘ = မလိုချင်ခြင်း။
(၆) အဒေါသ = မကြမ်းတမ်းခြင်း။
(၇) တတြမဇ္ဈတ္တတာ = စေတသိက်တို့ကို အညီအမျှထားခြင်း။
(၈) ကာယပဿဒ္ဓိ = စေတသိက်ငြိမ်းချမ်းခြင်း။
(၉) စိတ္တပဿဒ္ဓိ = စိတ်ငြိမ်းချမ်းခြင်း။
(၁၀) ကာယလဟုတာ = စေတသိက်ပေါ့ပါးခြင်း။
(၁၁) စိတ္တလဟုတာ = စိတ်ပေါ့ပါးခြင်း။
(၁၂) ကာယမုဒုတာ = စေတသိက်နူးညံ့ခြင်း။
(၁၃) စိတ္တမုဒုတာ = စိတ်နူးညံ့ခြင်း။
(၁၄) ကာယကမ္မညတာ = စေတသိက်၏ခံ့ညားခြင်း။
(၁၅) စိတ္တကမ္မညတာ = စိတ်၏ခံ့ညားခြင်း။
(၁၆) ကာယပါဂုညတာ = စေတသိက်တို့ကျန်းမာခြင်း။
(၁၇) စိတ္တပါဂုညတာ = စိတ်ကျန်းမာခြင်း။

(၁၈) ကာယုဇုကတာ = စေတသိက်ဖြောင့်မတ်ခြင်း။
(၁၉) စိတ္တုဇုကတာ = စိတ်ဖြောင့်မတ်ခြင်း။

ဤစေတသိက် ၁၉–ပါးလုံးကို ကောင်းမှုပြုတိုင်း ပါဝင်သောကြောင့် **သောဘဏသာဓာရဏစေတသိက်** ဟု ခေါ်သည်။

**(ခ) ဝိရတီစေတသိက် ၃–ပါး**

(၁) သမ္မာဝါစာ = အသက်မွေးမှုမပါဘဲ ဝစီဒုစရိုက်၄–ပါးမှ ရှောင်ကြဉ်ခြင်း။

(၂) သမ္မာကမ္မန္တ = အသက်မွေးမှုမပါဘဲ ကာယဒုစရိုက် ၃–ပါး မှ ရှောင်ကြဉ်ခြင်း။

(၃) သမ္မာအာဇီဝ = အသက်မွေးမှုအတွက်ဝစီဒုစရိုက်(၄)ပါး၊ ကာယဒုစရိုက် (၃)ပါးမှ ရှောင်ကြဉ်ခြင်း။

ဤစေတသိက် (၃)ပါးလုံးကို မကောင်းမှုမှ ရှောင်ကြဉ်သောကြောင့် **ဝိရတီစေတသိက်** ဟု ခေါ်သည်။

**(ဂ) အပ္ပမညာစေတသိက် ၂–ပါး**

(၁) ကရုဏာ = ဆင်းရဲဒုက္ခရောက်သူများကို ကယ်တင်ကူညီလိုခြင်း။

(၂) မုဒိတာ = ချမ်းသာသူများကို မြင်ရ ကြားရသောအခါ ဝမ်းမြောက်ခြင်း။

ဤစေတသိက် (၂)ပါးလုံးကို အတိုင်းအတာမရှိသော သတ္တဝါများကို အာရုံပြု၍ ဖြစ်သောကြောင့် **အပ္ပမညာစေတသိက်** ဟု ခေါ်သည်။

**(ဃ) ပညာစေတသိက် ၁–ပါး**

ပညိန္ဒြေ = ကောင်းမှု၊ မကောင်းမှုကို အမှန်အတိုင်း ခွဲခြား သိမြင်ခြင်းဖြစ်သည်။

## (ဃ) ထင်ရှားသော စေတသိက်များ

**စေတနာ**

ကောင်းမှု၊ မကောင်းမှုတို့ကို လုပ်ဖြစ်အောင် တိုက်တွန်းခြင်းသဘောသည် **စေတနာ**မည်၏။ စေတနာအားကောင်းလျှင် စိတ်ထက်သန်သည်။ စေတနာအားနည်းလျှင် စိတ်ပျော့ညံ့သည်။ ကောင်းမှု၊ မကောင်းမှု ပြုလုပ်ရာ၌ ပမာန အကြောင်းတရားဖြစ်၍ စေတနာကို "ကံ" ဟုလည်း ခေါ်သည်။

**ဝီရိယ**

အားထုတ်ခြင်းသဘောသည် **ဝီရိယ** မည်၏။ အလုပ်ကိစ္စဟူသမျှတို့ကို အောင်မြင်အောင် ဆောင်ရွက်ရာ၌ လုံ့လရှိခြင်း၊ မတွန့်မဆုတ်ခြင်းတို့သည် ဝီရိယပင်ဖြစ်သည်။ ဤစေတသိက်သတ္တိမပါဘဲ ကြီးကျယ်သော လုပ်ငန်း ဆောင်တာများကို ပြီးဆုံးပြီးမြောက်အောင် မဆောင်ရွက်နိုင်။

**ဆန္ဒ**

ကောင်း မကောင်း တစ်စုံတစ်ခုကို ပြုလုပ်လိုမှုသည် **ဆန္ဒ** မည်၏။ ဤစေတသိက် သတ္တိမပါဘဲနှင့် ကြီးကျယ်သော လုပ်ငန်းကြီးများကို စတင်၍ မဆောင်ရွက်နိုင်၊

**မောဟ**

အမှန်အတိုင်း မသိခြင်း၊ အမှန်ကို အမှား၊ အမှားကို အမှန် ဟုသိခြင်း သဘောသည် **မောဟ**မည်၏။ ကုသိုလ် အကုသိုလ်တို့ကို ခွဲခြားမသိခြင်း၊ ရုပ် နာမ်တရား၊ သစ္စာတရား စသည်တို့၏ သဘောမှန်ကို မသိခြင်း စသည်သည် **မောဟ** ဖြစ်သည်။

**အဟိရိက**

မကောင်းမှု ပြုလုပ်ရန် မရှက်ခြင်းသဘောသည် **အဟိရိက** မည်၏၊ အဟိရိက သဘောထားရှိသူတို့ကား မကောင်းမှု ပြုရဲသည်ကိုပင် ဂုဏ်ယူဖွယ် မှတ်ထင်တတ်ကြလေသည်။

**အနောတ္တပ္ပ**

မကောင်းမှုပြုလုပ်ရန် မကြောက်လန့်ခြင်းသဘောသည် **အနောတ္တပ္ပ** မည်၏။ မကောင်းမှု၏ ဆိုးကျိုးများကို ကြောက်ဖွယ်ဟု မမြင်၍ ရဲရဲတင်းတင်း ပြုလုပ်ဝံ့ခြင်းသည် အနောတ္တပ္ပသဘောပင်ဖြစ်သည်။

**လောဘ**

မိမိအတွက် ကာမဂုဏ်အာရုံတို့ကို လိုချင်တပ်မက်မှုသဘောသည် **လောဘ**မည်၏။ လောဘသည် ရလေ လိုလေ အိုတဏှာ သဘောဖြစ်ပြီး မည်သည့်အခါမျှ ရောင့်ရဲတင်းတိမ်မှုမရှိချေ။ နိဗ္ဗာန်ကို လိုချင်မှု၊ တရားကို လိုချင်မှု၊ စာပေတတ်ချင်မှု၊ ဆင်းရဲသူများကို ပေးကမ်းလိုမှု စသည်တို့ကား လောဘမဟုတ်၊ ဆန္ဒသာဖြစ်သည်။

**မာယာ**

မိမိမှာရှိသော အပြစ်များကို ဖုံးကွယ်လှည့်စားခြင်းသည် **မာယာ**မည်၏။ မာယာသည် လောဘတစ်မျိုးပင် ဖြစ်သည်။

**သာဌေယျ**

မိမိမှာ မရှိသောဂုဏ်ကို ရှိဟန်ဆောင်တတ်သော သဘောသည် သာဌေယျမည်၏။ သာဌေယျသည်လည်း လောဘတစ်မျိုးပင် ဖြစ်သည်။

## ဒိဋ္ဌိ (မိစ္ဆာဒိဋ္ဌိ)

"ကောင်းမှုလုပ်လည်း ကောင်းမှုမဖြစ်၊ မကောင်းမှုလုပ်လည်း မကောင်းမှု မဖြစ်" ဟု ကံ, ကံ၏ အကျိုးကို မယုံကြည်ခြင်းသည် **ဒိဋ္ဌိ**မည်၏။

**ဒေါသ**

ခက်ထန်ကြမ်းတမ်းခြင်းသဘောသည် **ဒေါသ**မည်၏။ စိတ်ညစ်နွမ်းမှု၊ စိတ်ပျက်မှု၊ စိတ်မချမ်းသာမှု၊ ကြောက်ရွံ့မှု၊ စိတ်ဆိုးမှု၊ စိတ်ကောက်မှု စသည်တို့သည်လည်း ဒေါသ၏ သဘောဖြစ်သည်။

ဣဿာ

ငြူစူခြင်း၊ မနာလိုခြင်းသဘောသည် ဣဿာ မည်၏။ သူတပါးလုပ်ကြောင်း၊ ဥစ္စာပေါကြောင်း စသော ဂုဏ်သတင်းစကား ပြောကြားလာလျှင် နားမထောင်လိုခြင်း၊ ကဲ့ရဲ့ခြင်း၊ မကျေနပ်ခြင်းသည် ဣဿာသဘောများပင် ဖြစ်သည်။

မစ္ဆရိယ

ဝန်တိုခြင်းသဘောသည် မစ္ဆရိယ မည်၏။ မိမိပစ္စည်းကို ဖြစ်စေ၊ သူတပါးပစ္စည်းကို ဖြစ်စေ၊ မိမိ ရာထူးစည်းစိမ် အာဏာများကိုဖြစ်စေ အခြားသူတို့အား မရစေလိုသော သဘောသည် မစ္ဆရိယသဘောဖြစ်သည်။

သဒ္ဓါ

ဘုရား၊ တရား၊ သံဃာနှင့် ကံ, ကံ၏ အကျိုးတို့ကို ယုံကြည်ခြင်း သဘောသည် သဒ္ဓါမည်၏။

သတိ

ကုသိုလ်ကောင်းမှုဆိုင်ရာများကို အောက်မေ့ခြင်း၊ အမှတ်ရနေခြင်း သဘောသည် သတိမည်၏။

ဟိရီ၊ ဩတ္တပ္ပ

မကောင်းမှုပြုလုပ်ရန် ရှက်ခြင်းသည် ဟိရီမည်၏။ မကောင်းမှုပြုလုပ်ရန် ကြောက်လန့်ခြင်းသည် ဩတ္တပ္ပမည်၏။ ဤတရားနှစ်ပါးကို ကမ္ဘာစောင့်တရား (လောကစောင့်တရား)ဟု ခေါ်လေသည်။ ဤကမ္ဘာစောင့်တရား နှစ်မျိုးရှိထားမှ ကိုယ်ကျင့်သီလ တည်နိုင်သည်။

အလောဘ

မလိုချင်၊ မတပ်မက်ခြင်း သဘောသည် အလောဘ မည်၏။ မိမိပစ္စည်း ဥစ္စာကို စွန့်လွှတ်၍ လှူဒါန်း ပေးကမ်းခြင်း သဘောသည် အလောဘ သဘောဖြစ်သည်။

**အ**

မကြမ်းတမ်းခြင်း၊ စိတ်မဆိုးခြင်း၊ ခွင့်လွှတ်ခြင်း သဘောသည် **အဒေါသ**မည်၏။ သတ္တဝါတို့အား ကြီးပွားချမ်းသာစေလိုသော မေတ္တာဟူသည် ဤအဒေါသပင်ဖြစ်သည်။

**အမောဟ(သမ္မာဒိဋ္ဌိ)**

အမှန်ကို အမှန်အတိုင်း၊ အမှားကို အမှားအတိုင်း ထိုးထွင်းသိမြင်ခြင်း သဘောသည် **အမောဟ**မည်၏။

ပညိန္ဒြေ(ပညာ)စေတသိက် ဟူသည် ဤအမောဟပင် ဖြစ်သည်။

## (င) ရုပ် ၂၈-ပါး

### နိပ္ဖန္နရုပ် ၁၈-ပါး

**၁။ မဟာဘုတ် ၄-ပါး**

မဟာဘုတ် ၄-ပါးမှာ -

(၁) ပထဝီ = ခက်မာခြင်း၊ နူးညံ့ခြင်းသဘော၊
(၂) အာပေါ = ဖွဲ့စည်းခြင်း၊ ယိုစီးခြင်းသဘော၊
(၃) တေဇော = ပူခြင်း၊ အေးခြင်းသဘော၊
(၄) ဝါယော = ထောက်ကန်ခြင်း၊ တွန်းတင်လှုပ်ရှားခြင်းသဘော -

တို့ဖြစ်သည်။

**၂။ ပသာဒရုပ် ၅-ပါး**

ပသာဒရုပ် ၅-ပါးမှာ-

(၁) စက္ခုပသာဒ = မျက်စိအကြည်ရုပ်၊
(၂) သောတပသာဒ = နားအကြည်ရုပ်၊
(၃) ဃာနပသာဒ = နှာခေါင်းအကြည်ရုပ်၊
(၄) ဇိဝှါပသာဒ = လျှာအကြည်ရုပ်၊
(၅) ကာယပသာဒ = ကိုယ်အကြည်ရုပ်-

တို့ဖြစ်သည်။

၃။ ဂေါစရရုပ် ၇-ပါး

ဂေါစရရုပ် ၇-ပါးမှာ -

(၁) ရူပါရုံ = အဆင်းအရောင်အမျိုးမျိုး၊
(၂) သဒ္ဒါရုံ = အသံအမျိုးမျိုး၊
(၃) ဂန္ဓာရုံ = အနံ့အမျိုးမျိုး၊
(၄) ရသာရုံ = အရသာအမျိုးမျိုး၊
(၅၊၆၊၇)ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိအမျိုးမျိုး၊
(ပထဝီ၊ တေဇော၊ ဝါယော ၃-ပါး)-

တို့ဖြစ်သည်။

အမှာ။ ။ ပထဝီ၊ တေဇော၊ ဝါယော (၃)ပါးသည် မဟာဘုတ် (၄)ပါးတွင် ပါဝင်ပြီးဖြစ်၍ နိပ္ဖန္နရုပ် (၁၈)ပါးကို ရေတွက်ရာ၌ ဂေါစရရုပ်ကို ရူပါရုံမှ ရသာရုံထိ (၄)ပါးသာ ရေတွက်ရသည်။

၄။ ဘာဝရုပ် ၂-ပါး

ဘာဝရုပ် ၂-ပါးမှာ -

(၁) ဣတ္ထိဘာဝရုပ် =အမ သဘာဝကို ဖြစ်စေသောရုပ်၊
(၂) ပုမ္ဘာဝရုပ် =အဖို သဘာဝကို ဖြစ်စေသောရုပ်-

ဝို့ဖြစ်သည်။

၅။ ဟဒယရုပ် ၁-ပါး

(၁) ဟဒယဝတ္ထု =စိတ်၏မှီရာ နှလုံးအကြည်ရုပ်။

၆။ ဇီဝိတရုပ် ၁-ပါး

(၁)ရုပ်ဇီဝိတိန္ဒြေ = ကံကြောင့်ဖြစ်သော ရုပ်တို့ကို အသက်ရှင်အောင် စောင့်ရှောက်ခြင်း သဘော (ရုပ်သက်)။

**၇။ အာဟာရရုပ် ၁-ပါး**

(၁) ကဗဠီကာရ အာဟာရ=စားသောက်ဖွယ်၌ပါသောအနှစ်အစေး သြဇာရုပ်။

ဖော်ပြပါ ရုပ်(၁၈)ပါးတို့ကို ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်ပေါ်သော ရုပ်များဖြစ်၍ **နိပ္ဖန္နရုပ်**ဟု ခေါ်သည်။

## အနိပ္ဖန္နရုပ် ၁၀-ပါး

**၁။ ပရိစ္ဆေဒရုပ် ၁-ပါး**

(၁) ပရိစ္ဆေဒရုပ်=အာကာသဓာတ်= ရုပ်ကလာပ်တို့ကို ပိုင်းခြားပေးသောရုပ်။

**၂။ ဝိညတ်ရုပ် ၂-ပါး**

ဝိညတ်ရုပ် ၂-ပါးမှာ -

(၁) ကာယဝိညတ် =မိမိ၏ဆန္ဒကို သူတပါးတို့အား သိစေတတ်သော ကိုယ်အမူအရာ၊
(၂) ဝစီဝိညတ် =မိမိ၏ဆန္ဒကို သူတပါးတို့အား သိစေတတ်သော နှုတ်အမူအရာ-

တို့ဖြစ်သည်။

**၃။ ဝိကာရရုပ် ၅-ပါး**

ဝိကာရရုပ် ၅-ပါးမှာ -

(၁) လဟုတာ =ရုပ်တို့၏ ပေါ့ပါးခြင်းသဘော၊
(၂) မုဒုတာ =ရုပ်တို့၏ နူးညံ့ခြင်းသဘော၊
(၃) ကမ္မညတာ =ရုပ်တို့၏ ခံ့ကျန်းခြင်းသဘော၊
(၄၊ ၅) ဝိညတ်ရုပ်(၂) ပါး -

တို့ဖြစ်သည်။

**အမှာ ။** ။ ဝိညတ်ရုပ်(၂)ပါးမှာ ကာယဝိညတ်၊ ဝစီဝိညတ်အဖြစ် သီးခြားပါပြီးဖြစ်သည်။

၄။ လက္ခဏာရုပ် ၄-ပါး

လက္ခဏာရုပ် ၄-ပါးမှာ -

(၁) ဥပစယ = ရုပ်တို့၏အစဖြစ်ခြင်းသဘော၊
(၂) သန္တတိ = ရုပ်တို့၏ အစဉ်မပြတ် ဖြစ်ခြင်းသဘော၊
(၃) ဇရတာ = ရုပ်တို့၏ ရင့်ရော်ခြင်းသဘော၊
(၄) အနိစ္စတာ= ရုပ်တို့၏ ပျက်စီးခြင်းသဘော -

တို့ဖြစ်သည်။

ဖော်ပြပါ ရုပ်(၁၀)ပါးကို **အနိပ္ဖန္နရုပ်**ဟု ခေါ်သည်။ နိပ္ဖန္နရုပ်(၁၈)ပါး၊ အနိပ္ဖန္နရုပ်(၁၀)ပါး၊ ပေါင်း ရုပ်(၂၈)ပါးဖြစ်သည်။ ထိုရုပ်(၂၈)ပါးတွင် မဟာဘုတ်(၄)ပါးမှတပါး ကျန်(၂၄)ပါးသော ရုပ်တို့ကို မဟာဘုတ်(၄)ပါးကို မှီ၍သာ ဖြစ်သောကြောင့် **အမှီရုပ်(ဥပါဒါရုပ်)** ဟုခေါ်သည်။

## (စ) ရုပ် နာမ် သဘောအဓိပ္ပာယ်

### နာမ်၏သဘောအဓိပ္ပာယ်

နာမ်မည်သော တရားများမှာ စိတ်၊ စေတသိက်နှင့် နိဗ္ဗာန်တို့ဖြစ်ကြ၏။ ထိုတရားများတွင် စိတ်နှင့်စေတသိက်တို့သည် အာရုံသို့ ညွတ်တတ်၍ အာရုံကို ယူတတ် သိတတ်သောကြောင့် **နာမ်** မည်ကြ၏။ နိဗ္ဗာန်မှာမူ အာရုံပြုတတ်သော တရားတို့ကို မိမိသို့ ညွတ်စေတတ်သောကြောင့် **နာမ်** မည်၏။

### ရုပ်၏သဘောအဓိပ္ပာယ်

အအေး၊ အပူ စသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ပြောင်းလဲ ဖောက်ပြန်သည့် သဘောများကို ရုပ်ဟု ခေါ်သည်။

ဖောက်ပြန်သည် ဆိုသည်မှာ ရှေ့ရုပ်အစဉ်နှင့် မတူသော နောက်ရုပ် အစဉ်တစ်မျိုး ဖြစ်ပေါ် ပြောင်းလဲသွားခြင်းဖြစ်သည်။

ထိုရုပ်များမှာ ဖော်ပြခဲ့သည့်အတိုင်း (၂၈)ပါး ရှိသည်။

## (ဆ) ရုပ် နာမ် နှစ်ပါးကို ခန္ဓာငါးပါးဖွဲ့ပုံ

အစုအပုံကို ခန္ဓာဟု ခေါ်သည်။ ပစ္စည်းများကို စုပုံထားသလိုကား မဟုတ်။ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လာမည့် ရုပ်နာမ်များကို ဉာဏ်ဖြင့် စုပုံထားခြင်းပင် ဖြစ်သည်။ ရုပ်နှင့် နာမ်တို့ကို ဉာဏ်ဖြင့် စုပုံလျှင် အမှုအပုံ ခန္ဓာငါးပါး ဖြစ်သည်။

အောက်ပါအတိုင်း ခန္ဓာဖွဲ့ရသည် -

(၁) ရုပ်(၂၈)ပါးသည် = ရူပက္ခန္ဓာ မည်၏။
(၂) ဝေဒနာစေတသိက်သည် = ဝေဒနာက္ခန္ဓာ မည်၏။
(၃) သညာစေတသိက်သည် = သညာက္ခန္ဓာ မည်၏။
(၄) ဝေဒနာ သညာမှ ကြွင်းသော စေတသိက် (၅၀)သည် = သင်္ခါရက္ခန္ဓာ မည်၏။
(၅) စိတ်(၈၉)ပါးသည် = ဝိညာဏက္ခန္ဓာ မည်၏။

# အခန်း (၉)

## ဘာသာစာရိတ္တယဉ်ကျေးမှု

# အခန်း (၉)

## ဘာသာစာရိတ္တယဉ်ကျေးမှု

တိုင်းပြည်နှင့် လူမျိုးတို့၏ ရိုးရာ ဓလေ့ထုံးစံနှင့် အမျိုးမျိုးသော အတတ်ပညာများကို ယဉ်ကျေးမှုဟု ခေါ်သည်။ သို့ရာတွင် တစ်ဦးနှင့် တစ်ဦး ဆက်ဆံသောအခါ အရေးပါဆုံးဖြစ်သော ကိုယ်အမူအရာ ယဉ်ကျေးခြင်း (ကာယကံ ယဉ်ကျေးမှု)၊ အပြောအဆို နူးညံ့သိမ်မွေ့ခြင်း (ဝစီကံ ယဉ်ကျေးမှု)၊ စိတ်ထား ဖြူစင်မြင့်မြတ်ခြင်း (မနောကံ ယဉ်ကျေးမှု) များကိုသာ ဘာသာစာရိတ္တ ယဉ်ကျေးမှုအဖြစ် ဤ၌ ဖော်ပြပါမည်။

### ကာယကံ ယဉ်ကျေးမှု ကိုယ်အမူအရာ ယဉ်ကျေးခြင်း

(၁) ရဟန်းသံဃာ၊ သီလသိက္ခာရှိသူ၊ အသက်အရွယ်ကြီးသူများ အနီး၌ နေထိုင်သောအခါ ဝေးလွန်း၊ နီးလွန်း၊ ရှေ့တည့်တည့်၊ နောက်ဘက်၊ မြင့်သောနေရာနှင့် လေညာ လေတင်နေရာများ၌ မနေထိုင်ရပါ။

(၂) ရဟန်းသံဃာ၊ သီလသိက္ခာရှိသူ၊ အသက်အရွယ်ကြီးသူများအနီးမှ ဖြတ်သန်းသွားလာသောအခါနှင့် ပရိသတ်အတွင်း သွားလာသော အခါတို့၌ ခါးကို ကုန်း၍ ခေါင်းကို ညွတ်ကာ သွားလာရမည်။

(၃) ပစ္စည်းဝတ္ထု တစ်စုံတစ်ခုကို ပေးသောအခါ၊ ယူသောအခါတို့၌ အလွန် သေးငယ်သော အရာဝတ္ထုကိုပင် ဖြစ်စေကာမူ လက်နှစ်ဘက်ဖြင့် ပေးရ ယူရမည်။

(၄) ရဟန်းသံဃာ၊ ဆရာမိဘများအား ရှိခိုးရာတွင် ခြေ ဒူးနှစ်ဘက်၊ လက်နှစ်ဘက်၊ နဖူးတို့ကို မြေ၌(သို့မဟုတ်) ကြမ်းပြင်၌ ထိ၍ ရှိခိုးရမည်။

(၅) ခရီးလမ်းမပေါ်၌ ရဟန်းသံဃာတို့နှင့် တွေ့သောအခါ ဦးထုပ်၊ ဖိနပ်တို့ကို ချွတ်၍ ထီးကို ရုပ်ကာ လက်အုပ်ကို နဖူးပြင်အထိ မြှောက်တင်လျက် ခြေစုံရပ်တန့်ပြီး ရှိခိုးရမည်။

(၆) ရဟန်းသံဃာ ဆရာမိဘ အသက်အရွယ်ကြီးသူတို့ အနီးမှ ပြန်လည်ထွက်ခွါလာသောအခါ လက်အုပ်ချီကာ ကိုယ်ကို ညွတ်လျက် လေးငါးလှမ်း နောက်ဆုတ်ပြန်ပြီးမှ လိုရာအရပ်သို့ သွားရမည်၊ ချက်ချင်း နောက်ကျောပေး မပြန်ရ။

(၇) ရဟန်းသံဃာ ဆရာမိဘ အသက်အရွယ်ကြီးသူတို့အနီး၌ ထိုင်သောအခါ မြင့်သောနေရာ၊ မြတ်သောနေရာ၊ ခေါင်းရင်း နေရာတို့၌ မထိုင်ရ။

(၈) လမ်းခရီး သွားလာရာတွင် ကျဉ်းကျပ်သော နေရာများ၌ ရဟန်းသံဃာ ဆရာမိဘ အသက်အရွယ်ကြီးသူတို့အား ခြေစုံရပ်တန့်၍ လမ်းဖယ်ပေးရမည်။၊ တိုးဝှေ့ ကျော်တက်၍ မသွားရ။

(၉) မီးရထား၊ ကား၊ သင်္ဘောများပေါ်တွင် ရဟန်းသံဃာနှင့် အိုမင်းမစွမ်းသော လူပုဂ္ဂိုလ်များ၊ သာသနာနွယ်ဝင် သီလရှင်များအား နေရာပေးလှူရမည်။ ထိုပုဂ္ဂိုလ်တို့နှင့် နေရာလုယက်၍ မထိုင်ရ။

(၁၀) ရဟန်းသံဃာ ဆရာမိဘတို့ ကျိန်းစက်အိပ်ပျော်နေသည့်အခါ ထိုသူတို့၏ အနီး၌ ခြေသံမကြားအောင် ခြေကို ဖော့နင်းလျက် သွားရမည်။

(၁၁) ခရီးသွားလာရာတွင် ရဟန်းသံဃာများ၊ သာသနာနွယ်ဝင် သီလရှင်များ၊ အိုမင်းမစွမ်းသော လူပုဂ္ဂိုလ်များအား လိုအပ်လျှင် ဖေးမ တွဲကူခြင်း၊ အထုပ်အပိုး သယ်ယူပေးခြင်းဖြင့် ဖေးမ ကူညီရမည်။

(၁၂) တရားဓမ္မ နာယူသောအခါ ဓမ္မကထိကကိုသာမက တရားတော်ကိုပါ အလေးဂရုပြုသောအားဖြင့် ဦးထုပ်ချွတ်ရမည်။ ခေါင်းပေါင်းဖြစ်လျှင် ဆံစဖော်ရမည်။ တရားအသံသွင်း ကြိုးခွေကို အမြင့်၌ထား၍ ဖွင့်ရမည်။ ဒူးတုပ်လျက်ဖြစ်စေ၊ လက်အုပ်ချီလျက်ဖြစ်စေ၊ တရားရှုမှတ်သည့်ပုံစံဖြင့်ဖြစ်စေ အရိုအသေပြု နာယူရမည်။

(၁၃) ဘုရားဆင်းတုတော်၊ ပုံတော်၊ဓမ္မကျမ်းဂန်များကို မြင့်မြတ်သောနေရာ၌ ထား၍၊ ကိုင်တွယ်လိုလျှင် လက်အုပ်ချီ ရှိခိုးပြီးမှ ကိုင်တွယ်ရမည်၊ ကြမ်းပြင်မှာ ချထားခြင်း၊ ချိုင်းကြား ညှပ်ယူခြင်း စသည်ဖြင့် မရိုမသေ မပြုရ။

(၁၄) ရဟန်းသံဃာနှင့် သာသနာ့ဝင် သီလရှင်များအား လက်ဆွဲနှုတ်ဆက်ခြင်း၊ ဆလံပေးခြင်း၊ လက်ယပ်ခေါ်ခြင်းဖြင့် မဆက်ဆံရ၊ လက်အုပ်ချီ အရိုအသေပြု၍ ဆက်ဆံရမည်။

(၁၅) အမျိုးသမီးများသည် ရဟန်းသံဃာတော်များ၊ သီလ သိက္ခာရှိသူများ၊ အသက်အရွယ်ကြီးရင့်သူများ ရှေ့မှောက်တွင် ကိုယ်ဝတ်ထဘီ ပြင်ဝတ်ခြင်း၊ အလှအပ ပြင်ဆင်ခြင်း မပြုလုပ်ရ။

(၁၆) အမျိုးသမီးများသည် မလုံခြုံ မယဉ်ကျေးသော ဝတ်စားဆင်ယင်မှုဖြင့် ဝတ်စား ဆင်ယင်၍ ရဟန်း သံဃာတော်များ၊ လူကြီးသူမများထံ သွားလာ ဝင်ထွက်ခြင်း မပြုရ။

(၁၇) မမြင် ဆိတ်ကွယ်ရာ အရပ်ရှိ ရဟန်းတော်ထံ အမျိုးသမီးတစ်ဦးတည်း မချဉ်းကပ်ရ။

(၁၈) အမျိုးသမီးတစ်ဦးသည် ရဟန်းတော်တစ်ပါးပါးနှင့် ပြောဆိုဆွေးနွေးမှု ပြုလိုပါက သိကြားနားလည်သော အမျိုးသားတစ်ဦးကို ခေါ်သွားရမည်။

(၁၉) အမျိုးသမီးများသည် ရဟန်းသံဃာတော်များအား ဆံပင်ခင်းဖြန့်၍ ဖြစ်စေ၊ လက်စသည်ဖြင့် ကိုင်တွယ် ထိတွေ့၍ဖြစ်စေ ရှိမခိုးရ၊ အရိုအသေ မပြုရ။

(၂၀) လမ်းတွင်တွေ့၍ နှုတ်ဆက်ရာ၌ ချစ်ခင် လေးစားသော အမူအရာဖြင့် "လက်အုပ် ကြာငံ့ ရင်မှာထားပြီး" နှုတ်ဆက်သင့်သူကို လက်အုပ် ရင်မှာထားလျက်၊ ဦးညွတ် နှုတ်ဆက်သင့်သူကို ဦးညွတ်လျက်၊ ပြုံးပြ နှုတ်ဆက်သင့်သူကို ပြုံးပြလျက် နှုတ်ဆက်ရမည်။

(၂၁) ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ်ကြီးသူများထံသို့ ချဉ်းကပ်သောအခါ မကောင်းသော ကိုယ်နံ့များရှိက ဆေးကြော သုတ်သင်ပြီးမှ ချဉ်းကပ်ရမည်။

(၂၂) ဘုရားရင်ပြင်-ကျောင်းဝင်း-ဆေးရုံ-စာသင်ကျောင်း စသော လူများ စုဝေးရာနေရာဌာနများ၌ ကွမ်းတံတွေးထွေးခြင်း၊ ချွဲနှပ် စသော အညစ်အကြေးစွန့်ခြင်း မပြုရ။

(၂၃) ချောင်းဆိုးခြင်း၊ ချေဆတ်ခြင်းကို တစ်စုံတစ်ဦးဘက် လှည့်၍ မပြုလုပ်ရ၊ လူသူမရှိရာသို့ ဖြစ်စေ၊ အခြားနေရာသို့ထသွား၍ ဖြစ်စေ၊ လက်ကိုင်ပဝါဖြင့် အုပ်၍ဖြစ်စေ ပြုလုပ်ရမည်။ လေလည် လိုလျှင် လူများမရှိရာ နေရာသို့ ထသွားရမည်။

(၂၄) တစ်စုံ တစ်ဦး ဘုဉ်းပေး စားသောက်နေစဉ် ကြားသောက် မြင်လောက်သော နေရာ၌ ချွဲဟက်ခြင်း၊ နပ်ညှစ်ခြင်း စသည် မပြုရ။

## ဝစီကံယဉ်ကျေးမှု အပြောအဆို အသုံးအနှုန်း ယဉ်ကျေးခြင်း

(၁) မြတ်စွာဘုရားကို "ဗုဒ္ဓ"ဟု နာမည်ဖော်၍ ခေါ်ဝေါ် မသုံးစွဲရ၊ မြတ်စွာဘုရား၊ ဘုရားရှင် စသည်ဖြင့် ခေါ်ဝေါ် သုံးစွဲရမည်။

(၂) စေတီတော်၊ ဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော်၊ ရဟန်းသံဃာတော်နှင့် သာသနာနွယ်ဝင် သီလရှင်များကို "သပ္ပာယ်သည်၊ တင့်တယ်သည်၊ ကြည်ညိုဖွယ်ကောင်းသည်"ဟု ပြောရမည်။ "ချောသည်၊ လှသည်"ဟု မပြောဆိုရ။

(၃) မြတ်စွာဘုရား ဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော် ထားရှိသောနေရာကို "ဘုရားကျောင်းဆောင်" "ဘုရားဆောင်" ဟု ပြောဆိုရမည်၊ "ဘုရားစင်"ဟု မပြောဆိုရ။

(၄) ဘုရားရှိခိုးရာ ဝတ်ပြုရာ အဆောက်အအုံကို "ဘုရားရှိခိုးကျောင်း" "ဝတ်ကျောင်း"ဟု ပြောဆိုရမည်။

(၅) တရားဓမ္မဟောပြောနာယူရာ အဆောက်အအုံကို "ဓမ္မာရုံ"ဟု ပြောဆိုရမည်။

(၆) ရဟန်းသံဃာတော်များ၊ သာမဏေများက ခေါ်လျှင် "ဘုရား" "အရှင်ဘုရား"ဟု ထူးရမည်။ ဆရာမိဘစသော ရှိသေလေးစားထိုက်သူတို့က ခေါ်လျှင် "ခင်ဗျာ" "ရှင်"ဟု ထူးရမည်။

(၇) ရဟန်းသံဃာတော်များ၊ သာမဏေများနှင့် စကားပြောဆိုရာတွင် ဟုတ်မှန်ကြောင်းဝန်ခံလျှင် "မှန်ပါအရှင်ဘုရား" "တင်ပါအရှင်ဘုရား"ဟု ပြောဆိုရမည်။ ဆရာမိဘ စသော ရှိသေလေးစားထိုက်သူတို့နှင့် ပြောဆိုရာတွင် ဟုတ်မှန်ကြောင်းဝန်ခံလိုလျှင် "ဟုတ်ကဲ့ခင်ဗျား၊ ဟုတ်ကဲ့ရှင့်" "မှန်ပါတယ်ခင်ဗျား၊ မှန်ပါတယ်ရှင့်"ဟု ပြောဆိုရမည်။

(၈) ရဟန်းသံဃာတော်များ၊ သာမဏေများနှင့် ပြောဆိုရာတွင် မဟုတ်မှန်ကြောင်း လျှောက်တင်လိုလျှင် "မဟုတ်ပါအရှင်ဘုရား" "မမှန်ပါ အရှင်ဘုရား" "ဘုရားတပည့်တော်မှားပါတယ် အရှင်ဘုရား"ဟု ပြောဆိုရမည်။ ဆရာမိဘစသော ရှိသေထိုက်သူတို့နှင့် မဟုတ်မှန်ကြောင်း ငြင်းဆိုလိုလျှင် "မဟုတ်ပါခင်ဗျား၊ မဟုတ်ပါရှင်" "မမှန်ပါခင်ဗျား၊ မမှန်ပါရှင်" "ကျွန်တော် မှားပါတယ်ခင်ဗျား၊ ကျွန်မ မှားသွားပါတယ်ရှင်"ဟု ပြောဆိုရမည်။

(၉) ရဟန်းတော်များကို ထေရ်ဝါကြီးလျှင် "ဆရာတော်ဘုရား" "ဘုန်းတော်ကြီးဘုရား"ဟု လျှောက်ထား ပြောဆိုရမည်။ ထေရ်ဝါငယ်လျှင် "ဦးပဉ္စင်းဘုရား"ဟု ပြောဆိုရမည်။

သာမဏေများကို "ကိုရင်ဘုရား" "အရှင်ဘုရား"ဟု ပြောဆိုရမည်။ (ဘုန်းဘုန်း၊ ဘဘုန်း၊ ဘဘုရား - စသည် မခေါ်ဝေါ် မပြောဆိုရ။)

(၁၀) သက်တော် ဝါတော် ဂုဏ်သိက္ခာ ကြီးရင့်သော ဆရာတော်ကြီးများ၏ အမည်ကို သုံးနှုန်းပြောဆိုသောအခါ "ဦးသောဘဏ" "ဦးသောဘိတ" ဟု ဘွဲ့နာမည်တပ်၍ မသုံးနှုန်း မပြောဆိုရ။ ကျောင်းတိုက်ကို စွဲ၍ဖြစ်စေ၊ မြို့ကို စွဲ၍ဖြစ်စေ "မဟာစည်ဆရာတော်" "ရွှေကျင်တိုက်သစ်ဆရာတော်" "အောင်မင်္ဂလာဆရာတော်" "ပဲခူးဆရာတော်" "မန္တလေးဆရာတော်" စသည်အားဖြင့် သုံးနှုန်းပြောဆိုနိုင်သည်။

(၁၁) ရဟန်းသံဃာတော်များ၊ သာမဏေများ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ပြောဆိုရာတွင် မိမိကိုယ်ကို ရည်ညွှန်းပြောဆိုလိုပါက "ဘုရားတပည့်တော်" "ဘုရားတပည့်တော်မ"ဟု ပြောဆိုရမည်။ မိဘဆရာ စသော ရိုသေထိုက်သူများနှင့် ပြောဆိုရာတွင် မိမိကိုယ်ကို ရည်ညွှန်းပြောဆိုလိုက "ကျွန်တော်" "ကျွန်မ"ဟု ပြောဆိုရမည်။

(၁၂) မြတ်စွာဘုရား၊ ရဟန်းသာမဏေများ၏ ဖခင်အား "ခမည်းတော်"၊ မိခင်အား "မယ်တော်"၊ အစ်ကိုအား "အစ်ကိုတော်, နောင်တော်"၊ အစ်မအား "အစ်မတော်"၊ ညီ, ညီမအား "ညီတော်, ညီမတော်"၊ ဆွေမျိုးများအား "ဆွေတော်, မျိုးတော်" ဟု ပြောဆိုရမည်။

(၁၃) ရဟန်းသံဃာများ နေထိုင်သည်ကို "သီတင်းသုံးသည်"ဟု ခေါ်သည်။ "ဆရာတော် ဘယ်မြို့မှာနေပါသလဲ"ဟု မမေးရ၊ "ဆရာတော် ဘယ်မြို့မှာ သီတင်းသုံးပါသလဲ အရှင်ဘုရား"ဟု မေးလျှောက်ရမည်။

(၁၄) ရဟန်းသံဃာများ အိပ်စက်နေသည်ကို "ကျိန်းနေသည်" "ကျိန်းစက်နေသည်"ဟု ပြောဆိုရမည်။

(၁၅) ဘုရားရဟန်းသံဃာများ ရေချိုးသည်ကို "ရေသပ္ပါယ်သည်"ဟု ပြောဆိုရမည်။

(၁၆) ရဟန်း သံဃာများ သုံးသော အိမ်သာကို "ကုဋိ"ဟု ခေါ်သည်။ ရဟန်းသံဃာများ ကျင်ကြီး ကျင်ငယ်ကိစ္စပြုသည်ကို "ကိုယ်လက်သန့်စင်သည်"၊ သို့မဟုတ် ဆီးသွား သည်ကို "ကျင်ငယ်စွန့်သည်"၊ "ကျင်ကြီးစွန့်သည်ကို "ကုဋိတက်သည်"ဟု ပြောဆိုရသည်။

(၁၇) ရဟန်းသံဃာများ သွားလာသည်ကို "ကြွသွားသည်" "ကြွလာသည်" ဟု ခေါ်သည်။ "ဘယ်က ကြွလာပါသလဲ အရှင်ဘုရား" "ဘယ်ကို ကြွမှာလဲ အရှင်ဘုရား"ဟု မေးမြန်းလျှောက်ထားရမည်။

(၁၈) ရဟန်းသံဃာများအား မေးမြန်းသည်ကို "လျှောက်, လျှောက်ထား, လျှောက်တင်"ဟု သုံးနှုန်းသည်။ "လျှောက်ထားပါရစေ အရှင်ဘုရား၊ လျှောက်တင်ပါရစေ အရှင်ဘုရား" စသည်ဖြင့် ပြောဆိုရမည်။

(၁၉) ရဟန်းသံဃာများ ပြောဆိုသည်ကို "မိန့်တော်မူသည်" "မိန့်ကြားသည်"ဟု ပြောဆိုရမည်။

(၂၀) ရဟန်းသာမဏေများ ကွယ်လွန်သည်ကို "ပျံလွန်တော်မူသည်" "ဘဝနတ်ထံ စံတော်မူသည်" ဟု ပြောဆိုရမည်။

(၂၁) ဘုန်းကြီးများ၏ အသုဘပွဲ ပြုလုပ်သည်ကို "ဈာပနပွဲ" "ဘုန်းကြီးပျံပွဲ"ဟု ပြောဆိုရမည်။

(၂၂) မြတ်စွာဘုရား သာသနာသုံး ဝေါဟာရအနေဖြင့် အမျိုးသားများကို "ဒါယကာ(ဒကာ)ဥပါသကာ"။ အမျိုးသမီးများကို ဒါယိကာမ (ဒကာမ) ဥပါသိကာမ" ဟု ပြောဆိုရမည်။

(၂၃) မြန်မာ့ယဉ်ကျေးမှုအရ ပြောဆိုဆက်ဆံရာတွင် အရွယ်ကိုလိုက်၍ အဘိုး၊ အဘွား၊ ဦးကြီး၊ ဒေါ်ကြီး၊ ဦးလေး၊ ဒေါ်လေး၊ အစ်ကို၊

အစ်မဟု ခေါ်၍ ကိုယ့်အောက်ငယ်သူဖြစ်လျှင် မြေး၊ သား၊ သမီး၊ တူ၊ တူမ၊ ညီ၊ ညီမ၊ လူကလေး စသည်ဖြင့် သုံးနှုန်းကြသည်။ ရှေးလူကြီးများက လူရွယ်များကို "ကိုရင်"ဟု ချစ်စနိုးခေါ်ကြသည်။

(၂၄) တစ်ဦးနှင့် တစ်ဦး တွေ့ဆုံလျှင် "အရှင်ဘုရား ကျန်းမာပါရဲ့လား" "ဦးလေး ကျန်းမာပါရဲ့လား" "မင်္ဂလာပါ ခင်ဗျာ" "မင်္ဂလာပါရှင်" စသည်ဖြင့် နှုတ်ဆက်ရမည်။

(၂၅) တစ်ဦးနှင့်တစ်ဦး ခွဲခွာလျှင်လည်း "အရှင်ဘုရား- တပည့်တော် (တပည့်တော်မ)ကို ပြန်ခွင့်ပြုပါဦးဘုရား"၊ "ကျွန်တော် (ကျွန်မ) ပြန်ပါဦးမယ်၊ ခွင့်ပြုပါဦး" စသည်ဖြင့် လေးလေးစားစား ရည်မွန် ဖော်ရွေစွာ ပြောဆိုရမည်။

(၂၆) တစ်ဦးတစ်ယောက်ကို မတော်တဆ ထိခိုက်မိ၍ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ တောင်းပန်ရန်ရှိလျှင် "ခွင့်လွှတ်ပါ ခင်ဗျား၊ ကန်တော့၊ ကန်တော့ပါ၊ သည်းခံပါ"စသော သင့်လျော်ရာ စကားအသုံးအနှုန်းတို့ဖြင့် ယဉ်ကျေးစွာ ပြန်လည်ပြောဆိုရမည်။

**မနောကံယဉ်ကျေးမှု**

(၁) သူတပါး၏ ပစ္စည်းဥစ္စာကို မတရားလိုချင်သောစိတ် မထားရ။

(၂) သူတပါး၏ အသက် အိုးအိမ် စည်းစိမ် ဂုဏ်သိန်ကို ဖျက်ဆီး လိုသော စိတ် မထားရ။

(၃) ကြီးသူနှင့်ဖြစ်စေ၊ ငယ်သူနှင့်ဖြစ်စေ တွေ့ဆုံရသောအခါ ထိုပုဂ္ဂိုလ်တို့အား ကျန်းမာပါစေ၊ ချမ်းသာပါစေ–ဟု မေတ္တာပွား ရမည်။

(၄) ကံ, ကံ၏ အကျိုးကို ယုံကြည်၍ ကိုယ်ချင်းစာနာသည့် စိတ်ကောင်း စိတ်မွန်ကို မွေးမြူရမည်။

(၅) ကိုယ့်ထက်သာသူကို မနာလိုသော စိတ်ထားမျိုး၊ ကိုယ့်အောက် နိမ့်သူကို နှိမ့်ချလိုသော စိတ်ထားမျိုး၊ ကိုယ်နှင့်တန်းတူသူကို ပြိုင်လိုသော စိတ်ထားမျိုးနှင့် မဆက်ဆံရ။

## ဆွမ်းကွမ်းဆိုင်ရာ ယဉ်ကျေးမှုဝေါဟာရများ

(၁) ရဟန်းသာမဏေများနှင့် ပတ်သက်လျှင် ထမင်းကို "ဆွမ်း"၊ ဟင်းကို "ဆွမ်းဟင်း"ဟု ပြောဆိုရမည်။

(၂) ဆွမ်းမှတပါး အခြားစားသောက်ဖွယ်ရာများကို "ခဲဖွယ်"ဟု ပြောဆိုရမည်။

(၃) ဘုန်းကြီး သီလရှင်များ ဆွမ်းစသည် အလှူခံလာသောအခါ အလှူခံကြွသည်၊ ဆွမ်းခံကြွသည်၊ ဆွမ်းဆန်ရပ်သည် စသည်ဖြင့် ပြောဆိုရမည်၊ မလှူနိုင်လျှင် ကန်တော့ဆွမ်းပါဘုရား၊ ကန်တော့ပါ ဘုရား-ဟု ပြောဆိုရမည်။

(၄) ရဟန်းသာမဏေများ စားသောက်ခြင်းကို "ဘုဉ်းပေးသည်"ဟု ပြောဆိုရမည်။

(၅) ရဟန်းသံဃာများသည် "ထမင်းစား ကြွပါ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ငါး၊ အမဲစား ကြွပါ"ဟု လူတို့ ဝေါဟာရဖြင့် သုံးစွဲပြီး ပင့်ဖိတ်သည်ကို ကြွရောက်စားသောက်က ဝိနည်း ဒေသနာအရ အပြစ်သင့်လေသည်။ ရဟန်းသံဃာများနှင့် ပတ်သက်လျှင် လူတို့ဝေါဟာရအစား သာသနာသုံး ဝေါဟာရဖြင့် "ဆွမ်းဘုဉ်းပေးကြွပါ" "မုန့်ဟင်းခါးဆွမ်း၊ ခေါက်ဆွဲဆွမ်း ဘုဉ်းပေးကြွပါ"စသည်ဖြင့် ပြောဆို ပင့်လျှောက်ရမည်။

(၆) ရဟန်းသာမဏေများနှင့် ပတ်သက်လျှင် "ထမင်းပွဲ" ဟု မပြောရ၊ "ဆွမ်းပွဲ" "ဆွမ်းပြင်နေတယ်" "ဆွမ်းပြင်ပြီးပြီ"ဟု ပြောဆိုရမည်။

(၇) သင်္ကန်းနှင့်စပ်၍ ကိုယ်ဝတ်ကို သင်းပိုင်ဟု ခေါ်သည်။ အပေါ် ကိုယ်ရုံကို ကောသီဟု ခေါ်သည်။ နှစ်ထပ်သင်္ကန်းကြီးကို

သင်္ကန်းကြီး (ဒုကုဋ်)ဟု ခေါ်သည်။ သင်္ကန်း သပိတ် စသော ရဟန်းတော်တို့၏ အသုံးအဆောင်များကို ပရိက္ခရာဟု ခေါ်သည်။

(၈) ရဟန်းသံဃာတော်များသည် ရေနှင့် ဒန်ပူ (သွားပွတ်တံ)မှ တပါး အခြား ဘုဉ်းပေးမည့် စားသောက်ဖွယ်များကို လူ သာမဏေတို့က ကိုယ်ထိ လက်ရောက် ပေးကပ်မှသာ ဘုဉ်းပေးတော်မူကြသည်။ ထိုသို့ ပေးအပ်သည်ကို "ကပ်တယ်" "ဆွမ်းကပ်တယ်" "လက်ဖက်ရေ ကပ်တယ်" စသည်ဖြင့် ပြောဆိုရမည်။

**မှတ်ချက်။** (က) ရဟန်းသံဃာများအား ကပ်လှူမည့် ဆွမ်းပွဲ လက်ဖက်ရေ ပွဲသည် အင်အားအလယ်အလတ်ရှိ ယောကျ်ားတစ်ဦး မြှောက်ချီနိုင်လောက်သော ဆွမ်းပွဲ လက်ဖက်ရေပွဲမျိုး ဖြစ်လျှင် တစ်ဦးတည်း ဖြစ်စေ၊ နှစ်ဦးသုံးဦးချီမြှောက်၍ ဖြစ်စေ ကပ်ကောင်းသည်။ ထိုထက်ကြီးသော ဆွမ်းပွဲ လက်ဖက်ရေပွဲဖြစ်လျှင် တစ်ပန်းကန်စီ ကပ်ရမည်။

(ခ) ဆွမ်းကပ်ရာ၌ အကပ်ခံသော ရဟန်းတစ်ပါးပါးနှင့် ကပ်လှူသူ တစ်ဦးဦးသည် ၂-တောင့်ထွာ နေရာအတွင်းမှာ ရှိရသည်။ ၂-တောင့်ထွာထက်ဝေးလျှင် အကပ် မမြောက်၍ ဘုဉ်းပေးသော ရဟန်းမှာ အာပတ်သင့် လေသည်။ ၂-တောင့်ထွာ အတိုင်းအတာကို အကပ်ခံ သော ရဟန်းနှင့် ကပ်လှူသူတို့၏ အပြင်ဘက် တင်ပါးစွန်း များမှ စ၍ ခန့်မှန်း တိုင်းတာရသည်။

(၉) အပင်ပေါက်စေနိုင်သော အသီး အရွက် ပင်စည် စသည်တို့ကို ဆက်ကပ်သောအခါ ရဟန်းတော်များသည် ဝိနည်းပညတ်ချက် အရ မဖျက်ဆီးရသဖြင့် ကပ္ပိရသည်။ ကပ္ပိပုံမှာ ရဟန်းတော်က "ကပ္ပိယံ ကရောဟိ"ဟု ဆိုလျှင် မိမိက "ကပ္ပိယံ ဘန္တေ"ဟု ဆိုလျက် ထိုမျိုးစေ့ရှိရာ အသီးအရွက်ကို လက်သည်းဖြင့်

ဆိတ်လိုက်ရသည်။ သို့မဟုတ် ဓားဖြင့်လှီးဖြတ် လိုက်ရသည်။ ဤသို့ ပြုလုပ်သည်ကို "ကပ္ပိသည်" (အပ်အောင် ပြုလုပ်သည်)ဟု ခေါ်သည်။

**မှတ်ချက်။** ။ အကြွဲအအက် ပါသော ပန်းကန်ဖြင့် လည်းကောင်း၊ နီးခွက်၊ သစ်သားခွက်၊ ယွန်းခွက်တို့ဖြင့်လည်းကောင်း ထည့်၍ မကပ်ရ။

(၁၀) ရဟန်းသံဃာများသည် ဝိနည်းဒေသနာအရ အကပ်ခံပြီးမှသာ ဘုဉ်းပေးခွင့် ရှိသဖြင့် ရဟန်းသံဃာများ ဘုဉ်းပေးနေစဉ် ကြိုတင်အသိမပေးဘဲ ဆွမ်း၊ ဆွမ်းဟင်း၊ အခြားတစ်စုံတစ်ခုကို ပန်းကန်တွင် မထည့်ရ။ "အကပ်ခံတော်မူပါဘုရား" "ဆွမ်းထည့်ပါရစေဘုရား" "ဆွမ်းဟင်း ထည့်ပါရစေဘုရား" "အလှူခံတော်မူပါဘုရား"ဟု လျှောက်ပြီး ရဟန်းသံဃာများက အလှူခံမှ ထည့်ပေးရမည်။

(၁၁) ရဟန်းသံဃာတော်များအား ကပ်ထားသော စားဖွယ် သောက်ဖွယ်များကို မစွန့်လွှတ်သေးသမျှ၊ မပြီးသေးသမျှ လှူဒါယကာ၊ ဒါယိကာမများ သွားရောက်ကိုင်သော်လည်း အကပ်မပျက်၊ သို့သော်လည်း အလေးဂရုထားသောအားဖြင့် မကိုင်ရပါ။

(၁၂) တစ်စုံတစ်ခုသော ခဲဖွယ်ဘောဇဉ်ကို ကပ်သောအခါ ရဟန်းတော်က "ပြည့်စုံပြီ"ဟု ဆိုလျှင် ထပ်မဆက်ကပ်ရ။ ရဟန်းတော်အား " ဝပြီလားဘုရား" "တော်ပြီလားဘုရား"ဟု မမေးရ။ "ပြည့်စုံပြီလားဘုရား"ဟု မေးလျှောက်ရမည်။

(၁၃) ဆွမ်းဘုဉ်းပေးချိန်၌ ခရီးသွား ရဟန်း သာမဏေများကို ဖူးတွေ့ရလျှင် "ဆွမ်းကိစ္စပြီးပြီလားဘုရား" "ဆွမ်းကပ်ပါမယ်ဘုရား"ဟု လျှောက်ထားရမည်။

(၁၄) ရဟန်းသံဃာများသည် ရွှေ ငွေစသည့် ရတနာပစ္စည်းများကို ကိုယ်တိုင်မခံယူကောင်း၊ ခံယူလျှင် အာပတ်သင့်သည်။ စာအိပ် လက်ကိုင်ပဝါ စသည်တို့ဖြင့် ထည့်ထား ထုပ်ထားသော ငွေစက္ကူကိုလည်း ရဟန်းသံဃာတို့အား ကိုယ်ထိလက်ရောက် မလှူဒါန်းကောင်းပါ။ ထို့ကြောင့် ရွှေ ငွေ စသည့် ရတနာပစ္စည်း

များကို ရဟန်းတော်များအား လှူလိုသည့်အခါ "ဘုရား တပည့်တော် (တပည့်တော်မ)သည် အရှင်ဘုရားများ၏ နဝကမ္မ (အမှုကိစ္စသစ်)အတွက် ငွေတစ်ရာကျပ်တန် ပစ္စည်းလေးပါးကို လှူဒါန်းလိုပါသည်။ ကပ္ပိယ ညွှန်တော်မူပါ ဘုရား" ဟု လျှောက်ထားရသည်။ရဟန်းသံဃာက ကပ္ပိယ ညွှန်သည့်အခါ ထိုကပ္ပိယထံ ငွေကို အပ်နှံလိုက်ရသည်။

ဖော်ပြခဲ့သည့်အတိုင်း ပြုမူ၊ ပြောဆိုပါမူ ကုသိုလ် မင်္ဂလာများ တိုးပွားပြီး ဤဘဝမှာလည်း ယဉ်ကျေးသူအဖြစ် ဂုဏ်ယူ ထင်ပေါ်မည်ဖြစ်သည်။ တမလွန်ဘဝမှာလည်း ကောင်းကျိုးချမ်းသာများကို ဆင့်ကဲရရှိနိုင်မည် ဖြစ်ပါသည်။

ဖော်ပြခဲ့သည့်အတိုင်း မပြောဆိုတတ်လျှင် ဂါဝရ နိဝါတ သုဘာသိတမင်္ဂလာများ ပျက်ပြား၍ အပြောအဆို ရိုင်းစိုင်းမှု ဖြစ်သည်။

ဗုဒ္ဓသာသနာတော် အဆုံးအမအရ ဘိုး ဘေး ဘီ ဘင် အစဉ်အဆက် ကျင့်သုံးနေထိုင်လာခဲ့ကြသော မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ကိုယ် နှုတ် စိတ် ယဉ်ကျေး၍ ငြိမ်းအေး ချမ်းသာကြသူများဖြစ်ကြသည်။

ယောက်ျားကလေးများမှာ အရွယ်ရောက်သည်နှင့် ဘုန်းတော်ကြီး-ကျောင်းများ၌ ပညာသင်ယူကြရရာ ငယ်စဉ်ကပင် ယဉ်ကျေးလိမ္မာသူများ ဖြစ်ခဲ့ကြ၏။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ စသော စာဆိုကျော်တို့ ဆုံးမစာ လင်္ကာများသည် ရှေးအခါ ဘုန်းတော်ကြီးကျောင်းမှ ပေးအပ် လိုက်သော "ပြည်သူ့နီတိ"များ ဖြစ်ခဲ့ကြ၏။ ရှင်သာမဏေ ပြုရသောအခါ လိင်၊ ဒဏ်၊ သေခိယ ကျင့်ဝတ်များကို သင်ယူကြရပြန်ရာ နေနည်း၊ စားနည်း၊ ပြောဆို ထားသိုနည်း၊ ယုတ်စွာအဆုံး ကုဋီ အိမ်သာ တက်နည်းအထိ လိုလေသေးမရှိ၊ အောက်ခြေသိမ်း ဟောကြားဆုံးမချက်များကို ရရှိ လိုက်နာခဲ့ကြသည်။ ကိုယ် နှုတ် စိတ် နှလုံး ယဉ်ကျေးခြင်းသည် မေတ္တာစိတ်ဓာတ်ကို အခြေခံရသဖြင့် ဆရာသမား မိဘတို့သည် မေတ္တာစိတ်ဓာတ်ကိုပါ ထူထောင်ပေးခဲ့ကြလေသည်။ "ကြီးသူ ရိုသေ ရွယ်တူ လေးစား၊ ငယ်သူ သနား" ဟူသော မြန်မာပြည်သားတို့၏ ယဉ်ကျေးမှု အမွေကို ထိန်းသိမ်းကြရာ၏။

နောက်ဆက်တွဲ

ခက်ဆစ်ဝေါဟာရအဓိပ္ပာယ်

# နောက်ဆက်တွဲ

## ခက်ဆစ်ဝေါဟာရအဓိပ္ပာယ်

[က၊ ခ၊ ဂ၊ င ]

ကတိကဝတ် = အချင်းချင်း ညီညွတ်စွာ သဘောတူ သတ်မှတ်ထားသည့် ကျင့်ဝတ်။

ကပ္ပိယံ ကရောဟိ = အပ်စပ်အောင် ပြုလုပ်ပါ။

ကပ္ပိယံ ဘန္တေ = အပ်စပ်အောင် ပြုလုပ်ပြီးပါပြီဘုရား။

ကပိလဝတ်(ကပိလဝတ္ထု) = ကပိလရသေ့ နေထိုင်သော မြေနေရာ၌ တည်ထားသောမြို့၊ သုဒ္ဓေါဒနမင်းကြီး အုပ်စိုးသော နိုင်ငံ။

ကမ္မဋ္ဌာန်း = ဈာန် မဂ် ဖိုလ် ရရန် ပွားများအားထုတ်ရမည့် တရားများ။

ကမ္မနိယာမ = ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ ဖြစ်မြဲသဘော။

ကရုဏာ = သနားကြင်နာခြင်း။

ကာမဂုဏ် = နှစ်သက်ဖွယ် အာရုံငါးမျိုး။

ကာယဂတာသတိပဋ္ဌာန် = ဆံပင် မွေးညင်းစသော ခန္ဓာကိုယ်၌ ဖြစ်ပေါ်မှုကို ရှုမှတ်သော ကမ္မဋ္ဌာန်း။

ကာမဝိတက် = အာရုံငါးပါးကို ကြံစည်တွေးတောနေခြင်း။

ကိလေသာ = စိတ်ကို ပူလောင်စေတတ်သော၊ ညစ်နွမ်းစေတတ်သော အကုသိုလ်တရား၊ ကိလေသာဆယ်ပါး။

ကုမ္မာရီ = မိန်းမပျို။

ကူဋာဂါရသာလာကျောင်း = ပြာသာဒ်အဆောင် ပေါက်သောကျောင်း။

ကောဋ္ဌာသ = အဖို့အစု။

ကောလာဟလ = ကြိုတင်၍ ဖြစ်ပေါ်သော သတင်းစကား။

ခဲဖွယ် = မုန့် ပဲ သွားရေစာ၊ စားစရာ အစားအစာ။

ဂဏ္ဌိ = ခဲရာခဲဆစ်ပုဒ်များ။

ဂန္ဓကုဋီ = မြတ်စွာဘုရား သီတင်းသုံးရာ နံ့သာကျောင်း။

ဂါထာ = ဆန်းကျမ်းနှင့်အညီ ပါဠိဘာသာဖြင့် သီကုံးနှုန်းဖွဲ့ထားသော ကဗျာ။

ဂါထာမန္တရား = ရွတ်ဆို မန်းမှုတ်ရသော ဂါထာမန္တန်။

ငရဲ = ချမ်းသာကင်းရာအရပ်။

[စ၊ ဆ၊ ဇ၊ ဈ]

စင်္ကမ = စင်္ကြံ၊ စင်္ကြံလျှောက်ခြင်း။

စင်္ကမသတ္တာဟ = ခုနစ်ရက်စင်္ကြံကြွလျက်နေခြင်း။

စကြဝတေးမင်း = စကြာမင်း။

စကြဝဠာ(စက္ကဝါဠ) = စက်ဝန်းသဏ္ဌာန်ရှိသော တောင်ဝိုင်းကြီး။

စတုမဟာရာဇ် = နတ်မင်းကြီးလေးယောက်တို့ နေထိုင်ရာ နတ်ပြည်။

စရိယ (ပါ) = အကျင့်တရား။

စာဂ = စွန့်ကြဲပေးကမ်းခြင်း။

စူဠာမဏိစေတီ = တာဝတိံသာနတ်ပြည်၌ အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ဆံတော်ကို ဌာပနာ၍ တည်ထားသော စေတီ။

ဇာတ် (ဇာတက) = ဇာတ်တော်ငါးရာငါးဆယ်။

ဇမ္ဗူဒိပ် (ဇမ္ဗူဒီပ) = ဇမ္ဗူသပြေပင်ဖြင့် သတ်မှတ်ထားသော တောင်ကျွန်း။

ဇာတိဿရဉာဏ် = အတိတ်ဘဝကို ပြန်လှန် အောက်မေ့ သိမြင်နိုင်သောဉာဏ်။

| | | |
|---|---|---|
| ဈာန် | = | အာရုံရှုးရှုးစိုက်စိုက်ရှိခြင်း၊ ကိလေသာတို့ကို လောင်ကျွမ်းခြင်း၊ ဈာန်တရားငါးပါး။ |
| ဈာန်အဘိညာဏ် | = | ထူးသောအသိဉာဏ်၊ ယင်းဉာဏ်ကြောင့် တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်မှု။ |

[ ဍ၊ တ၊ ထ၊ ဒ၊ ဓ၊ န၊]

| | | |
|---|---|---|
| ဋီကာ | = | အဋ္ဌကထာကျမ်း၏ အနက်အဓိပ္ပာယ်ကို အကျယ်ဖွင့်ပြသောကျမ်း။ |
| တာဝတိံသာ | = | နတ်ပြည်ခြောက်ထပ်အနက် ဒုတိယ နတ်ပြည်၊ တာဝတိံသာဘုံ။ |
| တုသိတာနတ်ပြည် | = | စတုတ္ထမြောက်နတ်ပြည်။ |
| တူရူ | = | အရပ်လေးမျက်နှာ။ |
| တန်ခိုး | = | အမျိုးမျိုးဖန်ဆင်းနိုင်သော ထူးခြားသည့် အစွမ်းသတ္တိများ။ |
| ထာဝရ | = | အမြဲတည်ခြင်း။ |
| ထီးချက်စောင့်နတ်သမီး | = | ရာဇပလ္လင်၌ စိုက်ထူထားသော ထီးဖြူစောင့် နတ်သမီး။ |
| ထုလ္လစ္စည်း | = | ဝိနယဒေသနာတော်တွင် တတိယ အကြီးဆုံး အပြစ်။ |
| ဒိဋ္ဌိ | = | မှားသောအယူ။ |
| ဒိဗ္ဗစက္ခုဉာဏ် | = | နတ်မျက်စိကဲ့သို့ မြင်နိုင်သောဉာဏ်။ |
| ဒုက္ကရစရိယာ | = | ပြုနိုင်ခဲသော အကျင့်။ |
| ဒုကုဋ်သက်န်းကြီး | = | နှစ်ထပ်သင်္ကန်းကြီး။ |
| ဒုဂ္ဂတိ | = | မကောင်းသော လားရောက်ရာဘုံ။ |
| ဒုစရိုက် | = | မကောင်းသောအကျင့်။ |
| ဒုလ္လဘတရား | = | ရခဲ ကြုံခဲသော တရား။ |
| ဒုဿစေတီ | = | ဗြဟ္မာ့ပြည်၌ အလောင်းတော်၏ ဝတ်လဲ တော်ကို ဌာပနာ၍ တည်ထားသော စေတီ။ |
| ဒေဝါ | = | နတ်။ |

ဒေသနာ = မြတ်စွာဘုရား ဟောကြားသည့် တရားတော်။

ဒေသနာကြား = အာပတ်ဖြေခြင်း၊ မိမိအပြစ်ကို ရဟန်းတစ်ပါးထံ ဖွင့်ဟ ပြောကြားခြင်း။

ဒေါသ = စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်တိုခြင်း။

ဓမ္မဂီတ = တရားနှင့်စပ်၍ သီဆိုခြင်း။

ဓမ္မစကြာ = ဘုရားဖြစ်ပြီးစတွင် ပဉ္စဝဂ္ဂီရဟန်းတို့အား ဟောကြားသော တရားဦးဒေသနာ။

ဓမ္မတာ = ဖြစ်မြဲသဘော။

ဓမ္မာနုဂ္ဂဟ = တရားတော်ကို ပူဇော်ချီးမြှောက်ခြင်း။ တရားဖြင့် ချီးမြှောက်ခြင်း။

ဓမ္မာရုံ = တရားအာရုံ၊ တရားဟော ဇရပ်၊ တရားဆွေးနွေးရန် အလှူအတန်းလုပ်ရန် အဆောက်အအုံ။

နာနာလောက = အမျိုးမျိုးသော လောက။

နိစ္စ = အမြဲ။

နိပါတ် = ငါးရာငါးဆယ်ဇာတ်။

နတ် (နာထ) = ကိုးကွယ်ရာပုဂ္ဂိုလ်၊ နတ်ပြည်ခြောက်ထပ်ရှိ နတ်များ။

နတ်ပြိတ္တာ = နတ်တလှည့်၊ ပြိတ္တာတလှည့် စံခံရသော ပြိတ္တာ။

## [ ပ ]

ပဉ္စဝဂ္ဂီ = ရဟန်းငါးပါးအစု။

ပဋိသန္ဓေ (ပဋိသန္ဓိ) = ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသောစိတ်။

ပဌာန်းတရား = အဘိဓမ္မာခုနစ်ကျမ်းတို့တွင် ခုနစ်ကျမ်းမြောက်ကျမ်း။

ပထမသာဝကသန္နိပါတ = ပထမအကြိမ် ဘုရား တပည့် သံဃာတော်များ၏ အစည်းအဝေးပွဲကြီး။

ပရိဗိုဇ် = လှည့်လည်သွားလာ၍ တရားရှာဖွေသူ။

ပရိယတ္တိ = သင်ယူခြင်း။

ပရိဝုဏ် = ကျောင်းဝိုင်း၊ ကျောင်းအရံ။

ပလ္လင်္ကသတ္တာဟ = ဘုရားဖြစ်ရာ ပလ္လင်၌ ၇-ရက်နေခြင်း။

ပါရမီ = မြင့်မြတ်သူတို့၏ လုပ်ငန်း။

ပစ္စယာနုဂ္ဂဟ = ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ခြင်း။

ပစ္စေကဗုဒ္ဓါ = တသီးတခြား ပွင့်တော်မူသည့်ဘုရားငယ်။

ပဉ္စာနန္တရိယကံ = အဆုံးအပိုင်းအခြားမရှိ အပြစ်ကြီးသော ကံ ငါးမျိုး။

ပုစ္ဆက = တရားတော်များကို မေးမြန်းသူ။

ပဋိပတ် = အကျင့်။

ပရိနိဗ္ဗာန် = ဘုရားရဟန္တာတို့ နောက်ဆုံးဘဝ စုတိချုပ်ငြိမ်းခြင်း။

ပရိတ် = ဘေးအန္တရာယ်လုံခြုံရေးအတွက် ရွတ်ဆိုရန် စီစဉ်ထားသော ပါဠိစု။

ပါစိတ် = ရဟန်းများအား သင့်ရောက်သည့် အပြစ်တစ်မျိုး။

ပါရာဇိက = သာသနာတော်မှ ဆုံးရှုံးသော အပြစ်။

ပိဏ္ဍပါတ်ဆွမ်း = နေ့စဉ်ဆွမ်းခံခြင်း။

ပုထုဇဉ် = ကိလေသာထူပြောသူ။

ပုဗ္ဗာစရိယ = ရှေးဦးဆရာ။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ် = ရှေးကနေခဲ့ဖူးသော ဘဝများကို ပြန်၍ သိသောဉာဏ်။

ပူဇော် (ပူဇာ) = အရိုအသေပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်း။

ပေါက္ခရဝဿမိုး = စွတ်စိုလိုသူတို့ကိုသာ စွတ်စိုသောမိုး။

ပြိတ္တာ = အပါယ်လေးဘုံသား အပါအဝင် မကောင်းကျိုးခံ သတ္တဝါတစ်မျိုး။

[ ဖ၊ ဗ၊ ဘ၊ မ ]

ဖလသမာပတ်ဝင်စား = ဖိုလ်ဝင်စားခြင်း၊ နိဗ္ဗာန်ကို အာရုံပြုကာ ဖိုလ်စိတ် အကြိမ်ကြိမ် ဖြစ်ခြင်း။

ဖိုလ် = မဂ်၏အကျိုး။

ဗုဒ္ဓဝင် = မြတ်စွာဘုရား၏ ဘဝဖြစ်စဉ်။

ဗောဓိမဏ္ဍိုင် = မြတ်စွာဘုရားပွင့်တော်မူရာ ဒေသ။

ဗျာပါဒဝိတက် = သူတပါးပျက်စီးအောင် ကြံစည်ခြင်း။

ဗြဟ္မစိုရ် = ချစ်ခြင်း၊ သနားခြင်း၊ ဝမ်းမြောက်ခြင်း၊ လျစ်လျူရှုခြင်း တရားလေးပါး။

ဘဒ္ဒကမ္ဘာ = ဘုရားငါးဆူပွင့်ရာ ဤကမ္ဘာ။

ဘဝသမ္ပတ္တိ = ဘဝနှင့် ပြည့်စုံခြင်း (သုဂတိဘဝ)။

ဘာဝနာ = သတိ သမာဓိ ပညာ တိုးပွားအောင် များအောင် ပြုလုပ်ခြင်း။

ဘုမ္မာ = ဘုမ္မစိုးနတ်။

ဘောဇနေသပ္ပါယ = ဘောဇဉ်ဖြင့် မျှတခြင်း။

ဘောဇဉ် = ထမင်း ဟင်း စသော စားဖွယ်။

မဂ် = နိဗ္ဗာန်ဝင်ရာ လမ်းစဉ်အကျင့်။

မဇ္ဈိမဒေသ = အိန္ဒိယနိုင်ငံရှိ ဘုရားပွင့်ရာဒေသ။

မဇ္ဈိမပဋိပဒါ = အလယ်အလတ်ကျင့်စဉ်။

မဏ္ဍပ် = လူအများ စည်းဝေးရာ၌ နေပူ ကာကွယ်ရန် ဆောက်လုပ်ထားသော အဆောက်အအုံ။

မထေရ် = သိက္ခာဝါ ကြီးသောရဟန်း။

မနု = မနုဒီပနီကျမ်း။

မဟာလတာတန်ဆာ = မြင့်မြတ်သော အမျိုးသမီးတို့ ဝတ်ရန် အဖိုး(၉)ကုဋေ ထိုက်တန်သော အဝတ် တန်ဆာ။

မဟာပုရိသလက္ခဏာကျမ်း = ဘုရားလောင်း စသော မြင့်မြတ်သူတို့၏ ရုပ်လက္ခဏာကို ပြသောကျမ်း။

| | | |
|---|---|---|
| မဟာသက္ကရာဇ် | = | ဘိုးတော်အဥ္စနမင်းမှစ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် မစံမီအထိ အသုံးပြုသော ခုနှစ်သက္ကရာဇ်။ |
| မိစ္ဆာဒိဋ္ဌိ | = | မှားယွင်း ဖောက်ပြန်သောအယူ။ |
| မုဒိတာ | = | ဝမ်းမြောက်ခြင်း။ |
| မေတ္တာ | = | ချစ်ခင်ခြင်း။ |
| မောဟ | = | တွေဝေခြင်း၊ မသိခြင်း၊ မိုက်မဲခြင်း။ |

[ ယ၊ ရ ]

| | | |
|---|---|---|
| ယက္ခ | = | ဘီလူး။ |
| ယဇ် (ယဇ) | = | ကောင်းကျိုးကို မျှော်ကိုး၍ ပူဇော်မှု။ |
| ယမရာဇာ | = | ငရဲမင်း။ |
| ယမိုက်ပြာဋိဟာ | = | ရေမီးအစုံအစုံ ထွက်အောင် ဖန်ဆင်းပြသော တန်ခိုး။ |
| ယာဂု | = | ဆန်ကို နို့ရေတို့ဖြင့် ကျိုချက်ထားသည့် သောက်ဖွယ်တစ်မျိုး။ |
| ရတနာဃရသတ္တာဟ | = | ရတနာစံအိမ်၌ ခုနစ်ရက်စံနေခြင်း။ |
| ရဟန္တာ | = | အထူးသဖြင့် ပူဇော်ထိုက်သောပုဂ္ဂိုလ်၊ ကိလေသာအားလုံးကို ပယ်ဖျက်ပြီးသော ပုဂ္ဂိုလ်၊ ကိလေသာ အာသဝေါ ကုန်စင်၍ ပူဇော်အထူးကို ခံထိုက်သူ။ |
| ရာဂမီး | = | မီးလိုပူလောင်သော တပ်မက်စိတ်။ |
| ရာဇဂြိုဟ်မြို့ | = | မဂဓတိုင်း၏ မြို့တော်။ |

[ လ၊ ဝ ]

| | | |
|---|---|---|
| လက္ခဏာ | = | အမှတ်အသား။ |
| လိင်္ဂ | = | အသွင်။ |
| လူအန္ဓ | = | အသိဉာဏ်ကင်းမဲ့သူ။ |
| လောကနီတိ | = | လူ့ကျင့်ဝတ်။ |

| | | |
|---|---|---|
| လောကီ | = | လောက၌ အကျုံးဝင်သော။ |
| လောကီစျာန်သမာပတ် | = | သမထ ကျင့်စဉ်အရ ဖြစ်ပေါ်သော ရူပ အရူပ စျာန်။ |
| လောကုတ္တရာ | = | လောကထက် လွန်မြတ်သောတရား။ |
| ဝန္ဒနာမာန | = | ရှိခိုးခြင်းနှင့် မြတ်နိုးခြင်း။ |
| ဝသုန္ဓရေ | = | မြေကြီး။ |
| ဝိပဿနာတရား | = | ရုပ် နာမ်တို့၏ ဖြစ်ပျက်မှုကို သိအောင် ရှုပွားသော ကမ္မဋ္ဌာန်း။ |
| ဝိပါက် | = | အကျိုးတရား ။ |
| ဝိဿဇ္ဇက | = | တရားတော်များကို ဖြေဆိုသူ။ |
| ဝိဟိံသာ | = | ညှဉ်းဆဲခြင်း။ |
| ဝေနေယျသတ္တဝါ | = | ဆုံးမထိုက်သော ကျွတ်ထိုက်သောသတ္တဝါ။ |
| ဝေယျာဝစ္စ | = | ကိစ္စကြီးငယ်ကို ဆောင်ရွက်ခြင်း။ |

[ သ ]

| | | |
|---|---|---|
| သင်္ဂဟ | = | ချီးမြှောက်ခြင်း။ |
| သဏ္ဌာန် | = | အစဉ်၊ ခန္ဓာအစဉ်၊ ကာလအစဉ်။ |
| သန္တိသုခ | = | ငြိမ်းအေးမှုချမ်းသာ။ |
| သဒ္ဓါ | = | ယုံကြည်ခြင်း။ |
| သဗ္ဗညုတဉာဏ် | = | အလုံးစုံကို သိသောဉာဏ်။ |
| သရဇ္ဈာယ် | = | ရွတ်ဖတ်ခြင်း။ |
| သာဓက | = | သက်သေ အထောက်အထား။ |
| သာသနာ | = | ဆင်းရဲအပေါင်းမှ လွတ်မြောက်စေနိုင်သော မြတ်စွာဘုရားအဆုံးအမ။ |
| သာသနိက | = | သာသနာနှင့် စပ်ဆိုင်သော၊ |
| သီလ | = | ကိုယ်ကျင့်တရား။ |
| သုဂတိ | = | ကောင်းသော လားရောက်ရာဘုံ။ |
| သုစရိုက် | = | ကောင်းသောအကျင့်။ |
| သုတ | = | အကြားအမြင် ဗဟုသုတ။ |

| | | |
|---|---|---|
| သောတာပန် | = | သောတာပတ္တိဖိုလ်၌တည်သော ပုဂ္ဂိုလ်။ |
| သံဂါယနာ | = | မြတ်စွာဘုရား၏ တရားဒေသနာတော်များကို ညှိနှိုင်းကာ စုပေါင်းရွတ်ဆိုခြင်း။ |
| သံယောဇဉ် | = | ဝဋ်သုံးပါး၌ စပ်ယှဉ်စေတတ် ဖွဲ့ချည်တတ်သောတရား၊တွယ်တာတတ်သောသဘော။ |
| သိက္ခာ | = | ကျင့်ဝတ်။ |
| သိက္ခာပုဒ် | = | ကျင့်ဝတ်အပိုဒ်။ |
| သိင်္ဂါလောဝါဒသုတ် | = | သိင်္ဂါလသတို့သားအား ဟောကြားသည့် ဆုံးမ ဩဝါဒများကို ပြရာသုတ်။ |
| သံဝေဂ | = | ဉာဏ်နှင့်ယှဉ်သော သတိဖြစ်ခြင်း။ |
| သံသရာ | = | ရုပ် နာမ် ခန္ဓာ စသည်တို့၏ အဖန်ဖန်အထပ်ထပ် အဆက်မပြတ်ဖြစ်ခြင်း။ |
| သကဒါဂါမ် | = | ကာမဘုံသို့ တစ်ကြိမ်သာ လာသော ဒုတိယမြောက် အရိယာပုဂ္ဂိုလ်။ |
| သတ္တဝါ | = | အာရုံငါးပါးကို စွဲလမ်း ကပ်ငြိတတ်သော သက်ရှိပုဂ္ဂိုလ်များ။ |
| သတ္တာဝါသ | = | သတ္တဝါတို့၏ နေရာဌာန။ |
| သဗ္ဗေ သတ္တာ | = | အလုံးစုံသော သတ္တဝါ။ |
| သမာဓိ | = | အာရုံတစ်ခုတည်း၌ စိတ်တည်ငြိမ်ခြင်း။ |
| သမ္ဘာ | = | ဘုန်းကံ။ |
| သမ္မုတိသံဃာ | = | သိမ်တွင်း၌ ကမ္မဝါစာဖတ်၍ ရဟန်းပြုပေးသော သံဃာ။ |
| သာဂရ | = | သမုဒ္ဒရာ။ |
| သိက္ခာသုံးပါး၊ | = | သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်ဟူသော အကျင့်သုံးပါး။ |
| သီလာ | = | ကျောက်မြေ။ |

[ အ၊ အာ ]

| | | |
|---|---|---|
| အဂ္ဂသာဝက | = | မြင့်မြတ်သော တပည့်ကြီး။ |
| အဇပါလသတ္တာဟ | = | ဆိတ်ကျောင်းသားတို့ နားနေလေ့ရှိသော ညောင်ပင်ရင်း၌ ခုနစ်ရက်စံနေတော်မူခြင်း။ |
| အဋ္ဌကထာ | = | ပါဠိတော်ကို ပါဠိဘာသာဖြင့် အနက်အဓိပ္ပါယ် ဖွင့်သောကျမ်း။ |
| အနတ္တလက္ခဏာသုတ် | = | အနတ္တသဘောလက္ခဏာကို ဟောကြားသော သုတ္တန်တရားတော်။ |
| အနဝတတ်အိုင် | = | ပူလောင်ခြင်းကင်း၍ အေးမြသော ရေအိုင်။ |
| အနာဂါမ် | = | ကာမဘုံသို့ ပြန်မလာတော့သော တတိယမြောက် အရိယာပုဂ္ဂိုလ်။ |
| အနိဋ္ဌာရုံ | = | အလိုမရှိထိုက်သော အာရုံ။ |
| အနိမိသသတ္တာဟ | = | ဘုရားဖြစ်ရာပလ္လင်ကို မမှိတ်သော မျက်စိဖြင့် ကြည့်၍ ခုနစ်ရက်နေခြင်း။ |
| အနမောဒနာတရား | = | အလှူနှင့်စပ်၍ ဝမ်းမြောက်ဖွယ် ဟောကြားသော တရား။ |
| အပရာဇိတပလ္လင် | = | ရန်သူတို့ မအောင်နိုင်သော ပလ္လင်။ |
| အပါယ် | = | ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ ဟူသော မကောင်းမှုအကျွက် ခံရာဌာနလေးဘုံ။ |
| အဘိညာဉ် | = | အထူးသိမြင်နိုင်စွမ်းသော ဉာဏ်၊ အဘိညာဉ်။ |
| အဘိဓမ္မာတရား | = | ရုပ် နာမ် သဘာဝ သက်သက်ကိုသာ ဟောကြားသောတရား။ |
| အရဟတ္တမဂ်ဉာဏ်တော် | = | မဂ်ဉာဏ်လေးပါးတွင် အမြင့်ဆုံးမဂ်ဉာဏ်။ |
| အရိယာ | = | ကိလေသာအညစ်အကြေး စင်ကြယ်သူ။ |
| အသင်္ချေ (အသင်္ချေယျ) | = | မရေတွက်နိုင်သောအရာ၊ ကာလ။ |
| အာကာသနတ် | = | ကောင်းကင်မှာ တည်သောနတ်။ |
| အာနာပါန | = | ထွက်သက်ဝင်သက်ကို ရှုမှတ် အားထုတ်သော ကမ္မဋ္ဌာန်း။ |

အာယုသင်္ခါရလွှတ်ခြင်း = ဘုရားရှင်တို့ အသက်ရှည်အောင် ပြုပြင်မှုကို စွန့်လွှတ်ခြင်း။

အာဝါသသပ္ပါယ = နေရာဌာန သင့်တင့်ညီညွတ်ခြင်း။

အာဝေဏိကဒုက္ခ = မိန်းမတို့၏ သီးခြားဖြစ်သော ဆင်းရဲ။

အာသဝက္ခယဉာဏ် = အာသဝေါတို့ကို ကုန်ခန်းစေနိုင်သော ဉာဏ်။

အာသဠှီနက္ခတ် = ဝါဆိုလပြည့်နေ့ စန်းနှင့်ယှဉ်သောနက္ခတ်။

## [ ဣ၊ ဥ၊ ဧ၊ ဩ ]

ဣန္ဒ = သိကြားမင်း၊

ဥပပါတ် = တစုံတရာ စွဲမှီရာမရှိဘဲ ကိုယ်ထင်ရှားဖြစ်ခြင်း။

ဥပါသကာ = ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ယောကျာ်း။

ဥပါသိကာ = ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော မိန်းမ။

ဥပုသ်ပြု = လပြည့်လကွယ်နေ့များ၌ ရဟန်းတော်များ ၂၂၇–ပါးသော သိက္ခာပုဒ်များကို ရွတ်ဖတ်ခြင်း။

ဥပေက္ခာ = လျစ်လျူရှုခြင်း။

ဧကစာရီ = တစ်ယောက်တည်းနေခြင်း။

ဧတဒဂ်ဘွဲ့ = အခြားပုဂ္ဂိုလ်များထက် သာလွန်သော သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့။

ဧသန် = အရှေ့မြောက်အရပ်။

ဩဝါဒ = အဆုံးအမ စကား။

ဩဝါဒပါတိမောက် = ဘုရားရှင်အဆူဆူတို့ ဆုံးမမြဲ စည်းကမ်း

| စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁။ | ၂၁ | ၈ | သဏ္ဍာန် | သန္တာန် |
| ၂။ | ၂၅ | ၇ | လေးအသေချ် | လေးအသချေ် |
| ၃။ | ၇၀ | ၃ | တစစုတစ်ရာ | တစုံတရာ |
| ၄။ | ၉၉ | ၂၀ | သံဝေပိုက | သံဝေပိုကာ |
| ၅။ | ၁၀၀ | ၁၁ | ကျွတ်ထိုက်သစ်သူ | ကျွတ်ထိုက်သသူ |
| ၆။ | ၁၂၁ | ၁၄ | မိစ္ဆစာရ | မိစ္ဆာစာရ |
| ၇။ | ၁၃၉ | ၂၂ | သမ္ဗဒေထ | သမ္ဗာဒေထ |
| ၈။ | ၁၄၉ | ၁၃ | မကောင်းစစ်စစ် | မကောင်းစင်စစ် |
| ၉။ | ၁၇၀ | ၁၃ | အထင်သေခြင်း | အထင်သေးခြင်း |
| ၁၀။ | ၁၇၈ | ၂ | ဝသုန္ဓြေ | ဝသုန္ဓရေ |
| ၁၁။ | ၂၃၄ | ၁၁ | သေဋ္ဌာနံ | သောဋ္ဌာနံ |

ပ-မ-သ-စ-၁၈/၁၅-၇-၉၄ (၅၀၀၀) လစ်သို။

[illegible]